www.burmeseclassic.com

ဘုမ္မာဝတီစာပေ

# မင်းသိမ်း

ဆားပုလင်းနှင်းမောင်နှင့်

# ခေါင်းမြီးခြုံလုံပါပေ့



www.burmeseclassic.com

www.burmeseclassic.com

# မင်းသိင်္ခ

## ဆားပုလင်းနှင်းမောင်နှင့်

## ခေါင်းမြီးခြုံလုံ့ပါပေ့

▶▶▶▶▶▶▶▶▶▶

မူပိုင်ရှင် – ဒေါ်သန်းနုအောင် (၁၂/တမန(နိုင်)၀၇၈၂၄၀)
၏ ခွင့်ပြုမိန့်အရ ထုတ်ဝေသည်။

ဖြန့်ချိရေး

ဘုမ္မာဝတီစာပေထုတ်ဝေရေး
အမှတ် (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ ည ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

Tel : 09 25 22 99 559 , 09 310 58 787

https://www.facebook.com/bommarwaddy.books

www.burmeseclassic.com

www.burmeseclassic.com



## သူ့နေရာသူ ပြန်ထားခြင်းသဘော

"သူ့နေရာသူ ပြန်ထားတတ်အောင် လေ့ကျင့်ရမယ်ကွ၊ နေရာတိုင်း အရာတိုင်းမှာ သူ့နေရာသူ ပြန်ထားနိုင်တဲ့ အစွမ်းသတ္တိတစ်ခုသာ ရှိစမ်းပါစေကွာ၊ အဲဒီလူဟာ တကယ့်ကို အစွမ်းထက်တဲ့လူ၊ လောကကို အကျိုးပြုနိုင်ခဲ့လူ ဖြစ်နေပြီကွ။ တိုတိုပြောမယ်ကွာ မင်းတို့ငါတို့ရဲ့ ဘုရင်သီပေါမင်းဟာ သူ့နေရာမှာသူ မရှိတော့ဘူး၊ ကုလားဖြူတွေဖမ်းသွားပြီ ဖမ်းသွားပြီမဟုတ်လား၊

အေး. . . သီပေါမင်း၊ ဒါမဟုတ် သီပေါလို ငါတို့ မြန်မာအမျိုးသားထဲက မင်းတစ်ပါးပါးကို ထီးနန်းရအောင် လုပ်တယ်ဆိုပါတော့၊ အဲဒီအလုပ်ကို အောင်မြင်အောင် လုပ်ပေးနိုင်တဲ့လူဟာ တကယ့် မြန်မာရာဇဝင်မှာ ကမ္ပည်းထိုးလိုက်တဲ့ သူရဲကောင်းပေါ့ကွ။ ကဲထားပါတော့ ငါတို့ဟာ တကယ်တော့ သုညသဘောကို ရောက်သွားရင် နိဗ္ဗာန်လို့ခေါ်တယ် မဟုတ်လား။

အဲဒါဘာလဲ 'သူ့နေရာသူ ပြန်ထားခြင်း'ပဲ မဟုတ်လားကွ။ ဒါကြောင့် အစွမ်းသတ္တိထူးချင်တဲ့လူတွေ၊ သူရဲကောင်းတွေ ဖြစ်ချင်တဲ့ သူတွေဟာ ဘုရားဟောင်းတွေ ပြန်ပြီး ပြင်ကြတယ်တဲ့ကွ။ ဒါဟာ အကယ့်အနှစ်သာရကို ထုတ်လိုက်ရင် 'သူ့နေရာသူ ပြန်ထားခြင်း'ပဲ မဟုတ်လား"

"ချစ်ခြင်းဆိုတာရယ်၊ သနားခြင်းဆိုတာရယ်၊ သူတစ်ပါးချမ်းသာတာကို ဝမ်းမြောက်ဝမ်းသာရှိခြင်းဆိုတာရယ်ဟာ တကယ်တော့ 'သူ့နေရာသူ ပြန်ထားခြင်း' သဘောတရားတွေ ပါပဲကွာ၊ ဒါကြောင့် နောက်ဆုံးမှာ သဗ္ဗေသတ္တာကမ္မသကာဆိုတဲ့ ဥပေက္ခာစကားလုံးဟာ သူ့အကြောင်းနဲ့သူ ဖြစ်ကြတာပဲ၊ မတတ်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်မျိုးပဲ မဟုတ်လား။ ဒီတော့. . . 'သူ့နေရာသူ ပြန်ထားခြင်း' သဘောတရားကပဲ ချုပ်ထားတာပဲ မဟုတ်လားကွ"

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com

ဆားပုလင်းနင်းမောင် နှင့်

# ခေါင်းမြီးခြုံလုံ့ပါပေ့


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ကာလ - ၂၀၁၆ ခုနှစ်၊ ဧပြီလ
စတုတ္ထအကြိမ်၊ အုပ်ရေ(၅၀၀)

ထုတ်ဝေသူ - ဘုမ္မာဝတီစာပေ (၀၁၅၅၁) မှ
အမှတ် (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ ည ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် - လောကနတ်သားပုံနှိပ်တိုက်(၀၁၂၇၄)မှ
အမှတ်(၅၈)၊ အနော်မာလမ်းမကြီး
(၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၂၅၀၀ ကျပ်

ဆားပုလင်းနင်းမောင် နှင့် ခေါင်းမြီးခြုံလုံ့ပါပေ့
မင်းသိင်္ခ
ဘုမ္မာဝတီစာပေ၊ ၂၀၁၆၊
၂၁၁ - စာ၊ ၁၈ × ၁၀ စင်တီမီတာ။
CIP - ၈၉၅.၈၃

## ဖြန့်ချိရေး

ဘုမ္မာဝတီစာပေ
အမှတ် (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ ည ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09 25 22 99 559 , 09 310 58 787
e-mail : bommarwaddy.books@gmail.com


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် တစ်စုံတစ်ခုအား အလေးအနက် စဉ်းစားရပေပြီ၊ ဥပမာ အားဖြင့်ဆိုရသော် မြနန်းနွယ်သည် လည်းကောင်း၊ ၎င်း၏ ခမည်း တော်ဆိုသူသည် လည်းကောင်း၊ ဦးဂွမ်တီသည် လည်းကောင်း၊ မနှုပာမင်း၏ ပျောက်ဆုံးနေသော လက်စွပ် သည် လည်းကောင်း၊ ကျွန်ုပ်အနေနှင့် စိတ်ဝင်စားခြင်း မရှိသော ပုဂံခေတ်ကျိန်စာများနှင့် လောကီပညာရပ် ကျမ်းများကို လည်း ကောင်း၊ လှည်းဘီး တစ်ခု၏ ဒေါက်များသဖွယ်သာ ဖြစ်ပြီးလျှင် ယခုအခါ၌ ကျွန်ုပ်သည် ထိုဘီကြီး တစ်ခုလုံးအား လည်ပတ်နိုင် စေမည့် ဝင်ရိုးကြီးနှင့်သာ တူ၍နေ လေ၏။

"သေသောသူသည် သုသာန်သို့သွားသည်။"
ပုဂံရေချိုး၊ ပဲခူးမှာပေါ်၊
လူလိုမှ နတ်လို၊ နတ်လိုမှ ဂြိုလ်မ၊
ကေန်းသေလျှင် ငစွေပေါ်လိမ့်မည်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဝှက်စာမျိုးက ဝှက်စာအမျိုးအစားမှာ တော်တော်ရှေးကျတယ်။ ဘီစီ ၅၀၀- ကျော်လောက်က ဥရောပတိုက်မှ စစ်ရေးကိစ္စတွေမှာ လောက်သာအသုံးပြုခဲ့တဲ့ ဝှက်စာမျိုးဖြစ်တယ်။ ဝှက်စာပေးတဲ့လူနဲ့ လက်ခံတဲ့လမှာ တစ်မိုက်ကျော်ကျော်လောက်ရှည်တဲ့ လုံးပတ်ချင်းလဲ ရှယ်တူဖြစ်တဲ့ တုတ်ကလေးနှစ်ချောင်းရှိရတယ်ဗျ၊ ဝှက်စာရေးတဲ့လူက အခုလို ဝတ္ထုဖြစ်စေ၊ သားရေပြားဖြစ်စေ၊ ခပ်ရှည်ရှည်ကလေးကို\တုတ်မှာ ပတ်ပြီးရေးတဲ့အခါကျတော့ တုတ်ရဲ့ အလျားလိုက်ရေးရတယ်ဗျ။ ရေးပြီးဖြေလိုက်တာနဲ့ တစ်ပြိုင်နက် ရေးထားတဲ့စာတွေဟာ ဟိုတစ်လုံးဒီတစ်လုံးနဲ့ လုံးဝဖတ်လို့ကို မရတော့ဘူး။ အဲဒီဝှက်စာကို လက်ခံတဲ့လူရဲ့ လက်ထဲရောက်တဲ့အခါမှာ သူကလဲ တုတ်ကလေးနဲ့ပတ်ပြီး ဖတ်မှပဲရတယ်။ ဒီလိုဝှက်ထားမှန်းသိပေမယ့်လို့ မူလဝှက်စာရေးတုန်းက တုတ်ရဲ့ အတိုင်းအတာကို မသိရင်လဲ ဖော်လို့မရပြန်ဘူး။ ဒီဝှက်စာမျိုးကို သမိုင်းဆရာတွေက (Skytale) စကိုင်းတေးဝှက်စာလို့ အမည်ပေးထားကြတယ်။ အခုဝှက်စာကို အဲဒီအမျိုးအစားထဲကဖြစ်တယ် ဦးဖေခင်"



www.burmeseclassic.com

www.burmeseclassic.com



## ဒီအမှုရဲ့ အရေးကြီးဆုံးအချက်ကတော့ နိဒါန်း

"နိဒါန်း ဆိုတာဟာ ပြဿနာတစ်ခုရဲ့ အဆိုပဲဖြစ်တယ်။ တစ်နည်းပြောရရင်တော့ ပုစ္ဆာပါပဲ။ ပုစ္ဆာတစ်ခုကို ဖြေဆိုတော့မယ်ဆိုရင် မဖြေမီမှာ မိမိဖြေဆိုရမယ့် ပုစ္ဆာဟာ မှန်မမှန်စစ်ဆေးဖို့လိုပါတယ်။ ဒါကလေး ကို သဘောပေါက်ဖို့အတွက် ရောမရာဇဝင်မှာရှိတဲ့ ပုံပြင်ကလေး တစ်ခုကို ပြောရပါလိမ့်မယ်။ ရောမဘုရင်တစ်ပါးဟာ တစ်နေ့မှာ ချိန်ခွင်တစ်ခုနဲ့ ငါးရံ့အရှင်တစ်ကောင်ကို ကိုင်ပြီးတော့ သူ့ရဲ့ပညာ ရှိ မှူးမတ်တွေကို မေးခွန်းထုတ်တယ်"

"ဒီလို၊ ငါးရံ့ဟာ အရှင်မှာချိန်ပြီးကြည့်တာထက်သေတဲ့အချိန်မှာ ချိန်ပြီးကြည့်လို့ရှိရင် အလေးချိန်ပိုပြီးစီးနေတာကိုတွေ့ရတယ်။ ဘာကြောင့်သေတဲ့အခါမှာ ပိုပြီးလေးသွားရတယ်ဆိုတာကို ပညာရှိမှူးမတ်များက အကြောင်းအကျိုးနဲ့တကွ ဖြေဆိုရမယ်ဆိုတာပဲ"

"အမတ်ကလေး အဖြေကတော့ ဒီပုစ္ဆာဟာ ငါးရံ့ကို အရှင်မှာချိန်တာထက် သေပြီးမှ ချိန်ရင်ပိုပြီးလေးတယ်ဆိုတဲ့ အဆိုကိုသက်သေထုတ်ခိုင်းတဲ့ပုစ္ဆာဖြစ်ပါတယ်။ ဒါကြောင့် သက်သေမထုတ်ခင်မှာ အဆိုဟာ မှန်ကန်မှုရှိမရှိ ပထမစစ်ဆေးလိုပါတယ်။ ငါးရံ့ကို အသက်ရှိလျက်မှာ ချိန်ကြည့်မယ်။ တစ်ခါသတ်ပြီးတဲ့အခါ အလေးချိန်ကို ပိုလာတာကိုတွေ့ရမှာ အဖြေပေးပါရစေလို့ ဘုရင် ကြီးကိုလျှောက်ထားတယ်။ ဘုရင်ကြီးကလဲ ခါင့်ပြုလိုက်တယ်။ အမတ်ကလေးဟာ ငါးရံ့ကို အရှင်မှာ ပထမတစ်ခါချိန်ကြည့်တယ်၊ သတ်ပြီးတဲ့အခါမှာ ချိန်ကြည့်ပြန်တယ်။ ချိန်ကြည့်တဲ့အခါမှာ ဘုရင်ကြီးပြောသလို သေတဲ့အခါမှာ ပိုပြီး အလေးချိန်စီးတယ်ဆိုတာဟာ လုံးဝမဟုတ်ဘဲ အရှင်မှာဘဲချိန်ချိန် အသေမှာပဲချိန်ချိန် အလေးချိန်ဟာ အတူတူပဲဖြစ်နေတာကို တွေ့ရတဲ့အတွက် အဲဒီပုစ္ဆာကိုဖြေဆိုရန်မလိုတော့ပါဘူးလို့ အမတ်ကလေးက လျှောက်တင်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

# ဆားပုလင်းနှင်းမောင်နှင့် ခေါင်းမြီးခြုံ လုံပါပွဲ

# မာတိကာ


| အကြောင်းအရာ | | မာတိကာ |
|---|---|---|
| ၁။ | ဝှက်စာတစ်စောင် | ၁ |
| ၂။ | ပျောက်ဆုံးနေသော ဗိုခ့်လောက်တစ်လုံး | ၁၇ |
| ၃။ | သေသူကို ကော်ဖီတိုက်ခြင်း | ၄၇ |
| ၄။ | ကျွန်ုပ်နှင့် ဦးဂွမ်တီ | ၆၇ |
| ၅။ | မှတ်ဆိတ်မွေးနှင့် လူသုံးယောက် | ၈၁ |
| ၆။ | စားတော်ကဲကြီး ဦးဂွမ်တီနောက်သို့ | ၉၃ |
| ၇။ | သင်္ဘေးကန်ရွာမှ ကျိန်စာတစ်စောင် | ၁၀၉ |
| ၈။ | သူနေရာသူပြန်ထားခြင်း၏ လေးနက်ပုံ | ၁၂၇ |
| ၉။ | သင်ဆရာမြင်ဆရာ | ၁၃၉ |
| ၁၀။ | နဂါးတိုင်းပြည်သို့ အသွား | ၁၄၉ |
| ၁၁။ | သံပုံတံဆိပ် | ၁၆၅ |
| ၁၂။ | ရွှေပြောင်းဖူးကို အရယူခဲ့ခြင်း | ၁၇၅ |
| ၁၃။ | မြင့်မြင့်နှင့် တွေ့ဆုံခြင်း | ၁၀၃ |
| ၁၄။ | ရွှေဘိုဂါတ်သို့ အပြန် | ၂၁၁ |
| ၁၅။ | နဂါးအစွယ်လေးတစ်ချောင်း | ၂၀၇ |


www.burmeseclassic.com

www.burmeseclassic.com



"ဒီအမှုမှာတင်မဟုတ်ဘူး။ မြန်မာပြည်မှာ ဖြစ်ပေါ်နေတဲ့ ဒုစရိုက်မှုတွေရဲ့ တစ်ဝက်ကျော်က ဒီလူကြီးရဲ့ လက်ချက်တွေပေ့ါဗျာ။ သူက ငွေလဲတတ်နိုင်တယ်၊ တရားသူကြီးတွေ ပုလိပ်မင်းကြီးတွေဆိုတာ သူ့ရဲ့ခါးပိုက်ထဲမှာ ရှိနေတာမဟုတ်လား။ ပြီးတော့ ဘုရင်ခံကပေးထားတဲ့ (KSM) ဆိုတဲ့ ဘွဲ့ကြီးကလဲရှိနေတော့ သူ့ကို အပိုင်ကိုင်ဖို့ရာက မြွေဟောက်ကို အမြီးဆွဲရသလိုပဲ၊ ကိုယ်ကဦးလို့ အမြီးကို မိမိရရဆွဲပြီး တအားဆောင့်ခါလိုက်နိုင်ရင်တော့ မြွေဟောက်ဟာ အဆစ်တွေပြုတ်ပြီး သေမှာအမှတ်ပဲ၊ ဒါပေမယ့် ကိုယ့်ဘက်က စက္ကန့်ဝက်လောက်များ နောက်ကျသွားရင်တော့ သေမင်းနဲ့ ရင်ဆိုင်ရတာနဲ့ ဘာထူးမှာလဲ"

"နေပါဦး ဦးလှမောင်ရထားတဲ့(KSM) ဆိုတဲ့ ဘွဲ့က ဘာဘွဲ့တဲ့လဲဗျ"

"အရှည်ကတော့ "ကျက်သရေဆောင် ရွှေစလွယ်ရမင်း" လို့ခေါ်တယ်။ သူ့ကိုပုန်ကန်မှုကလွဲပြီး အခြားမှုနဲ့ အချုပ်ခန်းထဲထည့်လို့မရဘူး"

"ဥပဒေထဲမှာ ဒီလိုမပါပါဘူးဗျာ"

"ဥပဒေစာအုပ်ထဲကအတိုင်း နေရာတိုင်းမှာလုပ်လို့ရတာမှမဟုတ်ဘဲ၊ အလုပ်လဲမလုပ်ကြဘူး မဟုတ်လား။ ထဘီစုတ်ခိုးတဲ့ သူခိုးကို ပုလိပ်က ပါးရိုက်ရမယ်လို့များ ဥပဒေစာအုပ်ထဲမှာ ရေးထားလို့လား။ ဒါပေမယ့် ရိုက်ခဲ့ကြတာပဲမဟုတ်လား။ လူကြီးလူကောင်းတစ်ယောက် ပြစ်မှုကျူးလွန်ရင် အချုပ်ထဲမထည့်ဘဲနဲ့ ဌာနအုပ်ရဲ့ ရုံးခန်းထဲမှာ ကောင်းကောင်းမွန်မွန်ဧည့်ခံရမယ်လို့များ ဥပဒေစာအုပ်မှာ ရေးထားလို့လား။ ဒါပေမယ့် ခင်ဗျားတို့ ဒီအတိုင်း လုပ်နေကြတာပဲ မဟုတ်လား"

## ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## ဗုတ်စာတစ်စောင်

တစ်နေ့သ၌ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေကြီးဆားပုလင်းနှင်းမောင်တို့သည် အင်းစိန်စုံထောက်ဌာနအတွင်းရှိ ကျွန်ုပ်၏ရုံးခန်း၌ အေးချမ်းစွာစကားပြောလျက်ရှိကြလေ၏။ ကိုနှင်းမောင်သည် ကျွန်ုပ်တွေ့ဖူးသမျှသော စကားပြောကောင်းသူတို့အနက် ထိပ်ဆုံးနေရာ၌ ထားသင့်သောသူဖြစ်၏။ အကြောင်းမူကား အချို့အချို့သော စကားပြောကောင်းသည် ဆိုသူတို့မှာ တပါးသူအား အလှည့်မပေးဘဲ မိမိသာလျှင် ကရားရေလွှတ်ပြောတတ်ကြသော်လည်း ကိုနှင်းမောင်ကမူ ထိုသို့မဟုတ်ဘဲ တစ်ဘက်သူအားလည်း ပြောဆိုရန် အလှည့်ပေးတတ်သော အလေ့အကျင့်တစ်ခုရှိသူဖြစ်ခြင်းကြောင့်ပင်။

ထို့ကြောင့် ကိုနှင်းမောင်နှင့် စကားလက်ဆုံကျမိသည်ဆိုလျှင် ကျွန်ုပ်သည် အိမ်တွင် ကျန်ရစ်ခဲ့သော ကျွန်ုပ်၏ ချစ်ဇနီးတင်တင်ကိုပင်လျှင် ခပ်မေ့မေ့ရှိတတ်လေ၏။ အရပ်ရပ်ပဟုသုတ

www.burmeseclassic.com



ပြည့်စုံသောကြောင့်လည်း ကိုနှင်းမောင်နှင့် စကားပြောရသည့်အခါ ၌ ကျွန်ုပ်အဖို့ တစ်ခုမဟုတ်လျှင် တစ်ခုဆိုသလို ဗဟုသုတတိုးပွား ရရှိသည်ချည်းဖြစ်၏။

ယနေ့အဖို့ ကျွန်ုပ်အနေနှင့် အစီရင်ခံစာများရေးသား ရန်လည်း မရှိသည်တစ်ကြောင်း ကျွန်ုပ်၏ စုံထောက်မင်းကြီး မစ္စတာရှပ်တဲသည်လည်း ပုလိပ်မင်းကြီး၏ ရုံးသို့သွားရောက်နေ သည်က တစ်ကြောင်းကြောင့် ကျွန်ုပ်သည် ကိုနှင်းမောင်နှင့် စကား လက်ဆုံကျ၍ နေခြင်းဖြစ်ရာ ဂိတ်ဝမှ စန္ဒရီ၏ သံချောင်း၁၀-ချက် ခေါက်သံကြားမှပင် ကျွန်ုပ်တို့ စကားပြောနေကြသည်မှာ နှစ် နာရီတိတိရှိပြီဖြစ်ကြောင်း သတိပြုမိသဖြင့် ကျွန်ုပ်က . .

"အိုင်ဆေး ကိုနှင်းမောင်၊ ကျုပ်တို့ စကားပြောတာ နှစ် နာရီတောင်ကြာသွားပြီပဲ၊ လက်ဖက်ရည်လေး ဘာလေးသောက် ကြဦးစို့လား"

"ကောင်းသားပဲ အိုင်ပီ၊ လမ်းဆုံးက ကာကာဆိုင်မှာပဲ သွားပြီး သောက်ကြတာပေါ့"

"ဒီနားကဆိုင်မှာ မကောင်းဘူးလားဗျ"

"လက်ဖက်ခြောက်ကို အသစ်မနှပ်ဘဲနဲ့ အဟောင်းတွေပဲ ပြန်ပြန်သုံးတယ်ဗျ။ အဲဒီတော့ သောက်ရတာ အရသာသိပ်မရှိ လှဘူး၊ ဒီအထဲဆိုင်ရှင်ရဲ့ ကလေးတွေကလည်းဆိုင်ထဲမှာ ဆော့ နေတာ မျက်စိနောက်ဖို့သိပ်ကောင်းတယ်ဗျာ"

ကျွန်ုပ်တို့သည် ပြောပြောဆိုဆိုပင် ထိုင်နေရာမှထလျက် ရုံးခန်းအပြင်သို့ ထွက်၍ လာကြရာ ရုံးအော်ဒလီ ပုလိပ်ကလေး 'မောင်ဝိုင်းမောင်' ရောက်ရှိလာကာ ကိုနှင်းမောင်ကို စာအိတ်တစ် အိတ်ပေးပြီးလျှင်. . .

"အခုပဲစာတိုက်က ရောက်လာတာ ဆရာ"ဟုပြောလေ၏။

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ကိုနှင်းမောင်သည် စာအိတ်ကို လှမ်း၍ ယူလိုက်ပြီးလျှင် စာအိတ်အား ကြည့်လိုက်ရာ ကျွန်ုပ်လည်းလိုက်ကြည့်လိုက်မိလေ၏။ စာအိတ်ပေါ်တွင် ထူးထူးခြားခြားရေထားခြင်း မပတ်ဘဲ

သို့
ဆားပုလင်းနှင်းမောင်
စီ အိုင် ဒီ
အင်းစိန်

ဟုသာ တွေ့မြင်ရလေ၏။ ကိုနှင်းမောင်သည် စာအိတ်ကို ဖောက်ခြင်းမပြုသေးဘဲ ကျွန်ုပ်နှင့်အတူ အင်းစိန်လမ်းဆုံ ကာကာ ဆိုင်သို့ စကားတပြောပြောနှင့် ဆက်လက်ထွက်ခွာလာခဲ့ကြလေ၏။ ကာကာဆိုင်သို့ ရောက်သည့်အခါ၌ ကျွန်ုပ်က လက်ဖက်ရည်နှင့် မုန့်များမှာယူလိုက်သည့်အချိန်ကျမှပင် စာအိတ်ကို ဖောက်လိုက် ရာ အတွင်း၌ ဗျက်အားဖြင့် လက်မ၀က်ခန့်ရှိပြီး အလျားအား ဖြင့် ၁၀-လက်မခန့်ရှိသော စာရွက်ကလေးတစ်ရွက်ထွက်၍ လာ လေ၏။

၎င်းစာရွက်ကလေး၌ နှစ်ဘက်စလုံးတွင် စာများရေးထား သော်လည်း တစ်ဘက်၌ ရေးထားသော စာမျက်များကိုသာ ဖတ်၍ ရပြီးလျှင် အခြားတစ်ဘက်၌ ပါရှိသော စာများမှာ ဖတ်၍မရ အောင် ရှုပ်ထွေးလှသည်။ ထိုစာရွက်ကလေးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။ သဘောပေါက်စေရန် နှစ်ဘက်စလုံးကိုဖော်ပြအပ် ပါသည်။

အသားမှာ ဝက်၊ အသီးမှာ သရက်၊ ထီးမှာ ဗိုသိမ်



www.burmeseclassic.com

www.burmeseclassic.com



ပျဉ်းမနား ဆီးယို ၊ စကိုင်း တေးဆို။

ကျွန်ုပ်သည် ထိုစာကို အခေါက်ခေါက်အခါခါ ဖတ်၍ ကြည့်သော်လည်း မည်သည့်အဓိပ္ပာယ်ကိုမှ် ကောက်ယူ၍ မရနိုင်ဘဲ ရှိလေ၏။ ရှုပ်ထွေး၍ ဖတ်မရသော ကျောဘက်မှ စာများကို ထား၍ ဖတ်၍ရသောဘက်မှ စာများကိုလည်း ကျွန်ုပ်သည် အမျိုးမျိုး အဖုံဖုံဉာဏ်ထုတ်၍ ဖော်ကြည့်သော်လည်း အဓိပ္ပာယ်ကို မရနိုင်ဘဲရှိလေ၏။

"အသားမှာ ဝက်၊ အသီးမှာ သရက်၊ ထီးမှာ ပုသိမ်၊ ပျဉ်းမနား ဆီယို၊ စကိုင်း တေးဆို" ဟူသော စာမှာ ဖတ်၍ ရသော စာမျိုး ဖြစ်သော်လည်း လေးနက်သော အဓိပ္ပာယ်ကို ဆောက်တည်ရာမရသဖြင့် ကျွန်ုပ်အနေနှင့် လက်မြှောက်လိုက်ရ လေသည်။

"အိုင်ဆေး ကိုနှင်းမောင် ဘာစားမလဲဗျ၊ စာက ဆန်းလှ ချည်လား"

"အလွန်အရေးကြီးတဲ့ သတင်းတစ်ခုကို အချိန်မီပေးပို့တဲ့ စာပဲဗျ၊ ဘာတွေရေးထားတယ်ဆိုတာတော့ ကျုပ်လည်း ဖတ်လို့ မရသေးဘူးဗျ၊ ကြံနေရတုန်းပဲ အိုင်ပီ"

"ဖြစ်မှဖြစ်ရလေဗျာ၊ အရေးကြီးတဲ့ သတင်းကို ဝှက်စာနဲ့ ပို့လို့တော့ အချိန်မီအလုပ်လုပ်ဖို့ ခက်တာပေါ့၊ ရိုးရိုးရေးလိုက်ရင် ပြီးတာပဲဥစ္စာ"

"ဘယ်ဟုတ်မလဲ အိုင်ပီ၊ သတင်းပေးတဲ့ လူကလဲ အကျဉ်း အကျပ်ထဲကနေ ပေးရတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သူ့ရဲ့ အသက်အန္တရာယ် အတွက်
အခုလို 'ဝှက်စာ'ကို အသုံးပြုရ တော့တာပေါ့"

"ဒါဖြင့် ဒီစာကို ရေးတဲ့လူဟာ ဘယ်သူဖြစ်တယ်ဆိုတာကိုတော့ ခင်ဗျားသိနေတယ်ပေါ့"

"အင်းသိတယ်လို့ဆိုရမှာပေါ့၊ ဒီလက်ရေးကို ကျုပ်နှစ်ခါလောက် မြင်ဖူးလေရဲ့၊ ဒါပေမယ့်မလွဲနိုင်ပါဘူး။ ဒီလူရေးလိုက်တာပဲဖြစ်ရမယ်"

"ဒီလူဆိုတာက ဘယ်သူလဲဗျ"

"ရွှေ့နေအောင်ကျော်လှရဲ့ လက်ရေးလို့ဆိုချင်တာပါ"

"ရွှေ့နေအောင်ကျော်လှဆိုတာ (KSM)ဘွဲ့ရ ဘုရားလူကြီး ဦးလှမောင်ရဲ့ လက်ရုံးတော်ကြီးတစ်ဆူမဟုတ်လား ကိုနှင်းမောင်"

"ခင်ဗျားမှတ်မိသားပဲ သူကတော့ သူ့လက်ရေးကို ကျုပ်မမှတ်မိနိုင်ဘူးဆိုပြီး ရေးလိုက်တာပဲ။ ကျုပ်ကလဲ လက်ရေးကိုတစ်ခါမြင်ရင် တစ်သက်မမေ့တော့ သူရေးလိုက်မှန်းသိနေတယ်အိုင်ပီ။ ဒီလူကတော့ မလွှဲသာလို့ တည့်တည့်ပြောရရင် (KSM) ဦးလှမောင်က ငွေနဲ့ပေါက်ထားလို့သာ ဦးလှမောင်ရဲ့ လက်ကိုင်တုတ်ဖြစ်နေရရှာတာပါဗျာ။ သူ့ရဲ့ ပင်ကိုယ်စိတ်ကတော့ မတရားတာကို လုပ်ချင်ပုံမရပါဘူး။ ဒါကြောင့်လဲ ကျုပ်ဆီကို အခုလို လျှို့ဝှက်သတင်းပေးတာပေါ့"

"လျှို့ဝှက်သတင်းပေးတာကတော့ ဟုတ်ပါပြီဗျာ။ ဖော်ဖို့ရာက လွယ်ပါ့မလား"

"ဒီအတွက်တော့ မပူပါနဲ့ အိုင်ပီ၊ ကမ္ဘာပေါ်မှာ ရေးရေးရှေးသရှိတဲ့ ဝှက်စာအမျိုးမျိုးကို ကျုပ်ဖတ်ဖူးပါတယ်။ ဝှက်စာ...



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ဖူးတဲ့ အကြိမ်ဟာ ငယ်ငယ်က (ယံမင်္ဂလံ) ရွတ်ခဲ့ရတဲ့ အကြိမ် ထက်တောင်များပါတယ်။ ပြီးတော့ အခုလို ဝှက်စာမျိုး ပဟေဠိ မျိုးကို ဖော်ဖို့ရာ ကျွပ်အတွက်အပျင်းပြေဆေးတစ်ခွက် သောက် လိုက်ရသလိုပါပဲ"

"ကဲပါဗျာ . . အပျင်းပြေဆေးကိုတော့ နောက်မှဆက်ပြီး သောက်တာပေါ့။ လောလောဆယ်တော့ လက်ဖက်ရည်တွေအေးကုန် တော့မယ်သောက်လိုက်ပါဦး"ဟု ကျွန်ုပ်ကဆိုလိုက်မှပင် ကိုနှင်းမောင် သည် လက်ဖက်ရည်ပန်းကန်ကိုကောက်ယူ၍ မော့လေ၏။

ပြီးလျှင် ကုလားအုတ်တံဆိပ်စီးကရက်တစ်လိပ်ကို ထုတ် ယူ မီးညှိကာ ရှေ့နေအောင်ကျော်လှ၏ ဝှက်စာကို စားပွဲပေါ်၌ ချ၍ စဉ်းစားခန်းဝင်လေ၏။

ကျွန်ုပ်လည်း ဆေးတံတိုကို အိုးအပြည့် ဆေးများသိပ်၍ ထည့်ကာကိုနှင်းမောင်၏ အပြုအမူကို ဆေးတံခဲလျက်ကြည့်ရှုနေ မိလေ၏။ သူသည် ဆီမန်းမန်းသကဲ့သို့ ပါးစပ်မှလည်း တစ်ကိုယ် တည်း တတွတ်တွတ်ရွတ်ဆိုသည့်အခါ ရွတ်ဆို၍လည်းကောင်း၊ မျက်ခုံးနှစ်ခုထိဆက်လုနီးပါးတိုင်အောင် မျက်မှောင်ကြုတ်၍ လည်းကောင်း၊ မျက်စိများကို လုံးဝမှိတ်ထားလျက်လည်းကောင်း အမျိုးမျိုးအဖုံဖုံအကြံထုတ်လေရာ စီးကရက်တစ်လိပ်ကုန်၍ သွား သည့်တိုင်အောင်ဖြစ်လေ၏။

စီးကရက်အသစ်တစ်လိပ်ကို ထပ်မံ၍ထုတ်ပြီးလျှင် မီးခြစ် ပေါ်၌ ဆောင့်ရင်း ကျွန်ုပ်အား " အဓိပ္ပာယ်ရပြီဗျို့"ဟု ပြုံး၍ ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်က "ရရင်လဲပြောလေဗျာ" ဟု ဆိုလိုက် ရာ သူက ကျွန်ုပ်အား လက်ဝါးကာ၍ ပြပြီးလျှင် စီးကရက်ကို နှုတ်ခမ်းတေ့ကာ မီးညှိ၍ ကျွန်ုပ်အား မကြည့်တော့ပဲ လမ်းမဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမူလျက် ထိုင်နေလေရာ ကျွန်ုပ်သည် ၎င်း၏ ပြုလုပ်ပုံကို သဘောမပေါက်ပဲရှိလေ၏။

ကိုနှင်းမောင်သည် ကျွန်ုပ်ကိုမကြည့်တော့ဘဲ လမ်းသွားလမ်းလာများကိုသာကြည့်၍နေ၏။ ထိုအချိန်၌ အင်းစိန်ဈေးဘက်မှ မိန်းမတစ်ယောက်သည် ပုသိမ်ထီးကလေးကိုဆောင်းလျက် လျှောက်လာသည်ကိုတွေ့ရလျှင် ကိုနှင်းမောင်သည် ဆတ်ခနဲထကာ ထိုမိန်းမဆီသို့ ခပ်သုတ်သုတ်သွားပြီးလျှင် ထိုမိန်းမအား တစ်စုံတစ်ရာပြောနေသည်ကိုတွေ့ရလေသည်။ တအောင့်မျှကြာလျှင် ထိုမိန်းမသည် ကိုနှင်းမောင်အား ၎င်းဆောင်း၍လာသော ပုသိမ်ထီးကိုပေးလိုက်လေ၏။

"အိုင်ပီဟောဒီမှာ ကျုပ်ဖတ်ပြမယ်၊ လိုက်ပြီးရေးထားပေတော့"

ကိုနှင်းမောင်သည် အထက်ပါအတိုင်းပြောလိုက်ပြီးနောက် ဝှက်စာစာရွက်ကလေးအား ထီးလက်ကိုင်ရိုးတွင် ပတ်၍ ကြောင်လိမ်လှေကားကဲ့သို့ အလိုက်သင့်ကလေးဖတ်လိုက်ရာ စောစောကဖတ်မရသောစာများသည် ဖတ်၍ရသော ရိုးရိုးစာတစ်စောင်ဖြစ်သွားလေ၏။

ငမိုးရိပ်ချောင်းအနီး၊ သိမ်ချောင်းရွာကိုသွားပါ၊
ရှေးဟောင်းအိမ်ကြီးထဲက၊ ကျောက်စာဝန်ဟောင်း
ဦးဘတူကို အမြန်ဆုံးကယ်ပါ၊ သတ်ကြတော့မယ်။

ကိုနှင်းမောင်သည် စာကိုဖတ်ပြီးလျှင် မျက်နှာကွက်ခနဲပျက်၍ သွားလေ၏။ ပြီးလျှင် ပုသိမ်ထီးအား ပိုင်ရှင်မိန်းမထံသို့ သွား၍ပေးပြီး ကျွန်ုပ်ထံသို့တစ်လှမ်းချင်းလျှောက်ကာ လာလေ၏။

"တော်တော်အရေးကြီးတဲ့ သတင်းပဲဗျ၊ ကိုနှင်းမောင်ကျုပ်တို့ လိုက်ကြမှဖြစ်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမ်တော့ဘူးထင်ပါတယ် အိုင်ပီ၊ အခုလောက်ဆိုရင် သတ်ပြီးကြရောပေါ့ဗျာ"

ကိုနှင်းမောင်သည် စိတ်ပျက်စွာပြန်၍ ဖြေလိုက်ပြီးလျှင် စာအိတ်၏ ကျောက်ဘက်၌ (သိမ်ချောင်းရွာ) (ကျောက်စာဝန်ဟောင်း ဦးဘတူ) ဆိုသည့် စာလုံးများကို ငေး၍ ကြည့်နေလေ၏။

"အောင်မယ်လေး ရှာလိုက်ရတာ ဆရာတို့ရယ်"

သက်နီးကျွန်းဂါတ်မှ ပုလိပ်အင်စပက်တော် ဦးဖေခင်သည် မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်းလျှင်ဆင်းချင်း ကျွန်ုပ်တို့အား အပြစ်တင်သံပါသော နှုတ်ဆက်ပုံမျိုးနှင့် နှုတ်ဆက်လေ၏။ ပြီးလျှင် ကိုနှင်းမောင်ရှေ့တွင် ရေး၍ထားသော စာနှစ်လုံးကို ကြည့်ကာ မျက်လုံးပြူး၍ သွားလေသည်။ မျက်လုံးပြူးရုံမျှမက ပါးစပ်မှလည်း. . .

"သိမ်ချောင်းရွာ၊ ကျောက်စာဝန်ဟောင်း ဦးဘတူ"

"သိမ်ချောင်းရွာ၊ ကျောက်စာဝန်ဟောင်း ဦးဘတူ"

"ဘယ်လိုလဲဆရာတို့ အကြားအမြင်များရနေကြပြီလားဗျာ၊ ကျွန်တော်လာတာ အဲဒီကိစ္စပဲ၊ ညက ဦးဘတူ အသတ်ခံရတယ်၊ ကျွန်တော်တို့ကတော့ သဲလွန်စဘယ်လိုရှာရမှန်းမသိလို့ ဆရာတို့ စီအိုင်ဒီကို အကူအညီတောင်းမလို့လာရုံရှိသေးတယ်၊ ဆရာတို့က ဒီကိစ္စကို ကြိုပြီးသိနေကြပြီပဲ"ဟု ဦးဖေခင်သည် မြစ်ထဲချောင်းထဲတွင် လှေထိုးသားအချင်းချင်းအော်၍ပြောသော လေသံမျိုးဖြင့် ပြောလေ၏။ ပြီးလျှင် သပိတ်လုံးကဲ့သို့ အမွေးအမျှင်တစ်မျှင်မှမရှိသောသူ၏ ဦးခေါင်းကြီးအား လက်နှစ်ဖက်နှင့် ပွတ်၍နေလေ၏။

"ကျုပ်နဲ့ အိုင်ပီကြိုးစားပြီး ဖော်ထားရတဲ့ ဝှက်စာမှာ ပါတဲ့စကားတွေပါ"

"ဝှက်စာ ဟုတ်လား၊ ဦးဘတူအသတ်ခံရမယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ဝှက်စာတစ်စောင် ခင်ဗျားဆီကြို့ပြီးရောက်ခဲ့တယ်ပေါ့ ဟုတ်လား ကိုနှင်းမောင်၊ ခင်ဗျားတို့ဆီလာကာမှ ပိုပြီးရှုပ်ကုန်တော့ တာပဲ" ဟုဆိုကာ ဦးဖေခင်သည် သူ၏ ခေါင်းပြောင်ပြောင်ကြီးကို ဆက်လက်၍ ပွတ်နေပြန်၏။ ဦးဖေခင်သည် နဂိုက ဆံပင်ထူထူ ရှိကောင်းရှိပေလိမ့်မည်။ သို့ရာတွင် အကြံမထွက်တိုင်း ဤသို့ဦး ခေါင်းကို ပွတ်လေ့ရှိသော အကျင့်ကြောင့်ပင် လုံးဝထိပ်ပြောင်သော အဖြစ်သို့ရောက်ရှိလာပုံရလေသည်။

"ဟုတ်တယ်လေ၊ ဟောဒီမှာ ဝှက်စာပဲဟုဆို၍ ကိုနှင်းမောင် က ဝှက်စာကို ဦးဖေခင်အားပေးလိုက်လျှင် ဦးဖေခင်သည် ရှုပ်ထွေးသော ဝှက်စာများကို လည်းကောင်း၊ တစ်ဘက်တွင် ပါရှိ သော (အသားမှာ ဝက်၊ အသီးမှာ သရက်၊ ထီးမှာ ပုသိမ်၊ ပျဉ်းမ နား ဆီးယို၊ စကိုင်း တေးဆို) ဟူသော တောက်တီးတောက်တဲ့ နိုင်လှသောစာများကိုလည်းကောင်း ဖတ်ရင်းခေါင်းကြီးကိုသာ တွင် တွင်ပွတ်ပြန်လေ၏။

ဦးဖေခင် ခေါင်းကိုသိပ်မပွတ်နဲ့ ဆံပင်တွေပြန်ပြီး ပေါ်... လာဦးမယ်"ဟု ကျွန်ုပ်က နောက်လိုက်မှပင် သူသည် ခေါင်းပွတ်... ခြင်းမှ ရပ်နား၍. . .

"ဘယ်လိုဝှက်စာလဲဗျ၊ ပြောစမ်းပါဦး ဆားပုလင်းရဲ့" ... တောင်းပန်သော လေသံဖြင့် ပြောလေ၏။

"ဒီဝှက်စာမျိုးက ဝှက်စာအမျိုးအစားမှာ တော်... ရှေးကျတယ်။ ဘီစီ ၅၀၀ - ကျော်လောက်က ဥရောပ... စစ်ရေးကိစ္စတွေမှာလောက်သာအသုံးပြုခဲ့တဲ့ ဝှက်စာမျိုးဖြစ်... ဝှက်စာပေးတဲ့လူနဲ့ လက်ခံတဲ့လမှာ တစ်မိုက်ကျော်ကျော်... ရှည်တဲ့ လုံးပတ်ချင်းလဲရွယ်တူဖြစ်တဲ့ တုတ်ကလေးနှစ်ချောင်း... တယ်ဗျ၊ ဝှက်စာရေးတဲ့လူက အခုလိုဝတ္ထုဖြစ်စေ၊ သာမ... ပြော...



www.burmeseclassic.com

www.burmeseclassic.com



စေ၊ ခပ်ရှည်ရှည်ကလေးကို တုတ်မှာ ပတ်ပြီးရေးတဲ့အခါကျတော့ တုတ်ရဲ့ အလျားလိုက်ရေးရတယ်ဗျ။ ရေးပြီးဖြေလိုက်တာနဲ့ တစ်ပြိုင်နက် ရေးထားတဲ့စာတွေဟာ ဟိုတစ်လုံးဒီတစ်လုံးနဲ့ လုံးဝဖတ်လို့ကို မရတော့ဘူး။ အဲဒီဝှက်စာကိုလက်ခံတဲ့လူရဲ့ လက်ထဲရောက်တဲ့အခါမှာ သူကလဲ တုတ်ကလေးနဲ့ပတ်ပြီးဖတ်မှပဲရတယ်။ ဒီလိုဝှက်ထားမှန်းသိပေမယ့်လို့ မူလဝှက်စာရေးတုန်းက တုတ်ရဲ့ အတိုင်းအတာကိုမသိရင်လဲဖော်လို့မရပြန်ဘူး။ ဒီဝှက်စာမျိုးကို သမိုင်းဆရာတွေက (Skytale) စကိုင်းတေးဝှက်စာလို့ အမည်ပေးထားကြတယ်။ အခုဝှက်စာကို အဲဒီအမျိုးအစားထဲကဖြစ်တယ် ဦးဖေခင်"

"ဒါတော့ဟုတ်ပါပြီဗျာ၊ ဒီဘက်မှာပါတဲ့ အသားမှာ ဝက်၊ အသီးမှာ သရက် ဆိုတဲ့ဟာတွေက ဘာအဓိပ္ပာယ်လဲ ကိုနှင်းမောင်" ဒီလိုလေဗျာ ဝှက်ထားတဲ့လူနဲ့ ကျုပ်နဲ့က နဂိုကတည်းက ကြိုတင်ပြီး ဝှက်စာကို ဖော်ယူဖို့ တုတ်အတိုင်းကို ပေးထားကြတာမဟုတ်လေတော့ ဖော်ရမယ့်တုတ်အတိုင်း တစ်နည်းပြောရရင် (Cypher) ဆိုင်ဖာလို့ခေါ်တဲ့ ဝှက်စာရဲ့ သော့ချက်ကို ရေးပေးလိုက်တာပဲ။ အသားမှာ ဝက်၊ အသီးမှာ သရက်ဆိုတာက စကားပုံတစ်ခုပဲ။ ထီးမှာ ပုသိမ်ဆိုတာကတော့ စကားပုံလည်း မရှိပါဘူး။ ဒီတော့ ထီးမှာ ပုသိမ်ဆိုတဲ့ စကားဟာ ဆန်းနေတယ်။ တစ်ခါ ပျဉ်းမနားက ဆီးယိုဆိုတာက စကားပုံလို ဖြစ်နေတာ။ ဆီးယိုကောင်းကောင်း ပျဉ်းမနားက ထွက်တယ်ဗျ။ စကိုင်းတေးဆို၊ ဆိုတာကတော့ ဆန်းနေပြန်တယ်။ ပြီးတော့ စကိုင်းတေးသုံးလုံးကို ကပ်ပြီး ရေးထားတယ်။ 'ဆို'ကိုဟော့ နည်းနည်းခွာရေးထားတယ်"

"အင်း တော်တော် စိတ်ဝင်စားစရာ ကောင်းသားပဲ၊ ဆက်ပါဦး ဆားပုလင်းနှင်းမောင်"

"ဒီတော့ ထူးခြားတဲ့ ထီးမှာ ပုသိမ်ရယ် စကိုင်းတေးဆို'



www.burmeseclassic.com

www.burmeseclassic.com



ရယ်ကိုသပ်သပ်ထပ်ပြီး စဉ်းစားကြည့်မိတဲ့အခါမှာ စကိုင်းတေးဟာ (Skytale) ဆိုတဲ့ ဝှက်စာအမျိုးစားကို ဆိုလိုကြောင်း ကျုပ်သတိရမိတယ်။ ဒီတော့ထီးမှာ ပုသိမ်ဆိုတော့ ပုသိမ်ထီးရဲ့လက်ကိုင်ရိုးကို အသုံးပြုရမယ်လို့လဲ တစ်ခါတည်းသဘောပေါက်တော့တာပဲ။ ကျုပ်ထင်တဲ့အတိုင်းလုပ်ကြည့်တော့လဲ ဟောဒီလို အဖြေရတော့တာပဲ"

"တော်ပါပေ့ ကိုနှင်းမောင်ရယ်။ ကျုပ်ကိုသာဖော်ခိုင်းရင်တော့ ပင်စင်ယူတဲ့အထိတောင်ဝှက်စာကိုဖော်လို့ပြီးမှာမဟုတ်ဘူးဗျို့။ ဟား . . . ဟား။ "

ဦးဖေခင်သည် သူ့ဘာသာပြောရင်းသဘောကျကာ ရယ်မောလေ၏။ ကျွန်ုပ်တို့လည်း ရယ်မောကြလေ၏။ ကျွန်ုပ်သည် ဦးဖေခင်အတွက် လက်ဖက်ရည်များ မှာယူ၍ပေးသဖြင့် ဦးဖေခင်သည် လက်ဖက်ရည်ကိုတစ်ကျိုက်တည်းနှင့် ကုန်အောင်မော့လိုက်ပြီးနောက် . . .

"နေစမ်းပါဦးဗျ၊ ဒီဝှက်စာက ဘယ်သူကပို့လိုက်တဲ့ဝှက်စာလဲ" ဟု မေးပြန်လေသည်။

"ရွှေနေဦးအောင်ကျော်လှရဲ့လက်ရေးပဲဗျ"

"ရွှေနေဦးအောင်ကျော်လှဆိုတာ ဘုရားလူကြီးဦးလှမောင်ရဲ့ လက်စွဲရွှေနေမဟုတ်လား"

"အစစ်ပေါ့ဗျာ"

"ဒီလိုဆိုရင် သူ့ကိုဖမ်းပြီးစစ်ရင်မကောင်းဘူးလား"

"ဒီလိုလုပ်လို့ဘယ်ဖြစ်မလဲ။ မပိုင်ဘဲနဲ့သွားပြီး လုပ်ရင်ဒုက္ခဖြစ်သွားမှာပေါ့။ ပြီးတော့လဲ သူက ကျုပ်တို့လိုပဲ ဥပဒေဘွဲ့တော်သားတစ်ယောက်မဟုတ်လား"

"ကိုနှင်းမောင်က ဒီအမှုမှာ ဦးလှမောင်ပါ ပါနေတယ်လို့ဆို



www.burmeseclassic.com

www.burmeseclassic.com



ချင်တာလား"

"ဒီအမှုမှာတင်မဟုတ်ဘူး။ မြန်မာပြည်မှာ ဖြစ်ပေါ်နေတဲ့ ဒုစရိုက်မှုတွေရဲ့ တစ်ဝက်ကျော်က ဒီလူကြီးရဲ့ လက်ချက်တွေပေါ့ ဗျာ။ သူက ငွေလဲတတ်နိုင်တယ်၊ တရားသူကြီးတွေ ပုလိပ်မင်းကြီး တွေဆိုတာ သူရဲ့ခါးပိုက်ထဲမှာရှိနေတာမဟုတ်လား။ ပြီးတော့ ဘုရင်ခံကပေးထားတဲ့ (KSM) ဆိုတဲ့ ဘွဲ့ကြီးကလဲရှိနေတော့ သူ့ ကို အပိုင်ကိုင်ဖို့ရာက မြွေဟောက်ကို အမြီးဆွဲရသလိုပဲ၊ ကိုယ်က ဦးလို့ အမြီးကိုမိမိရရဆွဲပြီး တအားဆောင့်ခါလိုက်နိုင်ရင်တော့ မြွေဟောက်ဟာ အဆစ်တွေပြုတ်ပြီးသေမှာအမှတ်ပဲ၊ ဒါပေမယ့် ကိုယ့်ဘက်က စက္ကန့်ဝက်လောက်များ နောက်ကျသွားရင်တော့ သေမင်းနဲ့ရင်ဆိုင်ရတာနဲ့ ဘာထူးမှာလဲ"

"နေပါဦး ဦးလှမောင်ရထားတဲ့(KSM)ဆိုတဲ့ ဘွဲ့က ဘာဘွဲ့ တဲ့လဲဗျ"

"အရှည်ကတော့"ကျက်သရေဆောင် ရွှေစလွယ်ရမင်း"လို့ ခေါ်တယ်။ သူ့ကိုပုန်ကန်မှုကလွဲပြီး အခြားမှုနဲ့ အချုပ်ခန်းထဲထည့် လို့မရဘူး"

"ဥပဒေထဲမှာ ဒီလိုမပါပါဘူးဗျာ"

"ဥပဒေ စာအုပ်ထဲကအတိုင်း နေရာတိုင်းမှာ လုပ်လို့ရ တာမှမဟုတ်ဘဲ၊ အလုပ်လဲမလုပ်ကြဘူး မဟုတ်လား။ ထဘီစုတ်ခိုး တဲ့ သူခိုးကို ပုလိပ်က ပါးရိုက်ရမယ်လို့များ ဥပဒေစာအုပ်ထဲမှာ ရေးထားလို့လား။ ဒါပေမယ့် ရိုက်ခဲ့ကြတာပဲမဟုတ်လား။ လူကြီးလူ ကောင်းတစ်ယောက်ပြစ်မှုကျူးလွန်ရင် အချုပ်ထဲမထည့်ဘဲနဲ့ ဌာနအုပ်ရဲ့ ရုံးခန်းထဲမှာ ကောင်းကောင်းမွန်မွန်ဧည့်ခံရမယ်လို့ များ ဥပဒေစာအုပ်မှာရေးထားလို့လား။ ဒါပေမယ့် ခင်ဗျားတို့ဒီ အတိုင်း လုပ်နေကြတာပဲ မဟုတ်လား"ဟု ကိုနှင်းမောင်က ဒေါ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မောနှင့်ပြောလိုက်၏။

လျှာသွက်အာသွက်နိုင်လှသော ဦးဖေခင်သည် သူ၏ ဦးခေါင်းကြီးကိုပွတ်နေလေတော့သည်။

ကိုနှင်းမောင်လည်း စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိလိုက်ပြီးလျှင် ရှိုက်ဖွာလျက်ရှိနေလေတော့သည်။

"တစ်နေ့နေ့တော့ ဥပဒေအတိုင်း လုပ်နိုင်ရမှာပေါ့ကို နှင်းမောင်"ဟု ဦးဖေခင်က ခေါင်းကိုပွတ်နေရာမှ ညည်းတွားသံကြီးနှင့်ပြောလိုက်သည်။

"ဟုတ်တယ် အဲဒီအချိန်အထိ ကျုပ်တို့အသက်ရှည်ကြရင် ကောင်းတာပေါ့ဗျာ"

"ကိုနှင်းမောင်က ဦးလှမောင်ကို ဒုစရိုက်မှုတွေရဲ့ခေါင်းဆောင် ဂိုဏ်းသားကြီးတစ်ယောက်လို့ ယူဆထားလို့လား"

"ယူဆထားတာမဟုတ်ဘူး။ တကယ်ဟုတ်နေတာ"

"ကျုပ်ကတော့ တကယ့်ကိုဘာသာရေး၊ လူမှုရေးတွေကို ဆောင်ရွက်နေတဲ့ လူကြီးတစ်ယောက်လို့ထင်နေတာ။ ကျုပ်သူ့ဆီကိုနှစ်ကြိမ်ရောက်ဖူးတယ်ဗျ"

"ခင်ဗျားသွားတဲ့အခါတုန်းက သူကခင်ဗျားကို ဘုရားခန်းမှာ လက်ခံစကားပြောခဲ့တယ်မဟုတ်လား"

"အင်းဟုတ်တယ်"

"ဘုရားစင်ရဲ့ဘေးမှာရှိတဲ့ နတ်သမီးရုပ်ကိုသတိထားကြည့်မိရဲ့လား၊ ရှေးဟောင်း ရုပ်ထုတစ်ခုပဲ၊ ဘီစီ ၄၀၀ - လောက်က အရှေ့တိုင်းရဲ့ လက်ရာတစ်ခုပဲ"

"ဒါက ရာဇဝင်ဆရာတစ်ယောက်ရဲ့အလုပ်ပဲဗျာ၊ ကျုပ်လိုပုလိပ်တစ်ယောက်က ဘယ်လိုလုပ်ပြီး စိတ်ဝင်စားမိမှာလဲ ကိုနှင်းမောင်"



www.burmeseclassic.com

www.burmeseclassic.com



"ပုလိပ်ကပို့ပြီးလိုတာပေါ့ဗျ။ ဗဟုသုတစုံဘာရယ်၊ မျက်စိလျှင်တာရယ်၊ ရတုန်းရခိုက်အခွင့်အရေးကို ဥပဒေအတွင်း အသုံးချတာရယ်ဟာ ပုလိပ်ရဲ့အသက်ပဲ မဟုတ်လား ဦးဖေခင်"

"ဆိုစမ်းပါဦးဗျာ၊ အဲဒီ ဘီစီ ၄၀၀- လောက်က နတ်သမီးရုပ်နဲ့၊ ဥပဒေနဲ့ဘယ်လိုများပတ်သက်နေလို့လဲ"

"ဘီစီ ၄၀၀-လောက်က ပစ္စည်းဆိုကတည်းက ရှေးဟောင်းပစ္စည်းအဖြစ်နဲ့ တန်ဖိုးမရှိဘူးလားဗျာ"

"အင်းရှိတာပေါ့"

"ပြီးတော့လဲ အဲဒီနတ်သမီးရုပ်ဟာ ရွှေအစစ်နဲ့ဖြစ်တယ်။ အရုပ်မှာပါတဲ့ စိန်တွေ၊ ပတ္တမြားတွေဟာလဲ တကယ့်အရည်အသွေးကောင်းတဲ့ဟာတွေချည်းပဲ အနည်းဆုံး ရှစ်သိန်းလောက်တန်တယ်"

"ဩော် . . "

"ရှစ်သိန်းလောက်တန်တဲ့ ပစ္စည်းတစ်ခုကို ဘုရားခန်းထဲမှာ ခပ်လွယ်လွယ်ထားနိုင်တဲ့လူဟာ ဘယ်လောက်ချမ်းသာတဲ့လူဖြစ်မလဲဆိုတာခင်ဗျားစဉ်းစားသာကြည့်ပေတော့။ ပဲခူးဘက်က ဦးလှမောင်ရဲ့ လယ်တွေကို မြေတိုင်းမင်းကြီးရုံးမှာ စာရင်းသွားယူပြီး လယ်ထောက်ခငွေကို ကျုပ်တွက်ကြည့်ဖူးတယ်။ တစ်နှစ်မှာ ၃၀၀၀ ကျော်ကျော်လောက်ကလေးပဲရတာကိုတွေ့ရတယ်။ ဒီတော့ ဘယ်နည်းနဲ့မှ ဦးလှမောင်မှာ ငွေတွေဒါလောက်များနေရသလဲ။ ပြီးတော့ ဦးဖေခင်ရောက်ခဲ့တာ ပုလိပ်ပိဋကတ်တိုက်အတွက် အလှူသွားခံတာမဟုတ်လား"

"အင်းဟုတ်တယ် ကိုနှင်းမောင် ဘယ်လိုလုပ်ပြီးသိနေသလဲ"

"ကျုပ်သိနေတာကို ထားလိုက်စမ်းပါ။ ခင်ဗျားကို ဦးလှမောင်က အလှူငွေကိုချက်လက်မှတ်နဲ့ပေးလိုက်တယ်မဟုတ်လား။"

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျ"

"ဦးလှမောင်ဟာ ရန်ကုန်မြို့မှာရှိသမျှ ဘဏ်တွေမှာ ငွေတွေကို ခွဲပြီးအပ်ထားတယ်။ သူ့များငွေဘယ်လောက်ရှိတယ်ဆိုတာကို အကဲမခတ်နိုင်အောင်ပေါ့ ဦးဖေခင်"

"ခင်ဗျားကော ဦးလှမောင်ဆီကိုရောက်ဖူးလား"

"ရောက်ဖူးပါတယ်။ ရောက်ဖူးတယ်ဆိုပေမယ့် ခိုးပြီးဝင်ခဲ့တာပါ။ ကျုပ်က သူ့ကိုမသက်ာလို့ ရှာချင်တာနဲ့ ခိုးပြီးဝင်ခဲ့တာလေ။ ဒါပေမယ့် ကျုပ်အတွက်ခိုင်လုံတဲ့ သဲလွန်စတော့မရခဲ့ပါဘူး။ ကဲဒါတွေထားလိုက်ပါတော့ဗျာ။ သိမ်ချောင်းရွာကို ကျုပ်တို့လိုက်သွားကြမှ ဖြစ်မယ်မဟုတ်လား။ ဒီတော့ ဦးဖေခင်က ရုံးကို ပြန်ပြီး ရှပ်တဲဝပ်ဆီကို အကြောင်းကြားဦးပေါ့"

"မလိုတော့ပါဘူး။ ခင်ဗျားတို့ မင်းကြီးကို အခုပဲ ပုလိပ်ရုံးကြီးမှာ တွေ့လို့ကျုပ်က အဖြစ်အပျက်ကို အစီရင်ခံတဲ့အခါမှာ ဆားပုလင်းနှင်းမောင်ကို ခေါ်ပြီးသွားပါလို့ သူကပြောလိုက်ပြီးသားပါ။ မင်းကြီးကတော့ အမှုဟော့ဆိုတာနဲ့ ဆားပုလင်းနှင်းမောင်ဆိုတဲ့ နာမည်ကိုပါ တန်းပြီးပြောတော့တာပဲဗျာ။ ဟား. . ဟား"

ဦးဖေခင်သည် ဝမ်းသာအားရ ပြော၍ ရယ်ရင်းမှ သူ၏ထိပ်ကြီးအား လက်ဝါးနှစ်ဘက်နှင့် ပွတ်၍ နေလေ၏။

**********



www.burmeseclassic.com

www.burmeseclassic.com



"ဒီအမှုမှာတင်မဟုတ်ဘူး။ မြန်မာပြည်မှာ ဖြစ်ပေါ်နေတဲ့ ဒုစရိုက်မှု တွေရဲ့ ဘစ်ဝက်ကျော်က ဒီလူကြီးရဲ့ လက်ချက်တွေပေါ့ဗျာ။ သူက ငွေသဲဘတ်နိုင်တယ်၊ တရားသူကြီးတွေ ပုလိပ်မင်းကြီးတွေဆိုတာ သူ့ရဲ့ခါးပိုက်ထဲမှာ ရှိနေတာမဟုတ်လား။ ပြီးတော့ ဘုရင်ခံကပေး ထားတဲ့ (KSM) ဆိုတဲ့ ဘွဲ့ကြီးကလဲရှိနေတော့ သူ့ကို အပိုင်ကိုင်ဖို့ ရာက မြွေပေါက်ကို အမြီးဆွဲရသလိုပဲ၊ ကိုယ်ကဦးလို့ အမြီးကို မိမိရရဆွဲပြီး တအားဆောင့်ခါလိုက်နိုင်ရင်တော့ မြွေပေါက်ဟာ အဆစ်တွေပြုတ်ပြီး သေမှာအမှတ်ပဲ၊ ဒါပေမယ့် ကိုယ့်ဘက်က စက္ကန့်ဝက်လောက်များ နောက်ကျသွားရင်တော့ သေမင်းနဲ့ ရင်ဆိုင် ရတာနဲ့ ဘာထူးမှာလဲ"

"နေပါဦး ဦးလှမောင်ရထားတဲ့(KSM) ဆိုတဲ့ ဘွဲ့က ဘာဘွဲ့တဲ့လဲဗျ"

"အရှည်ကတော့ "ကျက်သရေဆောင် ရွှေစလွယ်ရမင်း" လို့ခေါ်တယ်။ သူ့ကိုပုန်ကန်မှုကလွဲပြီး အခြားမှုနဲ့ အချုပ်ခန်းထဲထည့်လို့မရဘူး"

"ဥပဒေထဲမှာ ဒီလိုမပါပါဘူးဗျာ"

"ဥပဒေစာအုပ်ထဲကအတိုင်း နေရာတိုင်းမှာလုပ်လို့ရတာမှမဟုတ်ဘဲ၊ အလုပ်လဲမလုပ်ကြဘူး မဟုတ်လား။ ထဘီစုတ်ခိုးတဲ့ သူခိုးကို ပုလိပ်က ပါးရိုက်ရမယ်လို့များ ဥပဒေစာအုပ်ထဲမှာ ရေးထားလို့ လား။ ဒါပေမယ့် ရိုက်ခဲ့ကြတာပဲမဟုတ်လား။ လူကြီးလူကောင်းတစ် ယောက် ပြစ်မှုကျူးလွန်ရင် အချုပ်ထဲမထည့်ဘဲနဲ့ ဌာနအုပ်ရဲ့ ရုံးခန်း ထဲမှာ ကောင်းကောင်းမွန်မွန်ဧည့်ခံရမယ်လို့များ ဥပဒေစာအုပ်မှာ ရေးထားလို့လား။ ဒါပေမယ့် ခင်ဗျားတို့ ဒီအတိုင်း လုပ်နေကြတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

### ❁ ပျောက်ဆုံးနေသော ဖိုခုံလောက်တစ်လုံး

ကျွန်ုပ်နှင့် ကိုနှင်းမောင်သည် ကွမ်းခြံဘူတာမှနေ၍ တိုးကြောင်ကလေး လော်ကယ်ရထားနှင့် လိုက်ပါခဲ့ကြလေ၏။ ငမိုးရိပ်ချောင်း၏ ဟိုမှာဘက်ကမ်းတွင်ရှိသော တိုးကြောင်ကလေး၊ တိုးကြောင်ကြီး၊ သိမ်ချောင်း၊ ကျီစု၊ တဲဝိုင်းကြီး၊ လေးဒေါင့်ကန်စသော ကျေးရွာများမှ လူများသာလျှင် ၎င်းလော်ကယ်ရထားကို စီးနင်းလေ့ရှိရာ ရထားပေါ်၌ ကျွဲအကြောင်း၊ နွားအကြောင်း၊ လယ်အကြောင်း စသည်တို့ကိုသာလျှင် ကိုယ့်အစုနှင့်ကိုယ်ပြောဆို၍ လာကြလေ၏။

ကျွန်ုပ်တို့နှင့် အနီးဆုံးထိုင်ခုံမှ လူလေးငါးယောက်သာလျှင် တောသားများဖြစ်ပါလျက် လယ်အကြောင်း၊ နွားကြောင်းပြောဆိုခြင်း မပြုကြဘဲ "ပါသီ"ရုံတွင်ပြသလျက်ရှိသော 'သရီးမတ်စကက်တီးယား' ရုပ်ရှင်အကြောင်းကို ပြောဆို၍လာကြလေ၏။

ထိုသူတို့သည် ရုပ်ရှင်မင်းသားနာမည်ကိုမသိကြသည့် အလျှောက် ဇာတ်လိုက်က နှံ့လိုက်တာကွာ၊ ဇာတ်လိုက်က မြင်းစီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကွာစသည်ဖြင့် ဇာတ်လိုက်ဟူသော စကားကိုသာလျှင် အသုံးပြုလျက် မူရင်းဇာတ်လမ်းတစ်ခုလုံးအား လုံးဝပျက်စီးသွားသည်အထိ ဘာသာပြန်လျက်ပြောဆိုကြလေ၏။

ထိုမှတစ်ဖန် 'ဝိုက်တဝေး' တိုက်တွင် ပြထားသော ဗလေဇာကွတ်အကျီအကြောင်းကိုရောက်သွားပြန်၏။

"ဝိုက်တဝေးမှာ ပြထားတဲ့ ဗလေဇာကြီးသာဝတ်လိုက်ရရင်တော့ လူစဉ်မီမှာကွ" ဟု တစ်ယောက်က ပြောဆိုလေရာ ကျန်လူများကလည်း ဟုတ်မှန်ကြောင်းပြောဆိုထောက်ခံကြလေ၏။

ကျွန်ုပ်သည် ထိုလေးဒေါင့်ကန်ရွာသားတို့၏ အထက်မရောက်အောက်မရောက်စကားများကို နားမထောင်ချင်သော်လည်း နားထောင်၍ လာခဲ့ရ၏။ အဘယ့်ကြောင့်ဆိုသော် ကိုနှင်းမောင်သည် ရထားစ၍ ထွက်ကတည်းကပင် ပတ်ဝန်းကျင်သို့လည်းမကြည့်၊ ကျွန်ုပ်နှင့်လည်း စကားပြောဖော်မရတော့ဘဲ စီးကရက်ကိုသာလျှင် တစ်လိပ်ပြီး တစ်လိပ်ထုတ်၍ သောက်ပြီးလျှင် လန်ဒန်ပုလိပ်မင်းကြီးတစ်ဦးရေးသားသော လွန်စွာပျင်းရိငြီးငွေ့ဖွယ်ရာကောင်းလှသည့် 'ရီပို့'ဟူသော စာအုပ်ထူကြီးအား စိတ်ဝင်စားစွာဖတ်၍ နေသောကြောင့်ဖြစ်၏။

လေးဒေါင့်ကန်သားတို့၏ စကားကိုအာရုံစိုက်၍ နားထောင်မိရာတွင် ထိုသူတို့သည် ဖဲနိုင်ထားသော ဖဲသမားများဖြစ်ကြောင်း သိရှိရလေသည်။

တစ်ယောက်သောသူက . .

"ဟော့ . . . ညက သိမ်ချောင်းမှာ လူသတ်မှုဖြစ်လို့ကွ"ဟု ပြောလိုက်လျှင် ကျန်တစ်ယောက်က . .

"ဒီလိုဆိုရင် ဖဲဝိုင်းဖြစ်မှာပဲကွ၊ သွားပြီးဖဲရိုက်ရင်မကောင်းဘူးလား"ဟု ဆိုသည်။

**ဘုမ္မာဝတ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ ငချေးရာ၊ မင်းက ၁၅- ချပ်စီးလောက် လုပ်တတ်တာ၊ သိမ်ချောင်းက နှာခေါင်းချွန်မြင့်အေးတို့က ရှော်ဆင်တွေဘာတွေတောင် တတ်တယ်လို့ကြားတယ်။ ပြီးကျော်စိန်တို့ လူစုကလည်း လက်သံပြောင်ပါဘိသနဲ့ကွာ" ဟုတစ်ဦးကကန့်ကွက် လိုက်လေသည်။

'နေပါဦးအမှုကပေါ်ပြီလား"

"လက်သည်ကတော့ မပေါ်သေးဘူး၊ သေနတ်နဲ့ မျက်နှာကို ပစ်သွားတယ်ဆိုပဲကွ၊ ရန်ကုန်ကစုံထောက်တွေခေါ်ထားတယ်ဆိုပဲ။ ဟိုစုံထောက်ကွာ မင်းတောင်ငါ့ကိုတစ်ခါက ပြောဖူးပါသေးတယ်။ ဘာတဲ့ . . . နှင်းပုလဲ . . . ဆားမောင် . . . ဆိုတာ"

"လုပ်တော့မယ်၊ ဆားပုလင်းနှင်းမောင်ပါဗျ . ."

ထိုအခါ၌ တစ်ယောက်သောသူက ရထားပြတင်းပေါက်ကို မှီ၍ နေရာမှ ကပျာကာထ၍ . . .

"ဘာ . . . ဆားပုလင်းနှင်းမောင် . . ဟုတ်လား၊ အဲဒီစုံထောက်သာ လာရိုးမှန်ရင်တော့ကွာ တရားခံဟာ မြေလျှိုးပြီးမိုးပျံနိုင်တဲ့ တရားခံဖြစ်ပါစေ၊ မလွတ်နိုင်ဘူး၊ လူကလဲ တကယ့်ကို လူပုံချောကွ၊ တော်လဲ တကယ်တော်တယ်မောင်"

"မင်းကတွေ့ဖူးလို့လား"

"ငါတို့ရွာ ဘူတာပိုင်းမှာတောင် အတော်ကြာကြာနေသွားသေးတာပဲ၊ စုံထောက်မှန်းတော့မသိပါဘူးကွာ၊ စပါးပွဲစားလိုလို ဆန်ကုန်သည်လိုလိုနဲ့ ဘူတာနားက ထမင်းဆိုင်မှာပဲ တည်းခိုသွားတဲ့ဥစ္စာ၊ ပုံက . . . မင်းသားဘတင့်နဲ့ ခပ်ဆင်ဆင်ပဲကွ၊ ဆံပင်ခွဲတော့ ခင်မောင်ရင်လို အလယ်တည့်တည့်ကခွဲတယ်၊ တို့ရွာက မိန်းမတွေတောင်မှ သူ့ကိုဘတင့်နဲ့တူလို့ဆိုပြီး မယောင်းလည်သွားပြီး ကြည့်ကြသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကိုနှင်းမောင်အမည်ပါနေသဖြင့် ထိုသူများ၏ စကားကို ယခင်ကထက်ပင် ပို၍ နားစွင့်မိသော်လည်း ကိုနှင်းမောင်မှာမူ သူ၏ အကြောင်းကိုပြောဆိုနေသည့်တိုင်အောင် လုံးဝဂရုပြုခြင်းမရှိဘဲ စာကိုသာမဲ၍ ဖတ်နေလေ၏။

ဤသို့နှင့်ပင် ငမိုးရိပ်တံတားကြီးကို ကျော်ဖြတ်ပြီးနောက် ရထားသည် တိုးကြောင်ကလေးဘူတာသို့ ဆိုက်ရောက်လေတော့ရာ တိုးကြောင်ကလေးကင်းဂိတ်မှ စာသင်ကြီး၊ လှည်းကူးဂိတ်တဲမှ တိုက်ပိုင်ကြီး ဦးဘသန်းနှင့် ဂိတ်စာရေး ကိုလှရွှေတို့သည် ဘူတာသို့ လာရောက်ကြိုဆိုနေကြသည်ဖြစ်ရာ ကျွန်ုပ်ကို အရင်တွေ့သဖြင့် နှုတ်ဆက်လေ၏။ ပြီးမှ ကိုနှင်းမောင်ကို တွေ့ကြလေရာ တိုက်ပိုင်ကြီး ဦးသန်းက. . .

"ဆားပုလင်းနှင်းမောင်လဲ လိုက်လာသကိုး၊ ဝမ်းသာတယ်ဗျာ" ဟုကျယ်လောင်စွာ နှုတ်ဆက်လိုက်ရာ ဆားပုလင်းနှင်းမောင်ကို ဘေး၌ထား၍ ဆားပုလင်းနှင်းမောင်အကြောင်းပြောဆိုလာကြသော လေးထောင့်ကန်သားတို့သည် မျက်လုံးပြူး၍ သွားကြကြောင်း ကျွန်ုပ်သတိပြုမိလေသည်။

ရထားပေါ်မှ ဆင်း၍ ဘူတာအတွင်းသို့ရောက်သည့်အခါ၌ ကျွန်ုပ်တို့အားလာရောက်ခေါ်ယူသော ဦးဖေခင်ကိုသာမက ကျွန်ုပ်တို့၏ စုံထောက်ဌာနမှ အိုင်ပီကိုအောင်မြင့်နှင့် အိုင်ပီကိုစိန်လှတို့ကိုပါတွေ့ရလေ၏။

စုံထောက်မင်းကြီးမစ္စတာ ရှပ်တဲဝပ်မှာ မျက်နှာဖြူဖြစ်သည့်အားလျော်စွာ ကျွန်ုပ်တို့အား အုပ်ချုပ်သည့်အခါ သွေးခွဲ၍ အုပ်ချုပ်သော စနစ်ကိုသုံးစွဲလေ့ရှိသည့်အတိုင်း အမှုတစ်ခုအတွက် ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်ကိုလွှတ်ထားပြီး ဖြစ်သော်လည်း အခြားသော စုံထောက်နှစ်ယောက်ကိုလည်းထပ်မံလွှတ်တတ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေ၏။ ဤကဲ့သို့ ပြုလုပ်ခြင်းမှာစုံထောက်လေးဦးအပြိုင် အဆိုင် စိတ်ဓာတ်များဖြစ်ပေါ်ကာ အမှုအမြန်ဆုံးပေါ်ပေါက်လာခြင်း၊ သို့မဟုတ်ပါကလည်း တစ်ယောက်နှင့် တစ်ယောက် မသင့်မမြတ်ဖြစ်ကြပါကလည်း မသင့်မြတ်သူများအား အုပ်ချုပ်ရာတွင် လွယ်ကူတတ်သည့် နိယာမအတိုင်းမသိမသာသွေးခွဲလိုက်ခြင်းဖြစ်နိုင်၏။

ကျွန်ုပ်တို့သည် ဘူတာအနီးရှိ ကုလားလက်ဖက်ရည်ဆိုင်ခပ်ညံ့ညံ့၌ လက်ဖက်ရည်များသောက်ကြပြီးလျှင် သိမ်ချောင်းရွာသို့ ခြေလျင်လျှောက်ကြရ၏။ တိုးကြောင်ကလေးဘူတာမှ နေ၍ သိမ်ချောင်းရွာသို့သွားသောလမ်းမှာ လွန်စွာ - ကျယ်ပြန့်သောမြေနီလမ်းမကြီးဖြစ်လေ၏။ လက်ယာဘက်တွင် ငမိုးရိပ်ချောင်းရှိပြီး ငမိုးရိပ်ချောင်းနှင့်ကပ်လျက်၌ လွန်စွာ ထူထပ်သောကိုင်းတောကြီးရှိလေ၏။ ခရီးတစ်ဝက်လောက်တွင် ကိုင်းတောကြီးသာမက ချုံများနှင့် ပိတ်လျက်ရှိသော ကျွန်းဆွယ်ကြီးတစ်ခုကိုပါတွေ့မြင်ရလေ၏။

"ဦးအောင်သင်းနဲ့ ဆားပုလင်းနှင်းမောင်ကိုပြရဦးမယ်။ ဟောဒီကျွန်းကြီးက ဘာမှတ်လို့လဲ၊ တိုးကြောင်ကလေး ကင်းဂါတ်က ဟောဒီ ဆာသင်ကြီးရဲ့ ရာရှင်ဂိုဒေါင်ကြီးဗျ"ဟု လှည်းကူးတိုက်ပိုင်ကြီး ဦးသန်းက အစွန်းဖောက်လိုက်လေ၏။

ထိုအရွှန်းစကားအား အခြားသူများအတွက်ရယ်စရာမဟုတ်သော်လည်း ကျွန်ုပ်တို့သည်အရာရှိဖြစ်ခြင်းနှင့် မဖြစ်ခြင်းသာလျှင် ကွာခြားသော်လည်း ပုလိပ်ချည်းဖြစ်ကြပေရာ ဦးသန်း၏ဆိုလိုရင်းအဓိပ္ပါယ်ကိုကောင်းစွာ သဘောပေါက်ကြပေသည်။

ထိုကျွန်းကြီးအတွင်း၌ ယခင်က လူဆိုးတစ်စုတို့သည် မကောင်းမှု ဒုစရိုက်တို့ဖြင့် စုဝေးနေထိုင်ခဲ့ဖူးကြသည်ဆို၏။ ပုလိပ်ဆာသင်ကြီးသည် နွားနို့ပေါ်သည့်အခါ၌ ဤကျွန်းသို့လာ၍ အမဲယူ



www.burmeseclassic.com

www.burmeseclassic.com



မည်။ ကြွတ်ဝိုင်းနှင့် ဖဲဝိုင်းဖြစ်သည့်အခါလာ၍ လာဘ်တောင်းမည်မှာ သေချာလှပေသည်။ ဤသည်ကို ရည်ရွယ်၍ တိုက်ပိုင်ကြီး ဦးသန်းက ပုလိပ်ဆာသင်ကြီးအားနောက်လိုက်ခြင်း ဖြစ်ပေသည်။

(မှတ်ချက် ။ ။ ထိုကျွန်းကြီး၏ အမည်မှာ ယောက်ကော်ကျွန်းဟူ၍ ဖြစ်ပါသည် ထိုကျွန်းမှာ ရှေးယခင်က ကျွန်ုပ်အထက်၌ ရေးခဲ့သည့်အတိုင်းမှန်ကန်သော်လည်း မနှစ်က ထိုဒေသကို ချုံများရှင်းလင်းနေရုံမျှမက သာသနာပြု ဆရာတော် တစ်ဦး၏ ဆောင်ရွက်မှုကြောင့် တစ်ချိန်က ဒုစရိုက်လုပ်ငန်းများပြု လုပ်ခဲ့သော ထိုကျွန်းကြီးသည် ဘုရား၊ ပုထိုး၊ ကျောင်းကန်၊ ဇရပ် စသည်တို့ဖြင့် သာသနာနယ်မြေကြီးဖြစ်၍ နေသည်ကို ဝမ်းမြောက် ဖွယ်ရာ တွေ့မြင်ရပါသည်။ ၎င်းသာသနာပြုဆရာတော်အား ထိုယောက်ကော်ကျွန်းကြီးကိုပင်အစွဲပြု၍ ယောက်ကော်ဆရာတော် ဟု ခေါ်ဝေါ်ကြလေ၏။

**(စာရေးသူ)**

ကျွန်ုပ်တို့သည် အတော်အတန်ချွေးစို့သည်အထိ လျှောက်ခဲ့ကြပြီးနောက် သိမ်ချောင်းရွာထိပ်သို့ ရောက်ကြလေတော့၏။ ထိုရွာကြီးမှာ ရှေးမြန်မာမင်းများလက်ထက်ကပင်တည်ရှိခဲ့သော ရွာကြီးဖြစ်ရာ ရွာလယ်လမ်းမကြီးမှာ ရှေးမြန်မာအုတ်များအား ဒေါင်လိုက်စီ၍ ခင်းထားလေ၏။ ပျဉ်ထောင်အိမ်ကြီး အိမ်ကောင်းများပေါများလှသည်ဖြစ်ရာ ရွာသားတို့၏ စီးပွားရေးမှာ မခေလှကြောင်း ခန့်မှန်းနိုင်၏။

ရွာ၏ အလယ်တည့်တည့်တွင် ငမိုးရိပ်ချောင်းမှ ချောင်းလက်တက်ကလေးတစ်ခုသည် ကန့်လန့်ဖြတ်၍ တည်ရှိသည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရာ သိမ်ချောင်းရွာကြီးမှာ နှစ်ပိုင်းဖြစ်၍ နေသကဲ့သို့ရှိ၏။ ရွာထိပ်ပိုင်းကို 'ရွာဦးပိုင်း' ဟုခေါ်ပြီး ချောင်း၏ တစ်ဖက်တွင်ရှိသော အပိုင်းအား 'ရှမ်းစုပိုင်း'ဟုခေါ်ဝေါ်ကြလေ၏။

ရှေးယခင် နှစ်ပေါင်းများစွာက ထိုအပိုင်း၌ မြေပြန့်ရှမ်းများနေထိုင်ခဲ့ကြသည်ဟု သိရှိရလေသည်။

ရွာထိပ်သို့ ဝင်ခါနီးတွင် ရွာထိပ်မန်ကျည်းပင်ကြီးအား ကြိုးများနှင့် ပတ်ဝိုင်း၍ ထိုကြိုးဝိုင်းကြီးအတွင်း၌ တံခွန်ကုက္ကားများ၊ ထီးများ၊ ကန်တော့ပွဲများနှင့် ညှင်းဆိုးဆိုးနိုင်လှသော လူသုံးယောက်သည် တစ်စုံတစ်ခုကို သံပြိုင်မန်းမှုတ်နေကြသည်ကိုတွေ့ရသဖြင့် ဦးဖေခင်က . . .

"ဘာတွေလဲဗျ၊ ဘာလုပ်နေကြတာလဲ"ဟုမေးသော်လည်း ကျွန်ုပ်တို့အနက်မှ အဖြေပေးနိုင်သည့်သူ တစ်စုံတစ်ယောက်မှ မရှိသဖြင့် ကိုနှင်းမောင်မှ "ရေတွင်းရေကန်တူးမည့်သူတွေပါ" ဟုဖြေဆိုလိုက်မှသာလျှင် ကျွန်ုပ်တို့လည်း သဘောပေါက်သွားကြလေ၏။

အခြားသူများအဖို့ ဆိုသလောက် စိတ်ဝင်စားခြင်းမရှိသော်လည်း ကျွန်ုပ်မှာမူ တောရွာ၌ ရေတွင်းတူးရန် ယခုလို ပြုလုပ်ခြင်းကို မမြင်မတွေ့ဖူးသဖြင့် ကြည့်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာခဲ့ပါသည်။

ကျွန်ုပ်တို့သည် ထိုသူများကို ကျော်လွန်၍ ရွာတွင်းသို့ ဝင်သွားကြရာ မကျည်းပင်အုပ်အုပ်ကြီးများကြောင့် ရွာကြီးတစ်ခုလုံးသည် နေပြောက်မထိုးဘဲ အေးချမ်းလှသည်ဖြစ်ရာနေချင်စဖွယ် ရွာကြီးဖြစ်ကြောင်း၊ အတွင်းသို့ ရောက်ရှိသည့်အခါမှပင် သိရလေ၏။

ရွာလမ်းကလေးအတိုင်းဝင်၍ သွားပြီးလျှင် ဆက်ယာ



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ချိုးကွေ့လိုက်သည့်အခါ၌ ရွာနှင့် တဆက်တည်း မဟုတ်ဘဲ ချောင်းကလေးပတ်၍ စီးနေသဖြင့် သီးသန့်ကျွန်းကလေးသဖွယ် ဖြစ်နေသောနေရာ၌ ခိုင်ခံ့သော အုတ်တံတိုင်းခတ်ထားသည့် ဝင်းခြံကျယ်ကြီးတစ်ခုအတွင်း ရှေးဟောင်းတိုက်ကြီးတစ်လုံးကို ဘွားခနဲ တွေ့မြင်ရလေ၏။

"ဆရာ အဲဒီတိုက်ကြီးထဲမှာ အခင်းဖြစ်ပွားတာ" ဟူ၍ တိုးကြောင်ကလေးကင်းဂါတ်မှ ဆာသင်ကြီးက ထစ်ငေါ့ထစ်ငေါ့ နှင့်ပြော၏။ ကျွန်ုပ်တို့အားလုံးသည် အေးချမ်းသော သိမ်ချောင်း ရွာကြီးမှ ထူးဆန်းသော ရှေးဟောင်းတိုက်အိုကြီးအား အံ့သြစွာ ငေးမောနေမိလေ၏။

တိုက်ကြီး၏ ပုံပန်းသဏ္ဌာန်မှာ ကုန်းဘောင်ခေတ်ထက် မစောနိုင်သော ခေတ်လောက်ဆီမှ ဗိသုကာလက်ရာတစ်ခုဖြစ်၍ နေသည်ကို ကျွန်ုပ်တို့အားလုံးအကဲခတ်နိုင်ကြပါသည်။

ထိုအိမ်ကြီးထက်ထူးခြားသည်မှာ အုတ်တံတိုင်းကြီး၏ ဝင်ပေါက်ရှေ့တွင်ရှိသော ချောင်းငယ်ကလေးကိုဖြတ်ကူးထားသည့် တံတားပင်ဖြစ်၏။ တံတားမှာ သံကြိုးများနှင့် အုတ်တံတိုင်း၌ ဆိုင်း၍ ထားသည်ကိုတွေ့ရသဖြင့် ညအခါ၌ ထိုချောင်းကူးတံတားကိုပင် မတင်၍ ထောင်လိုက်ပါက ဝင်းကြီး၏ ဝင်ပေါက်အား တံခါးသဖွယ် ပိတ်ဆို့ထားပြီးသားဖြစ် သွားပေမည်။ ထိုသို့ပိတ်ဆို့၍ ထားပါက တော်တော့လူသည် ထိုဝင်းကြီးအတွင်းသို့ ဝင်နိုင်ရန်မဖြစ်နိုင်တော့ ပေ။

ကိုနှင်းမောင်သည် ထိုတံတားသို့ရောက်သည့်ကာလ၌ တံတားကိုလည်းကောင်း၊ မ၍တင်ရန်ဆိုင်းထားသော သံကြိုးများ ကို လည်းကောင်း၊ သေချာစွာကြည့်ရှုစစ်ဆေးလေသည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးများ၌ ဝင်းတံခါးကို ထိုကဲ့သို့ ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com


သော အလေ့အထမျိုးမရှိပါ။ ဥရောပတိုက်တွင် ရှေးခေတ်အခါက မြို့စားကြီးများ၏ ရဲတိုက်များ၌သာလျှင် ထိုတံတားမျိုးပြုလုပ်လေ့ ရှိသည်ကို အင်္ဂလိပ်ဝတ္ထုများ၊ ဇာတ်ကားများ၌သာလျှင် ဖတ်ဖူး ကြည့်ဖူးကြပေသည်။

ယခုကဲ့သို့ ဥရောပမြို့စားကြီးများ၏ ရဲတိုက်သဖွယ်စီမံ၍ ထားသည်ကိုတွေ့ရသောအခါ၌ ကျွန်ုပ်သည်ထိုလူသတ်မှုထက်ပင် ထိုအိမ်ကြီးအား စိတ်ဝင်စားမိလေတော့၏။

ခြံကြီး၏အဝင်အဝ အုတ်တိုင်ကြီး၌မူ "ကျောက်စာဝန် ဟောင်း ဦးဘတူ"ဟူသော ကြေးဝါဆိုင်းဘုတ်ကလေးတစ်ခုချိတ်ဆွဲ ၍ ထားသည်ကိုတွေ့ရလေ၏။

ကျွန်ုပ်တို့သည် တံတားပေါ်မှဖြတ်၍ ဝင်းကြီးအတွင်းသို့ ဝင်ရောက်သွားမိသည်နှင့် တစ်ပြိုင်နက် မန္တလေးချိတ်ပိုးအစစ် လုံချည်၊ တာဖက်တာရင်ဖုံး တိုက်ပုံအင်္ကျီနှင့် ကတ္တီပါပုံတော် ဖိနပ် စီး၍ ထားသော လွန်စွာချောမောလှပသည့် အသက် (၃၅) နှစ်ခန့် ရှိ ယောကျ်ားတစ်ဦးက ဆီးကြို၍. . .

"ကြွကြွပါခင်ဗျာ၊ စုံထောက်မင်းတို့ အထဲကိုကြွကြွပါခင်ဗျ" ဟု ဖော်ရွေစွာဖိတ်မန္တကပြုလေသည်။

ကျွန်ုပ်တို့သည် ထိုသူအားကြည့်၍ ဤသူနှင့် သေဆုံးသူ ကျောက်စာဝန်ဟောင်းဦးဘတူနှင့် မည်သို့မည်ပုံတော်စပ်လေသ နည်းဟု သိလိုစိတ်များပေါ်ပေါက်လာလေသည်။

ထိုသူသည် ကျယ်ဝန်းလှသော ဧည့်ခန်းကြီးအတွင်းသို့ ကျွန်ုပ်တို့အား ရှေ့ဆောင်ခေါ်ငင်၍ သွားပြီးလျှင် ဆေးလိပ်၊ ရေနွေးကြမ်း၊ ထန်းလျက်ဖြူဆုပ်စသော စားသောက်ဖွယ်ရာများနှင့် ဧည့်ခံလေ၏။

ထိုသို့ဧည့်ခံပြီးလျှင် ကျွန်ုပ်တို့အား တစ်ဦးစီ၏ မျက်နှာကို


www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုအကဲခတ်ပြီးနောက် ကိုနှင်းမောင်အား သေသေချာချာ ကြည့်၍...

"ဆားပုလင်းနှင်းမောင်ဆိုတာမှတ်တယ်" ဟုပြောလိုက်ရာ ကိုနှင်းမောင်က ခေါင်းကို ညိတ်၍ ပြလိုက်လျှင်...

"ခင်ဗျားကတော့ တော်တော့်ကို နာမည်ကြီးတဲ့ စုံထောက် တစ်ယောက်ပါပဲဗျာ၊ ကျုပ်ရဲ့ တပည့်ကလေးတစ်ယောက် ရာဇဝတ်ဝန် ဖြစ်နေတာရှိတယ်။ သူပြောပြလို့ ခင်ဗျားရဲ့အစွမ်းတော့ ကြားဖူး ပါရဲ့ . . ဟား. . . ဟား . . . ။ ဒါပေမယ့် ဒီအမှုကိုလိုက်မိတာ တော့ ခင်ဗျားနာမည်ပျက်ဖို့ဖြစ်လာတာပဲ၊ ဒီအမှုက တယ်မလွယ် လှဘူး၊ ကျုပ်ပြောတာထက်ခင်ဗျားရဲ့ ပုလိပ်ဆာသင်ကြီးက ပြောပြ ရင်ပိုပြီးကောင်းပါတယ် ဟား . . ဟား. . ဟား. ."

ထိုသူသည် ရုပ်ရည်အားဖြင့် စိုစိုပြည်ပြည်ရှိသလောက် စကားပြောပုံနှင့် ရယ်ပုံမှာ ခြောက်ကပ်ကပ်နိုင်လှပေသည်။

ကိုနှင်းမောင်သည်ထိုသူ၏ မျက်ခုံးနှစ်ခုအကြားမျက်မှောင် သို့စိုက်၍ ကြည့်ပြီးလျှင် မခိုးမခန့်ပြုံးလိုက်ပြီးနောက် ..

"တရားခံနဲ့ ကျုပ်တို့နဲ့ဟာက ရေခပ်မကြိုး ထင်းခွေကြိုး ဆိုတာမျိုးပဲမိတ်ဆွေ၊ နောက်ဆုံးမှာတော့ တရားခံရဲ့ လက်ကောက် ဝတ်ကို ကျုပ်ကိုယ်တိုင် လက်ထိတ်ခတ်လိုက်နိုင်တာချည်းပဲ။ အဲဒီ အခါကျတော့ ယောကျ်ားပီပီသသ ကိုယ်ကျူးလွန်ခဲ့တဲ့အပြစ်အတွက် ကိုယ်ခံမယ်ဆိုပြီး ရင်ကော့စကားပြောဝံ့တဲ့ တရားခံကတော့ ခပ်ရှားရှားပဲ မိတ်ဆွေ၊ ကျုပ်ရဲ့ အတွေ့အကြုံနဲ့ဆိုရင် ပိတုန်းသုံး ကောင်အမှုနဲ့ ကြိုးစင်တက်သွားရှာတဲ့ ဗိုလ်နန်းဝေရယ်၊ ဧကံသ အမှုနဲ့ မသေမချင်းသတ်စေအမိန့်ကျသွားတဲ့ ဆရာသိမ်ဆိုတဲ့ တရာခံနှစ်ဦးရယ်ပဲတွေ့ဖူးသေးတယ်"ဟု အလွန်ပြတ်သားသော လေယူလေသိမ်းမျိုးနှင့် ပြောလိုက်လေရာ ထိုသူ၏ မျက်နှာသည်



www.burmeseclassic.com

www.burmeseclassic.com



မီးအုံးခြင်းခံရသော ခရမ်းချဉ်သီးကဲ့သို့ ရှုံ့တွ၍သွားလေ၏။

ကျွန်ုပ်နှင့် ကိုနှင်းမောင်သာလျှင် ဧည့်ခန်း၌ကျန်ရစ်ခဲ့သော်လည်း အိုင်ပီကိုအောင်မြင့်၊ ကိုစိန်လှနှင့် လှည်းကူးဂါတ်မှ တိုက်ပိုင်ကြီးဦးသန်းအပါအဝင် ကျန်လူအားလုံးမှာ ဦးဘတူ၏ အလောင်းရှိရာ အိပ်ခန်းအတွင်းသို့သွားရောက်၍ ကြည့်ရှုကာ သဲလွန်စရလိုရငြားရှာဖွေ၍ နေကြပြီဖြစ်၏။

"ကဲ . . ဦးအောင်သင်း၊ အေးအေးဆေးဆေးထိုင်ပြီး ဆေးတံသောက်နေပေဦးဗျာ၊ ကျုပ်ကတော့ ဟောဟို စာဖတ်ခန်းထဲ ခဏဝင်လိုက်ဦးမယ်"

ကိုနှင်းမောင်သည် ဧည့်ခန်းနှင့်ကပ်လျက်တွင်ရှိသော အခန်းကိုညွှန်ပြ၍ ကျွန်ုပ်အား ပြောပြီးလျှင် ထိုခန်းအတွင်းသို့ သွားရောက်လေ၏။

ကျွန်ုပ်သည် ကိုနှင်းမောင်ပြောသည့်အတိုင်း ဆေးတံသောက်၍ထိုင်မနေဘဲ ၎င်း၏နောက်မှပင်လိုက်ပါ၍ သွားမိလေသည်။ ထိုအခန်းမှာ ဦးဘတူ၏စာဖတ်ခန်း သို့မဟုတ် အလုပ်ခန်းဟု ဆိုရပေမည်။ ဧည့်ခန်းမှပင်လျှင်ထိုခန်းအား အတိုင်းသားတွေ့မြင်နိုင်ပေသည်။

ထိုအခန်းမှာ ကျောက်စာဘက်တွင် အလုပ်လုပ်သော သူတို့၏ ထုံးစံအတိုင်း အရွယ်အစားအမျိုးမျိုးရှိသော ကျောက်စာများ၊ ပေထုပ်များ၊ ကျောက်စာများတွင် မင်သုတ်၍ ကူးယူထားသော မင်စာများ၊ ရှေးဟောင်း ဆင်းတုတော်များ၊ စာအုပ်စာတမ်းများဖြင့် ရှုပ်ပွလျက်ရှိလေ၏။

ကိုနှင်းမောင်သည် ထိုအခန်းတွင်းရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက်ကျောက်စာများကိုလည်းကောင်း၊ မင်စာများကိုလည်းကောင်း သေချာစွာဖတ်ရှုလေ့လာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ၌ စာအုပ်စင်မှ စာအုပ်များကိုလည်းသွားရောက်၍ လှန်လှောသည့်အခါ လှန်လှော၍၊ ၎င်း၏ မှတ်စုစာအုပ်ကို ဖွင့်၍ ရေးမှတ်သည့်အခါရေးမှတ်၍ နေသည်မှာ စုံထောက်တစ်ဦး လူသတ်မှုအတွက် သဲလွန်စရှာဖွေနေသည်နှင့်မတူပဲ ရှေးဟောင်းကျောက်စာဘက်ဆိုင်ရာ ပညာရှင်တစ်ဦးကျောက်စာနှင့် ပတ်သက်သော ကျမ်းစာအုပ်တစ်အုပ်ရေးသားပြုစုရန် သုတေသနပြုလုပ်နေသည်နှင့်ပင် ပို၍တူနေပေသည်။

ထိုအချိန်၌ သက်နီးကျွန်းဂါတ်မှ ရာဇဝတ်အုပ် တစ်ယောက်က ရှေ့ဆောင်လျက် ကျွန်ုပ်တို့၏ စုံထောက်ဌာနမှ မင်းကြီးမစ္စတာ ရှပ်တဲဝပ်ကိုယ်တိုင်ရောက်ရှိလာသည်ကိုတွေ့ရလေ၏။

မစ္စတာ ရှက်တဲဝပ်သည် စုံထောက်များစုဝေးလျက်ရှိသော ဦးဘတူ၏ အလောင်းရှိရာ အခန်းသို့သွားရောက်လျက် အလုပ်များ၍ နေကြသောစုံထောက်များကို အားပေးစကားပြောကြားပြီးလျှင် ထိုအထဲ၌ကျွန်ုပ်နှင့် ကိုနှင်းမောင်ကိုတွေ့မြင်ခြင်းမရှိသည့်အလျောက် "ဆားပုလင်းနှင်းမောင်နှင့် အိုင်ပီအောင်သင်း ဘယ်မှာလဲ"ဟူ၍ အင်္ဂလိပ်ဘာသာနှင့် မေးမြန်းလေရာ ထိုသူများက ကျွန်ုပ်တို့ရှိရာသို့ မစ္စတာရှပ်တဲဝပ်အား ရှင်လောင်းလှည့်သကဲ့သို့ စုအုံဝိုင်းရံ၍ လိုက်ပို့ကြလေတော့၏။

"အိုင်ဆေး . . . ဆားပုလင်းနှင်းမောင် . . ရှေးဟောင်းပစ္စည်းတွေဆီမှာ အလုပ်များနေပြီလား၊ လူသေဆီကိုမသွားဘဲ ကျောက်စာထဲမှာ တရားခံကို ရှာနေတဲ့ စုံထောက်ကိုတော့ ကျွန်ုပ်ဒီတစ်ခါပဲ မြင်ဖူးသေးတယ်။ အောရိုက်၊ အောရိုက် . . လုပ်သာလုပ်ပါ"ဟု ပြောဆိုသော်လည်း ကိုနှင်းမောင်သည် မင်းကြီးပါလားဟူသော အမှတ်နှင့်ပင် အားနာပါးနာသဘောမျှပင်ပြန်၍ နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ဖော်မရဘဲ ဖတ်လက်စကျောက်စာကိုသာဆက်၍ ဖတ်ရှုနေပေရာ မစ္စတာရှပ်တဲဝပ်သည် ဥရောပတိုက်သားများ အကြံအိုက်သွားသည့် အခါ၌ ပြုလုပ်မြဲထုံးစံအတိုင်းပခုံးတွန့်၍ လက်ကိုခါ၍ပြလေ၏။

ကိုနှင်းမောင်သည် ကျောက်စာအား ဆုံးအောင် ဖတ်ပြီး သောအခါ၌ . .

"တွေ့ပြီ မစ္စတာရှပ်တဲဝပ်"

"ဘာကိုတွေ့တာလဲ၊ တရားခံကိုလား ဆားပုလင်းနှင်း မောင်"

"မဟုတ်ပါဘူး၊ ခင်ဗျားတို့လူမျိုး အရှေ့တိုင်းပါမောက္ခ ဒေါက်တာ ပြောသွားတဲ့ သမိုင်းအချက်အလက်တွေ လွဲနေတယ် ဆိုတာကို ဒီကျောက်စာမှာ တွေ့တာကိုပြောတာပါ။"

ကိုနှင်းမောင်၏ စကားကြောင့် မစ္စတာရှပ်တဲဝပ်သာလျှင် မဟုတ်ဘဲ ကျွန်ုပ်တို့ အားလုံးသည်ပင် အူကြောင်ကြောင်ဖြစ်၍ သွားလေ၏။ လူသတ်မှုနှင့်ပတ်သက်သော သဲလွန်စအကြောင်းကို မသိကျိုးကျွံပြု၍ ဒေါက်တာ (--) ၏ သမိုင်းဆိုင်ရာ တွေးခေါ်မှု မှားယွင်းလျက်ရှိသည်ဆိုသည့်အချက်ကို အလေးအနက်ထား၍ ပြောဆိုလိုက်ခြင်းမှာ ကိုနှင်းမောင်၏ သူများတကာနှင့်မတူသော စိတ်သဘောထားကိုဖော်ပြခြင်းပင်ဖြစ်ပေသည်။

"ဒေါက်တာပြောခဲ့တဲ့ ကျောက်စာများဟာ (မနူဟာ) သည် အတူတူပဲဆိုတဲ့ စကားကို ပောဒိနောက်တိုး သက္ကရာဇ် ၆၃၆ မနူဟာ ဘုရားကျောက်စာတစ်ချပ်တည်းနဲ့ ငြင်းချက်ထုတ်နိုင်ပြီ" ဟု ကိုနှင်းမောင်က သူ၏ စကားကို ထပ်မံ၍ သက်သေထူလိုက် ပြန်၏။

"အဲဒါထက် အရေးကြီးတာကတော့ ဟိုအခန်းထဲက ရုပ် ပျက်ဆင်းပျက် ဖြစ်နေတဲ့ ဦးဘတူကို သတ်သွားတဲ့ တရားခံကို



www.burmeseclassic.com

www.burmeseclassic.com



အမိဖမ်းပေးဖို့ပဲ ဆားပုလင်းနှင်းမောင်”

မစ္စတာ ရှပ်တဲဝပ်က ငေါ့သလိုလို အတည်လိုလို ပြောလိုက်သော စကားပင်ဖြစ်၏။

သို့ရာတွင် ထိုစကားသည် ပြောသင့်သော စကားဖြစ်သည်ဟုလည်း ကျွန်ုပ်အနေနှင့်ယူဆမိလေ၏။

“ဟုတ်တယ်၊ လောလောဆယ်မှာတော့ အဲဒီကိစ္စဟာ အရေးကြီးပါတယ်၊ ကျုပ်တို့လူမျိုးတစ်မျိုးလုံးနဲ့ ပတ်သက်ရင်တော့ အခုကျုပ်ပြောတဲ့စကားက ပိုပြီးအရေးကြီးတယ်လို့ထင်တယ်” ဟုဆိုကာ ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကိုထုတ်၍ သောက်ပြီးလျှင် မစ္စတာရှပ်တဲဝပ်အားကြည့်လျက်. .

ဦးဘတူ၏ အလောင်းရှိရာသို့ ကြွခြေရရလျှောက်၍သွားလေ၏။ မစ္စတာရှပ်တဲဝပ်သည် ကိုနှင်းမောင်နောက်မှတစ်ပါတည်း လိုက်ပါ၍သွားလေရာ ကျွန်ုပ်တို့အားလုံးသည်လည်း မစ္စတာရှပ်တဲဝပ်၏နောက်မှ ထပ်ချပ်မကွာလိုက်ပါခဲ့ကြသဖြင့်ငယ်စဉ်အခါက တစ်ယောက်ခါးကို တစ်ယောက်ဆွဲ၍ ကစားကြသော ရွှေစွန်ညိုကစားနည်းကဲ့သို့ တစ်သီတတန်းကြီးလျှောက်၍ သွားကြလေတော့၏။

အခန်းအတွင်းသို့ ရောက်သည်နှင့် မျက်နှာအထက်ပိုင်း၌ သေနတ်မှန်၍ထားသော ဦးဘတူ၏အလောင်းကို တွေ့မြင်ရတော့၏။

ကျွန်ုပ်သည် ပုလိပ်အရာရှိတစ်ဦးဖြစ်သည့် အားလျော်စွာ လူသေအလောင်းတော်တော်များများကို တွေ့မြင်ခဲ့ဖူးပေသည်။ ဤလောက၌ လူသေအလောင်းအမျိုးမျိုးကိုတွေ့မြင်ရသူတို့ အနက် သင်္ချိုင်းကုန်းမှ စဏ္ဍာလများပြီးလျှင် ဆေးရုံကြီးတွင် တာဝန်ကျနေသော ဒေါက်တာများနှင့် ကျွန်ုပ်တို့ပုလိပ်အရာရှိများပင်ဖြစ်လိမ့်မည် ဟု ဆိုချင်ပါသည်

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့် ကျွန်ုပ်သည် လူသေအလောင်းများကို ကြည့်ရှုရာ၌ ရွံ့ရှာခြင်း၊ ထိတ်လန့်ခြင်းစသော အမှုမျိုးမဖြစ်တော့သည့်တိုင်အောင် အကျင့်ရလျက်ရှိသော်လည်း ဦးဘတူ၏ အလောင်းကိုတွေ့မြင်လိုက်ရသည့် အချိန်၌ လွန်စွာ စိတ်နှလုံးတုန်လှုပ်မိကြောင်း ဝန်ခံရပေမည်။

ကျွန်ုပ်ထိုသို့တုန်လှုပ်မိသော်လည်း ကျွန်ုပ်၏ မိတ်ဆွေကြီးကိုနှင်းမောင်မှာ နှစ်ပေါင်းများစွာကွဲနေရသော ချစ်သူအားတွေ့ရသည့်အလားအလောင်းအားအနီးကပ်၍ကြည့်နေပုံမှာ ဖက်၍နမ်းတော့မည့်အလားဟုပင် ထင်မှတ်ဖွယ်ရာရှိလေ၏။

အလောင်းနှင့် ကိုနှင်းမောင်သည် ကြမ်းပြင်ပေါ်၌ရှိပြီး ကျွန်ုပ်တို့ အားလုံးသည် မိမိတို့ တွေ့ရှိထားသော သဲလွန်စများအား ရေးမှတ်ထားသည့် မှတ်စုစာအုပ်နှင့် ဖောင်တိန်များကို ဖွင့်လျက် ခပ်ကျဲကျဲဝိုင်းကာ မတ်တပ်ရပ်၍ နေကြလေ၏။

"ဦးဘတူ အသတ်ခံရကြောင်းကို ဘယ်သူအရင်ဆုံးသိပါသလဲ" ဟု ကိုနှင်းမောင်က မေးလိုက်ရာ ကျွန်ုပ်တို့နောက်တွင်ရပ်လျက်ရှိနေသော ကျွန်ုပ်တို့ ဝင်လာစဉ်က ဆီးကြိုခဲ့သည့် မန္တလေးချိတ်ပိုးလုံချည်နှင့် ကိုလူချောကြီးက သွက်လက်လှစွာ . .

"ကျွန်တော်အရင်ဆုံးသိရပါတယ်။"

"မိတ်ဆွေ ာမည်က . . ."

"ကိုဖေသိ းပါ"

"ဟုတ်ပါပြီကိုဖေသိန်း တွေ့ပုံတွေ့နည်းလေးသိပါရစေ"

"ဒီလိုခင်ဗျ၊ ကိုဘတူဟာ ညနေ နေဝင်တာနဲ့ ရှေ့ကတံခါးကို မတင်ပြီးဝင်းတံခါးပိတ်ထားခြင်းရှိမရှိကို စစ်ဆေးလေ့ရှိပါတယ်။ ပြီးတော့ခြံဝင်းထဲကို တစ်ပတ်လှည့်ပြီး ကြည့်လေ့ပါတယ်။ ခြံဝင်းထဲပြီးတော့ အိမ်ထဲက တံခါတွေကိုစစ်ဆေးလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိပြန်ပါတယ်။ အဲဒီလို စစ်ဆေးပြီးလို့ အခန်းထဲဝင်ပြီး အိပ်မလို့ လုပ်တဲ့အခါမှာ သေနတ်သံတစ်ချက် သူ့အခန်းထဲက ကြားရတာနဲ့ ကျွန်တော်သူ့အခန်းထဲကို ပြေးပြီးဝင်သွားတဲ့အခါမှာ ကိုဘတူဟာ ဟောဒီလိုဒဏ်ရာကြီးနဲ့ ပွဲခြင်းပြီး သေဆုံးနေတာတွေ့ရတော့တာပဲ"

"ဟုတ်ပါပြီ ကိုဖေသိန်း အဲဒီအခါမှာ ခင်ဗျားဘာဆက်လုပ်သလဲ"

"ကျွန်တော် မှန်အိမ်ကို ထွန်းပါတယ်"

"နေဦး . . . နေဦး "

ဦးဖေခင်က လက်ဝါးကာ၍ တားလိုက်သဖြင့် ကိုဖေသိန်းသည် ပြောလက်စ စကားကိုရပ်လိုက်ရ၏။ ထိုအခါ၌ ဦးဖေခင်ကပင်ဆက်၍ . . .

"ဟောဒီ ဝါဆိုဖယောင်းတိုင်ကြီးဟာ ထွန်းပြီးထားလျက်မဟုတ်လား ကိုဖေသိန်း"ဟု မေးလိုက်ရာ ကိုဖေသိန်းက . .

"ဟုတ်ပါတယ် ကိုဘတူ၊ တံခါးတွေကို လုံမလုံလိုက်ပြီးစစ်ကတည်းက ဒီဖယောင်းတိုင်ကြီးကိုကိုင်ပြီး စစ်ခဲ့တာပါ။ ဒီအခန်းထဲရောက်တဲ့အခါမှာ အခုတွေ့ရတဲ့ နေရာမှာ ထွန်းလျက်သာစိုက်ထားပါတယ်"

"ဒီလိုဆိုရင် ဘာဖြစ်လို့ ခင်ဗျားကမှန်အိမ်ထွန်းဖို့လိုသလဲ"

ဦးဖေခင်၏ မေးခွန်းမှာ အကွက်စေ့လှသော မေးခွန်းဖြစ်သဖြင့် ကိုဖေသိန်းသည် အနည်းငယ်တွန့်ဆုတ်ဆုတ်ဖြစ်သွားလေ၏။ ထို့နောက်မှ ကြန့်ကြန့်ဆည်လိုက်ပြီးလျှင်. . .

"ဒီအိမ်ကြီးဟာ နေဝင်သွားတာနဲ့ အလွန်ပဲမှောင်မိုက်ပါတယ်။ ဖယောင်းတိုင်မီးလောက်နဲ့ မလုံလောက်တဲ့အတွက် မှန်အိမ်ကိုထွန်းရပါတယ်"ဟုတည်တည်ငြိမ်ငြိမ်ပင်ပြန်၍ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ဘာဆက်လုပ်သေးသလဲ ကိုဖေသိန်း"

ယခုမေးလိုက်သူမှာ စုံထောက်ကိုအောင်မြင့်ဖြစ်လေသည်။

"ဦးဘတူ ယခုလို သေနေတာကို တွေ့ရပါတယ်။ သူ့ရဲ့ အလောင်းပေါ်မှာ ဟောဒီသေနတ်ကြီးကိုလဲ တွေ့ရပါတယ်"

ကိုအောင်မြင့်သည် ထိုသေနတ်ကြီးအားကောက်ယူ၍ သေချာစွာကြည့်ပြီးနောက် ကျွန်ုပ်တို့ဘက်သို့ပေးလိုက်လေ၏။ ကျွန်ုပ်လည်း ထိုသေနတ်ကြီးအား သေချာစွာဂရုစိုက်၍ လေ့လာမိ၏။

သေနတ်မှာ နှစ်လုံးပြူးသေနတ်ဖြစ်သော်လည်း ပြောင်းကို ငုတ်တိုကလေးကျန်သည့်အထိဖြတ်၍ ထား၏။ ထိုသို့ဖြတ်၍ ထားခြင်းမှာ ဝှက်၍ ယူဆောင်နိုင်ရန်အတွက် ဖြစ်လေသည်။

ထိုသေနတ်မျိုး၌ မောင်းခလုတ်နှစ်ခုရှိသော်လည်း မောင်းခလုတ်နှစ်ခုစလုံးအား ကြေးနန်းကြိုးနှင့် အသေပူး၍ ချည်နှောင်ထား၏။ ၎င်းအဓိပ္ပာယ်မှာ မောင်းနှစ်ခုအား သတ်သတ်စီ ဆွဲ၍ မနေရဘဲ တစ်ချက်တည်း မောင်းနှစ်ခုပြုတ်စေရန် စီမံထားခြင်း ပင်ဖြစ်သည်။

သေနတ်ပြောင်းအရင်းနား၌ 'စီအေစီ' ဟု အသားတံဆိပ် တစခုပါရှိလေ၏။ ထိုမှလွဲ၍ ကျွန်ုပ်သည် ထိုသေနတ်၌ အခြားသဲလွန်စကို ရှာဖွေ၍ မရသဖြင့် စုံထောက်တစ်ဦး၏ လက်သို့ပေး လိုက်ပြန်၏။ ထိုစုံထောက်မှာလည်း ကျွန်ုပ်ကဲ့သို့ပင် အနည်းငယ် ကြည့်၍ လက်ဆင့်ကမ်းလိုက်ပြန်၏။ နောက်ဆုံး၌ စုံထောက်ကိုစိန် လှ၏ လက်တွင်းသို့ သေနတ်ရောက်ရှိသွားသည့်အခါတွင် ၎င်းက

"ဒီလို ပြောင်းဖြတ်ထားတာကတော့ လက်ဆွဲသေတ္တာထဲ ကွတ်အကျႌအောက်ထဲ စတဲ့နေရာမှာ ဝှက်ပြီးယူလာလို့ရအောင် လုပ်ထားတာပါ။ ဒါကြောင့် ဒီသေနတ်ဟာ လူသတ်သမားရဲ့ သေနတ်လို့ဆိုရမှာပဲ" ဟုပြောလျှင် . .



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး။ ဒီသေနတ်ဟာ ဦးဘတူရဲ့ သေနတ်လဲ ဖြစ်နိုင်တာပဲ" ဟု ဦးဖေခင်က ငြင်းချက်ထုတ်လေ၏။

"ကိုဖေသိန်း ဒီသေနတ်ဟာ ဦးဘဘူရဲ့သေနတ်လဲ ဖြစ်နိုင်တာဖဲ့" ဟု ဦးဖေခင်က ငြင်းချက်ထုတ်လေ၏။

"ကိုဖေသိန်း ဒီသေနတ်ဟာ ဦးဘတူ အိမ်မှာရှိတဲ့ သေနတ်လား" ကိုစိန်လှက မေးလိုက်ခြင်းဖြစ်၏။

"မမြင်မိပါဘူး"

"မမြင်မိဘူးဆိုတာဟာ မဟုတ်ဘူးလို့ ငြင်းတာတော့ မဟုတ်ဘူးနော်"

"ကျွန်တော်ငြင်းချင်သလိုပါပဲ၊ ကိုဘတူပစ္စည်းဆိုရင် တစ်ကြိမ် တစ်ခါ တော့မြင်ဖူးရမှာ အမှန်ပါပဲ။

"ဒီလိုဆိုရင် ဦးဘတူဟာ အသတ်ခံရတာပေ့ါ၊ ကိုယ့်ကိုယ်ကို သတ်သေတာမဟုတ်ဘူးလို့ အပိုင်ဆုံးတွက်ထားနိုင်တာပေ့ါ"

"အသတ်ခံရတာပါခင်ဗျာ။ အသတ်ခံရတာကတော့ သေချာပါတယ်၊ ဟောဒီမှာကြည့်ပါ' ဟုဆို၍ ကိုဖေသိန်းသည် လိုက်ကာကို ဖယ်လိုက်ရာ ပြတင်းပေါက်တစ်ခုကိုတွေ့ရလေ၏။ ပြတင်းပေါက်ဘောင်ပေါ်တွင်လည်း သွေးစွန်းသော ဖိနပ်ရာကြီးတစ်ခုကို တွေ့ရလေတော့၏။

"လူသတ်သမားဟာ ဟောဒီပြတင်းပေါက်က ခုန်ထွက်ပြီး ပြေးသွားတာပါ" ဟု ကိုဖေသိန်းကပင်ထပ်၍ ပြောလေ၏။

"အုတ်တံတိုင်းကြီးကို ကျော်တက်ပြီးချောင်းထဲက ဖြတ်ပြေးတယ်လို့ ခင်ဗျားဆိုချင်တာလား"

"ဟုတ်ပါတယ်"

စုံထောက်ကိုစိန်လှသည် သေနတ်ကြီးကိုကိုင်လျက်. .

"ဒီသေနတ်ဟာ ဘယ်နိုင်ငံကလုပ်တဲ့ သေနတ်မှန်းလဲ



www.burmeseclassic.com

www.burmeseclassic.com



မသိလူ၊ ပြောင်းမှာတော့ 'စီအေစီ' လို့ရေးထားတာပဲတွေ့ရတယ်" ဟု ပြောလျှင် ကျွန်ုပ်တို့လည်း အဖြေမပေးနိုင်ဘဲရှိလေ၏။ ထိုအခါ ကိုနှင်းမောင်သည် စီးကရက်ကို ကြမ်းပြင်ပေါ်၌ချ၍ ခြေထောက်ဖြင့်နင်းချေရင်း . .

"စီအေစီ" လို့ရိုက်ထားတဲ့စာလုံးမှာ ပန်းစာလုံးအကြီးနဲ့မဟုတ်လား ကိုစိန်လှ"

"အင်းဟုတ်တယ်"

"ဒီလိုဆိုရင် အမေရိကန်(ကို့) လက်နက်ငယ်ကုမ္ပဏီက လုပ်တဲ့သေနတ်ပဲ"

စုံထောက်အားလုံးသာမက ကိုဖေသိန်းသည် ကိုနှင်းမောင်အားအံ့ဩသော မျက်နှာနှင့်ကြည့်လေ၏။ ကြည့်ရုံမျှမက . . .

"ကမ္ဘာပေါ်မှာရှိတဲ့ လက်နက်ကုမ္ပဏီတွေရဲ့ အမှတ်တံဆိပ်တွေအားလုံး အလွတ်ရနေတဲ့ ဆရာကြီးပါပဲလား" ဟူ၍ပင် ချီးမွမ်းလေ၏။ ပြီးလျှင် ကိုအောင်မြင့်က ကိုဖေသိန်းအား မေးခွန်းထုတ်ပြန်လေ၏။

"ကိုဖေသိန်း အဲဒီလို မှန်အိမ်ကို ထွန်းပြီးတော့ဘာများဆက်ပြီလုပ်ပါသလဲ"

"နောက်ဖေးမီးဖိုချောင်မှာ အိပ်တဲ့ ကျော်စိန်ဆိုတဲ့ ထမင်းချက်ကို ဟောဒီ ခေါင်းလောင်းကြိုးကို ဆွဲပြီး ခေါ်ပါတယ်။ အဲဒီလိုခေါ်တဲ့အခါမှာ ကျော်စိန်သာမဟုတ်ပါဘူး။ ခေါင်းလောင်းသံကြားတဲ့အတွက် မီးဖိုနဲ့ကပ်လျက်အခန်းမှာ အိပ်တဲ့ ဒေါ်ငြိမ်းဆိုတဲ့ အိမ်မှာတောက်တိုမယ်ရ လုပ်ကိုင်ပေးတဲ့ အဒေါ်ကြီးပါထွက်လာကြပါတယ်။ အဲဒီအချိန်မှာပဲ ကိုဘတူရဲ့ ဇနီး မမြင့်မြင့်ဟာလဲ အိမ်ပေါ်ကဆင်းလာပါတယ်။ ဒါပေမယ့် ကိုဘတူ အခုလို ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီးသေနေတဲ့အတွက် မမြင့်မြင့်မတွေ့စေချင်လို့ မငြိမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ပါ မမြင့်မြင့်မကြည့်ရအောင် အပေါ်ထပ်ကို ပြန်ပြီးခေါ်သွားဖို့ ကျွန်တော်အမိန့်ပေးခဲ့ပါတယ်'

"ကောင်းပါပြီ ကိုဖေသိန်း၊ အဲဒါ ဘယ်အချိန်လောက်ရှိပါပြီလဲ"

"ည ၉ - နာရီခွဲပါ ခင်ဗျ"

ကိုအောင်မြင့်သည် မေးစရာစကားမရှိတော့သဖြင့် ဟင်းခနဲသက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်၏။

ကိုနှင်းမောင်သည် ထမင်းချက်ကျော်စိန်ကို ခေါ်စေပြီးလျှင် ဦးဘတူ၏ မေးစေ့တွင် ကပ်၍ထားသော ဖယောင်းချက်ဝိုင်း ကလေးအား ပြလျက် . .

"ကျော်စိန် ဟောဒီမှာ မင်းဆရာရဲ့ မေးစေ့ကို ကြည့်စမ်း ဖယောင်းချက်ကလေးကပ်ထားတယ်၊ အဲဒါလေးကပ်ထားတာ ဘယ်လောက်ကြာပြီလဲ"

"နှစ်ရက်ရှိပါပြီ၊ သွေးစုနာကလေးပေါက်လို့ ကျွန်တော်ကိုယ်တိုင်ကပ်ပေးထားတာပဲဆရာ"

"အေးဟုတ်ပြီ၊ မင်းဒီအခန်းထဲကို လာတာဟာ ခေါင်းလောင်းသံကြားလို့လာတာလား"

"ဟုတ်ပါတယ်ဆရာ"

"ဟောဒီမင်းဆရာလက်ထဲမှာ လက်စွပ်တစ်ကွင်းတွေ့တယ် ဒီလက်စွပ်ကိုမင်းသတိထားမိသလား"

"ထားမိပါတယ်ဆရာ၊ ကျွန်တော့်ဆရာရဲ့ လက်စွပ်ပါပဲ"

"ကိုဖေသိန်းလဲကြည့်ပါဦး ၊ ဒီလက်စွပ်ဟာ ခင်ဗျားမိတ်ဆွေကြီးကိုဘတူရဲ့ လက်စွပ်ဟုတ်ရဲ့လား" ဟုကိုနှင်းမောင်က ကိုဖေသိန်း၏ မျက်နှာကိုသေချာစွာကြည့်၍ မေးလိုက်သဖြင့် ကိုဖေသိန်းသည် အနီးသို့တိုးကပ်ကာ လက်စွပ်ကိုသေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးလျှင် ဟုတ်မှန်ကြောင်း ခေါင်းညိတ်၍ပြလေ၏။

ထိုအခါ၌ ကိုနှင်းမောင်သည် ကိုကျော်စိန်ဘက်သို့လှည့်လိုက်ပြီးနောက်

"ကိုကျော်စိန် မင်းဆရာ အမြဲဝတ်လေ့ရှိတဲ့ လက်စွပ်ကိုတော့တွေ့ဖူးမှာပေါ့"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်လဲ အဲဒါကို စဉ်းစားနေတာပဲ၊ ဆရာဦးဘတူဟာ အခုတွေ့တဲ့ လက်စွပ်အောက်မှာ လက်စွပ်တစ်ကွင်းဝတ်ထားလေ့ရှိပါတယ်။ မနေ့က ညစာထမင်းစားတုန်းကတောင်တွေ့မိပါသေးတယ်"

ကိုနှင်းမောင်သည် အားရကျေနပ်စွာ ပြုံး၍ စီးကရက်တစ်လိပ်ကို မီးညှိပြီးလျှင် ကိုဖေသိန်းကို စူးစူးရဲရဲကြည့်ကာ . .

" ကိုဖေသိန်း လူသတ်သမားဟာ ကိုဘတူကို သတ်ပြီးတော့ လက်စွပ်နှစ်ကွင်းကို ချွတ်၊ တစ်ကွင်းကိုတော့ယူ၊ ဟောဒီနဝရတ်လက်စွပ်ကိုတော့ သေသူကိုဘတူရဲ့ လက်မှာပြန်ပြီးဝတ်ပေးပြီးတော့မှ ဟောဒီပြတင်းပေါက်ပေါ်က ခုန်ချပြီး အုတ်တံတိုင်းကိုကျော်တက်။ တစ်ခါချောင်းကို ဖြတ်ကူးပြီး လွတ်မြောက်သွားတယ်လိုက ခင်ဗျားယူဆပါသလား။"

"ဒီလိုဆိုရင်ချောင်းကို ဖြတ်ကူးရတဲ့အတွက် လူသတ်သမားဟာရေစိုဝတ်ကြီးနဲ့ပြေးရမှာပဲ။ ဒီဘက်ကိုပြေးရင်လေးဒေါင့်ကန်ရှမ်းတဲကြီးစတဲ့ရွာတွေဘဲ။ ဒီဘက်ကိုပြေးရင်တော့ ရန်ကုန်ဘက်ကိုရောက်သွားမယ်၊ ရေစိုအဝတ်ကြီးနဲ့ လျှောက်သွားတဲ့လူတစ်ယောက်ကို ဖမ်းဖို့လွယ်ပါလိမ့်မယ်ထင်တယ်"။

ကိုနှင်းမောင်က ဤသို့ပြောလိုက်လျှင် တိုးကြောင်ကလေးကင်းဂါတ်မှ ဆာသင်ကြီးက . . .

'ကျွန်တော်လဲ ဆရာပြောသလိုပါပဲ၊ လူသတ်သမားဟာ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကို ဖြတ်ကူးပြေးမယ်လို့ စဉ်းစားမိကထဲက ဒီဘက်ဟိုဘက် လမ်းတွေမှာရှိတဲ့ ကင်းဂိတ်တွေကို ရေစိုအဝတ်အစားနဲ့ လူတစ်ယောက်ကိုတွေ့ရင် ဖမ်းထားပေးဖို့ လူတာတွေကနေ ကြေးနန်းနဲ့ အကြောင်းထားပါတယ်" ဟုပြောလေသည်။

ကျွန်ုပ်တို့သည် ကိုနှင်းမောင် ဤသို့ပြောဆိုနေသည်ကို စိတ်ဝင်စားစွာ နားထောင်၍ နေစဉ်၌ ရှာသူကြီးကိုကျော်လှိုင် ဆိုသူ ရောက်လာပြီးလျှင် ဦးဖေခင်အား. . . .

"ဆရာ တိုးကြောင်ကလေးမရောက်ခင် ချုံပုတ်ထဲမှာ မော်တော်ဆိုင်ကယ်တစ်စီး တွေ့တယ်ဆရာ။ အဲဒါကြောင့် နွားကျောင်းသားတစ်ယောက်နဲ့ တွန်းပြီး ယူလာခဲ့တယ်" ဟုပြောလေသည်။

ရွာသူကြီးကိုကျော်လှိုင်၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် စုံထောက်ကိုအောင်မြင့်သည် "အဲဒီဆိုင်ကယ်ဟာ လူသတ်သမားရဲ့ ဆိုင်ကယ်ဖြစ်မှာပဲ" ဟုမှတ်ချက်ချ၍ ဆိုင်ကယ်ကို လေ့လာရန်အတွက် အခန်းတွင်းမှ ထွက်၍ သွားလျှင်စုံထောက်ကိုစိန်လှပါ လိုက်ပါ၍ သွားတော့၏။

ကိုနှင်းမောင်သည် ရုပ်ပျက်ဆင်းပျက်ဖြစ်၍နေသောဦးဘတူ ၏ အလောင်းအား စောင်နှင့်အုပ်ရန်စေခိုင်းလိုက်သဖြင့် ကိုကျော်စိန်သည် အညာစောင်ကြီး တစ်ထည်ဖြင့် လွှမ်းအုပ်ထားလိုက်၏ ထိုသို့ အုပ်ပြီးသည့်အခါ၌ အိမ်စေမငြိမ်းအား ခေါ်ခိုင်းလိုက်လျှင် မငြိမ်းရောက်၍ လာသဖြင့် ကိုနှင်းမောင်က . .

"မငြိမ်းမနေ့ညက ဖြစ်ပျက်ပုံကလေးတစ်ဆိတ်လောက် ပြောပြစမ်းပါ"

"ကျွန်မအိပ်ခါနီးတိုင်းမှာ ပုတီးစိပ်ပါတယ်။အဲဒီလိုပုတီးစိပ်နေတုန်းမှာ ဦးဘတူဟာ သူ့အခန်းထဲကနေ တံခါးဆောင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လိုက်တဲ့ အသံကိုကြားရပါတယ်။ ကျွန်မပုတီးစိပ်ပြီးအိပ်မယ် လုပ်တဲ့အခါမှာတော့ ကျော်စိန်က မငြိမ်းထထ . . ဆရာ တို့ဘာ ဖြစ်ကြသလဲ မသိဘူးလို့ဆိုတာနဲ့ ကျွန်မလဲ ထလာခဲ့ပါတယ်။ ဒါပေမယ့် ဦးဘတူရဲ့အခန်းထဲကိုတော့ မဝင်ခဲ့ရပါဘူး။ ဟောဒီ ကိုဖေသိန်းက မမြင့်မြင့်ကို အိမ်ပေါ်ထပ်ကို ခေါ်ပြီးသွားဖို့ ပြော တာနဲ့ ကျွန်မက မမြင့်မြင့်ကိုအိမ်ပေါ်ထပ်ကိုခေါ်ပြီး သွားရပါတယ်"

"ဟုတ်ပြီ မငြိမ်း၊ ခင်ဗျား အခန်းထဲက ထွက်လာတော့ ကိုဖေသိန်းနဲ့မမြင့်မြင့်တို့ကို ဘယ်နားမှာတွေ့ရသလဲ။

"ဟောဟို အပေါ်ထပ်ကို တက်ရတဲ့ လှေကားအာနားမှာ တွေ့ရပါတယ်"

"ကောင်းပြီ . . မငြိမ်း ပုတီးစိပ်တယ်ဆိုတာ ဘာကိုများ စိပ်ပါသလဲ"

"နမောတဿဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓ ဿ" ကိုးပိုင်း၊ ပိုင်းပြီး စိပ်တဲ့နည်းနဲ့စိပ်ပါတယ်"

"ဒီပုတီးစိပ်နည်းဟာ တစ်စုံတစ်ခုကြီးကြီးမားမားမျှော် လင့်ချက်နဲ့အလုပ်လုပ်ကိုင်နေတဲ့လူတွေစိပ်တဲ့ စိပ်နည်းပဲ"

"ဟုတ်ပါတယ် . . . . ကျွန်မဟာ အရင်က ချမ်းချမ်း သာသာပါပဲ အခုတော့ စီးပွားပျက်သွားပြီး အခိုင်းအစေအဖြစ် နေရတာပါ။ အဲဒါပျက်စီးသွားတဲ့ စီးပွားရေးတွေ ပြန်ပြီးရတယ်ဆို လို့ အဲဒီပုတီးစိပ်ကိုစိပ်မိပါတယ်။"

"ကောင်းပါတယ် . . . မငြိမ်း . . . ကျုပ်လဲ အဲဒီလို လုပ်လို့ပြန်ပြီး အဆင်ပြေသွားတဲ့ လူသုံးယောက်တွေ့ဖူးပါတယ်။ အဲဒါချောက်မြို့က ဒေါ်ကြည်ကြည်ဆိုတဲ့ အမျိုးသမီးရယ်၊ ရေကျော် က ကိုအောင်ဝင်းမနူနူဆိုတဲ့ လင်မယားရယ်၊ နောက်တစ်ယောက် ကတော့ပဲခူးက စက်သူဌေးတစ်ယောက်ပါပဲ။ "

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



မငြိမ်း၏ မျက်နှာသည် ကိုနှင်းမောင်၏ စကားကြောင့် အထူးပင်ရွှင်ပျ၍ သွားလေ၏။

"ကဲ မငြိမ်းသွားနိုင်ပါပြီ. . . ခင်ဗျားနားတော့ နည်းနည်း လေးတယ်ထင်တယ်"

"အစစ်ပေါ့ရှင်၊ ကျွန်မနားလေးတာတော့ . . . ဟောဒီ တစ်ရွာလုံး တောင်သိနေပါပြီ"ဟု ဆိုကာ မငြိမ်းသည် ခါးကိုညွတ်၍ ထွက်သွားလေ၏။

ကိုအောင်မြင့်နှင့် ကိုစိန်လှတို့လည်း မော်တော်ဆိုင်ကယ်အား ကြည့်ရှုလေ့လာခဲ့ကြပြီးဖြစ်သဖြင့် အခန်းတွင်းသို့ ပြန်၍ ဝင်လာကြပြီးလျှင် တစ်ချိန်လုံးနှုတ်ပိတ်၍ ရပ်ကြည့်နေသောမစ္စတာ ရှပ်တဲဝပ်အား"တွေ့ရှိသော မော်တော်ဆိုင်ကယ်မှာ လူသတ်သမား၏ ဆိုင်ကယ်ဖြစ်ကြောင်း၊ အရောင်မှာ အနီရောင်ဖြစ်ကြောင်း၊ နံပါတ်မှာ (၄၈၄)ဖြစ်ကြောင်း၊ ထို့ကြောင့် ဆိုင်ကယ်ပိုင်ရှင်တို့စုံစမ်းလိုက်သည်နှင့် တစ်ပြိုင်နက် တရားခံမှာ ပြေး၍ မလွတ်နိုင်ကြောင်း" ကို ဆလံအမျိုးမျိုးပေး၍ ပြောဆိုအစီရင်ခံကြလေသည်။ မစ္စတာရှပ်တဲဝပ်သည် တစ်စုံတစ်ရာ ပြန်၍မပြောဘဲ ထိုသူများက ပြောသမျှကိုသာလျှင် လက်ပိုက်၍ နားထောင်နေလေသည်။

ကိုနှင်းမောင်သည် တစ်စုံတစ်ရာကို စဉ်းစားပြီးနောက် အညာစောင်ကြီး အုပ်၍ ထားသောဦးဘတူ၏ အလောင်းအား တဖန်ဖွင့်၍ အလောင်း၏ လက်မောင်းကို အင်္ကျီများလှန်၍ ကြည့်လိုက်ရာ . . ကျွန်ုပ်တို့အားလုံးသည် ဟာခနဲဟင်ခနဲဖြစ်၍ သွားကြလေသည်။

"ဆေးမင်ထိုးထားတာလား" မစ္စတာရှပ်တဲဝပ်ကမေးလိုက်၏။

"မဟုတ်ဘူး . . . သံပူနဲ့ကပ်ထားတဲ့ နဂါးရုပ်ပဲ" ဟု



www.burmeseclassic.com

www.burmeseclassic.com



ကိုနှင်းမောင်ကပြောဆိုလေ၏။

ကိုနှင်းမောင်သည် အလောင်းအား အနည်းငယ်တွန်း၍ ရွှေ့လိုက်ရာ အလောင်း၏ ဘေးမှ ဟိုတယ်လိပ်စာကတ်ပြားကလေး တစ်ချပ်ထွက်ကျလာလေ၏။ ဘုံဘေဟော်တယ်ဖဲယား စထရိဟု ရိုက်နှိပ်ထားလေ၏။

(B.D. 80)

ဟူသောစာလုံးအား ခဲတံနှင့်ရေး၍ ထားသည်ကိုတွေ့ရ၏။

ကျွန်ုပ်တို့လည်း ထိုကတ်ပြားလေးကို ယူ၍ ကြည့်ကြလေ၏ ကိုအောင်မြင့်ကမူ ကတ်ပြားကလေးကိုကြည့်ပြီးနောက် . . .

"ဟုတ်ပြီ . . . ပန်းဆိုးတန်းက ဘုံဘေဟောတယ်ကိုသွားပြီးစုံစမ်းရင် တရားခံရဲ့သဲလွန်စကိုရမျာပဲ . . ကျုပ်သွားမယ်" ဟု ဆိုကာ. . . မစ္စတာ ရှပ်တဲဝပ်အာ ဆလံပေးပြီး ထွက်ခွာသွားလေ၏။

ကိုနှင်းမောင်သည် အလောင်းကို စောင်နှင့်ပြန်၍ အုပ်ပြီးလျှင် ဦးဘတူ၏ ဇနီးမမြင့်မြင့်ကိုခေါ်ယူလိုက်လေလျှင် မမြင့်မြင့်သည် အခန်းထဲသို့ ရောက်၍လာ၏။

အသားညိုညို မျက်လုံးမျက်ဖန်လှ၍ ကိုယ်လုံးကိုယ်ပေါက်ကြော့ရှင်းသလောက် ဆံပင်လွန်စွာကောင်းသော မိန်းမဖြစ်၏။ ဆံပင်ကို ဖားလျားချ၍ ထားရာ ကြမ်းပြင်၌ ဒရွတ်တိုက်၍ နေပေသည်။

အသားညိုသောမိန်းမများလှပြီဆိုလျှင် အသားဖြူသော မိန်းမချောရေးမျှာ လိုက်၍ မမီကြောင်းကို ကျွန်ုပ်သည်လူပျိုပေါက်အရွယ်လောက်ကတည်းက ကြားဖူးခဲ့သော်လည်း ထိုစကားဟာ မှန်ကြောင်းကိုမူ မမြင့်မြင့်ကိုတွေ့ရသည့် အခါကျမှ ကျွန်ုပ်လက်ခံရပေ၏။

**ဘုမ္ဗာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"မမြင့်မြင့်ဦးဘတူရဲ့ လက်မောင်းမှာ ဘယ်လိုတံဆိပ်မျိုး ရှိပါသလဲ"

"အဝိုင်းထဲမှာ နဂါးရုပ်ပါတဲ့ တံဆိပ်ဖြစ်ပါတယ်ရှင့်"

"အဲဒီတံဆိပ်အကြောင်းကို ဦးဘတူက ခင်ဗျားကို ပြောပြဖူးသလား"

"မပြောပြဖူးပါဘူး။ ကျွန်မမေးတာတောင် အမေးမခံခဲ့ပါဘူး"

"ဦးဘတူနဲ့ အိမ်ထောင်ကျတာ ဘယ်လောက်ကြာပြီလဲ ခင်ဗျ"

"၁၀ - နှစ်ရှိပါပြီ"

"မမြင့်မြင့်နဲ့ အိမ်ထောင်မကျခင်က ဦးဘတူရဲ့ နောက်ကြောင်း ရာဇဝင်များကောသိရဲ့လား"

"အဲဒါတော့ မသိပါဘူးရှင်၊ တစ်ခါတုန်းကတော့ ကိုဘတူဟာ အကြီးအကျယ်ဖျားပြီး၊ ကယောင်ကတမ်းနဲ့ . . . အေးမောင်၊ ကြံ့တိတ်ဆိုတဲ့နာမည်တွေခေါ်ပြီးဆဲပါတယ်။ သူနေကောင်းလာတဲ့အခါမှာ . . . အဲဒီအေးမောင်ကြံ့တိတ်တို့ဆိုတာ ဘယ်သူတွေလဲ လို့မေးတော့ သူဟာ တော်တော်ပဲမျက်နှာပျက်သွားပါတယ်။"

"ကောင်းပါပြီ မမြင့်မြင့် ခင်ဗျားသွားနိုင်ပါပြီ။ ဦးဘတူကို သတ်တဲ့ လူသတ်သမားကို မကြာခင်ဘဲကျုပ်ဖမ်းပေးပါ့မယ်။

ကိုနှင်းမောင်၏ စကားအဆုံး၌ "တောက်" ဟူသော ကျယ်လောင်သော တက်ခေါက်သံကြီးတစ်ခု ပေါ်ထွက်လာသဖြင့် ကျွန်ုပ်တို့ အားလုံးထိတ်လန့်၍ သွားကြရ၏။ ကျွန်ုပ်ဆိုလျှင် ကြက်သီးများပင်ထ၍ သွားလေသည်။

ထိုတက်ခေါက်သံမှာ မမြင့်မြင့်သည် အခန်းထဲမှ မထွက်မီ 'ခေါက်'သွားသော အသံဖြစ်လေ၏။ မိန်းမများ တက်ခေါက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်ုပ်အနေနှင့်မကြားဖူးသဖြင့် အံ့သြမိလေ၏။

"ဆင်ဒရဲလား မင်းသမီးလို ဆံပင်ရှည်လှတဲ့ မိန်းမက တောက်လို့ သူ့ပါးစပ်၍ ပြောသွားတာ ကျွန်ုပ်အများကြီးလန့်သွားတယ်" ဟု မစွတာ ရှပ်တဲဝပ်က ဝန်ခံလေ၏။

**(ဆင်ဒရဲလားဆိုသည်မှာ ဆံပင်လွန်စွာရှည်သော မင်းသမီးကလေးပုံပြင်ဖြစ်၏။ ရဲတိုက်ကြီးပေါ်မှ သူ၏ဆံပင်တို ချထားလိုက်လျှင် ဆံပင်အဖျားသည် မြေကြီး၌ ပုံနေသည်ဟု ဆို၏။ ဆင်ဒရဲလား၏ ချစ်သူသည် ဆင်ဒရဲလား၏ ဆံပင်ကို တွယ်၍ ရဲတိုက်ပေါ်ကိုတက်ရသော ဟူ၏။ ထို့ကြောင့် မမြင့်မြင့်အား ရှပ်တဲဝပ်က ဆင်ဒရဲလားမင်းသမီးဟု တင်စားခြင်းဖြစ်၏။)**

**(စာရေးသူ)**

"ပြောကြစမ်းပါဦး . . ဟိုမိန်းမက 'ကတောက်'လို့ ဘာလို့ပြောသွားတာလဲ"

"စိတ်ဆိုးလို့ပါ"ဟု ကိုဖေသိန်းကဖြေဆိုလိုက်၏။

"စိတ်ဆိုးရင် ဒီလိုပဲ 'ကတောက်'လို့ပြောရသလား"

"ဟုတ်ပါတယ်"

"အိုး ဟို . . ကျုပ်က မြန်မာလူမျိုးတွေဟာ စိတ်ဆိုးရင် "မအေ မအေ" လို့ခေါ်တာပဲသိတယ်။ အခုလို "ကတောက်"လို့ ပြောတယ်ဆိုတာမသိဘူး။ အဲဒီကတောက်ဆိုတာ ဘာအဓိပ္ပာယ်ရှိသလဲ"

"အဲဒါငါ့ကိုဘာမှတ်သလဲ . .

တစ်နေ့သိမယ် . .

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ငါသတ္တိရှိတယ် . . .

ငါ့ကိုလာမစမ်းနဲ့ . . .

သေသွားမယ်ဆိုတဲ့ အဓိပ္ပာယ်တွေရမှါတယ်" ဟု ဦးဖေခင်ကလည်း တက်ခေါက်သံကို အမျိုးမျိုး ဝိဂြိုလ်ဖွင့်လေ၏။ ကျွန်ုပ်သည် ရယ်ချင်လှသော်လည်း အောင့်ထားရလေသည်။

"အိုး . . . အိုး . . 'တောက်' တစ်ခုထဲက အဓိပ္ပာယ်တွေ အများကြီးရနေပါ့လား။ ဒီလိုဆိုရင် မြန်မာစကားကို အဘိဓာန်ပြုလုပ်ဖို့ဘယ်လွယ်ပါ့မလဲ" ဟု မစ္စတာရှုပ်တဲဝပ်က ညည်းတွားလေတော့၏။

ကိုနှင်းမောင်သည် အလောင်းနံဘေးမှ ထ၍ ပြတင်းပေါက်ဘောင်ပေါ်မှ သွေးစွန်းသောခြေရာကြီးကိုလည်းကောင်း၊ ပြတင်းပေါက်မှနေ၍ အုတ်တံတိုင်းဆီသို့လည်းကောင်း လှမ်း၍ ကြည့်လိုက်ရာ အုတ်တံတိုင်း၏ အလယ်ပေါက်မှနေ၍ အုတ်တံတိုင်း၏ အလယ်ပေါက်တွင်လည်း ကုတ်၍ တက်ထားကြောင်း ဖော်ပြသည့် သွေးစွန်းသော ခြေရာကြီးတစ်ခုကို တွေ့ရပြန်လေ၏။

တအောင့်မျှ ထိုခြေရာနှစ်ခုအား ဆက်စပ်၍ စဉ်းစားနေပြီးနောက် ကိုနှင်းမောင်၏ မျက်နှာသည် တဖြည်းဖြည်းကြည်လင်ဝင်းပ၍ ပြုံးရောင်သမ်းလာလေ၏။

ထို့နောက် . .

"ဦးအောင်သင်းရေ တွေ့ပြီဗျို့" ဟု အားရဝမ်းသာပြောလိုက်လေတော့၏။

ကျွန်ုပ်တို့အားလုံးသည် ကိုနှင်းမောင်ကြည့်ရှုနေသော ပြတင်းပေါက်သို့ပြေး၍ သွားကြပြီးလျှင် ကြည့်ရှုကြသော်လည်း မည်သည့်အရာကိုမျှမတွေ့ရသဖြင့် . .

"ဘာတွေ့တာလဲဗျ ကိုနှင်းမောင်"

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာကြည့်စမ်း၊ ခြံထဲမှာ ဘာများတည်ကြသလဲတော့ မသိဘူး မီးပုံတစ်ခု မတွေ့ဘူးလား"

"လဲစေ့လှော်တာပါခင်ဗျ" ဟု ထမင်းချက် ကျော်စိန်က ဝင်၍ အဖြေပေးလေ၏။

"ဒေါ်အေးဟုတ်တယ်၊ မင်းလဲစေ့ လှော်တုန်းက အုတ်ခဲသုံးလုံးကို ဖိုခုံလောက်လုပ်ခဲ့တယ်မဟုတ်လား။ အခုတော့ဖိုခုံသေ့ာက်မှာ အုတ်ခဲနှစ်လုံးပဲရှိပါလား။ တစ်လုံးဘယ်ရောက်သွားသလဲ၊ အဲဒီအုတ်ခဲကိုတွေ့ရင် လူသတ်တရားခံကိုတွေ့ပြီပဲ"

ကိုနှင်းမောင်၏ ဖိုခုံသေ့ာက် အုတ်ခဲတစ်လုံးပြန်၍တွေ့လျှင် လူသတ်တရားခံကို တွေ့ပြီဆိုတဲ့စကားအား ကျွန်ုပ်သဘောကျလျှင်မဟုတ်ဘဲ အခန်းထဲတွင်ရှိသောလူတိုင်းနားမလည်နိုင်အောင်ရှိလေ၏။

မှူးမကြာမီ အချိန်၌ စုံထောက်မင်းကြီး ခရူးဘာချုပ်တဲဝင်လည်း ကိုနှင်းမောင်အား အမှုအမြန်ဆုံးပေါ်ပေါက်အောင် ဆောင်ရွက်ပေးဖို့တိုက်တွန်းပြီးနောက် အင်းစိန်သို့ပြန်၍သွားလေသည်။ ကျွန်ုပ်တို့လည်း ထိုရှေးကျလှသော ပိုက်အိုကြီးအတွင်းမှ ထွက်၍ လာခဲ့ကြတော့၏။

ကိုနှင်းမောင်သည် အုတ်တံတိုင်းကြီးမှ ထွက်ခဲ့စဉ် တံတိုင်းသို့အရောက်၌ ချောင်းထဲသို့ လောက်စာလုံးအရွယ်ကျောက်ခဲကလေးတစ်လုံးပစ်၍ချလိုက်သည်ကို ကျွန်ုပ်သတိပြုလိုက်မိသော်လည်း မည်သည့်အတွက်ထိုသို့ပြုလုပ်သည်ကိုမူ လုံးဝ မှန်းဆနိုင်ခြင်းမရှိခဲ့ပါ။

**********

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



“ပြော့ကြစမ်းပါဦး. . . ဟိုမိန်းမက ‘ကတောက်’လို့ ဘာလို့ပြောသွားတာလဲ”

“စိတ်ဆိုးလို့ပါ” ဟု ကိုဖေသိန်းကဖြေဆိုလိုက်၏။

“စိတ်ဆိုးရင် ဒီလိုပဲ ‘ကတောက်’ လို့ပြောရသလား”

“ဟုတ်ပါတယ်”

“အိုး ဟို . . . ကျုပ်က မြန်မာလူမျိုးတွေဟာ စိတ်ဆိုးရင် “မအေ မအေ” လို့ခေါ်တာပဲသိတယ်။ အခုလို ‘ကတောက်’ လို့ ပြောတယ်ဆိုတာမသိဘူး။ အဲဒီကတောက်ဆိုတာ ဘာအဓိပ္ပါယ်ရှိသလဲ”

“အဲဒါ ငါ့ကိုဘာမှတ်သလဲ . . .

တစ်နေ့သိမယ်. . .

ငါသတ္တိရှိတယ်. . .

ငါ့ကိုလာမစမ်းနဲ့. . .

သေသွားမယ်ဆိုတဲ့ အဓိပ္ပါယ်တွေရပါတယ်”



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

## ❁ သေသူကို ကော်ဖီတိုက်ခြင်း

ကျွန်ုပ်တို့သည် သိမ်ချောင်းရွာအတွင်းမှ ဖြတ်၍ လာခဲ့သည့်လမ်းအတိုင်း ပြန်၍ လျှောက်ခဲ့ကြလေ၏။

"ကျုပ်ကတော့ ကိုဖေသိန်းဆိုတဲ့လူကိုမသင်္ကာဘူး၊ဒီလူနဲ့ သေဆုံးသူ ဦးဘတူရဲ့မိန်းမ မမြင့်မြင့်နဲ့ဟာ မရှင်းမရှင်းပဲ၊ ဦးဘတူ သေတာဟာ ကိုဖေသိန်းရဲ့လက်ချက်ပဲလို့ ကျုပ်ကတော့ယူဆတယ်" ဟု သူ၏ထင်မြင်ချက်ကိုပြောလေ၏။

ကျွန်ုပ်အနေနှင့်လည်း ဦးဖေခင်ယူသည့်အတိုင်းပင် ယူဆလေ၏။ ကျွန်ုပ်သာလျှင်မဟုတ်ပေ၊ အခြားသောစုံထောက်များက လည်းထိုအတိုင်းပင် ယူဆကြောင်းထောက်ခံပြောဆိုကြလေ၏။

ကိုနှင်းမောင်ကမူ ထောက်ခံခြင်းလည်းမပြု၊ ငြင်းပယ်ခြင်း လည်းမပြုဘဲ စီးကရက်ကိုသာ တစ်လိပ်ပြီးတစ်လိပ်သောက်၍ လာလေ၏။

ရွာထိပ်သို့ရောက်လျှင် မန်ကျည်းပင်ကြီးအောင်၌ ...



www.burmeseclassic.com

www.burmeseclassic.com



တုံးမည့်သူများကို တွေ့ပြန်လေ၏။ ကျွန်ုပ်တို့သည် ထိုသူများကို ကျော်ဖြတ်၍ ဆက်လက်၍လာခဲ့ရာ တိုးကြောင်ကလေးရွာအနီးသို့ ရောက်လာလေ၏။

ထိုနေရာအရောက်၌ ကိုနှင်းမောင်သည် သောက်လက်စ စီးကရက် အားပစ်ချလိုက်ပြီးလျှင် . .

"လာကြဗျို့ တရားခံမိပြီ" ဟု ဆိုကာလာခဲ့သည့်လမ်း အတိုင်း ရှေ့မှပြေးလေ၏။ ကျွန်ုပ်တို့လည်း ဘုမသိဘမသိနှင့်ခါး ကြားမှ သေနတ်များထုတ်ကာ ကိုနှင်းမောင်နောက်မှ ပြေး၍လိုက်ကြ ရလေ၏။

အလာတုန်းက ရွာထိပ်တွင် တွေ့ရသော ရေတွင်းတူး၍ နေသည့်မန်ကျည်းပင်ကြီးသို့ရောက်သည့်အခါ၌ စောစောကတွေ့ ခဲ့ရသော ကန်တော့ပွဲများကိုလည်းကောင်း ၊ ထိုသူများကိုလည်း ကောင်းလုံးဝမတွေ့ရတော့ဘဲ ၎င်းတို့ကြဲဖြန့်ထားသည့် ဆန်မှုန့် ပေါက်ပေါက်များသာလျှင် မန်ကျည်းပင်ခြေရင်း၌ ဖွေးဖွေး လှုပ် လျက်ရှိသည်ကို တွေ့ရလေ၏။

သို့ရာတွင် ရှေ့မှပြေးသော ကိုနှင်းမောင်သည် မန်ကျည်း ပင်ရင်းသို့ အနည်းငယ်မျှသာလျှင် ငုံ့စောင်း၍ကြည့်ပြီးလျှင် အခင်း ဖြစ်ပွားသော အိမ်ကြီးဆီသို့သာလျှင် တန်းတန်းမတ်မတ်ပြေး၍ သွားလေ၏။

ကျွန်ုပ်တို့လည်း နောက်မှလိုက်၍ ပြေးကြရလေ၏။

"ဘယ်လိုလဲစုံထောက်ကြီး ဆားပုလင်းနှင်းမောင်"

အိမ်အဝင်ဝမှနေ၍ ကိုဖေသိန်းဆိုသူက ဆီးကြို၍ ပြော လေ၏။

"သိချင်ရင် ဦးဘတူအသတ်ခံရတဲ့အခန်းထဲ လိုက်ခဲ့လေ" ဟုဆိုကာ ကိုနှင်းမောင်သည် ဦးဘတူအသတ်ခံရသော အခန်းဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ခပ်သုတ်သုတ်ပြေး၍တက်သွားလေ၏။

ကျွန်ုပ်တို့လည်း ကိုနှင်းမောင်နှင့်အတူ ထိုအခန်းအတွင်းသို့ ပြန်၍ ရောက်ကြပြန်လေ၏။ ကျွန်ုပ်တို့သာလျှင်မဟုတ်ဘဲ ထိုအိမ်ကြီး၏ အိမ်သားများဖြစ်ကြကုန်သော ထမင်းချက် ဒေါ်စိန်၊ ဒေါ်ငြိမ်း၊ ဦးဘတူ၏ ဇနီး မမြင့်မြင့်နှင့် ကိုဖေသိန်းတို့သည်လည်း အခန်းတွင်းသို့ရောက်ရှိ၍ လာကြလေ၏။

ကိုနှင်းမောင်သည် ဦးဘတူ၏အလောင်းတွင် အုပ်၍ထားသော စောင်ကြီးကို တစ်ဖန်ပြန်၍ဖွင့်လိုက်ပြီးလျှင် အလောင်းကြီးအား ထပ်မံ၍ သေချာစွာကြည့်ပြီးလျှင် . . .

"ဒီမှာ ကိုဖေသိန်း၊ ဦးဘတူ အသတ်ခံရတဲ့အကြောင်းကင်းဂါတ်ကို သေချာစွာကြည့်ပြီးလျှင် "

"ဒီမှာ ကိုဖေသိန်း၊ ဦးဘတူအသတ်ခံရတဲ့အကြောင်းကင်းဂါတ်ကို ပထမသွားတိုင်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒါဘယ်သူသွားတိုင်သလဲ"

"ထမင်းချက် ကျော်စိန်ကိုတိုင်ခိုင်းပါတယ်"

"ကောင်းပြီ မနက်က ကော်ဖီပန်းကန်ကြီးကို ကိုင်ပြီး ခင်ဗျား ဒီအလောင်းရှိတဲ့နေရာကို ဘာလာလုပ်တာလဲ၊ ဟောဟိုမှာ ကော်ဖီကျထားတဲ့နေရာမှာ ပုရွက်ဆိတ်တွေတောင် အုံနေတယ်မဟုတ်လား"

"အိမ်မှာ လူသေသွားရင် အိမ်သားတွေ ထမင်းစားအချိန်မှာ ထမင်း၊ ကော်ဖီသောက်တဲ့အချိန်မှာကော်ဖီ၊ အလောင်းနားလာပြီး ချထားတဲ့အလေ့အကျင့်ရှိတယ်မဟုတ်လား"

ကိုဖေသိန်းက ထစ်ငေါ့ဆိုင်းတွခြင်းမရှိဘဲ ပြေဆိုလိုက်သဖြင့် ကိုနှင်းမောင်သဘောကျစွာ ပြုံးလိုက်ပြီးလျှင် . .



www.burmeseclassic.com

www.burmeseclassic.com



"တရားခံကိုမိပါပြီ" ဟု ပြောလိုက်ရာ ရာဇဝတ်အုပ်ဦးဖေခင်က ကိုဖေသိန်းအား လက်ထိတ်ခတ်ရန် ဟန်ပြင်လိုက်လေ၏။ ကိုနှင်းမောင်ကဦးဖေခင်အား လက်ဖြင့်တားလိုက်ပြီးလျှင် ..

"တရားခံဟာကိုဖေသိန်းမဟုတ်ဘူး၊" ဟုပြောလိုက်၏။

"ဒါဖြင့်ဘယ်သူလဲ" ဟု ဦးဖေခင်ရော ကျွန်ုပ်တို့တစ်တွေပါ တစ်ပြိုင်နက်တည်း မေးလိုက်ကြလေ၏။

"ကျောက်စာဝန်ဟောင်းဦးဘတူဟာ တရားခံပဲ"

"ဒီအလောင်းဟာ ကျောက်စာဝန်ဟောင်းဦးဘတူ မဟုတ်ဘူးလား"

(ကျွန်ုပ်တို့အားလုံးဝိုင်းမေးလိုက်ခြင်းဖြစ်၏)

"မဟုတ်ဘူး၊ ဒီအလောင်းဟာ ဦးဘတူရဲ့အလောင်းမဟုတ်နိုင်ဘူး၊ ဦးဘတူရဲ့ မေးစေ့မှာသွေးစုနာကလေးပေါက်နေလို့ထမင်းချက် ကျော်စိန်ကိုယ်တိုင် အနာကိုညှစ်ပေးပြီး ဖယောင်းချက်ကပ်ပေးခဲ့ရတယ်လို့ဆိုတယ်မဟုတ်လား၊ ဒီတော့ ဦးဘတူအလောင်းဆိုရင် ဟောဒီ ဖယောင်းချက်ကလေးအောက်မှာ သွေးစုနာကလေးရှိရမယ် မဟုတ်လား၊ ဟောဒီမှာကြည့် ဘာသွေးစုနာမှမရှိဘူး'

ဟုဆိုကာ ကိုနှင်းမောင်သည် အလောင်း၏မေးစေ့မှ ဖယောင်းချက်ဝိုင်းကလေးကိုခွာ၍ ပြလိုက်သဖြင့် ကျွန်ုပ်တို့လည်း အလောင်း၏ မေးစေ့အား ဝိုင်းအုံခါ ငုံ၍ကြည့်လိုက်ကြလေ၏။ အမှန်တကယ်ဖယောင်းချက်အောင်မှာမည်သည့်အနာကိုမျှ မတွေ့ရပေ။

"ဒီတော့ ဒီအလောင်းဟာ ဦးဘတူရဲ့ အလောင်းမဟုတ်ဘူး ဆိုတာခင်ဗျားတို့ လက်ခံကြပြီမဟုတ်လား"

"လက်ခံပါပြီ . . . ဒါဖြင့် ဦးဘတူက ဘယ်မှာလဲ ကိုနှင်းမောင် "

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



(ကျွန်ုပ်တို့အားလုံးမေးမြန်းလိုက်ခြင်းဖြစ်၏)

"ဦးဘတူက တခြားမှာ မဟုတ်ဘူး၊ ဟောဒီနံရံနောက်က အံ့ဝှက်ထဲမှာရှိတယ်။ ထွက်ခဲ့ပါ ဦးဘတူ၊ ခင်ဗျားဘယ်လိုပဲ ပုန်းပုန်းမလုံပါဘူး။ မြန်မြန်လေးထွက်ခဲ့စမ်းပါ"

ကိုနှင်းမောင်သည် နံရံဘက်သို့ကြည့်၍ ခေါ်လိုက်လေ၏။ တစ်ခန်းလုံးသည် အပ်ကျသံပင် ကြားရလုမတတ်တိတ်ဆိတ်၍ နေလေ၏။ အားလုံး၏ မျက်လုံးသည်လည်း နံရံဆီသို့သာလျှင် စိုက်ကြည့်၍ နေကြလေ၏။

"ကျွီ . . . ကျွိ . . . ကျွီ"

နံရံထက်ဆီမှ တကျွီကျွီမြည်လျက်နံရံ၏ ဘေးထောင့်မှ တံခါးတစ်ချပ်ပွင့်၍လာပြီးလျှင် လူတစ်ယောက် လက်မြှောက်ထွက်လာလေတော့သည်ကို အံ့ဩဖွယ်တွေ့မြင်ရလေသည်။

"ဟောဒါ ကျောက်စာဝန်ဟောင်းဦးဘတူပါပဲ" ဟု ကိုနှင်းမောင်က ပြောလိုက်လျှင် ထိုသူက လွန်စွာအေးချမ်း၍တည်ငြိမ်သော အသံဖြင့် . .

"ဟုတ်ပါတယ်ဗျာ ကျုပ်ဟာ ဦးဘတူဖြစ်ပါတယ်၊ ဆားပုလင်းနှင်းမောင်ရဲ့စွမ်းရည်ကိုတော့ နဂိုကတည်းက ကြားဖူးပါတယ်။ အခုတော့ ကိုယ်တိုင်ကြုံတွေ့ရပါပြီ" ဟုပြောလေသည်။

"ဟောဒီမှာသေနေတဲ့လူဟာ နဂါးနက်အသင်းဝင်အေးမောင် ဆိုတာမဟုတ်လား" ဟု ကိုနှင်းမောင်ကမေးလိုက်ရာ. .

"အစစ်ပေါ့ဗျာ၊ ကိုနှင်းမောင်ခင်ဗျာကိုတော့ချီးကျူးလို့မဆုံးတော့ပါဘူး၊ တစ်ဆိတ်လောက်ဒီအမှုကိုဘယ်ပုံဘယ်နည်းဖော်ထုတ်လိုက်တယ်ဆိုတာလေးကိုရှင်းပြနိုင်ရင်ရှင်းပြပါလား"

ဟူ၍ပင် တရားခံဖြစ်သူ ကျောက်စာဝန်ဟောင်းဦးဘတူ



www.burmeseclassic.com

www.burmeseclassic.com



က တောင်းဆိုလေ၏။ အမှတ်စင်စစ်အာဖြင့် တရားခံတို့သည်မိမိ ကိုမည်သို့မည်ပုံ သဲလွန်စရယူ၍ ဖမ်းဆီးလိုက်သည်ဟူသည့် လစုံထောက်တို့၏ ပြုမူ လှုပ်ရှားပုံကို မျှောဘောအားဖြင့် နားထောင် လိုစိတ်မရှိကြပေ။

သို့ရာတွင် ကျောက်စာဝန်ဟောင်းဦးဘတူကားထူးဆန်း သော တရားခံဖြစ်သည့်အလျောက် ထူးဆန်းသောစိတ်ရှိပေလိမ့် မည်။

ကျွန်ုပ်အပါအဝင်အခြားသောစုံထောက်များကလည်း ဦး ဘတူနှင့် ထပ်တူပင် ကိုနှင်းမောင်အား အမှုတစ်ခုလုံး ဖော်ထုတ် လိုက်ပုံကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပါသော်လည်း ဆက်စပ် ၍ တွေးခေါ်ပုံမှာမူ ၎င်းအနေနှင့်ရှင်းပြမှပင်သိနိုင်မည်ဖြစ်ရာ. .

"ဟုတ်ပါတယ် ကိုနှင်းမောင် စဉ်းစားတွေးခေါ်ပုံလေး တစ်ဆိတ်လောက် ရှင်းပြစမ်းပါဗျာ" ဟု ဝိုင်းဝန်း ပြောဆိုကြရလေ ၏။

**********

## ❖ အားပုလင်းနှင်းမောင်၏အတွေးအခေါ် သံကွင်းဆက်ကလေးများ

ကိုနှင်းမောင်သည် အလွန်ကြိုက်တဘ်သော ရေခဲတောင် ဘာဆိပ်စီးကရက်တစ်လိပ်ကိုထုတ်ယူ၍ မီးညှိလိုက်ပြီးလျှင် အောက် ပါအတိုင်း ပြောပြလေ၏။ ၎င်း၏ ပြောဆိုရှင်းလင်းပုံမှာသည် အသံသြ ဇာပြည့်ဝမှု၊ အကြောင်းအရာ ခိုင်လုံမှု၊ တစ်ဖက်သားအားဝင်စေရန် ပြောဆိုမှုတို့ကြောင့် စုံထောက်တစ်ဦးက အခြားစုံထောက်များအား

www.burmeseclassic.com



ရှင်းလင်းပြောကြားနေသည်နှင့်မတူဘဲ ပရော်ဖက်ဆာကြီးတစ်ဦး လက်ချာပေး၍ နေသည်ကဲ့သို့ လေးနက်တည်ကြည်လှပေသည်။

**********

## ❁ နိဒါန်းကို ဂရုစိုက်ရမယ်

"ဒီအမှုရဲ့ အရေးကြီးဆုံးအချက်ကတော့ နိဒါန်းပဲဖြစ်ပါတယ်။ နိဒါန်းဆိုတာဟာ ပြဿနာတစ်ခုရဲ့ အဆိုပဲဖြစ်တယ်။ တစ်နည်းပြောရရင်တော့ ပုစ္ဆာပါပဲ။ ပုစ္ဆာတစ်ခုကို ဖြေဆိုတော့မယ်ဆိုရင် မဖြေမီမှာ မိမိဖြေဆိုရမယ့် ပုစ္ဆာဟာ မှန်မမှန်စစ်ဆေးဖို့လိုပါတယ်။ ဒါကလေးကို သဘောပေါက်ဖို့အတွက် ရောမဧကရာဇ်ဝင်မှာရှိတဲ့ ပုံပြင်ကလေးတစ်ခုကိုပြောရပါလိမ့်မယ်။ ရောမဘုရင်တစ်ပါးဟာ တစ်နေ့မှာ ချိန်ခွင်တစ်ခုနဲ့ငါးရံ့အရှင်တစ်ကောင်ကို ကိုင်ပြီးတော့ သူ့ရဲ့ပညာရှိ မှူးမတ်တွေကို မေးခွန်းထုတ်တယ်" ဟု ကိုနှင်းမောင် ကအစချီလိုက်လေ၏။

"ဘယ်လိုမေးခွန်းများလဲ ကိုနှင်းမောင်" ဟု စုံထောက်ကိုစိန်လှ က စိတ်အားထက်သန်စွာမေးလိုက်ပေလေ၏။

"မေးခွန်းက ဒီလို၊ ငါးရံ့ဟာ အရှင်မှာချိန်ပြီးကြည့်တာထက်သေတဲ့အချိန်မှာချိန်ပြီးကြည့်လို့ရှိရင်အလေးချိန်ပိုပြီးစီးနေတာကိုတွေ့ရတယ်။ ဘာကြောင့်သေတဲ့အခါမှာ ပိုပြီးလေးသွားရတယ်ဆိုတာကိုပညာရှိ မှူးမတ်များက အကြောင်းအကျိုးနဲ့တကွဖြေဆိုရမယ်ဆိုတာပဲ"

"အဲဒါကလွယ်ပါတယ်ခင်ဗျာ၊ သေတော့ငါးရံ့ကိုယ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လေတွေမရှိတော့တဲ့အတွက်ပိုလေးသွားတာပေါ့" ဟု ကိုစိန်လှက မဲဆိုင်းမတွဖြေဆိုလိုက်လေ၏။

"သွေးတွေက လှည့်ပတ်မနေတော့တဲ့အတွက် လေးပြီးသွားတာပေါ့" ဟူ၍လည်း လွန်စွာထိပ်ပြောင်သော ဦးဖေခင်က ပါ ဖြေဆိုပြန်လေ၏။

ကိုနှင်းမောင်သည် တစ်ချက်မျှ ပါးခွက်ကလေးပေါ် ရုံပြုံးလိုက်ပြီးလျှင် . . .

"ခင်ဗျားတို့ အခုပေးတဲ့ အဖြေမျိုးတွေကို အဲဒီတုန်းက ဘုရင်ကြီးရှေ့မှောက်မှာရှိတဲ့ ပညာရှိ အမတ်ကြီးတွေကလည်း ပေးခဲ့ဖူးပါတယ်။ ဒါပေမယ့် အသက်အားဖြင့် အငယ်ဆုံးဖြစ်တဲ့ အမတ်ကလေးတစ်ယောက်ကတော့ လုံးဝဖြေဆိုခြင်းမပြုဘဲ ရေငုံနေတဲ့ အတွက် ဘုရင်ကြီးက အမတ်ကလေးသင်ကော ဘယ်လိုဖြေမလဲလို့ မေးလိုက်ပါတယ်"

"အဲဒီတော့ အမတ်ကလေးက ဘာများပြန်ပြောလိုက်သလဲ ကိုနှင်းမောင်" ဟု ကျွန်ုပ်က မေးမြန်းလိုက်လေ၏။

"အမတ်ကလေး အဖြေကတော့ ဒီပုစ္ဆာဟာ ငါးရံ့ကို အရှင်မှာချိန်တာထက်သေပြီးမှချိန်ရင် ပိုပြီးလေးတယ်ဆိုတဲ့ အဆိုကိုသက်သေထုတ်ခိုင်းတဲ့ပုစ္ဆာဖြစ်ပါတယ်။ ဒါကြောင့် သက်သေမထုတ်ခင်မှာ အဆို (နိဒါန်း) ဟာ မှန်ကန်မှုရှိမရှိ ပထမစစ်ဆေးလိုပါတယ်။ ဒီတော့ ငါးရံ့ကို အသက်ရှိလျက်မှာချိန်ကြည့်မယ်။ တစ်ခါ သတ်ပြီးတဲ့အခါအလေးချိန်ကို ပိုလာတာကိုတွေ့ရမှာ အဖြေပေးပါရစေလို့ ဘုရင်ကြီးကိုလျှောက်ထားတယ်။ ဘုရင်ကြီးကလဲခွင့်ပြုလိုက်တယ်။ အမတ်ကလေးဟာ ငါးရံ့ကို အရှင်မှာ ပထမတစ်ခါ ချိန်ကြည့်တယ်၊ သတ်ပြီးတဲ့အခါမှာချိန်ကြည့်ပြန်တယ်။

"အဲဒီလိုချိန်ကြည့်တဲ့အခါမှာ ဘုရင်ကြီးပြောသလို သေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါမှာ ပိုပြီးအလေးချိန်စီးတယ်ဆိုတာဟာ လုံးဝမဟုတ်ဘဲ အရှင်မှာဘဲချိန်ချိန် အသေမှာပဲချိန်ချိန် အလေးချိန်ဟာ အတူတူပဲဖြစ်နေတာကို တွေ့ရတဲ့အတွက် အဲဒီပုစ္ဆာကိုဖြေဆိုရန်မလိုတော့ပါဘူးလို့ အမတ်ကလေးကလျှောက်တင်လိုက်တယ်။"

"ဟင်'

ကျွန်ုပ်တို့အားလုံး 'ဟင်' ဟု တစ်ညီတညွတ်တည်း အသံပြုလိုက်ကြလေ၏။

"ဒီပုံပြင်ကလေးဟာ တွေးခေါ်ခြင်းကိစ္စအတွက် အလွန်ပဲ အထောက်အကူပြုတဲ့ပုံပြင်ကလေးဖြစ်ပါတယ်။ ဒါကြောင့်ဖီလိုဆိုဖီခေါ်တဲ့ အတွေးအခေါ် ပညာရပ်မှာ နိဒါန်းမှန်မှ နိဂုံးမှန်မယ် (အမေးမှန်မှ အဖြေမှန်မယ်) ရယ်လို့ ဆောင်ပုဒ်တစ်ခုရှိနေပါတယ်။ အခုဒီအမှုမှာလည်း ဒီဆောင်ပုဒ်ဟာ မကျိုးပါဘဲကျုပ်တို့အားလုံးဟာ ကျောက်စာဝန်ဟောင်းဦးဘတူတစ်ယောက်သေနတ်ပစ်ခံရတယ်ဆိုတဲ့ တိုင်ချက်အရ ဒီအိမ်ကြီးကိုရောက်ခဲ့ကြပါတယ်။ ဟောဒီမျက်နှာအထက်ပိုင်တစ်ခြမ်းလုံး စုတ်သွားအောင်သေနတ်မှန်ပြီးသေနေတဲ့အလောင်းကိုတွေ့ရတယ်။ ဦးဘတူဆိုတဲ့လူကိုလဲ ကျုပ်တို့ဟာ တစ်ကြိမ်တစ်ခါမှ မြင်ဖူးကြတာမဟုတ်ဘူး။ ဒါပေမယ့် တိုင်ချက်အရ ဟောဒီမှာ သေနေတဲ့ လူကို ဦးဘတူရယ်လို့ ကျုပ်တို့က သေချာပေါက်မှတ်ထင်ထားကြတယ်။ အဲဒါတာမှားတာပဲ၊ သေနတ်ပစ်ခံရသူဟာ တိုင်ချက်အတိုင်း ဦးဘတူဟုတ်မဟုတ် ပထမစဉ်းစားဖို့လိုတယ်။ ဦးဘတူတကယ်အသတ်မခံရဘဲဦးဘတူသတ်တဲ့တရားခံကို ကျုပ်တို့ဟာ လိုက်ရှာနေကြမယ်ဆိုရင်ဒီလောကမှာ မရှိတဲ့အရာကို လိုက်ပြီးရှာနေကြတာမို့ ဘယ်တော့မှ တွေ့နိုင်မှာ မဟုတ်ပါဘူး"

"ဖြောင်း . . . . ဖြောင်း . . . ဖြောင်း" လက်ခုပ်တီး၍



www.burmeseclassic.com

www.burmeseclassic.com



ပြသပေးကြလေ၏။ ထိုအထဲတွင် ဦးဘတူနှင့် ကိုဖေသိန်းတို့သည် ပင် ဝင်ရောက်၍ လက်ခုပ်ပြသပေးသည်ကိုတွေ့မြင်ရလေ၏။

**********

## ● စကားမပြောသောသက်သေ

ကိုနှင်းမောင်သည် စီးကရက်တိုကို ပစ်ချ၍ နောက်ထပ် အသစ်တစ်လိပ် သောက်ပြန်လေ၏။

ထို့နောက်ဆက်ပြောပြန်သည်မှာ ..

"ဒီအလောင်းဟာ ဦးဘတူရဲ့အလောင်း ဟုတ်မဟုတ် ပထမ သိအောင်လုပ်ရပါမယ်။ ဒီလိုလုပ်တဲ့အခါမှာ သက်သေကို အသုံးပြုရမယ်။ အမှုတိုင်း အမှုတိုင်းမှာ (Mute Evidence)လို့ခေါ်တဲ့ စကားမပြောတတ်တဲ့ သက်သေနဲ့ (Oreal Evidence)လို့ခေါ်တဲ့ စကားပြောတတ်တဲ့သက်သေရယ်လို့ရှိပါတယ်။ စကားပြောတတ် တဲ့သက်သေကတော့ ဒီအမှုမှာဆိုရင် ဦးဖေသိန်းရယ်၊ ဒေါ်မြင့်မြင့် ရယ်၊ ဒေါ်ငြိမ်းရယ်၊ ထမင်းချက် ကျော်စိန်ရယ်ဖြစ်ပါတယ်။ စကား ပြောတတ်တဲ့ သက်သေဆိုတာဟာ လူတွေဖြစ်တဲ့အတွက် လူ့သဘာ ဝအရ ချစ်ရင်ချစ်သလို မချစ်ရင်မချစ်သလို ထွက်ဆိုလေ့ရှိတဲ့ အတွက် ကျုပ်တို့လို အမှုမှန်ပေါ်စေချင်တဲ့စုံထောက်တွေအဖို့တော့ တယ်ပြီး အသုံးမဝင်ပါဘူး။ ဒီအမှုမှာ စကားပြောတတ်တဲ့ သက်သေ တွေရဲ့ ပြောဆိုချက်အတိုင်းသာ ကျုပ်အနေနဲ့လိုက်မိရင် ဦးဘတူ မသေဘဲနဲ့ ဦးဘတူကိုသတ်တဲ့ တရားခံကို ခင်ဗျားတို့နည်းတူ လိုက်ပြီး ရှာမိမှာပါပဲ"

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပေ့ဗျာ၊ ဒါကြောင့်လဲ ဆားပုလင်းနှင်းမောင် ဆားပုလင်းနှင်းမောင်ရယ်လို့ ကျော်ကြားပေတာပဲ" ဟု ကိုဖေသိန်းက စိတ်လိုက်မာန်ပါ ထောက်ခံလိုက်လေ၏။

ကိုနှင်းမောင်သည်စီးကရက်ပြာကို လက်ခလယ်နှင့်တောက်ခြွေလိုက်ပြီးလျှင် အောက်ပါအတိုင်း ဆက်၍ပြောပြန်၏။

"ဒီအမှုမှာ (Mute Evidence)လို့ခေါ်တဲ့ စကားမပြောတတ်တဲ့ သက်သေတွေကို အားကိုးခဲ့ရတယ်။ အဲဒီ သက်သေတွေကတော့ အလောင်းရဲ့ မေးစေ့မှာ ကပ်ထားတဲ့ ဖယောင်းချက်ဝိုင်းကလေးဟာ အရေးကြီးတဲ့အချက်ပဲ။ ကျော်စိန်ရဲ့ ပြောပြချက်အရ ဖယောင်းချက်ဝိုင်းကလေးဟာ ဦးဘတူရဲ့ မေးစေ့မှာ သွေးစုနာကလေး ပေါက်နေလို့ ကပ်ထားတယ်လို့ဆိုတယ်။ ကျုပ်စစ်ကြည့်တဲ့အခါမှာ သွေးစုနာကို မတွေ့ရကတည်းက ဒီအလောင်းဟာ ဦးဘတူရဲ့အလောင်းဟာ ဦးဘတူရဲ့အလောင်း မဟုတ်ဘူးဆိုတာသိရတယ်။ ပြီးတော့ ဦးဘတူ ကျောက်စာချပ်တွေနဲ့ ရှေးဟောင်းပစ္စည်းတွေထားတဲ့ နေရာကိုဝင်ပြီးကြည့်တဲ့အခါမှာ ဦးဘတူရဲ့ ပြုစုလက်စကျမ်းတစ်စောင်ကို တွေ့ရတယ်။ အဲဒီကျမ်းမှာ အိန္ဒိယပြည်မှာရှိတဲ့ ကျောက်စာတွေကို အတော်လေး ကိုးကားရေးသားထားတာတွေ့ ရတယ်။ ဒါကြောင့်ဦးဘတူရဲ့ စာအုပ်ဗီရိုထဲက ဖိုင်တွဲတွေ၊ ဒိုင်ယာ ရီတွေကို လှန်လှောကြည့်တဲ့အခါမှာ ဦးဘတူဆိုတဲ့နာမည်ကို မတွေ့ ရဘဲ အိန္ဒိယပြည် ကျောက်စာဌာနမှာ အမှုထမ်းခဲ့တဲ့လက်ထောက်ကျောက်စာဝန် ဦးစိန်လျှောင်ရဲ့ အမည်ကိုသာ တွေ့ရတယ်။ ဒီတော့ ဦးဘတူဟာ ဦးစိန်လျှောင်ဆိုတဲ့လူဖြစ်ရမယ်လို့တွေးနိုင်တယ်။ ဒါဖြင့်ရင်ဘာဖြစ်လို့ နာမည်ပြောင်းထားတာလဲ၊ နာမည်ပြောင်းထားတဲ့ ရည်ရွယ်ချက်ဟာဇာတ်မြှုပ်ချင်တဲ့ ရည်ရွယ်ချက်ပဲ။ လူတစ်ယောက်ဟာ ဇာတ်မြှုပ်ချင်တယ်ဆိုတာ အရင်က ဆက်ဆံခဲ့တဲ့လူတွေကို



www.burmeseclassic.com

www.burmeseclassic.com



အဆက်ဖြတ်ချင်တဲ့သဘောပဲ မဟုတ်လား"

"သိပ်ပြီးဟုတ်တာပေါ့ ဆားပုလင်းနှင်းမောင်ရယ်"ဟု ဦးဘတူကိုယ်တိုင်ဝင်ရောက် ထောက်ခံလေ၏။

ကိုနှင်းမောင်သည်စီးကရက်ကို ရှိုက်ဖွာလိုက်ပြီးနောက် ဆက်၍ပြောပြန်သည်မှာ . . .

"ဦးဘတူခေါ် ဦးစိန်ထျောင်ရဲ့ မှတ်စုတစ်ခုမှာ လက်စွပ်တွေအကြောင်းကို အသေးစိတ် ရေးမှတ်ထားတာကို တွေ့ရတဲ့ အပြင် ဒိုင်ယာရီအဟောင်းတစ်ခုမှာ လက်စွပ်လုပ်တဲ့နေ့စွဲနှစ်ခု တွေ့ရတယ် ဒီတော့ ဦးဘတူမှာ လက်စွပ်နှစ်ကွင်းရှိရမယ်လို့ သတိပြုမိတယ်"

"စေ့စပ်ပါပေတယ်လို့"ဦးဖေခင်ကပြောလေ၏။

"အလောင်းကို ကြည့်တဲ့အခါမှာ မျက်နှာအထက်ပိုင်းကို သေနတ်မှန်ထားတာကပို တွေ့ရတဲ့အပြင် အလောင်းရဲ့ နောက်စေ့မှာ ရှည်လျာတဲ့ ဒဏ်ရာတစ်ခုကိုပါတွေ့ရတယ်။ ဒါကို အင်္ဂလိပ်လိုတော့ (Triling of the wound ) ဒဏ်ရာရဲ့ အမြီးလို့ ခေါ်ပါတယ်။ ဒဏ်ရာရဲ့ အမြီးရှိတဲ့ဘက်က ဒဏ်ရာကို ဖြစ်ပေါ်စေတဲ့လူ နေတဲ့ဘက်ဖြစ်ပါတယ်။ ဒီတော့ အခုတိုင်းဆိုင်ရင် အလောင်းဟာ ပြတင်းပေါက်ကိုကန့်လန့်ဖြတ်လဲနေတာ ဖြစ်တဲ့အတွက် ဒီဒဏ်ရာကိုဖြစ်အောင်လုပ်လိုက်တဲ့ ဦးဘတူဟာ ဒဏ်ရာရဲ့ အမြီးရှိတဲ့ဘက်ဆိုတော့ ပြတင်းပေါက်ရဲ့ ဟိုဘက်နားဆီကနေ ဓားနဲ့ခုတ်လိုက်ခြင်းဖြစ်ပါတယ်။"

"ဟုတ်ပါတယ်ခင်ဗျ"ဦးဘတူက လိုက်လိုက်လှဲလှဲထောက်ခံလိုက်ခြင်းဖြစ်ပေသည်။

"လူသတ်သမားဟာ ဦးဘတူသတ်ဖို့ ဟောဒီသေနတ်ပြောင်းတိုနဲ့ ပြတင်းပေါက်ကနေ ကျော်ပြီးဝင်ခဲ့တယ်။ ဒါကိုသတိ



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ဦးဘတူက ပြတင်းပေါက်ဘေးမှာ အသာကလေးကွယ်ပြီးရပ်လိုက်ပြီး၊ ဓားနဲ့နောက်စေ့ကိုခုတ်ချလိုက်တာဖြစ်တယ်။ ဓားနဲ့ခုတ်လို့ လဲသွားတဲ့အခါကျမှ လူသတ်သမားရဲ့ သေနတ်ကိုယူပြီးမျက်နှာကို ပစ်ချလိုက်တာဖြစ်တယ်။ အဲဒီသေနတ်သံကြောင့် ကိုဖေသိန်းနဲ့ မမြင့်မြင့်တို့ ပြေးတက်လာတယ်။ ကျော်စိန်ကတော့ ဟိုမီးဖိုခန်းမှာ အိပ်တာလဲဖြစ်တယ်။ အခန်းကလဲလုံတော့ မကြားလိုက်ရဘူး။ မငြိမ်းခေါ်တဲ့ အဒေါ်ကြီးကတော့ အခန်းကလဲနီးတော့ သေနတ်သံကိုကြားတယ်။ ဒါပေမယ့်လို့ သေနတ်သံရယ်လို့မထင်ဘူး။ ဦးဘတူအခန်းတံခါးကို ဆောင့်ပြီးပိတ်လိုက်တယ်လို့ပဲထင်နေရှာတယ်"

"မှန်ပါပေတယ်ခင်ဗျာ၊ ဆက်ပြီး အမိန့်ရှိပါဦး" ဟု ဦးဖေသိန်းက ပြောလေ၏။

"အဲဒီအခါမှာ လူသတ်သမားရဲ့အဝတ်အစားတွေကို ချွတ် ဦးဘတူရဲ့ အဝတ်အစားတွေကိုဝတ်ပေး၊ မေးစေ့နားမှာ ဖယောင်းချက်အပိုင်းကလေးပါကပ်ပေး၊ ဒါတွေလုပ်တာကတော့ အားလုံးအဆင်ပြေတယ်။ ဦးဘတူအတွက် အခက်အခဲတွေ့တာကတော့ အလောင်းမှာ လက်စွပ်ဝတ်ပေးဖို့ကိစ္စပဲ၊ ဦးဘတူရဲ့ လက်သူကြွယ်မှာလက်စွပ်နှသစ်ကွင်းဝတ်ထားတယ်။ ရိုးရိုးလက်စွပ်က အောက်က၊ နဝရတ်လက်စွပ်က အထက်ကဝတ်ထားတယ်။ လက်စွပ်ကိုချွတ်တဲ့အခါမှာ နဝရတ်လက်စွပ်က လွယ်လွယ်ကူကူချွတ်လို့ရပေမယ့် ရိုးရိုး လက်စွပ်က ကျပ်နေတဲ့အတွက် ချွတ်လို့မရဘူး၊ ဒါကြောင့် နဝရတ်လက်စွပ်ကိုပဲ အလောင်းမှာ ဝတ်ပေးလိုက်ရတယ်။ လက်စွပ်လုပ်ပုံအကြောင်း မှတ်စုစာအုပ်မှာ တွေ့ကတည်းက ဦးဘတူရဲ့လက်မှာဆိုရင် ထူးထူးခြားခြားလက်စွပ်နှစ်ကွင်းတော့ရှိရမယ်လို့ ကျုပ်ရဲ့ခန့်မှန်းချက်ဟာ ဒီနေရာမှာတော်တော်အထောက်အကူပြုနေတယ်"

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြီးရှင်းပါဦးခင်ဗျာ" ဟု ဦးဖေသိန်းက ပြောလိုက်ခြင်းဖြစ်လေ၏။

"ဘာများကျန်တော့လို့လဲဦးဖေသိန်း၊ ခင်ဗျားကလူသတ်သမားရဲ့ အဝတ်အစားတွေကိုယူပြီး ဟောဒီ ပြတင်းပေါက်ပေါ်က အောက်ကိုဆင်းတယ်။ ပြတင်းပေါက်ဘောင်ပေါ်မှာ သွေးစွန်းနေတဲ့ ခြေရာရယ်၊ ဝင်းခြံအုတ်နံရံမှာ တွယ်ပြီးတက်ထားတဲ့ သွေးစွန်းနေတဲ့ ခြေရာဟာ ခင်ဗျားရဲ့ ခြေရာတွေပဲ၊ လူသတ်သမားက ဦးဘတူကို သတ်ပြီးထွက်ပြေးတယ်ထင်အောင် ခင်ဗျားလုပ်ထားတာတွေပဲ၊ ဟောဒီခြေရာကိုကျုပ်တိုင်းကြည့်ပြီးပြီ။ ၉ - လက်မမတ်တင်းရှိတယ်။ အဲဒီခြေရာကို စနဲ့မြှောက်လိုက်ရင် ၅-ပေ ၁၀-လက်မရတယ်။ အဲဒါခင်ဗျားရဲ့ အရပ်အမြင့်ကို ဖော်ပြတာပဲ"

"ဟင်"

ကိုဖေသိန်းသည် ဟင်တစ်လုံးတည်းသာထွက်နိုင်လေတော့၏။

ကျွန်ုပ်တို့အားလုံးလည်း ကိုဖေသိန်းနှင့်ထပ်တူအံ့သြမိကြလေ၏။

"ခင်ဗျားက လူသတ်သမားရဲ့ အဝတ်အစားတွေကိုယူပြီး ဟောဟိုမီးဖိုက ဖိုခုံလောက်တစ်လုံးနဲ့ပတ်ပြီး ဝင်းအပြင်က ချောင်းထဲကို ပစ်ချလိုက်တယ်။ အဲဒီလိုအစစ ပြည့်စုံအောင်လုပ်ပြီးတော့မှ ဦးဘတူကို အံထိုးတံခါးထဲမှာဝှက်၊ ပြီးတော့ ထမင်းချက်ကျော်စိန်ကို ခေါင်းလောင်းကြိုးကိုဆွဲပြီးနှိုးလိုက်တယ်။ အဲဒီလိုလုပ်တဲ့အချိန်ဟာ အားလုံး ၂၅- မိနစ်လောက်ကြာတယ်"

"ကိုနှင်းမောင်ပြောတဲ့အတိုင်းတစ်သဝေမသိမ်း လုပ်ခဲ့ပါတယ်၊ ဒါပေမယ့်လို့ ကျုပ်တို့ကိုယ်တိုင် ဘယ်နှစ်မိနစ်ကြာသွားတယ်ဆိုတာတော့ သတိမပြုမိပါဘူး။ ကိုနှင်းမောင်ဘယ်နည်းနဲ့သိနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



သလဲ" ဟု ဦးဘတူမေးလိုက်၏။

"ဒေါ်ငြိမ်းဟာ မအိမ်ခင်မှာ ပုတီးစိပ်လေ့ရှိတယ်လို့ပြော တယ်။ သူစပြီးပုတီးစိပ်တဲ့အချိန်မှာ ဦးဘတူအခန်းက တံခါးဆောင့် ပိတ်သံကြားတယ်လို့ဆိုထားပြန်တယ်။ အမှန်ကသူကြားရတာ ဆေ နတ်သံဖြစ်တယ်။ တစ်ခါ ပုတီးစိပ်ပြီးလို့ အိပ်မလို့လုပ်တဲ့အခါကျမှ ကျော်စိန်က လာနှိုးတယ်လို့ ထွက်ဆိုထားတယ်။ ဒီတော့ခင်ဗျားတို့ ပြင်ဆင်လုပ်ကိုင်နေတဲ့ အချိန်ဟာဒေါ်ငြိမ်းပုတီးစပြီးစိပ်တဲ့အချိန် နဲ့ ပုတီးပတ်ပြည့်သွားတဲ့အချိန်ထိပဲဖြစ်တယ်။ ဒေါ်ငြိမ်းစိပ်တဲ့ ပုတီး စိပ်ဟာ နမောတဿကို အပိုင်းပိုင်း ပိုင်းပြီး စိပ်တယ်လို့ ဒေါ်ငြိမ်း က ပြောထားပြန်တယ်။ အဲဒီနမောတဿဟာ ပုတီးစိပ်ရင် မိနစ် နှစ်ဆယ်နဲ့ အစိပ်အတွင်းမှာကြာတယ်"

"တော်ပါပေတယ် ကိုနှင်းမောင်"

ကိုနှင်းမောင်ကို ချီးမွမ်းရမည်ကို ချောင်းဆိုးသွေးပါရောဂါ ဖြစ်မည်ထက်ပင် ကြောက်ရွံ့လေ့ရှိသော စုံထောက်ကိုစိန်လှသည် ပင်လျှင် ယခုအကြိမ်၌ ကိုနှင်းမောင်အားလှိုက်လှိုက်လှဲလှဲထောက် ခံလိုက်လေ၏။

"ဒီအိမ်ကြီးထဲမှာပဲ ပုန်းနေလိမ့်မယ်ဆိုတာကတော့၊ ဒီအိမ် ကြီးဟာ ဟိုနှစ်ပေါင်းများစွာက မြင်ကွန်းမင်းသားကြီး အရေးတော် ပုံ ရှုံးနိမ့်လို့ ဆေးဂုံမြို့ကို ထွက်ပြေးတိမ်းရှောင်မှုမပြုမီမှာ ဒီအိမ်ကြီး ရဲ့ လျှို့ဝှက်ချက်ပုံစံကို ဦးဘတူရဲ့ကျောက်စာချပ်တွေထားတဲ့ အခန်း က စာအုပ်တစ်အုပ်ကြားမှာ တွေ့ခဲ့ရတယ်။ ဟောဒီအခန်းထဲမှာ ကော်ဖီစက်ကလေးကို ပရွက်ဆိတ်တက်နေတာက ထောက်ခံပါ တယ်။ ကိုဖေသိန်းဟာ ဦးဘတူဆာနေမှာစိုးတဲ့အတွက် ကျုပ်တို့ မလာခင်လေးမှာဘဲ ကော်ဖီတစ်ခွက်ယူလာပြီး ဦးဘတူကိုတိုက်ခဲ့ ပါတယ်။ ကဲဘာများမေးစရာ၊ ငြင်းချက်ထုတ်စရာရှိပါသေးသလဲ"

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ၊ ငြင်းချက်လဲ ထုတ်စရာ မကျန်တော့ပါဘူး။ ကျုပ်တို့လုပ်ကိုင်နေတာကို ထိုင်ပြီးကြည့်နေတဲ့အတိုင်းပါပဲ၊ အပိုအလိုတစ်ကွက်ကလေးမှ မရှိပါဘူး။" ဆားပုလင်းနှင်းမောင်" ဟု တရားခံဖြစ်သူဦးဘတူ ကိုယ်တိုင်က ချီးကျူးလေတော့၏။

"အိုင်ဆေး. . . . ကိုနှင်းမောင်. . . . ခင်ဗျားရဲ့တွေးခေါ်ပုံကတော့ အပစ်အနာအဆာမရှိတဲ့ သံကွင်းကလေးတွေလိုပါပဲ။ အဲဒီသံကွင်းကလေးတွေကို ဆက်လိုက်တော့ အလွန်ပဲ ခိုင်မာတောင့်တင်းတဲ့ သံကြိုးကြီးတစ်ချောင်းဖြစ်သွားတယ်" ဟု ကျွန်ုပ်ကပြောဆိုလိုက်ရာ . . .

"ဘယ်ကလာ သံကြိုးရမှာလဲ ရွှေကြိုးကြီး၊ စိန်ကြိုးကြီးဗျ၊ တကယ်အဖိုးတန်တဲ့ ဆင်ခြင်တွေးခေါ်မှုကို သံကြိုးရယ်လို့ ဦးအောင်သင်းရယ် . . ရိုင်းလိုက်တာဗျာ။ ဟဲ. . . ဟဲ"ဟု အိုင်ပီဦးကိုကိုကြီး၏အသံထွက်လာသဖြင့် လှည့်ကြည့်လိုက်ရာ ဦးကိုကိုကြီးနှင့်အတူစုံထောက်မင်းကြီး မစ္စတာရှပ်တဲဝပ်ပါတစ်ဖန်ပြန်လည်၍ ရောက်ရှိလာသည်ကိုတွေ့ရလေ၏။

မစ္စတာရှပ်တဲဝပ်သည် ကွန်ဂရက်ကျူလေးရှင်း(ချီးကျူးပါတယ်) (ဂုဏ်ယူပါတယ်) ဟူသော စကားများအဆက်မပြတ်ပြော၍ ဆားပုလင်းနှင်းမောင်အားလက်ဆွဲနှုတ်ဆက်နေသည်မှာ တော်ေ ာ့လူဆိုလျှင် လက်မောင်းပင်ပြုတ်ကျထွက်သွားဖွယ်ရာရှိလေတော့၏။

"ဦးဘတူခေါ် ကိုစိန်လှော်င် မြှောက်ထားတဲ့လက်တွေကို အောက်ချနိုင်ပါပြီ၊ ခင်ဗျားကိုလာသတ်တဲ့ (အလောင်းကို လက်ညှိုးထိုးလျက်) ဟောဒီကောင်ဟားနင်္ဂါးနက်အသင်းဝင် အေးမောင်မဟုတ်လား။ ဘာကြောင့်ဒီလိုမေးရသလဲဆိုတော့ ခင်ဗျားရဲ့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ် မြင့်မြင့်က ခင်ဗျားနေမကောင်းတုန်းက ကယောင်ကတမ်းနဲ့ ပြောတဲ့အထဲမှာ ကြံ့တိတ်နဲ့အေးမောင်ဆိုတဲ့နာမည်တွေပါတယ်လို့ ပြောတယ်၊ ကြံ့တိတ်ကတော့ ထောင်ထဲမှာသေပြီလို့ကျုပ်သိထား တယ်။ ဒီတော့ဒီကောင်ဟာအေးမောင်ဖြစ်ရမယ်"

"ဟုတ်ပါတယ်ကိုနှင်းမောင်၊ ဒီကောင်ဟာအေးမောင်ပါပဲ"

ထိုအချိန်၌ အလောင်း၏ဘေးတွင် ဟော်တယ်လိပ်စာကတ် ပြားကလေးကိုတွေ့ရှိ၍ ဟော်တယ်သို့သွားရောက်စုံစမ်းရန်ထွက် သွားသော စုံထောက် ကိုအောင်မြင့်သည် ရေးကြီးသုတ်ပျာနှင့် ရောက်ရှိလာ၍ မစ္စတာရှပ်တဲဝပ်အား ဆလံပေးကာ အောက်ပါစကား ကို အင်္ဂလိပ်ဘာသာဖြင့် ပြောလေ၏။

"တရားခံကို ခြေရာခံဖို့ရာ မခက်တော့ပါဘူး။ ဟော်တယ် ကပြောလိုက်တယ်။ သူတို့ဟော်တယ် အခန်းနံပါတ်( )မှာ တည်းခို တဲ့လူဟာ မနေ့ညနေက ထွက်သွားတယ်လို့ ပြောတယ်၊ အရပ်မြင့် မြင့်၊ အသားဖြူဖြူလို့လဲ ပြောတယ်၊ ဟော်တယ်စာရင်းမှာ အောင် မြတ် . . မိုးကုတ်လို့စာရင်းသွင်းထားပါတယ်။ ဒါလောက်သဲလွန်စ ရနေမှပဲ တရားခံကိုမိဖို့မခက်တော့ပါဘူး။ ဒီကနေ့ပဲ မိုးကုတ်ကို ကျွန်တော်လိုက်သွားပါ့မယ်"

စုံထောက်ကိုအောင်မြင့်၏ စကားကိုနားထောင်၍ လွန်စွာ ကြေနပ်ကြီးသော မစ္စတာ ရှပ်တဲဝပ်သည်ပင်လျှင် မျက်ရည်များထွက် လုမတတ် ဟက်ဟက်ပက်ပက်ရယ်မောလေ၏။

ကျန်သော သူများကလည်း ကိုအောင်မြင့်ကို ဝိုင်းဝန်း ရယ်မောကြလေ၏။ ကိုအောင်မြင့်သည် အခြောက်တိုက်အလှောင် အပြောင်ခံလိုက်ရသဖြင့် စိတ်ဆိုးသော်လည်း မင်းကြီးကိုယ်တိုင်က ရယ်မောနေသည်ဖြစ်၍ စိတ်ဆိုးကြောင်းလည်းမပြဝံ့ဘဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ ခင်ဗျားတို့ဘာကြောင့် ဒါလောက်ရယ်နေကြတာလဲ၊ မိုးကုတ်မှာ တရားခံကို သွားဖမ်းမယ်ဆိုတဲ့စကားမှာ ရယ်စရာများပါလို့လား"

ကျွန်ုပ်တို့အား ခပ်ငေါက်ငေါက်မေးလိုက်လေ၏။

"ရယ်စရာကောင်းပြီလား ကိုယ့်လူရယ်။ ဒါထက်ရယ်စရာကောင်းတာဘာရှိသေးလဲ။ ကျုပ်တို့ရှိလို့၊ မရှိရင်လား ခင်ဗျားကို ဟောဟိုတရားခံကြီးက ပြန်ပြီးဖမ်းလိုက်လိမ့်မယ်" ဟု ဦးကိုကိုကြီးက မျက်လုံးပြူး၍ ဦးဘတူဘက်ကို လက်ညှိုးဖြင့်ညွှန်ပြလိုက်လေ၏။

"တရားခံမိပြီလား၊ ကိုနှင်းမောင် လက်ချက်ပဲထင်တယ်"

"ကိုအောင်မြင့် ဒါတော့မှန်တယ်၊ ဆားပုလင်းနှင်းမောင်ရဲ့လက်ချက်ပဲ"

"တရားခံမိတာမြန်လှချေလားဗျာ"

"ဒါတောင် ကျုပ်တို့ ခင်ဗျားတို့စုံထောက်တွေကိုအားနာလို့ ဆားပုလင်းနှင်းမောင်က ဒီအချိန်လောက်မှ ဖမ်းပြလိုက်တာ၊ နို့မို့ဆိုရင် လာပြီးခေါ်ပြီးကတည်းက တရားခံဘယ်သူဖြစ်တယ်ဆိုတာ သူကသိချင်သိနေမယ့်လူဗျ"

ဦးကိုကိုကြီးစကားကြောင့် ထပ်မံရယ်မောရပြန်လေ၏။

ဤအကြိမ် ရယ်မောမှု၌မူ ကိုနှင်းမောင်ပါဝင်ရောက်ရယ်မောလေတော့၏။

ကျောက်စာဝန်ဟောင်း ဦးဘတူ၏ အမူသည်ကားဤသို့ ရယ်မော ပျော်ရွှင်စွာဖြင့် အဆုံးသတ်လေတော့၏။

"ကဲ .. ဦးဘတူခင်ဗျားရဲ့ရန်သူက မန်ကျည်းပင်ကြီးအောက်မှာ ရေတွင်းတူးမယ့်သူတွေယောင်ဆောင်ပြီးစောင့်နေကြတာ ခုနကတင်ကလေးမှ ပျောက်သွားကြတာ။ ဒီတော့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ဒီလူတွေရဲ့နောက်ကို လိုက်ရဦးမယ်။ ခင်ဗျားအမှုက မိမိ
ကိုယ်ကို ခုခံပိုင်ခွင့်အရ သေစားတော့သေရမယ်မဟုတ်ပေဘူး
ရုံးကျမှပဲ ရှေ့နေကောင်းကောင်းနဲ့ လျှောက်လဲယူပေတော့" တု
ကိုနှင်းမောင်ကပြောလိုက်လျှင် ဦးဘတူက . . .

"စိတ်ချပါ ဆားပုလင်းနှင်းမောင်၊ ကျုပ်ရဲ့နောက်ကြောင်း
ရာဇဝင်တွေကို တစ်လုံးမကျန်ပြောပြပါ့မယ်။ တချို့ကိစ္စတွေဟာ
အလွတ်ပြောလို့မဖြစ်ပါဘူး။ မှတ်စုတွေ၊ ပေစာထုပ်တွေ၊ ကျောက်စာ
မင်စာတွေနဲ့ဆက်စပ်နေပါတယ်။ ဒါကြောင့်ကျုပ်ရဲ့ ကျောက်စာနဲ့
ရှေးဟောင်းပစ္စည်းတွေထားတဲ့အခန်းမှာ ဖြောင့်ချက်ပေးပါရစေ"
ဟု ဦးဘတူကခွင့်တောင်းလိုက်လေ၏။

ကျွန်ုပ်တို့အားလုံးသည် ဦးဘတူနှင့်အတူ အောက်ထပ်ရှိ
ရှေးဟောင်းပစ္စည်းများထားသောအခန်းသို့ဖြောင့်ချက်ယူရန် ဆင်း
သက်ခဲ့ကြလေတော့သည်။

အောက်တွင် ဖော်ပြလတ္တံ့သောအကြောင်းအရာတို့မှာ
ကျောက်စာဝန်ဟောင်း ဦးဘတူခေါ် ဦးစိန်လျှောင်၏ နှုတ်မှ ထုတ်
ဖော်ပြောပြချက်များအပြင် ၎င်း၏ မှတ်စုများ၊ ၎င်းနှင့်ဆက်သွယ်
ပတ်သက်နေသည့်ပေစာထုပ်များ၊ ကျောက်စာများကို အထောက်
အထားပြု၍ ရေးသားထားသောမှတ်တမ်းရှည်ကြီးတစ်စောင်သာလျှင်
ဖြစ်ပေသည်။

အမှန်အားဖြင့် မှတ်တမ်းမူရင်းအတိုင်း တင်ပြရန် ဖြစ်
သော်လည်း ထိုအတိုင်းတင်ပြခဲ့ပါမူ ရှေးကျသော ပုလိပ်မှတ်တမ်း
ကြီးကိုသာ ဖတ်ရှုရမည်ဖြစ်ရာ စာဖတ်သူတို့အား နှိပ်စက်ဘိ သကဲ့
သို့ရှိပေလိမ့်မည်။

ထို့ကြောင့်ကျွန်ုပ်သည် ထိုမှတ်တမ်းကြီး၏ မူရင်းကိုမထိ



www.burmeseclassic.com

www.burmeseclassic.com



ခိုက်စေဘဲ ဝတ္ထုသဖွယ် အဖြတ်အတောက်၊ အထားအသိုများကို ပြင်ဆင်၍ အချို့နေရာ၌ ရှေးကျသော ဝါကျတည်ဆောက်ပုံတို့ကို လည်းကောင်း၊ အသုံးအနှုန်း ဝေါဟာရများကိုလည်းကောင်း အနည်း ငယ်ပြောင်းလွဲ၍ ဖော်ပြလိုက်ခြင်းဖြစ်ပေသတည်း။

စာရေးသူ

**********



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

### ကျွန်ုပ်နှင့် ဦးဝွမ်တီ

ကျွန်ုပ်၏နာမည်ရင်းမှာ စိန်လျောင်ဟူ၍ဖြစ်၏။ ကျွန်ုပ်၏ ဖခင်သည် ပြည်ကြီးပေါက် တရုတ်အစစ်ဖြစ်သကဲ့သို့ ကျွန်ုပ်၏ မိခင်မှာလည်း မအူပင်အပိုင် 'မလက်တို' ရွာသူမြန်မာအစစ်ဖြစ် ပေရာ ကျွန်ုပ်၌ တရုတ်သွေးနှင့်မြန်မာသွေး ဆတူခန့်ရှိလေ၏။

ကျွန်ုပ်ကလေးဘဝ၌ ကျွန်ုပ်၏ဖခင်သည် မအူပင်မြို့၌ ကုန်စုံဆိုင်ကြီးတစ်ဆိုင် ဖွင့်လှစ်၍ ရောင်းချခဲ့ဖူး၏။ ၎င်းကုန်စုံ ဆိုင်ကြီးမှာ မအူပင်မြို့မှသာလျှင်မဟုတ်ဘဲ၊ ရေလဲ၊ အလန်း ပန်တပွတ်စသော ကျေးရွာများမှပင်လာရောက်ဝယ်ခြမ်းရသော ဆိုင်ကြီးဖြစ်၍ ချိန်တွယ်ရောင်းချပေးရသော အလုပ်သမား လေးယောက်နှင့် ထမ်းပိုးပေးရသော ကူလီနှစ်ယောက်ပင် ငှားရမ်း ထားရလေ၏။

ထိုအလုပ်သမားများနှင့် ကျွန်ုပ်တို့မိသားစု စားသောက်ရန် အတွက် ထမင်းချက်တစ်ဦးကိုလည်း ငှားရမ်း၍ ထားရှိ၏။ ကျွန်ုပ် သည် ထိုစဉ်က ကျွန်ုပ်ဖခင်၏ဆိုင်၌အလုပ်လုပ်ခဲ့ကြဖူးသော ဈေး



www.burmeseclassic.com

www.burmeseclassic.com



တူရောင်းပေးသည့် သူများ၏ အမည်ကိုလည်းကောင်း၊ ကူလီထမ်းပေးသည့် ကူလီများ၏ အမည်ကိုလည်းကောင်းလုံးဝမှတ်မိခြင်းမရှိသော်လည်း လွန်စွာအချက်အပြုတ်အကြော်အလှော်ကောင်းလှသည့် ထမင်းချက်ကြီး ဦးဂွမ်တီ ၏ အမည်ကိုမူမေ့ပျောက်ခြင်းမရှိရုံမျှမက ကျွန်ုပ်အနေနှင့် ထိုအမည်အား မေ့ပျောက်လိုသည့်တိုင်အောင် မေ့ပျောက်မသွားနိုင်အောင် ကျွန်ုပ်၏ ဦးနှောက်သို့ တည်းမဟုတ် အသည်းနှလုံး၌ စွဲထင်၍နေကြောင်း ဝန်ခံလိုပေသည်။

ကျွန်ုပ်သည် ဖခင်ဖြစ်သူ၏ တရုတ်သွေးနှင့် မိခင်ဖြစ်သူ၏ မြန်မာသွေးဆတူပါရှိသူဖြစ်ကြောင်း အထက်၌ ကျွန်ုပ်ဆိုခဲ့ပြီးဖြစ်၏။

အမှန်စင်စစ်အားဖြင့် ကျွန်ုပ်၌ ဖခင်၏ စိတ်ဓာတ်သော်လည်းကောင်း၊ မိခင်၏စိတ်ဓာတ်သော်လည်းကောင်း တစ်စွန်းသားမျှပါရှိခြင်းမရှိဘဲ ထမင်းချက်ကြီး ဦးဂွမ်တီ၏ စိတ်ဓာတ်သာလျှင် ရာခိုင်နှုန်းပြည့်ပါရှိလေ၏။

အကယ်၍ ဖခင်၏ စိတ်ဓာတ်မျိုးစွေးစေ့ တစ်ခြမ်းလောက်သာပါခဲ့လျှင်လည်း ကျွန်ုပ်သည် ဈေးသည်ကုန်သည်ဖြစ်၍လာပေလိမ့်မည်။

အကယ်၍ မိခင်၏စိတ်ဓာတ်မျိုး တစ်ပဲသားခန့်ပါခဲ့ပါလျှင်လည်း ပြောင်းဖူးဖက်ဆေးလိပ်ကြီး တဖွားဖွားသောက်၍ စားပြီးအိပ်၊ အိပ်ပြီးစားနှင့်ပင် အချိန်ကုန်ပေလိမ့်မည် ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မှတ်မိသလောက် ကျွန်ုပ်၏ မိခင်သည် ပြောင်းဖူးဖက်ဆေးလိပ်ကြီးတဖွားဖွားသောက်ကာ စားပြီးအိပ်၊ အိပ်ပြီးစားသာ နေတတ်သောကြောင့်ဖြစ်၏။

ကျွန်ုပ်၌ရှိသော စိတ်ဓာတ်မှာ ထမင်းချက်ကြီးဦးဂွမ်တီ၏ စိတ်ဓာတ်သာလျှင်ဖြစ်၏။

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထမင်းချက်ကြီး ဦးဂွမ်တီသည် တရုတ်အိမ်၊ မြန်မာအိမ်၊ ဗိုလ်အိမ်တို့၌ လည်းကောင်း၊ ဟော်တယ်ကြီးများ၌လည်းကောင်း ထမင်းချက်အဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့သူဖြစ်သည့် အလျှောက် ချက်ပြုတ်ကြော်လှော်ခြင်းအတတ်၌ ကျွမ်းကျင်ခြင်းတို့ ကျွန်ုပ်အနေဖြင့် အထူးမချီးမွမ်းလိုပါ။

ကျွန်ုပ်အနေနှင့် ဦးဂွမ်တီ၏ ပုံပြောကောင်းခြင်းကိုချီးမွမ်းလိုပေသည်။

ကျွန်ုပ်၏ ကလေးဘဝသည်အခြားသောကလေးများတွဲ့သို့ ဆော့ကစားခြင်းဖြင့် အချိန်ကုန်ခဲ့ရသည်မရှိဘဲ ဦးဂွမ်တီ ထမင်းချက်ပြုတ်ရာ အနီး၌ ဖင်ထိုင်ခုံကလေး တစ်ခုနှင့်ထိုင်ကာ ဦးဂွမ်တီ ပြောပြသော ပုံပြင်များကို နားထောင်ရင်းဖြင့်သာလျှင် ကုန်လွန်ခဲ့ရလေ၏။

ကျောင်းအပ်နိုင်သောအရွယ်၌ ကျွန်ုပ်၏ဖခင်သည် ကျွန်ုပ်အား အေဘီအမ်ကျောင်းဟုခေါ်သည့် ခရစ်ယာန်ဘာသာဝင် ကရင်အမျိုးသားများသာလျှင်နေလေ့ရှိသော အင်္ဂလိပ်ကျောင်း၌ အပ်နှံခဲ့လေ၏။

ထိုအချိန်၌လည်းကျောင်းအားချိန်များ၌ ဦးဂွမ်တီအနီး၌ပင် ကျွန်ုပ်သည် ထိုင်၍နေတတ်၏။

ဦးဂွမ်တီပြောပြသော ပုံပြင်များမှာ အိန္ဒိယပြည်မှ ထွက်ပြေးလာရသော အဘိရာဇာဆိုသည့် ဘုရင်တစ်ပါးသည် မြန်မာပြည်သို့ ရောက်သည့်အခါ၌ မြို့ရွာတည်ထောင်၍ ဘုရင်အဖြစ်နေထိုင်ခဲ့ပုံ။

အနုရုဒ္ဓါတွဲ့ခံသည့် ပုဂံပြည်မှ ကေရာဇ်မင်းကြီးတစ်ပါးတာ မနူဟာမည်သောသထုံပြည်မှ ဘုရင်ကြီးကိုတိုက်ခိုက်ဖမ်းယူပြီးနောက် ခေါ်ဆောင်သွားသည့် ပုံပြင်များဖြစ်လေ၏။

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ခုနစ်တန်းသို့ရောက်သည့်အခါ၌ မြန်မာရာဇဝင်ကို စတင်သင်ကြားရသည်ဖြစ်ရာ ရာဇဝင်သင်ခန်းစာမှာအဆန်းတကြယ်ဟုထင်မှတ်ခဲ့သော်လည်း ထမင်းချက်ကြီးဦးဂွမ်တီပြောသည့်ပုံပြင်များသာလျှင်ဖြစ်၍နေသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရလေ၏။

ထို့ကြောင့် တစ်နေ့သ၌ ကျွန်ုပ်သည် ကျောင်းမှ ပြန်လာသည့်အခါ၌ ဦးဂွမ်တီရှိရာ မီးဖိုချောင်သို့သွားရောက်၍. .

"ဦးဂွမ်တီ . . ဦးဂွမ်တီပြောပြတဲ့ ပုံတွေကို ကျောင်းမှာ အခုသင်နေရပြီ"ဟု ပြောလိုက်ရာ . .

ဦးဂွမ်တီသည် ပြုံးပြုံးကြီးလုပ်၍ ကျွန်ုပ်ကို အချိန်ကြာမြင့်စွာကြည့်နေလေ၏။

သူ၏ပြုံးပုံပြုံးနည်းမှာ နှစ်ပေါင်းများစွာ ပြုစုပျိုးထောင်၍ လာရသော အပင်ငယ်တစ်ပင်၌ အဖူးအပွင့်တို့ ပွင့်ပေါ်၍လာသည်ကိုတွေ့မြင်လိုက်ရသော ဥယျာဉ်မှူးတစ်ဦး၏ ကျေနပ်မှုမျိုးပေါ်လွင်နေ၏။

"အေး . . ဒါဖြင့် 'ကောက်တွဲ'ကို ကျောင်းကရာဇဝင်သင်ပေးနေပြီကိုး၊ ကောင်းတယ် . . ကောင်းတယ်၊ ဒီလိုဆိုရင်တော့ ကျောက်စာကို နားလည်အောင်သင်ပေးရတော့မှာပေါ့'

ဦးဂွမ်တီသည် ကျွန်ုပ်အား ကျွန်ုပ်ဖခင်က ကျွန်ုပ်ကိုခေါ်သကဲ့သို့ပင် 'ကောက်တွဲ'ဟူသာခေါ်လေ၏။

ကျွန်ုပ်ဖခင်သည် ကျွန်ုပ်အား ချစ်စနိုးလေးဖြင့် "ကောက်တွဲ"ဟူ၍ ခေါ်လေ၏။ ကောက်တွဲဆိုသည့် အဓိပ္ပာယ်မှာ ခွေးကလေးဟု အဓိပ္ပာယ်ရလေ၏။

ဦးဂွမ်တီသည် ကျွန်ုပ်ခုနစ်တန်းအထိ သင်ခဲ့ရသော မြန်မာစာရေးပုံရေးနည်းနှင့်လုံးဝမတူသော မြန်မာစာတစ်မျိုးကို မီးဖိုခန်း



www.burmeseclassic.com

www.burmeseclassic.com



သံမံသလင်းပေါ်၌ မီးသွေးခဲနှင့်ရေးခြစ်၍ သင်ကြားပေးလေ၏။

ကျွန်ုပ်မှတ်မိပါသေးသည်။ ကျွန်ုပ်အား ထိုမြန်မာစာရေးနည်းအဆန်းကို မသင်မီ၌ အောက်ပါအလင်္ကာကို အလွတ်ကျက်မှတ် စေသဖြင့် ကျွန်ုပ်သည် အလွတ်ကျက်မှတ်ခဲ့ရာ ယခုထက်တိုင် အောင်ပင် အလွတ်ရရှိနေပါသည်။

> လောကဖွယ်ရာ၊ လူတို့ရှာ၌၊ မှတ်ပါထူးဆန်း၊
> ဒူးဂဏန်းကို၊ ခွဲခြမ်းသချ်ာ၊ နိဒါန်း ဖြာစိမ့်၊
> အစ်မှာကားက၊ ဖွေးကိုစတည့်၊ ငကိုတြိန်း၊ သချ်ာ
> ကိန်းချ . . . .

ထိုအလင်္ကာကို အလွတ်ကျက်မှတ်၍ရသည့်အခါ၌ ကျွန်ုပ်က ဦးဂွမ်တီအား အလွတ်ရပြီဖြစ်ကြောင်း ပြော၍ အလွတ်ဆိုပြလိုက်ရာ ဦးဂွမ်တီသည် ကျေနပ်သဘောကျလွန်းသဖြင့် ကျွန်ုပ်အားဖွေ ဖက်နမ်းရှုံ့ပြီးလျှင် . . .

"ကောက်တွဲ အားကြီးတော်တယ်ကွာ၊ အခုမင်းငါ့ကို ဆိုပြတဲ့စဟာ ဒူးဂဏန်းရေးနည်းစာပဲကွ၊ အဲဒါကိုတတ်ရင်ပေစာတချို့နဲ့ ကျောက်စာတချို့ကိုတော့ဖတ်လို့ရပြီ။ တကယ့်ကျောက်စာတွေကို နားလည်ဖို့ကတော့ ကြိုးစားရဦးမယ်ကောက်တွဲ"

ဟု ကျွန်ုပ်အားပြောလေ၏။

ထို့နောက်၌ကျွန်ုပ်အား ပိဋကသချ်ာ ရေတွက်နည်းမှအစပြု၍ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မစု၊ လက်သန်း၊ ဂဏ္ဌိ၊ ယောဇနာ၊ ဂန္ထန္တစသော ကျမ်းတို့ကို တစ်စတစ်စ သင်ကြားပေးခဲ့လေ၏။

ထိုသို့နက်နဲခိုင်ခံ့သော ကျမ်းတို့ကိုသာမဟုတ်ဘဲ မေထုံကိုလျှို့ဝှက်စွာကျင့်ခြင်း၊ ရန်သူကို အခါမလပ်ကြည့်ပတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အစာတွေ့လျှင် အဖော်ကိုခေါ်ပြတတ်ခြင်း။ အစာနှင့်ရန်သူကို အစ်ပိုင်နက်တည်းကြည့်တတ်ခြင်း၊ လုံ့လရှိခြင်းတို့နှင့် ပြည့်စုံသော ကျီးကန်း၏ အတုယူဖွယ်ရာများကဲ့သို့သော လောကနီတိဆန်သည့် သင်ခန်းစာများကိုလည်း အခါအားလျော်စွာ သင်ကြားပေးလေ၏။

အမှန်အားဖြင့် ကျွန်ုပ်သည် အေဘီအမ် အင်္ဂလိပ်ကျောင်း၌ တက်ရောက်၍ ပညာသင်ကြားနေရသည်ဆိုသော်လည်း ဦးဂွမ်တီ၏ မီးဖိုချောင်စာသင်ခန်းသည် ကျွန်ုပ်အတွက် အဓိကဖြစ်၍ နေလေ၏။

"ကျွန်တော်ကျောင်းမှာစာသင်ရတာ မပျော်ဘူး၊ ဦးဂွမ်တီဆီ မှာသင်ရတာပျော်တယ်ဗျ" ဟု ကျွန်ုပ်က ပြောမိရာ ဦးဂွမ်တီက

"မင်းပျော်မှာပေါ့ကွ။ ငါ့ရဲ့စာသင်ခန်းထဲမှာက စာသင်နေရင်းနှိုက်စားချင်တာကိုစားလို့ရတာကိုး၊ ဒီလိုစာသင်ခန်းမျိုး ကမ္ဘာပေါ်မှာတောင်မရှိသေးဘူး၊ စာသင်ရင်း အစားစားလို့ရတဲ့ ကျောင်းမျိုးရှိသင့်တယ်ကွ။ ဘာဖြစ်လို့လဲသိလား၊ လျှာမှာရှိတဲ့ အကျိတ် အဖုကလေးတွေရဲ့ အကြောနဲ့ ဦးနှောက်နဲ့က အနီးဆုံး ဆက်သွယ်နေတယ်။ အစားစားတဲ့အခါမှာအရည်တစ်မျိုး ပါးစပ်ထဲက အလိုလိုထွက်လာတယ်။ ခုနက ငါပြောတဲ့ အကြောကလေးတွေ အလုပ်လုပ်တာပေါ့။ အဲဒီလိုအချိန်မှာ မှတ်သားဖို့ ဦးနှောက်က လ သ်း အဆင်သင့်ဖြစ်နေတယ်။ အစားစားခြင်းဟာ သက်ရှိသတ္တဝါ တို ်းရဲ့ အဓိကအလုပ်မဟုတ်လားကွဲ့၊ အဓိကအလုပ်ကြီးလုပ်နေ တဲ့ အချိန်မှာ အဓိကအရေးကြီးဆုံးဖြစ်တဲ့ ဦးနှောက်ဟာလဲ မှတ် သ းဖို့ အမြဲအသင့်ဖြစ်နေတယ်ဆိုတာကို သဘောပေါက်ကြတဲ့ တ နေ့မှာ အမြဲအသင့်ဖြစ်နေတယ်ဆိုတာကိုသဘောပေါက်ကြတဲ့ တစ်နေ့မှာ အရေးကြီးတဲ့အကြောင်းအရာတွေကို အစားစားရင်းမှတ် သားရတာဟာပိုပြီးလွယ်ကူတယ်လို့နားလည် လာကြမှာပါ" ဟု ထူး



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသော သူ၏ အယူအဆကိုပြောပြလေ၏။

ထို့နောက် ကျွန်ုပ်က မကျေနပ်သဖြင့်..

"အစာများများစားတဲ့လူဟာ ဉာဏ်ထိုင်းတယ်မဟုတ်လား ဦးဂွမ်တီ" ဟုမေးလိုက်ရာ.

"အစာတစ်ခုထဲမဟုတ်ဘူးကွ၊ လိုတာထက်ပိုလာရင် ဘယ်ဟာပဲဖြစ်ဖြစ် ဉာဏ်ထိုင်းစေတယ်၊ စာကျက်တာတောင် အများကြီးကျက်မှတ်ပစ်လိုက်ရင် ဉာဏ်ထိုင်းသွားတတ်တယ်။ ဉာဏ်ထိုင်းတယ်ဆိုတာ လူများအလုပ်အများကြီးလုပ်ရတဲ့အခါမှာ ညောင်းသွားသလို ဉာဏ် ညောင်းသွားတာကိုဆိုလိုတာပါ။ နောက်ပြီး ကြံချက်တုန်း မင်းကိုမှာထားရဦးမယ်။ မင်းဟာလူတော်တစ်ယောက်ဖြစ်ချင်ရင်တော့ မင်းရဲ့လျှာကို ဂရုစိုက်ရမယ်-ကောက်တွဲ ငါသိသလောက်တော့ လူတော်ဆိုတဲ့ လူတွေဟာ သူတို့ရဲ့ လျှာကို စကားပြောဖို့လောက်သာအသုံးမချဘဲ၊ အရသာခံဖို့ပါ အသုံးချလေ့ရှိတာကိုတွေ့ ရတယ်။ ဖြစ်နိုင်ရင် ကိုယ်ကြိုက်တဲ့အစားအသောက်တို့ကိုယ်တိုင် ချက်ပြုတ်တတ်အောင်သင်ယူလေ့ကျင့်ထားသင့်တယ်"

ဦးဂွမ်တီ၏ အထက်ပါစကားကြောင့် ကျွန်ုပ်သည် ဦးဂွမ်တီ၏ မီးဖိုချောင်စာသင်ခန်း၌ ထမင်း၊ ဟင်း ချက်ပြုတ်ခြင်း အတတ်ကိုပါ လက်တွေ့သင်ကြားတတ်မြောက်ခဲ့ရလေ၏။

ဤသို့လျှင် ဦးဂွမ်တီထံ၌ ပညာရပ်များကို ဆည်းပူးလေ့လာခဲ့ရာ ကျွန်ုပ်ရှစ်တန်းသို့ ရောက်သောကာလ၌ ကျွန်ုပ်သည် နက်နဲသောစာပေကျမ်းဂန်များကို သင်ကြားတတ်မြောက်ပြီးဖြစ်လေ၏ ။

ထိုသို့တတ်မြောက်ရုံသာမကဘဲ ရှေးဟောင်းအဖြစ်အပျက်များ၊ ရာဇဝင်များ၊ ကျောက်စာပေစာများ ဖတ်ရှုလေ့လာခြင်းအလုပ်၌လည်း ဝါသနာသည် အမြစ်တွယ်လျက်ရှိနေပြီဖြစ်၏။

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်၌ပင်ဦးဂွမ်တီသည် ကျွန်ုပ်ဖခင်အား မအူပင်မြို့မှ အပြီးအပိုင် ပြောင်းရွှေ့သွားကြရန် တရုတ်ဘာသာဖြင့် မကြာခဏ ပြောကြားတိုက်တွန်းလေ၏။

ကျွန်ုပ်၏ ဖခင်သည် ဦးဂွမ်တီအား အဘယ်အတွက် ပြောင်း ရွှေ့ရမည်ကို မေးမြန်းသည့်အခါ၌မူ ဦးဂွမ်တီက မအူပင်မြို့၌ ကပ်ရောဂါဆိုးကြီး ကျရောက်နိုင်ဖွယ်ရာရှိကြောင်းလောက်သာ လျှင်ပြောပြနိုင်လေရာ ကျွန်ုပ်ဖခင်က ဦးဂွမ်တီအား အလကား ကောင်၊ စီးပွားဖြစ်တဲ့နေရာကနေပြောင်းသွားဖို့ပြောတဲ့လူမိုက်၊ ကြက်ဥပုပ်လိုကောင်စား စသည်ဖြင့် ဆဲရေးလွှတ်သည်ချည်းဖြစ် လေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် အခါတိုင်းကဲ့သို့ပင် နံနက်စော စောထ၍ ဆန်ပြုတ်နှင့် အီကြာကွေးကို သောက်ရင်းဦးဂွမ်တီထံ ၌ သင်ယူလက်စ ကုန်းဘောင်ခေတ် မြန်မာရာဇဝင်ကို ဆက်လက် သင်ယူရန်မီးဖိုချောင်သို့ ထ၍လာရာ ဦးဂွမ်တီကိုမတွေ့ရတော့ဘဲ သံမံသလင်း၌ မီးသွေးခဲနှင့်ရေးထားသည့်အောက်ဖော်ပြပါစာကို သာလျှင်တွေ့ရတော့၏။

ကျီးကန်းထက်မိုက်တဲ့လူတွေ၊ ကျီးကန်းသော်မှ
အစာနှင့်ရန်သူကို တစ်ပြိုင်နက်တည်း မြင်တတ်
ကြ၏။ သင်တို့ကား အစာကိုသာလျှင်မြင်တတ်
ကြပေသည်တကား။

ကျွန်ုပ်သည် ဦးဂွမ်တီမရှိတော့သည့် အဖြစ်နှင့် ထိုစာရေး ထားခဲ့ခြင်းကို ဖခင်အားခေါ်ယူ၍ ပြသရာ ကျွန်ုပ်၏ဖခင်က

"အလကား ဂွမ်တီဆိုတဲ့ကောင်စာ ကြက်ဥပုပ်လိုကောင်



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ သူထွက်သွားပြီပေါ့၊ ငါတို့မှာဘာရန်သူရှိလို့လဲ. . ဒါပေမယ့် ဟူ၍လောက်သာ သာမန်ကာလျှံကာ ညည်းတွားခဲ့လေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်မီးဖိုချောင် ယူနီဇာစီတီကျောင်း ကလေးသည် လုံးဝရပ်နားခဲ့ရလေတော့သတည်း။

သို့ရာတွင် ဦးဂွမ်တီ၏ ကြိုတင်သတိပေးချက်သည် မှန်ကန်လှကြောင်း ကျွန်ုပ်တို့သည် ၁၀- ရက်ခန့်အတွင်း၌ မျက်ဝါး ထင်ထင်တွေ့မြင်ကြလေတော့၏။ အကြောင်းမှာ မအူပင်မြို့တစ် မြို့လုံး၌ ဝမ်းရောဂါကပ်ဆိုးကြီး ဆိုက်ရောက်လာသည်ဖြစ်ရာ ခဏ အကြာတွင်မှ မိမိနှင့်ကောင်းစွာ စကားပြောခဲ့ရသောသူသည် နောက် တအောင့် အကြာ၌ပင် ဝမ်းရောဂါဖြင့် သေဆုံးပြီးလျှင် သင်္ချိုင်းသို့ လိုက်ပို့ရသော အဖြစ်တို့သည် ထိတ်လန့်ဖွယ်ရာ တွေ့ကြုံရလေ တော့၏။

ထိုအချိန်က ဖြစ်ပွားခဲ့သော ဝမ်းရောဂါသည် မအူပင်မြို့ ရှိ လူဦးရေတစ်ဝက်ကျော်ကျော်ကို သတ်ဖြတ်ပစ်ခဲ့လေ၏။ ထိုအထဲ တွင် ကျွန်ုပ်၏ ဖခင်နှင့်ဆေးလိပ်လွန်စွာကြိုက်သောမိခင်ကြီးပါ ပါသွားဖြစ်ရာ ကျွန်ုပ်သည် တစ်ကောင်ကြွက်အဖြစ်နှင့် ကျန်ရစ် ခဲ့လေတော့၏။

ဖခင်ဘက်မှဆွေမျိုးများသည် ကျွန်ုပ်အားမြန်မာကလေး ဟုဆိုကာ ဘာသိဘာသာနေကြ၍ နှစ်သစ်ကူးများ၌ပင် ဖိတ်ခေါ် ဖော်မရသည့်တိုင်အောင် ရှိသကဲ့သို့ မိခင်ဘက်မှ အမျိုးများကလည်း တရုတ်ကလေးဟုဆိုကာစိမ်းနေကြလေ၏။

သို့ရာတွင် ကျွန်ုပ်အား တလေးတစားအားပေးစကား ပြောကြားသော လူပျိုကြီးတစ်ဦးတော့ရှိ၏။ ထိုလူကြီးမှာသာမန်လူ ထဲကမဟုတ်ဘဲ မအူပင်မြို့၌ နေလိုလလို ထင်ရှားသော ပုဂ္ဂိုလ်ကြီး ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီး၏ အမည်မှာ ဦးဖိုးကျော်ဟူ၍ဖြစ်၏။ သူ့အား သူဌေးဦးဖိုးကျော်ဟူ၍ ခေါ်ဝေါ်ကြလေသည်။

ငှင်းဦးဖိုးကျော် သူဌေးကြီးဖြစ်လာပုံမှာလည်းစိတ်ဝင်စားဖွယ်ရာကောင်းလှ၏။ ဦးဖိုးကျော်သည် သာမန်ပန်းထိမ်ဆရာတစ်ဦးမျှသာဖြစ်လေ၏။ ဘာသာတရား လွန်စွာကိုင်းရှိုင်းသူဖြစ်သည့်အလျှောက် နံနက်တိုင်းဘုရားဝတ်ပြု၍နတ်တို့ကို မေတ္တာဝေသည်ဆို၏။

တစ်ညသ၌ ဗုဒ္ဓဆင်းတုတော်တစ်ဆူသည် မြေမှ ပေါ်ပေါက်လာသည်ဟူ၍ အိပ်မက်မြင်မက်လေ၏။ နံနက်သို့ရောက်သည့်ကာလ၌ အိပ်မက်တွင်တွေ့ရသော နေရာကိုလည်းရှာဖွေရင်း၊ အိမ်၌ဟင်းချိုချက်ရန် မန်ကျည်းရွက်လည်း ခူးရင်းသဘောနှင့် ထွက်လာခဲ့ရာ မြို့ပြင်တစ်နေရာ၌ ဗုဒ္ဓဆင်းတုတော်တစ်ဆူသည် ဦးခေါင်းတော်တိုင်အောင် မြေ၌ပေါ်ထွက်နေသည်ကိုတွေ့ရ၏။

ဦးဖိုးကျော်သည် တူးဖော်၍ ရေမိုးသပ္ပာယ်ပြီးလျှင် သန့်ပျံ့စွာထားလေ၏။ မအူပင်တစ်မြို့လုံး၏၌လည်း "ဘုရားပေါ်တော်မူတယ်" ဟူ၍ သတင်းဖြစ်ပွားကာ ထိုဘုရားဆင်းတုတော်အား လာရောက်ဖူးမြော်ကြပြီးလျှင် ငွေများလှူဒါန်းကြ၏။

ထိုအချိန်မှစ၍ ပန်းထိမ်ဆရာဦးဖိုးကျော်သည် ပေါ်တော်မူဘုရား၏ ဘုရားလူကြီး ဘဏ္ဍာတော်ထိန်း ဦးဖိုးကျော် ဖြစ်၍လာပြီးလျှင် တစ်စတစ်စ စီးပွားတက်ကာ ချမ်းသာ၍ လာလေ၏။

နောင်တစ်ချိန်၌ အင်္ဂလိပ်အစိုးရကပင်ကေဘွဲ့ပေး၍ သူဌေးစာရင်း၌သွင်းခံရသည့်တိုင်အောင် ချမ်းသာသွားလေသည်။

မှတ်ချက်။ ။ ရန်ကုန်မှ မအူပင်သို့ သင်္ဘောခရီးဖြင့် သွားလျှင်ပေါ်တော်မူဘုရားသို့ စတင်ဖူးမြော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မှသာလျှင် မအူပင်ဆိပ်ကမ်းသို့ရောက်ရှိပါသည် ထိုပေါ်တော်မူဘုရားမှာ ဦးဖိုးကျော်ဖော်ယူခဲ့သော ဘုရားဖြစ်၏။

မအူပင်မြို့ဆေးရုံကြီးမှာလည်း ဦးဖိုးကျော်ဆောက်လုပ် လှူဒါန်းသောဆေးရုံကြီးဖြစ်ပါသည်။ ထိုဆေးရုံ၌ ယခုတိုင်အောင်ပင် ဦးဖိုးကျော်၏ ပုံတူပန်းချီကားကြီးတစ်ချပ် ချိတ်ဆွဲထားပါသည်။

**(စာရေးသူ)**

ထိုသူဌေး ဦးဖိုးကျော်ကလည်း ကျွန်ုပ်အား မကြာခဏအားပေးစကားပြော၍ စီးပွားရေးကို စောက်ချ၍ လုပ်ကိုင်ရန်ပြောဆိုလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ၁၀-တန်းအောင်မြင်ပြီးနောက်ကောလိပ်သို့ သွားရကောင်းနိုးနိုး၊ စီးပွားရေးဘက် လိုက်ရကောင်းနိုးနိုး မဆုံးဖြတ်နိုင်ဘဲ ရှိစဉ်၌ အောက်ပါစာတစ်စောင်ကိုရရှိလေ၏။

ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်းဟာ တကယ်တော့ကာလဝမ်းရောဂါထက်တောင်မှ ကြောက်ဖို့ကောင်းတယ်။ ထမင်းချက်ကောင်းတစ်ယောက်ဟာ သူ့ကိုငှားရမ်းထားတဲ့အိမ်ရှင် ကို အကောင်းဆုံးအစာစာတွေ ချက်ပြုတ်ကျွေးလေ့ရှိတယ်။ အဲဒီတော့ လောကကြီးကိုလဲ အကောင်းဆုံးအရာတွေ ရှာဖွေပေးဖို့ အနိမ့်ဆုံးအားဖြင့် မင်းမှာ ထမင်းချက်ကောင်းတစ်ယောက်ရဲ့စိတ်ထားမျိုးတော့ရှိဖို့လိုတယ်။

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ထိုစာမှာ မည်သည့်နေရာမှ ပေးပို့လိုက်သည်ဟု တပ်အပ်သေချာမသိရသော်လည်း ဦးဂွမ်တီ၏ လက်ရာဖြစ်ကြောင်းကို ကျွန်ုပ်ကောင်းစွာသဘောပေါက်မိပါသည်။

ထို့ကြောင့် မိဘများထားရစ်ခဲ့သော အတွင်းပစ္စည်းများ၊ လယ်များ၊ ကုန်စုံဆိုင်နှင့် အိမ်များကို သူဌေးဦးဖိုးကျော်ထံ၌ပင် ရောင်းချ၍ ငွေများကို ဘဏ်၌ အပ်နှံကာ ကျွန်ုပ်သည် ကာလကတ္တားကောလိပ်သို့တက်ခဲ့လေ၏။

ကျွန်ုပ်ကာလကတ္တားကောလိပ်၌ ပညာသင်ကြားခဲ့ပြီး နောက်ဆုံး၌ ပညာများ ဆုံးခန်းတိုင်သည့်အခါတွင် အိန္ဒိယပြည် ကျောက်စာဌာန၌ပင် ဝင်ရောက်လုပ်ကိုင်ခဲ့လေ၏။

ကျောက်စာဘက်၌ အလုပ်ဝင်ရောက်ပြီးတစ်နှစ်ခန့် အကြာ၌ ကျွန်ုပ်ထံသို့စာတစ်စောင်ရောက်လာပြန်၏။ ထိုစာမှာလည်းဦးဂွမ်တီ၏စာဖြစ်ကြောင်းကို အထူးဖော်ပြဖွယ်ရာ မလိုတော့ပေ။ ထိုစာမှာအောက်ပါအတိုင်းဖြစ်၏။

သေပြီးတဲ့တိုင်အောင် နာမည်ကျန်ရစ်ခဲ့တဲ့လူတွေဟာ၊ လခစားပညာရှိတွေမဟုတ်ဘူး။ လောကကြီးကို အကျိုးပြုဖို့တော့ မင်းဟာ ထမင်းချက်ကောင်းတစ်ယောက်ရဲ့ စိတ်ထားမျိုးရှိဖို့လိုတယ်၊ ရှေးဟောင်း၊ ပညာရပ်တွေ လေ့လာဖို့ ပုဂံကိုချန်ထားပြီး တစ်ကမ္ဘာ လုံးကို လေ့လာရင်တောင်ပဲ ပြည့်စုံတယ်လို့မဆိုနိုင်ဘူး။

အမှန်တိုင်း ဝန်ခံရလျှင် ကျွန်ုပ်သည် ထမင်းချက်ကြီးဦးဂွမ်တီအား ကျွန်ုပ်၏ကိုယ်စောင့်နတ်ကြီးသဖွယ် ကျွန်ုပ်၏နှလုံးသား၌ မှတ်ယူထားသည်ဖြစ်ရာ ဦးဂွမ်တီထံမှ စာရလျှင်ပင် ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ချက်တစ်ခုမှတစ်ခုသို့ပြောင်းလွဲတတ်မြဲဖြစ်လေ၏။

ကျွန်ုပ်သည် အင်အားရှိသောပင်လယ်ကူးသင်္ဘောကြီးနှင့် တူ၍ ဦးဂွမ်တီကား ထိုသင်္ဘော၏ မာလိန်မှူးသဖွယ်ဖြစ်လေ၏။

ထို့ကြောင့် ကျွန်ုပ်သည် အိန္ဒိယပြည်ကျောက်စာဘက်ဌာန မှထွက်၍ မြန်မာပြည်သို့ပြန်၍လာခဲ့လေ၏။ ကျွန်ုပ်၏ တစ်ခုတည်း သော ဆန္ဒမှာ ပျောက်ဆုံးသွားသော ကျွန်ုပ်၏ကိုယ်စောင့်နတ်ဖြစ် သူ ထမင်းချက်ကြီး ဦးဂွမ်တီအား အတွေ့တွေ့အောင်ရှာဖွေရန်ပင် ဖြစ်လေ၏။

ထို့ပြင် ဦးဂွမ်တီအား ပုဂံမြို့ရှိ ရှေးဟောင်းကျောက်စာ ချပ်များအကြား၌ တွေ့မြင်ရလိမ့်မည်ဟူ၍လည်းကောင်း ကျွန်ုပ် အနေနှင့် ခန့်မှန်းမိတော့သည့်အလျောက် ကျွန်ုပ်သည် အိန္ဒိယပြည် မှ မြန်မာပြည်သို့ပြန်လာပြီးလျှင်ပုဂံမြို့သို့ခြေဦးလှည့်လေတော့ သတည်း။

**********



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်းဟာ တကယ်တော့ ကာလဝမ်းရောဂါထက်တောင်မှ ကြောက်ဖို့ကောင်းတယ်။ ထမင်းချက်ကောင်းတစ်ယောက်ဟာ သူ့ကိုငှားရမ်းထားတဲ့ အိမ်ရှင်ကို အကောင်းဆုံးအစာစာတွေ ချက်ပြုတ်ကျွေးလေ့ရှိတယ်။ အဲဒီတော့ လောကကြီးကိုလဲ အကောင်းဆုံးအရာတွေ ရှာဖွေပေးဖို့ အနိမ့်ဆုံးအားဖြင့် မင်းမှာ ထမင်းချက်ကောင်းတစ်ယောက်ရဲ့ စိတ်ထားမျိုးတော့ ရှိဖို့လိုတယ်။

သေပြီးတဲ့တိုင်အောင် နာမည်ကျန်ရစ်ခဲ့တဲ့လူတွေဟာ၊ လခစားပညာရှိတွေမဟုတ်ဘူး။ လောကကြီးကို အကျိုးပြုဖို့တော့ မင်းဟာ ထမင်းချက်ကောင်းတစ်ယောက်ရဲ့ စိတ်ထားမျိုးရှိဖို့လိုတယ်၊ ရှေးဟောင်း၊ ပညာရပ်တွေလေ့လာဖို့ ပုဂံကိုချန်ထားပြီး တစ်ကမ္ဘာလုံးကို လေ့လာရင်တောင်ပဲ ပြည့်စုံတယ်လို့မဆိုနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

### ❀ မုတ်ဆိတ်မွေးနှင့် လူသုံးယောက်

ကျွန်ုပ်သည် အိန္ဒိယပြည်မှ ပြန်၍ရောက်လာပြီးနောက် မအူပင်မြို့သို့ ခေတ္တသွားရောက်၍ ကျွန်ုပ်နှင့် ကျောင်းနေဖက် သူငယ်ချင်းဖြစ်သူ မောင်စိန်ထွန်း၏ အိမ်၌ ရက်သတ္တပတ်ခန့် တည်းခိုနားနေပြီးလျှင် အညာဆန်သင်္ဘောကြီးနှင့် အညာဘက်ဆီ သို့ လိုက်ပါခဲ့လေ၏။

သင်္ဘော၌ သီးသန့်အခန်းရသော ပထမတန်း ခရီးသည် အဖြစ်လိုက်ပါလာခဲ့သည်ဖြစ်ရာ မြစ်၏တစ်ဖက်တစ်ချက်စီ၌ တွေ့ရသော ကျေးရွာများ၊ စေတီပုထိုးများနှင့် ဘုန်းကြီးကျောင်းများ စသော မြန်မာပြည်၏ အမှတ်လက္ခဏာများကို တစ်ဖန်ပြန်လည်၍ တွေ့မြင်ရသဖြင့် ကျွန်ုပ်အဖို့ အနည်းငယ်ကြည်နူးမိသလိုရှိသည် အပြင် ယခင်က လခစာအဖြစ်လုပ်ရင်း ခရီးသွားခဲ့ဖူးရာ မိမိ သွားမည့်ခရီးနှင့် ရရှိသောခွင့်ရက်တို့ကို တွက်စစ်၍ စိတ်မှ တထင့် ထင့်နှင့်သာသွားခဲ့ရသဖြင့် ယခုကဲ့သို့ရောက်ချင်သည့်အချိန်မှရောက် စေတော့ဟူ၍ သဘောတူကာ အေးချမ်းစွာသွားရသဖြင့်လခစား ဘဝမှလွတ်မြောက်သောချမ်းသာသုခအရသာကို တင်းပြည့်ကျပ်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



ခံစားရသဖြင့် ထမင်းချက်ကြီးဦးဂွမ်တီအား ပို၍ပင်အမှတ်ရလေတော့၏။

လမ်းခရီးတစ်လျှောက်၌ ကျွန်ုပ်အသည် ရှုခင်းများကိုငေးမောကြည့်ရှုခြင်းစာဖတ်ခြင်းစသည့် အလုပ်ဖြင့် သာလျှင် အချိန်များကို ကုန်လွန်စေခဲ့၏။

အထူးသဖြင့် ကျွန်ုပ်သည် ခရီးအစမှနေ၍ ရောက်လေရာမြို့တိုင်း၌ မုန့်ဟင်းခါးကိုအမှတ်တရ စားသောက်ကြည့်ခဲ့ရာအညာဘက်သို့ နီး၍ လာလေလေ မုန့်ဟင်းခါးသည်ညံ့၍လာလေလေဖြစ်သည်ကိုသတိထားမိတော့၏။

ရက်ပေါင်း ၂၀ ကျော်ခန့်ဆန်တက်ခဲ့ရာ ချောက်မြို့သို့ရောက်ရှိခဲ့လေ၏။ ထိုမြို့သည် စည်ကားသိုက်မြိုက်သော မြို့တလေး ဖြစ်သည့်အလျှောက် စားသောက်ဆိုင်နှင့် ဟော်တယ်များရှိသည့်အပြင် ပုဂံမြို့နှင့်လည်း လွန်စွာနီးကပ်သောမြို့ဖြစ်သည့်အလျောက် ဦးဂွမ်တီသည် ဤမြို့ရှိစားသောက်ဆိုင်တစ်ခုခု၌ ထမင်းချက်အဖြစ်လုပ်ကိုင်ပြီးလျှင် ပုဂံမြို့ရှိ ရှေးဟောင်းကျောက်စာများကို လေ့လာမည်ဆိုကဖြစ်နိုင်လောက်သဖြင့် ကျွန်ုပ်သည် ထိုမြို့၌ဆင်းသက်၍ ဦးဂွမ်တီအားရှာဖွေရန်ဆုံးဖြတ်ခဲ့လေ၏။

ချောက်မြို့သို့ သင်္ဘောဆိုက်သည့်အချိန်မှာ ညနေ ၃ နာရီခန့်ရှိပြီဖြစ်ရာ စားသောက်ဆိုင်များနှင့် ဟော်တယ်များအပြင် ဗိုလ်အိမ်မှ ထမင်းချက်များကိုပါစုံစမ်းရသည်ဖြစ်ရာ အချိန်နှစ်နာရီကျော်ကုန်ဆုံးခဲ့သော်လည်း ဦးဂွမ်တီကို မဆိုထားနှင့် နာမည်တူတစ်ယောက်တလေကိုပင်မတွေ့ရသည့်အဆုံး၌ ပုဂံဘက်သို့ဆက်၍ခရီးထွက်ရန်ပြင်ဆင်ရလေ၏။

အချိန်မှာ အတော်အတန်နှောင်းနေပြီဖြစ်သော်လည်း မော်တော်ကားခပ်စုတ်စုတ်တစ်စီးက ညောင်ဦးမြို့သို့တိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



အရောက်သွားရန်ကိစ္စရှိသည်ဟု ပြောဆိုသဖြင့် ကျွန်ုပ်လည်းထို ကားနှင့်လိုက်ပါခဲ့လေ၏။

မော်တော်ကားသည်ချောက်မြို့မှ ထွက်၍သဲချောင်းတလေး တစ်ချောင်းကိုဖြတ်ကူးပြီးနောက် စက်ပျက်သွားသည်ဖြစ်ရာ ဒရိုင် ဘာသည် ကြိုးစား၍ပြင်ပါသော်လည်း ၎င်းကိုယ်တိုင်က မောင်း၍ မျှသာမောင်းတတ်သည့် ဒရိုင်ဘာမျိုးဖြစ်နေသဖြင့် ကားစက်မှာ အသံမျှပင် ထွက်၍မလာတော့ပေ။

စပယ်ယာလုပ်သူများလည်း မော်တော်ကားခတောင်းရုံနှင့် ကားဘီး၌ ဂျမ်းတုံးခုရုံလောက်သာ အသုံးဝင်သည်ဖြစ်ရာ ကားစက် ပြန်၍ နိုးလာမည့်အရေးကိုလုံးဝ စဉ်းစားခြင်းမပြုတော့ဘဲ ကျွန်ုပ်တို့ ပါ၎င်းတို့နှင့်အတူ ကားပေါ်၌ပင်အိပ်စက်ရန် ပြောလေ၏။

ကျွန်ုပ်မှာမူ ထိုသူတို့နှင့်အတူကားပေါ်၌ အိပ်စက်ရခြင်း ထက်အနီး အနားရွာတစ်ရွာ၌ အိပ်စက်ရခြင်းက ပိုမို၍အဆင် ပြေမည်ဟု သဘောရသဖြင့် ရှေ့၌ ရွာရှိမရှိ ဒရိုင်ဘာနှင့် စပယ် ရာကိုမေးရာ စဥ့်ကူဆိုသောရွာကလေး တစ်ရွာရှိကြောင်း ပြော သဖြင့် ကျွန်ုပ်သည် အိပ်ရာလိပ်နှင့် သားရေသေတ္တာ ကိုဆွဲကာ တစ်ယောက်တည်း ခရီး ဆက်ခဲ့လေ၏။

အတော်အတန်မောသည်အထိ သွားပြီးနောက် စဥ့်ကူဆို သောရွာကိုရောက်လေ၏။ တစ်ရွာလုံးသည် ရေနံဆီမီးခွက်ကလေး များ မှိတ်တုတ်မှိတ်တုတ်နှင့်ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းတော့၏။

သို့ရာတွင် ထိုရွာကို ဆုံးသည့်အထိ မော်တော်ကားလမ်း အတိုင်း ဖြတ်၍လျှောက်သွားခဲ့ရာ ရွာအပြင်ဘက်သို့ရောက်လျှင် လွန်စွာရှေးကျသော တိုက်အိုကြီးတစ်လုံးကို အောက်လင်းမီးကြိုး များ ထိန်၍နေအောင်ထွန်းထားသည်ကို တွေ့ရသဖြင့် ထိုတိုက်ကြီး ၌ တစ်ညတာအတွက် တည်းခိုရန် ခွင့်တောင်းမည်ဟု စိတ်၌ကြံ



www.burmeseclassic.com

www.burmeseclassic.com



၍ ဝင်ရောက်သွားတော့၏။

ခြံဝင်းတံခါးကိုကျော်ဖြတ်၍ တိုက်၏တံခါးဝသို့ရောက်လျှင် ကျွန်ုပ်၏ စိတ်ကူးချော်မှုကို ကျွန်ုပ်ကိုယ်တိုင် မကျေနပ်ဖြစ်မိလေတော့၏။

အဘယ်ကြောင့်ဆိုသော တိုက်တံခါးဝမှနေ၍ အတွင်းသို့ ကြည့်လိုက်ရာ လွန်စွာကြီးမားသည့် တရုတ်အသုဘခေါင်းကြီး တစ်ခုကိုတွေ့ရပြီးလျှင် ထိုခေါင်းကြီး၏ အနီး၌ တရုတ်အမွှေးတိုင်များ၊ ဖယောင်းတိုင်များ၊ ထွန်းညှိ၍ ထားသည်ကိုလည်းကောင်း၊ တရုတ်ကပြားဟု ယူဆရသော မိန်းမကြီးနှစ်ယောက်နှင့်မိန်းကလေး နှစ်ယောက်တို့သည် အကျႌအနက်၊ လုံချည်အနက်များဝတ်ဆင်၍ ပူဆွေးသော ရုပ်အသွင်နှင့်ထိုင်၍ နေကြသည်ကိုတွေ့မြင်ရသော ကြောင့်ဖြစ်လေ၏။

မိန်းကလေးတစ်ဦးက ထိုင်ရာမှ ကပျာကသီထ၍ လာပြီး လျှင် ကျွန်ုပ်၏ အိပ်ရာလိပ်နှင့်သားရေသေတ္တာကို ကျွန်ုပ်၏လက် တွင်းမှ ကူညီ၍သယ်ယူကာ နေရာထိုင်ခင်း ပေးလေ၏။

ၛင်းအိမ်သာများအနေနှင့် ကျွန်ုပ်အားအသုဘကိစ္စအ တွက် ရပ်ဝေးမှ လာရောက်သော ဧည့်သည်တစ်ဦးဟု ထင်မှတ်နေ စုံရှမလေ၏။

ကျွန်ုပ်သည် နောက်မှပဲ အေးအေးဆေးဆေး ပြောမည်ဟု ယူဆ၍ ခင်းပေးသော ဖျာပေါ်၌ ထိုင်၍ အမောဖြေလိုက်စဉ်တွင် လွန်စွာ အနံ့ကောင်းလှသော မြောက်ဖြူတံဆိပ် လက်ဖက်ခြောက် ခတ်ထားသည့် ရေနွေးကရားတစ်အိုးနှင့် တရုတ်မုန့်များ လာရောက် ချပေးပြီးလျှင် တရုတ်ကပြားဒေါ်ကြီးတစ်ဦးက ကျွန်ုပ်အနီးသို့ လာရောက်၍ ထိုင်ကာ အသုဘကို မနက်ဖြန် မနက်၌ သဂြိုလ် မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အချိန်မီရောက်လာခြင်းမှာ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း စသည်များကိုပြောလေ၏။ တိုက်၏ အခြားသော ထောင့်ကလေး၌မူ မြန်မာကလေးလေးငါးယောက်ခန့်သည် ပိုက်ဆံအကြွေအနည်းငယ်မျှနှင့် တိုးတိုးကြိတ်ကြိတ် ဖဲကစားနေကြလေ၏။

ကျွန်ုပ်သည် အသုဘသို့လာသော ဧည့်သည်မဟုတ်ကြောင်း မော်တော်ကားပျက်၍ ခေတ္တဝင်ရောက်တည်းခိုသူဖြစ်ကြောင်းတို့ ဖွင့်၍ ပြောသင့်ပါလျက် အိမ်ရှင်တို့ကိုအားနာသဖြင့်မပြောဖြစ်ဘဲ ရေနွေးကြမ်းကိုသာမဲ၍ သောက်နေရလေ၏။

ကျွန်ုပ်ရောက်ပြီး များမကြာမီ၌ပင်လျှင်ဖဲကစားနေသော ကလေးများမှာ ဒိုင်လုပ်သူက သိမ်းကြုံး၍ နိုင်သွားသဖြင့် ဖဲဝိုင်းပျက်၍သွားသည်ဖြစ်ရာ ထိုကလေးများအနက်မှ တစ်ယောက်သော်လျှင် ရေနွေးအိုးတည်မည်ဟု ဆိုကာ မီးဖိုဘက်သို့သွား၍ ကျန်ကလေးများမှာမူ ပိတုန်းတံဆိပ် ဖဲထုပ်ကလေးအား ပန်းကန်ပြားတစ်ချပ်ပေါ်၌ တင်လျက်သား ကျွန်ုပ်အနီးသို့ လာရောက်၍ ချထားပြီးလျှင် အိမ်ရှင်များကို နှုတ်ဆက်၍ အားလုံးလိုလိုထ၍ ပြန်သွား ကြလေတော့၏။

လူရှင်းသည့်အခါ၌ တရုတ်ကပြား အဒေါ်ကြီးနှစ်ယောက်နှင့်အတူ ကျွန်ုပ်၏ ပစ္စည်းများကို သယ်ယူပေးသော မိန်းကလေးနှင့် အခြားသောမိန်းကလေးတစ်ဦးပါ ကျွန်ုပ်အနီးသို့လာရောက်ထိုင်ကာ ကျွန်ုပ်အား အိပ်ရှင်တို့ ဝတ္တရားအတိုင်း လာရောက်၍ စကားစမြည်ပြောကြလေ၏။

ထိုအခါမှပင် ကျွန်ုပ်သည် သေဆုံးသူကိုလည်းကောင်း ကျန်လူများကိုလည်းကောင်း လုံးဝသိကျွမ်းခြင်းမရှိကြောင်း၊ ပုဂံသို့ ဘုရားဖူးလာရင်း ကားပျက်သောကြောင့် တစ်ညတာတည်းခိုရန် လာခဲ့ကြောင်းကို ပြောဆိုလိုက်ရာ အသုဘရှင်များမှာ ငိုအားထက် ရယ်အားသန်ဆိုသကဲ့သို့ ရယ်မောကြ၍ ကျွန်ုပ်အား တစ်ညသာလျှင်

www.burmeseclassic.com



မဟုတ်ဘဲ လိုအပ်သလောက်တည်းခိုနိုင်ကြောင်း အမျိုးသမီးများ ချည်းဖြစ်ခြင်းကြောင့် ယခုကဲ့သို့ ယောကျာ်းအဖော်ရှိခြင်းအတွက် သူတို့အဖို့ ဝမ်းမြောက်ဖွယ်ပင်ဖြစ်ကြောင်းပြောဆိုလေ၏။

ကျွန်ုပ်သိရသည်မှာ အဒေါ်ကြီးနှစ်ဦးအနက်တစ်ဦးမှာ ဒေါ်ကြင်တီဟူ၍ဖြစ်ပြီး ကျန်တစ်ဦးမှာ ဒေါ်ကြင်ကီဟု ဖြစ်လေရာ ထိုနှစ်ဦးသည် ညီအမအရင်းများဖြစ်ကြဖွယ်ရာရှိလေ၏။

မိန်းကလေးနှစ်ဦးအနက် တစ်ဦး၏ အမည်မှာ မကြင်စွမ် ဟူ၍ဖြစ်လေ၏။ မကြင်စွမ်ကား ဒေါ်ကြင်ကီအား အမားဟူ၍ခေါ် ပြီးလျှင် ဒေါ်ကြင်တီအား တီတီဟူ၍ ခေါ်ခြင်းကိုထောက်ခြင်း ဖြင့် ဒေါ်ကြင်ကီ၏ သမီးဒေါ်ကြင်တီ၏ တူမဖြစ်ဖွယ်ရာ ရှိလေ၏။

ကျန်သော တစ်ယောက်မှာမူ ကျွန်ုပ်၏ အိပ်ရာလိပ်နှင့် သားရေသေတ္တာကို ကူညီ၍သယ်ယူပေးသော မိန်းကလေး ဖြစ်၏။

ထိုအိမ်၌ ထိုမိန်းကလေးသည် တရုတ်ကပြားမကလေး တစ်ဦးကဲ့သို့ အသားရောင်အားဖြင့် ဝါဝင်းသော်လည်း မျက်လုံး မျှတ်တောင်တို့မှာမူ ပန်ချာပီမကလေးကဲ့သို့ နက်မှောင် ကော့သွယ် ၍ နှာတံမှာလည်း တရုတ်ကပြားမလေးကဲ့သို့ ပြားချပ်ခြင်းမရှိ ဘဲ များစွာပေါ်လွင်လေ၏။ ကိုယ်လုံးမှာ ကြော့ရှင်း၍ သွားဟန် လာ ဟန်မှာလည်း စက္ကဝတ်ငှက်ကဲ့သို့လှပေလေ၏။ ကျွန်ုပ်အား ရေနွေး ကြမ်းကရားမှ ရေနွေးကို ပန်းကန်အတွင်းသို့ ငှဲ့၍ ပေးစဉ် ၌ ၎င်း၏ လက်ချောင်းကလေးများကို အမှတ်တမဲ့ ကြည့်မိရာ ၃၂- တိုင်ထုပ်အတွင်းမှ ဖယောင်းတိုင်ဖွာလေးများသဖွယ် ဖြူသွယ် ၍ ချစ်စဖွယ်ကောင်းလှသည်ကို အသိအမှတ်ပြုမိလေ၏။

လှသည်ဟုဆိုသော မိန်းမတော်တော်များများသည် မျက်နှာ နှင့် ကိုယ်လုံးကိုယ်ပေါက်သာလျှင် လှပကြသော်လည်း လက်ချောင်း ခြေချောင်းများကိုကြည့်ရှုရသည့်အခါ၌ အချို့မှာ ခြေသည်း ညီပြင်



www.burmeseclassic.com

www.burmeseclassic.com



ပုပ်၊ လက်ချောင်းတိုတိုတုတ်တုတ်များ ဖြစ်၍ နေတတ်ကြလေ၏။

ထိုမိန်းကလေးမှာမူ မျက်နှာ၊ ကိုယ်လုံးမှအစ ခြေချောင်း လက်ချောင်းကလေးများပါ မကျန်လှပ၍ နေသည်ကို ကျွန်ုပ်သတိပြုမိပါသည်။

ထိုမိန်းကလေး၏ အမည်မှာ 'မြနန်းနွယ်'ဟု သိရလေ၏။

ထို့ကြောင့် မြနန်းနွယ်ဟူသော အမည်မှာ တရုတ်ကပြားမကလေးများ မှည့်ခေါ်လေ့ရှိသည့် အမည်မျိုးမဟုတ်ကြောင်းတို ကျွန်ုပ်အနေနှင့် သတိပြုမိလေ၏။

ကျွန်ုပ်သည် ချောမောလှပသော မြနန်းနွယ်နှင့် ပတ်သက်၍ အမျိုးမျိုးအဖုံဖုံစဉ်းစားလျက်ရှိနေစဉ်ပင်. . .

"မုန့်တွေ စားပါဦး၊ ခရီးပန်းလာရင်လဲ ဟိုနားမှာ အိပ်ရာခင်းပေးထားပါတယ်။ တုံးတုံးပက်လက် အနားယူနိုင်ပါတယ်ရှင်" ဟူ၍ မြနန်းနွယ်က ကျွန်ုပ်အား ပြောလေ၏။

ကျွန်ုပ်၏ တစ်သက်တာ၌ နားဝင်အချိုဆုံးအသံကို ပြောပြပါဟုဆိုလျှင် ထိုအချိန်က ကြားခဲ့ရသော မြနန်းနွယ်၏ အသံတို သာ ပြောရလိမ့်မည်ဖြစ်ပေ၏။

ကျွန်ုပ်သည် အိမ်ရှင်များကို အားနာသော်လည်း ခရီးပန်း၍ လာသည်ဖြစ်သဖြင့် နံရံအနီး၌ မြနန်းနွယ်ခင်းပေးထားသော အိပ်ရာ၌ သွားရောက်၍ လဲလျောင်းရလေ၏။

ကျွန်ုပ်လဲလျောင်းနေသော နေရာနှင့် မနီးမဝေး၌ပင် မြနန်းနွယ်အပါအဝင် အိမ်သားများသည် စုဝေးလျက် စကားပြောဆိုနေကြလေ၏။

ကျွန်ုပ်လဲလျောင်း၍ တအောင့်မျှအကြာတွင် ခြံဝင်းအတွင်းသို့ လူတစ်ယောက်ဝင်၍လာသံကို ကြားသဖြင့် အိမ်သားများသည် မျှော်၍ ကြည့်လိုက်ကြစဉ်၌ပင် ထူးဆန်းသော လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သည် အိမ်တံခါးဝသို့ ရောက်ရှိ၍ လာလေ၏။

ထူးဆန်းသော လူတစ်ယောက်ဟု ကျွန်ုပ်ဆိုရသည့်အကြောင်းမှာ ထိုလူသည် အရပ်အမောင်းအနားဖြင့် ထောင်ထောင်မောင်းမောင်းရှိပြီးလျှင် ဝတ်ထားသော အဝတ်အစားများမှာ သကြၤန်တွင်း၌ ကလေးများ ဝင်၍ကပြသည့် တိုးနယား၏ ကိုယ်လုံး၌ တပ်ဆင်ထားသော အဝတ်စများကဲ့သို့ နေရာမလပ်ချုပ်ရာ ဖာရာများနှင့် ဖွာ၍ နေလေ၏။

ထိုအရာတို့ထက် ထူးဆန်းသည်မှာ ထိုသူ၏ မုတ်ဆိတ်မွေးပင် ဖြစ်လေ၏။ ထိုသူ၏ မုတ်ဆိတ်မွေးမှာ ရင်ညွန့်ကို ကျော်လွန်၍ ချက်၏ အနီးသို့ပင် ရောက်ရှိနေသည် ဖြစ်၏။

ထိုသူသည် တရုတ်ခေါင်းကြီးကိုတစ်လှည့်၊ ကျွန်ုပ်တို့ အပါအဝင်အိမ်တွင်းရှိ လူအားလုံးကို တစ်လှည့်၊ စေ့စေ့စပ်စပ်ကြည့်ပြီးလျှင် ကျွန်ုပ်တို့အနီးသို့ တစ်လှမ်းချင်းလျှောက်၍ ဝင်လာလေ၏။

"စားတော်ကဲကြီးရဲ့ အသုဘကိုလာတာပါ"ဟု ထိုသူက ဖျာပေါ်၌ ထိုင်ခါနီးတွင် ကျွန်ုပ်အား ပြောလိုက်လေ၏။

"သြော်. . . ဝမ်းသာပါတယ်ရှင်၊ ကျေးဇူးလဲ တင်ပါတယ်၊ ညစာများကော သုံးဆောင်ပြီးပါပြီလား၊ အားမနာပါနဲ့၊ စားဖို့သောက်ဖို့ အပြည့်အစုံရှိပါတယ်"ဟု မြနန်းနွယ်က အိမ်ရှင်၏ ဝတ္တရားအတိုင်း ပျူပျူငှာငှာပြောလိုက်သော်လည်း ထိုထူးဆန်းသော မုတ်ဆိတ်မွေးနှင့် လူက စကားတစ်ခွန်းမျှ ပြန်၍ မပြောတော့ဘဲ ညစာအတွက် မလိုကြောင်း လက်ဝါးကိုသာ ကာ၍ ပြလိုက်ပြီးလျှင် လွန်စွာအနံ့ပြင်းသော ဆေးလိပ်တစ်လိပ်ကို ထုတ်၍ သောက်နေတော့၏။

မုတ်ဆိတ်မွေးနှင့် လူသည် ကျွန်ုပ်ကို တစ်လှည့်၊ တရုတ်ခေါင်းကြီးကို တစ်လှည့်၊ မြနန်းနွယ်အား တစ်လှည့်စသည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ်အကဲခတ်၍ နေလေ၏။

ကျွန်ုပ်လည်း ခရီးပန်း၍ လာသဖြင့် အိပ်တော့မည်ဟု ကြံသော်လည်း ထိုသူ၏ အမူအရာအား မသင်္ကာသဖြင့် မအိပ်ဘဲ ထိုသူအား ပြန်၍ အကဲခတ်နေရလေ၏။

အချိန်အတော်ကြာညောင်းသွားသည့်အခါ၌ ထိုသူအိပ်ရန်အတွက် ဖျာတစ်ချပ်နှင့် ခေါင်းဦးတစ်လုံးကို မြနန်းနွယ်တစီစဉ်ပေးလေ၏။

ထိုအချိန်၌ပင် ခြံတွင်းသို့လူဝင်၍လာသည့်အသံကြားသဖြင့် ထိုသူအပါအဝင် ကျွန်ုပ်တို့အားလုံးသည် တံခါးဆီသို့ မျှော်ကြည့်လိုက်ကြစဉ်မှာပင် မုတ်ဆိတ်မွေးရှည်၍ ညှင်းသိုးသိုးနိုင်သောလူနှစ်ယောက် တစ်ပြိုင်တည်းရောက်ရှိလာပြီးလျှင် တရုတ်ခေါင်းကြီးနှင့် ကျွန်ုပ်တို့အား အကဲခတ်ပြီးနောက် ပထမရောက်ရှိနေသော မုတ်ဆိတ်အနီး၌ ဝင်၍ထိုင်လေ၏။

ထိုနှစ်ယောက်အနက်မှ တစ်ယောက်သောသူက အိမ်ရှင်အမျိုးသမီးဘက်သို့လှည့်၍ . .

"အခုသေဆုံးတာဟာ၊ စားတော်ကဲကြီးပါပဲ"

"ဦးဂွမ်တီဟုတ်ပါသလား"

"ဟုတ်ပါတယ်ဦးဂွမ်တီပါပဲ"

ကျွန်ုပ်သည် လွန်စွာအံ့သြ၍သွားမိတော့၏။ ကျွန်ုပ်ရှာဖွေနေသည့် ဦးဂွမ်တီသည် ကျွန်ုပ်မထင်မှတ်ဘဲ ဝင်ရောက်ခဲ့သောအိမ်တစ်အိမ်တွင်းရှိ တရုတ်ခေါင်းကြီး အတွင်း၌ ရောက်ရှိနေသည့်အဖြစ်ကိုတွေးကာ အံ့သြမိခြင်းဖြစ်၏။ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်သည် ဤအိမ်ကြီးနှင့် လုံးဝပတ်သက်ခြင်းမရှိခဲ့ပါ။ နံနက်မိုးလင်းသည်နှင့်တစ်ပြိုင်နက်ကားကြုံတစ်စီးဖြင့် ပုဂံသို့လိုက်ပါသွားရန်သာရှိပါလေ၏။

**တုန္တာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တရုတ်ခေါင်းကြီးအတွင်းရှိသော အသုဘသည် ဦးဂွမ်တီဖြစ်၍နေလျှင် ကျွန်ုပ်သည် ရှေ့သို့ခရီးဆက်ရန် မဖြစ်တော့ပေ။ ကျွန်ုပ်၏ ခရီးစဉ်သည် ဤနေရာ၌ အဆုံးသတ်နေပြီဖြစ်၏။

ကျွန်ုပ်သည် ခေါင်းဘေးမှ ထောင်၍ထားသော ဓာတ်ပုံကို နောက်မှသေချာစွာကြည့်ရလေတော့၏။

ဓာတ်ပုံ၏ ရှေ့၌ အမွှေးတိုင်များ၊ ဖယောင်းတိုင်များ ရှုပ်ယှက်ခတ်၍နေအောင် စိုက်ထူထွန်းညှိထားသည် ဖြစ်၍ မျက်နှာကိုမူ သဲကွဲစွာ မမြင်ရပေ။

ဓာတ်ပုံမှာလည်း ဓာတ်ပုံဟုလွယ်ကူစွာ ခေါ်ရသော်လည်း အမှန်စင်စစ်အားဖြင့် ဓာတ်ပုံမဟုတ်ပေ၊ တရုတ်မင်တောင့်ဖြင့် ရေးဆွဲထားသောပုံတူသာလျှင်ဖြစ်ပေသည်။

"ဦးဂွမ်တီသေတာ ဘယ်နှစ်ရက်ရှိပြီလဲ" ဟု ပထမရောက်သော မုတ်ဆိတ်နှင့်လူက မေးလိုက်၏။

"သုံးရက်ရှိပါပြီရှင်" ဟု မြနန်းနွယ်က ယဉ်ကျေးစွာဖြေဆိုလေ၏။

"ဘာရောဂါနဲ့လဲ"

"လူကြီးရောဂါပေါ့ရှင်"

"နေစမ်းပါဦး၊ မိန်းကလေးနဲ့ဦးဂွမ်တီနဲ့ ဘယ်လိုများတော်စပ်ပါသလဲ"

"မြနန်းနွယ်ရဲ့ဖေဖေပါ"

"ကျုပ်တို့ သိထားတာကတော့စားတော်ကဲ ဦးဂွမ်တီဟာ အိမ်ထောင်မရှိဘဲလူပျိုကြီးလို့သိထားတာပဲ"

"မဟုတ်ပါဘူးရှင်"

"ဒီလိုဆိုရင်တော့ မိန်းကလေးကို မေးရမှာပဲ။ ဦးဂွမ်တီရဲ့ လျှို့ဝှက်တဲ့ ကိစ္စတွေကိုသိမှာပေါ့"

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"မြနန်းနွယ်ရဲ့ဖေဖေမှာဘာလျှို့ဝှက်တဲ့ကိစ္စမှ မရှိပါလားရှင်"

"ဒါဖြင့်ရင်မိန်းကလေးမသိဘူးပေါ့"

"မသိပါဘူးရှင်၊ မြနန်းနွယ် ဘာမှမသိရပါဘူး"

"ဒီလိုပဲ သေပြီသေပြီနဲ့ ပြန်ပြန်ပြီးပေါ်လာတာ သုံးခါရှိပြီ၊ ဒီတစ်ခါတော့မရဘူး၊ ခေါင်းထဲက လူဟာ ဦးဂွမ်တီဟုတ်မဟုတ် ဖွင့်ပြီးကြည့်ရမယ် မိန်းကလေး"

'ဟုတ်တယ်၊ ဖွင့်ကြည့်ရမယ်"

"ဟုတ်တယ်၊ ဖွင့်ကြည့်ရမယ်"

"ဖွင့်ကြည့်ရမယ်"

"ဖွင့်ကြည့်ရမယ်"

မုတ်ဆိတ်မွေးနှင့် လူသုံးယောက်သည် ခေါင်းဖုံးကိုဖွင့်၍ကြည့်ရန် အော်ဟစ်တောင်းဆိုကြတော့၏။

မြနန်းနွယ်က ကျွန်ုပ်အား လှမ်း၍ကြည့်လိုက်၏။ သူ၏အကြည့်မှာ ကျွန်ုပ်အား တစ်စုံတစ်ရာ အကူအညီတောင်းသောအကြည့်မျိုးဖြစ်လေ၏။

သို့ရာတွင် ကျွန်ုပ်အနေနှင့် မည်သို့မည်ပုံ အကူအညီပေးရမည်ကိုမကြံတတ်အောင်ရှိတော့၏။

မုတ်ဆိတ်မွေးနှင့်လူသုံးယောက်သည် ခါးကြားမှ ဓားမြှောင်ကို ထုတ်၍ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး တရုတ်ခေါင်းကြီးအနီးသို့ကပ်၍ သွားပြီးလျှင် သတိကြီးစွာဖြင့် လွန်စွာလေးလံသော ခေါင်းဖုံးကြီးကို ဖွင့်ကြလေ၏။

ထိုသူတို့၏ မျက်လုံးများသည် ခေါင်းကြီးအား ပြင်းထန်စွာ ပေါက်ကွဲတော့မည့် ဗုံးကြီးအား ဖွင့်လိုက်ပြီးလျှင် ခေါင်းတွင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ ဓားမြှောင်များဖြင့် ထိုးစိုက်ရန် ချိန်ရွယ်လိုက်ကြပြန်လေ၏။

သူတို့၏ အမူအရာမှာ အကယ်၍ ခေါင်းတွင်းမှ ဦးဂွမ်တီသည် အသက်ရှင်လျက်ရှိနေလျှင်လည်း ဖာစ်ခါတည်းဓားများဖြင့် ထိုးစိုက်ကြမည်ပုံသဏ္ဌာန်မျိုးပေါ် လွင်လျက်ရှိလေ၏။

ထိုသူတို့သည် ဓားမြှောင်များကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် ခေါင်းကြီးအတွင်းသို့ စိတ်အားထက်သန်စွာ ငုံကြည့်ကြပြီးလျှင် တစ်ဦး၏ မျက်နှာကို တစ်ဦးကြည့်ကာ ငိုင်၍သွားကြလေ၏။ ထိုသူတို့သည် ဓားမြှောင်များကိုကိုင်လျက် ကြက်သေသေကာ ငြိမ်၍ နေကြလေသည်။

ခေါင်းအတွင်း၌ရှိသော ဦးဂွမ်တီ၏ အလောင်းကို မြင်လိုက်ရပြီးနောက် အံ့သြလွန်း၍ ကြက်သေသေလျက်ရှိကြသော မုတ်ဆိတ်မွေးနှင့် လူသုံးယောက်ကို ကြည့်ကာ ကျွန်ုပ်တို့လည်း လွန်စွာ အံ့သြလျက်ရှိကြလေ၏။

ကျွန်ုပ်သည် မုတ်ဆိတ်မွေးနှင့်လူအနီးသို့ ချဉ်းကပ်၍ ကြီးမားသော တရုတ်ခေါင်းကြီးအတွင်းသို့ ငုံကြည့်လိုက်ရာ ကျွန်ုပ်ကိုယ်တိုင် လွန်စွာ အံ့သြ၍သွားမိလေ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည်ခေါင်းအတွင်း၌ စန့်စန့်ကြီးသေ၍နေသည့်ဦးဂွမ်တီ၏အလောင်းကြီးကိုတွေ့ရမည်ဟု ထင်မှတ်ခဲ့သော်လည်း အမှန်တကယ်၌ မည်သည့်အလောင်းကိုမျှ တွေ့ရခြင်းမရှိဘဲ ခေါင်း၏ အခင်းပြင်၌ မီးသွေးဖြင့်ရေးထားသော အောက်ပါစာတန်းတို့ကိုတွေ့ရသောကြောင့်ဖြစ်ပေသတည်း။

> "သေသောသူသည် သုသာန်သို့သွားသည်။"
> ပုဂံရေချိုး၊ ပဲခူးမှာပေါ်၊
> လူလိုမှ နတ်လို၊ နတ်လိုမှ ငြိုလ်မ၊
> ငကန်းသေလျှင် ငစွေပေါ်လိမ့်မည်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

### စားတော်တဲကြီး ဦးဂွမ်တီနောက်သို့

ကျွန်ုပ်သည် ဦးဂွမ်တီ၏ အခေါင်းပျဉ်၌ရေးထားသော စာကိုဖတ်ကြည့်ပြီးနောက် ကျွန်ုပ်လေ့လာဆည်းပူးခဲ့ဖူးသော ရှေး ဟောင်းစာပေရေးသားခြင်းဆိုင်ရာ ကိစ္စများအား ပြန်လည်၍ စဉ်း စားမိလေသည်။

အင်္ဂလိပ်ဘာသာအားဖြင့် (Pyramid text) ပစ်ရမစ်တိတ် ခေါ် သင်္ချိုင်းအုတ်ဂူဟောင်းကြီးများ၌ ရေးထိုးလေ့ရှိသော စာမျိုး (The book of Dead)ခေါ် လူသေနှင့် အတူထည့်ပေးလေ့ရှိသော ကျူရွက်ပေါ်၌ရေးသည့်စာမျိုး၊ (Coffin text) ခေါ် လူသေခေါင်း ၌ ရေးလေ့စာမျိုး၊ Coffin text ခေါ် လူသေခေါင်း၌ရေးသည့် စာမျိုးစသည့် ရှေးဟောင်းစာပေရေးခြင်းတို့သည် ခရစ်တော်မပေါ် မီ နှစ်ပေါင်း ၂၇၀၀ လောက်ကပင် ရေးသားလေ့ရှိကြခြင်းကို ကျွန်ုပ်သည် ကာလကတ္တားယူနီဗာစီတီ၌ ပညာသင်ကြားခဲ့စဉ်က ပင် သင်ကြားလေ့လာခဲ့ရဖူးလေသည်။

အိန္ဒိယပြည်၌ ကျောက်စာဝန်ထောက်အဖြစ် လုပ်ကိုင်နေ စဉ်၌လည်း အီဂျစ်ပြည်နိုင်းလ်မြစ်အနီး(Sakara) စကာရာဟူသော



www.burmeseclassic.com

www.burmeseclassic.com



ဒေသသို့သွားရောက်လေ့လာခဲ့ရာ ဂူငင်းစာအမျိုး မြောက်မြားစွာကို တွေ့ရှိခဲ့ရဖူးလေသည်။

ယခုဦးဂွမ်တီ၏ ခေါင်း၌ရေးသားထားသော စာမှာအထက်၌ဆိုခဲ့သည့်အတိုင်း (Coffin text) ခေါ် ခေါင်း၌ရေးသောစာအမျိုးအစား၌အကျုံးဝင်လေ၏။

ထို"စာမျိုးမှာ" သေသူက တစ်ဦးတစ်ယောက်ကိုရည်ရွယ်၍ ရေးလေ့မရှိဘဲ တစ်တိုင်းပြည်လုံး၊ သို့မဟုတ် လူသားအားလုံးအားရည်ညွှန်း၍ရေးသားခဲ့သော သိုက်စာဆံဆု၊ တဘောင်ဆံဆံရေးသားလေ့ရှိသည့်အပြင် သာမန်လူများအနေနှင့်လည်း ရေးသားမှာကြားခဲ့ခြင်းမရှိဘဲ ပညာရှိများကသာထိုကဲ့သို့ပြုလုပ်လေ့ရှိလေ၏။

အနီးစပ်ဆုံး ဥပမာတစ်ခုပြရလျှင် ပညာရှိအမတ်ကြီး ဦးပေါ်ဦးသည် သေဆုံးသည့်အခါ၌ ဂူငင်းအားခေါင်းသွင်းလျှင် ခြေ နှစ်ဘက် လက်နှစ်ဘက်ကို ခေါင်းအပြင်၌ ထုတ်၍ထားရန်မှာခဲ့ လေ၏။

ထိုသို့မှာခြင်းမှာ အသက်ရှင်စဉ်အခါ၌ ပညာရှိကြီးတစ် ဆူဖြစ်သော်လည်း သေသည့်အခါ၌ ထိုပညာတို့သည် သေရွာသို့ ပါသွားသည်မဟုတ်ဘဲ လက်ချည်းခြေချည်းသက်သက်သာဖြစ်ကြောင်း ကျန်သည့် လူများအား မှာကြားခဲ့ခြင်းဖြစ်သည်။

ထို အပြုအမူသည်လည်း တစ်နည်းအားဖြင့် (Coffine text) အမျိုးအစား၌ပါဝင်လေ၏။

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



အခြားအထောက်အထားတစ်ခုတင်ပြရလျှင်(Ipuwer)အီပူဝါးဟုခေါ် သောရှေးဟောင်းအီဂျစ်ပညာရှိကြီးသည်အထတ်ပါ စာမျိုးရေးသားခဲ့လေ၏။

သူ၏စာမှာ အင်္ဂလိပ်ဘာသာအားဖြင့် ဤသို့ဖြစ်လေ၏။

A man Smites his brother. A man looks upon his son as an enemy. Blood is everywhere.

"အမိပွာယ်မှာ တစ်အူထုံဆင်းညီအစ်ကိုရင်းတို့ သတ်ဖြတ်ကြ၍၊ ဖခင်က ရင်သွေးအား ရန်ပြုကာ သွေးချောင်းစီးလတ္တံ့" ဟု ဖြစ်လေ၏။

ထိုစာ၏ ဆိုလိုချက်မှာ ကမ္ဘာပေါ်၌ လူသားတို့ဖြစ်ပျက်ကြမည့်အဖြစ်အပျက်များကို တဘောင်ဆံဆံရေးသွားခြင်းပင်ဖြစ်လေ၏။

ထို့ကြောင့် ကျွန်ုပ်အား ငယ်စဉ်ကပင် ခက်ခဲနက်နဲသော စာပေကျမ်းဂန်များကို သင်ပေးသွားသည့် ထမင်းချက်ကြီး ဦးဝွမ်တီသည်ကား သာမန်လူတန်းစားထဲက မဟုတ်ကြောင်းကိုမူ ကျွန်ုပ်သဘောပေါက်ပေပြီ။

ယခုထပ်မံသိရပြန်သည်ကား လျှို့ဝှက်ချက်ပေါင်းများစွာရှိသည့် စားတော်ကဲကြီးတစ်ဦးဖြစ်နေပြန်၏။

သူသည်ဒေါသပြင်းထန်လှသော မုတ်ဆိတ်မွေးနှင့် လူသုံးယောက်အား လည်းကောင်း၊ ကျွန်ုပ်နှင့် မြနန်းနွယ်တို့အားလည်းကောင်း ပျက်ရယ်ပြုလို၍ ခေါင်းပျဉ်၌ စာရေးခဲ့သည်ဟု ကျွန်ုပ်မယူဆပေ။ ပဝေသဏီအခါက ပညာရှိများကို မှာကြားလိုသည့်



www.burmeseclassic.com

www.burmeseclassic.com



အလျောက် သိုက်စာဆံဆံ၊ တဘောင်စနည်းဆံဆံ (Coffin text) ခေါ် "ခေါင်းစာ" ရေး၍သွားခြင်းဖြစ်ပေလိမ့်မည်။

## ● သေသောသူသည် သုသာန်သို့သွားသည်။

အမှန်စင်စစ်အားဖြင့် ထိုစာမျိုးကို ကျွန်ုပ်ငယ်စဉ်ကပင် ကြားဖူးလေသည်။ ကလေးချင်းချင်းပညာစမ်းသည့်သဘောဖြင့် "ဟော့ကောင် မင်း'သ'ဆိုတဲ့စာလုံးနဲ့ချည်းပဲ စာတစ်ကြောင်းဖြစ်အောင်စီတတ်ပါ့မလား" ဟု တစ်ယောက်ကမေးလျှင် ကျန်တစ်ယောက်က စီတတ်ကြောင်းပြော၍ အထက်ပါစာကြောင်းကို ရေး၍ပြတတ်လေ၏။

## ● ပုဂံရေချိုး ပဲခူးမှာပေါ်

ထိုစကားမှာလည်း ကလေးအချင်းချင်း ပုံပြင်စကားပြောကြားရာ၌ ပုင်ငကျွဲဟု ခေါ်သည့် လူသန်ကြီးတစ်ဦးရှိကြောင်း၊ ထိုပုဂံငကျွဲဆိုသူမှာ မည်မျှ ထွားကျိုင်းပါသနည်းဆိုမူ ပုဂံမြို့ရောဝတီမြစ်အတွင်းမှ ရေချိုးလိုက်ရာ ခြေထောက်သည် ပဲခူး၌သွား၍ပေါ်သည်ဟူ၍ ယုံတမ်းစကားပြောကြားခြင်းသာလျှင် ဖြစ်ပေသည်။

## ● လူလိုမှ နတ်လို၊ နတ်လိုမှ ငြိုလ်မ

ငှင်းစကားမှာလည်း ဆုံးမစာရိုးရိုးပင်ဖြစ်၍ လူအချင်းချင်းနှစ်လိုခင်မင်ဖွယ်ဖြစ်အောင်ဆက်ဆံပေါင်းသင်း ကျွေးမွေးလျှင်နန်း



www.burmeseclassic.com

www.burmeseclassic.com



လျှင် လူအများစုက လိုလားပေလိမ့်မည်။ ထိုအခါ၌သာမှာစေဝ နတ်ကောင်းနတ်မြတ်များကလည်း လိုလားနှစ်သက်လာပေမည်။ ထိုသို့နတ်များက လိုလားနှစ်သက်သည့်အခါ၌ ဂြိုလ်နက္ခတ်တို့က လည်း မစကြပေလိမ့်မည်ဟု ရှေးလူကြီးသူမများ၏ဆုံးမစကား ရိုးရိုးသာလှင်ဖြစ်ပေသည်။

## ❁ ဧကန်းသေလျှင် ဧစွေပေါ်လိမ့်မည်

ထိုစကားမှာ စကားပုံသာလျှင်ဖြစ်ပေသည်။ ကန်းသောသူ မရှိသည့်အတွက် ပူပန်နေစရာမလိုပေ၊ မျက်စိစွေသော (အကန်း ထက်သာသည့်)သူရောက်ရှိလာလိမ့်မည်ဟုဆိုသောစကားပင်ဖြစ် ၏။

ကျွန်ုပ်သည် စားတော်ကဲကြီး ဦးဂွမ်တီ၏ "ခေါင်းစာ" များ ကိုမှတ်စုစာအုပ်၌ကူးယူထားပြီးလျှင် အမျိုးမျိုးအဖုံဖုံ စဉ်းစား လေ၏။

သို့ရာတွင် မည်သည့် အဓိပ္ပာယ်ကိုမျှ မှတ်မှတ်ရရနားလည် ခြင်းမရှိခဲ့ပေ။ မုတ်ဆိတ်မွေးနှင့် လူသုံးယောက်မှာလည်း 'ခေါင်းစာ' ကို ကူးယူပြီးလျှင် ထွက်ခွာသွားကြပြီဖြစ်၏။

ကျွန်ုပ်သာလျှင် ခရီးမည်သို့ ဆက်ရမည်ကို မကြံတတ် အောင် ရှိနေရာမှ ဉာဏ်အိမ်၏၌မိန်းမသားချည်းသာလျှင် ရှိသည့် အတွက် ဆက်လက်တည်းခိုရန်မသင့်ဟု ယူဆသည့်အလျောက် မိမိဇာတိချက်မြုပ်ဒေသဖြစ်သော မအူပင်သို့ပြန်တော့မည်ဟု သဘောပိုက်ကာ သားရေသေတ္တာနှင့် အိပ်ရာလိပ်များကို ပြင်ဆင် လေတော့၏။

"စားတော်ကဲဘကြီး ဦးဂွမ်တီကို မရှာတော့ဘူးလားရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မြနန်းနွယ်က ကျွန်ုပ်အနီး၌ပုဆစ်တုပ်ကလေးထိုင်ကာ မေးလိုက်လေ၏။

"သူ့အကြောင်းကိုသေသေချာချာ သိတာလဲမဟုတ်ဘူး။ သူမှာတလဲ ကျုပ်အနေနဲ့မစဉ်းစားနိုင်လောက်အောင် ဆန်းကြယ်နက်နဲတဲ့ လျှို့ဝှက်ချက်တွေကလဲရှိနေတယ်။ ပြီးတော့ မုတ်ဆိတ်မွေးနဲ့ လူသုံးယောက်ကလဲ ဘာတွေမှန်းမသိဘူး။ သူတို့ကလဲ သဲသဲမဲမဲလိုက်ရှာနေတယ်။ ကျုပ်ကိုယ်တိုင်ဘာမှန်းမသိရတဲ့ဇာတ်ထုပ်ထဲမှာ မျောပါနေဖို့ကတော့ မလွယ်ဘူးထင်တယ်။ ဒါနဲ့နေပါဦး မြနန်းနွယ်ဟာ ဦးဂွမ်တီရဲ့ သမီးအရင်းလား"

"မဟုတ်ပါဘူးရှင်၊ သူဟာ မြနန်းနွယ်တို့ဆွေတော်မျိုးတော်တွေအိမ်မှာစားတော်ကဲ (ထမင်းချက်) လုပ်ခဲ့ဖူးတဲ့သူပါ"

"သြော်. . မြနန်းနွယ်က ဆွေတော်မျိုးတော်တွေထဲကကိုး"

"ဟုတ်ပါတယ်ရှင်"

"ဦးဂွမ်တီနဲ့ပတ်သက်လို့သိသမျှတော့ ကျုပ်ကိုပြောပြစေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဦးဂွမ်တီဟာ ကျုပ်ငယ်စဉ်ကတည်းက စာပေကျန်းဂန်များကို သင်ကြားပေးခဲ့သူလဲ ဖြစ်တဲ့အပြင် အခုနောက်ဆုံး အိန္ဒိယပြည် ကျောက်စာဝန်ထောက်အလုပ်ကနေထွက်ပြီး ဒီကိုရောက်လာတာလဲ သူ့ဆီက စာတစ်စောင်ရရှိခဲ့တဲ့အတွက်ပါပဲ၊ ဒါ့ကြောင့်ကျုပ်ကိုတော့ သူနဲ့ပတ်သက်ပြီးပြောပြသင့်တယ်လို့ယူဆပါတယ်"

"ဒီလိုပါ စားတော်ကဲကြီးဟာ မြနန်းနွယ်ရဲ့ ခမည်းတော်နဲ့အတူ ရှားပါးလှတဲ့ကျောက်မျက်ရတနာတစ်မျိုးကို ရှာဖွေခဲ့ကြပါတယ်။ အဲဒီကျောက်မျက်ရတနာဟာ "ဝင်သဝတ်"ဆိုတဲ့ မြကျောက်တစ်မျိုးပါပဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် 'ဟင်'ဟုပင်ပါးစပ်မှ ယောင်ယမ်း၍ထွက်သွား မိလေ၏။ အဖြစ်အပျက်တို့မှာ တစ်စထက်တစ်စ ဆန်းကြယ်၍ လာသည်ကိုလည်း သတိပြုမိလေသည်။

"အဲဒီမြကျောက်ကို ဘာဖြစ်လို့ရှာကြတာလဲ"

"ဖခမည်းတော်ဟာတခြားဆွေတော်မျိုးတော်တွေလို မဟုတ်ပါဘူး။ တခြားတစ်နည်းနဲ့ ကျမ်းဂန်စတဲ့ပညာရပ် ဘက်တွေမှာ အလွန်ပဲဝါသနာရှိတဲ့အတွက် လိုက်စားခဲ့ပါတယ်။မည်းတော်ရဲ့ ရည်ရွယ်ချက်ကတော့ အင်္ဂလိပ်တွေရဲ့ လက်ကိုကျရောက်သွားတဲ့ မြန်မာ့ထီးနန်းကိုဘယ်နည်းဘယ်ပုံနဲ့ ပြန်ပြီးယူမှ ရလိမ့်မယ်လို့ ယုံကြည်တဲ့အတွက် အခြားသော ပညာရပ်တွေ ကို အတော်ပဲလိုက် စားပါတယ်"

"တော်တော်ကလေး ဆန်းတာပဲ မြနန်းနွယ်၊ ဒါပေမယ့် လို့စိတ်မဆိုးရင် တစ်ခုတော့ ပြောချင်ပါတယ်။ မြနန်းနွယ်ရဲ့ခမည်း တော်ဘုရားဟာ စိတ်ကူးမချော်လွန်းဘူးလား၊ တကယ်တော့ ကျွန် တို့ တိုင်းပြည်သာမဟုတ်ပါဘူး၊ အင်္ဂလိပ်တွေရဲ့ လက်အောက်ကို ကျရောက်သွားတဲ့ တိုင်းပြည်တွေဟာ အများကြီးပါပဲ၊ အင်္ဂလိပ်လူ မျိုးတွေဟာ (M)သုံးလုံးစနစ်ဆိုတာက (Missionary) မစ်ရှင်နာရီ လို့ခေါ်တဲ့ သာသနာပြုတွေကို အရင်စေလွှတ်ပါတယ်။ အဲဒီ သာသနာပြုတွေဟာ အတော်အတန် အခြေကျပြီးကျွပ်တို့လူမျိုး တချို့ကို စည်းရုံးမိတဲ့အခါမှာ (Marketing) မားကတ်တင်းလို့ ခေါ်တဲ့ကုန်သည်တွေလွှတ်ပြီး ဈေးကွက်ရှာခဲ့ပြန်ပါတယ်။ အဲဒီတာမှ တဆင့် (Military)မီလစ်တရီလို့ခေါ်တဲ့ စစ်တပ်တွေကို အသုံးပြု ပြီးနယ်ချဲ့ခဲ့တာပါ။ ဒီတော့ နယ်ချဲ့ပုံနယ်ချဲ့နည်းဟာ အလွန်ပဲ စနစ်တကျရှိပါတယ်။ အဲဒါကို အခြားပညာရပ်တွေနဲ့ အင်္ဂလိပ်အစိုး ရကိုခုခံဖို့ ကြိုးစားတာကိုတော့ ကျုပ်အနေနဲ့မဖြစ်နိုင်ဘူးလို့ထင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။"

"မြနန်းနွယ်ရဲ့ ဖခမည်းတော်ဟာ ထီးဘုရားရဲ့ (သီပေါမင်းကိုဆိုလိုဟန်တူ၏) တူတော်မျှသာဖြစ်ပါတယ်။ ခမည်းတော်ဟာ အင်္ဂလိပ်သာသနာပြုကျောင်းထွက်တစ်ဦး ဖြစ်တဲ့အတွက် ကမ္ဘာအရပ်ရပ် ဗဟုသုတလဲစုံပါတယ်။ အခုလို ယုတ္တိမရှိတဲ့ ကိစ္စတွေတိုလဲအရင်က စိတ်ဝင်စားခြင်းမရှိပါဘူး။ ဒါပေမယ့် ထူးဆန်းတာကတော့ ခမည်းတော်ဘုရားဟာ သူရရှိတဲ့အမွေပစ္စည်းတွေထဲမှာ ထူးဆန်းတဲ့ ပုရပိုက်ကလေးတစ်ဆူကို ရရှိပါတယ်။ အဲဒီပုရပိုက်ကို ရရှိတဲ့နေ့ကစပြီးခုနက မြနန်းနွယ် ပြောခဲ့တဲ့အလုပ်တွေကို စွဲစွဲမြဲမြဲကြီးလုပ်တော့တာပါပဲရှင်၊ ခမည်းတော်ဘုရားရဲ့ လက်သုံးတောင်ဝှေး လူယုံတော်ကြီးကတော့စားတော်ကဲ ဦးဂွမ်တီပဲဖြစ်ပါတယ်"

"နေပါဦး မြနန်းနွယ်၊ စားတော်ကဲ ဦးဂွမ်တီအကြောင်းလဲ နည်းနည်းသိချင်ပါတယ်။"

"ဒီလိုပါရှင် မြနန်းနွယ်တို့ ဆွေတော်မျိုးတော်တွေဟာ ထီးနန်းအရိုက်အရာမရှိတော့ပေမယ့် ရိက္ခာတော်ရကြပါတယ်။ အဲဒီအတွက် ထမ်မင်းချက်ကောင်းကောင်းတွေကို ရှာပြီး လစာရိက္ခာ ကောင်းကောင်းပေးပြီး စားတော်ကဲ ခန့်ကြပါတယ်။ ပစ္စည်းဥစ္စာ ချမ်းသာကြပါတယ်။ ရယ်စရာတော့ကောင်းပါတယ် မြနန်းနွယ် တို့ ဆွေတော်မျိုးတော်တွေဟာ စားတော်ကဲ အဖိုးတန်ခန့် တဲ့ဂုဏ်တု ဂုဏ်မြိုင် လုပ်ငန်းတစ်ခု ခေတ်စားကြသေးတယ်ရှင့်၊ အဲဒီအချိန်တုန်း က မယ်တော်ဘုရားက ဦးဂွမ်တီကို စားတော်ကဲ ခန့်ခဲ့တာ မြနန်း နွယ်မှ ငယ်ငယ်ကလေး ရှိသေးတယ်။ ဦးဂွမ်တီဟာ တကယ့်အဖိုးတန် စားတော် ကဲကြီး တစ်ဦးပါပဲ၊ အချက်အပြုတ်အကြော်အလှော်ဘက်မှာသာ ကျွမ်းကျင်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ ဗဟုသုတ အရာမှရော စာပေ ကျမ်းဂန် အရာမှာရော ခေတ်တော့ကို တတ်ကျွမ်းနာလည်ပါတယ်။ ဒါကြောင့် ခမည်းတော်ဘုရားဟာ ထိုလမ်းစဉ်ကို စတင်လိုက်စား တဲ့အခါမှာ ဦးဝွမ်တီကို အတော်ပဲ အားကိုးတော်မူရှာပါတယ်"

"ဟုတ်ပါပြီ၊ မြနန်းနွယ်ရဲ့ ခမည်းတော်ကြီးက အခုဘယ်မှာလဲ"

"နတ်ရွာစံသွားပါပြီ၊ ၁၀ - နှစ်လောက်တောင်ရှိပါပြီ"

ကျွန်ုပ်သည် လွန်စွာချောမောလှပသောဘုရင့်နွယ်တော် မိန်းကလေးတစ်ဦး၏ သာယာဖွယ်သောအသံကလေးနှင့် ပြောပြနေသည့် ဒဏ္ဍာရီဆန်သော ဇာတ်လမ်းကို စိတ်ပါဝင်စားစွာဖြင့် နားထောင်နေမိလေ၏။

"မြနန်းနွယ်ရဲ့ ခမည်းတော်လဲ မရှိတော့ဘူး၊ စားတော်တဲ့ ဦးဝွမ်တီကဘယ်လိုလျှို့ဝှက်ချက်တွေနဲ့ ဆက်လက်ပြီးဘာတွေ လုပ်ကိုင်နေတာလဲ၊ မြနန်းနွယ်ကရော သူလုပ်နေတဲ့ ကိစ္စတွေကို အတွန် သိနေပါသလား"

"အမှန်ကတော့ မြနန်းနွယ်ဟာ ခမည်းတော်ဘုရားတို့ လိုက်စားနေတဲ့ ပညာရပ်တွေကို စိတ်လဲမဝင်စားပါဘူး။ နားလည်း မလည်ပါဘူး။ ပြီးတော့ ယုံလဲမယုံပါဘူး။ ဒါပေမယ့် မြနန်းနွယ် အခုကိစ္စတွေမှာ ဝင်ပြီးပါနေရတာကတော့မခံချင်စိတ်တစ်ခုကြောင့် ပါ"

"မခံချင်စိတ် ဟုတ်လား၊ ဘာကိုမခံချင်ဖြစ်နေတာလဲ"

"ဝင်သဝတ်ခေါ်တဲ့ မြကျောက်တစ်လုံးကြောင့် ဒီကိစ္စတဲ့ ကို ဝင်ပြီးပါနေရတာပါ"

"ဒီကျောက်က ဘယ်လောက်များအဖိုးတန်လို့လဲ မြနန်း နွယ်"



www.burmeseclassic.com

www.burmeseclassic.com



"တန်ပြီလားရှင် ပုဂံခေတ်မှာတင် ငွေလှည်းခြောက်စီး အဖိုးထိုက်တဲ့ကျောက်ပါ"

"ပုဂံခေတ်ကတည်းက ရှိတဲ့ကျောက် ဟုတ်လား၊ ကျုပ်လဲ ရာဇဝင်ဆရာတစ်ယောက်ပဲ မြန်မာရာဇဝင်မှာတော့ အပ်ကျတာ တောင် ကျုပ်သိတယ်၊အဲဒါပုဂံခေတ်က ဘယ်သူ့ပစ္စည်းလဲ ဒီကျောက် နဲ့ မြနန်းနွယ်ဟာ ဘယ်လိုပတ်သက်နေတာလဲ"

မြနန်းနွယ်သည် ကလေးငယ်ပမာ စာအုပ်၌ ဆိုသည့်အတိုင်း ဤ သည်၊ ၍ မကျန် ကျွန်ုပ်အားရွတ်ပြလေ၏။

ရွတ်ဆိုပုံမှာလည်း တကယ့်ကလေးငယ်တစ်ဦးဆရာ့ထံ မှောက်၍ စာရွတ်ပြသကဲ့သို့ ရွတ်ဆိုပြပုံကို ယခုထက်တိုင် ကျွန်ုပ် ၏ မျက်စိထဲ၌ မြင်ယောင်လျက်ရှိပါသေးသည်။

ကျွန်ုပ်သည် မြနန်းနွယ်၏ အပြစ်မဲ့သော မျက်နှာကလေး အား တစိမ့်စိမ့်ကြည့်၍ မဖော်ပြနိုင်သော ဝေဒနာတစ်ခုကို ခံစား ပြီးလျှင်. .

"မြနန်းနွယ် မင်းပြောတော့ မြဆိုကွဲ့၊ အခုမင်းရွတ်ပြတဲ့ စာမှာတော့ ပတ္တမြားလက်စွပ်လို့ဆိုထားပါလား"

"ဟုတ်ပါတယ်၊ ရာဇဝင်စာအုပ်တွေမှာတော့ ပတ္တမြားလို့ ပဲ ရေးသားလေ့ရှိပါတယ်။ ၁ အင်္ဂါရှိတဲ့ ကြေးပရပိုက်တစ်ခုမှာဆူမှာ တော့ " မနောမယလက်စွပ်မြ၊ ရောင်းရငွေ ဘဏ္ဍာ၊ သူနိုင်သည်ကို မဖြစ်လိုဟု ဆိုမြွက်ဟကာ လို့ရေးထားပါတယ်။ တခြားအထောက် အထားတွေ အတော်များများမှာလဲ မြလက်စွပ်လို့ရေးထားတာတွေ့ ရပါတယ်။ပြီးတော့ မနူဟာမင်းရဲ့ မြစ်တော် သူရဲကောင်း နာဂ သမာန်းဟာ မနူဟာမင်း အကျယ်ချုပ်ချထားတော်မူတဲ့ နေရာကို နောင်လာနောက်သားတွေ မှတ်သိကြစေရန်အတွက် ရည်ရွယ်ပြီး သက္ကရာဇ် ၅၅၀ - မှာ " နန်းဘုရား" တစ်ဆူတည်ပါတယ်။ အဲဒီ

www.burmeseclassic.com



နန်းဘုရားမှတ်တမ်းကျောက်စာမှာလဲ မြလက်စွပ်လို့ပဲရေးထိုးထားပါ
တယ်"

"မဟုတ်ဘူး မြနန်းနွယ်၊ သူရဲကောင်း နာဂသမာန်းဆိုတာ
ဟာ ရန်မံငထွေ တလိုင်းသိဂ်ပစ္စင်၊ အနန္တသူရိယရယ်လို့ လေးမည်ရ
တဲ့ သူရဲကောင်းအမတ်တစ်ဦးဖြစ်တယ်။ နရပတိစည်သူမင်းကြီး
ထံမှာ ခစားခဲ့တာပဲ၊ သူရေးထိုးခဲ့တဲ့ ကျောက်စာတွေထဲမှာ မြနန်း
နွယ်ပြောတဲ့ မနူဟာမင်း လက်စွပ်နဲ့ပတ်သက်ပြီးကျောက်စာရေး
ထိုးထားတာကို ကျုပ်တော့ဖြင့် မတွေ့မိပါလား"

"ရှင် ကျောက်စာကို လေ့လာတာဟာ ကျောင်းသားတစ်
ယောက်အနေနဲ့လေ့လာခဲ့တာမဟုတ်လား ။ တကယ်လို့ရှင် မယုံ
ဘူးဆိုရင် အဲဒီကျောက်စာကနေကူးထားတဲ့ မင်စာကို ကျွန်မပြ
နိုင်ပါတယ်။ ကျောက်စာမူရင်းတော့ မရှိတော့ဘူး"

BURMESE CLASSIC

အင်းဆက်စမ်းပါဦး၊ မင်းပြောတဲ့ မြလက်စွပ်ပဲ ထားလိုက်
ပါတော့၊ အဲဒီမြလက်စွပ်နဲ့ မင်းနဲ့ ဘယ်လိုပတ်သက်နေတာလဲ"

"ခမည်းတော်ဘုရားတို့ဟာ အထက်ကဆိုခဲ့တဲ့ အဲဒီပညာ
တွေကို လိုက်စားရင်းလိုက်စားရင်းနဲ့ နောက်ဆုံး တိုတိုပြောရရင်
သူတို့လုပ်ငန်းအောင်မြင်ဖို့ကိစ္စမှာ 'ဝင်သဝတ်'ဆိုတဲ့ မြကျောက်တ
တစ်မျိုးဟာမရှိမဖြစ်တဲ့ ဆေးအမယ်အဖြစ်လိုလာပါတယ်။ နောက်
ဆုံးမှာတော့ စားတော်ကဲကြီးဦးဂွမ်တီရဲ့ စွမ်းဆောင်ကြိုး ပမ်းမှု
ကြောင့် အဲဒီမြကျောက်မျိုးဟာ တစ်ခါက မနူဟာမင်းရဲ့ လက်
ထက် လက်တော်၌ ဝတ်ဆင်ခဲ့ဖူးပြီး မြင်းကပါသူဌေးကို ရောင်
လိုက် တဲ့လက်စွပ်ဆိုတာလဲ အခိုင်အမာသိရော ဦးဂွမ်တီဟာ
မြင်းကပါ သူဌေးမျိုးဆက်ကိုမရမက စုံစမ်းတော့တာပါပဲရှင်"

ကျွန်ုပ်သည် စားတော်ကဲကြီး ဦးဂွမ်တီ၏ စွဲရှည်ကို
လွန်စွာ အံ့အားသင့်မိလေတော့၏။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ကျော်



www.burmeseclassic.com

www.burmeseclassic.com



ခန့်က သာမညသူဌေးတစ်ဦး၏ မျိုးဆက်အား ရှာဖွေရသည်မှာ အမှန်စင်စစ် လူသာမန်တို့ စိတ်တောင်မျှ ကူးဝံ့ဖွယ်ရာမရှိပေ။

"ဆက်ပြောပါဦး မြနန်းနွယ်"

"ဦးဂွမ်တီ စုံစမ်းချက် အရ မြင်းကပါသူဌေးဆီရောက်သွားတဲ့ မနူဟာမင်းရဲက မြလက်စွပ်စာနောက်ဆုံး ၁၁၄၃ ခုနှစ်မှာ နန်း တက်လာတဲ့ ဘိုးတော်မင်းလက်ထက်မှာ မြောက်ပြင် သူဌေး တစ်ဦး လက်ထဲကိုရောက်သွားတယ်လို့ သိရပြန်ပြီး၊ အဲဒီအ ဆက်သွယ် ကို ဦးဂွမ်တီ ဆက်ပြီးလိုက်လိုက်တာ နောက်ဆုံး ထီးဘုရား (သီပေါ မင်း) လက်ထက်မှာ၊ မန္တလေးမြို့မှာနေတဲ့ သူကြွယ်ကြီး ဦးကာလက် ထဲကို အဲဒီ မြကျောက်ဟာ ရောက်ရှိ လာပါတယ်။ သို့သော်လည်း ဦးကာရဲ့ဆီမှာ အဖိုးတန်ကျောက် တစ်လုံးရှိကြောင်း ကိုဘုံဘေဘား မားသစ် ကိုယ်စားလှယ်ကြီး တစ်ဦးက သိထားတဲ့အတွက် မန္တလေးမြို့ ကို အင်္ဂလိပ်တွေ သိမ်းပိုက်တဲ့ ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလ ဆုတ် ၈ ရက်နေ့မှာ အင်္ဂလိပ်စစ်ဗိုလ်ကြီး မေဂျာဖလင့်ဆိုသူကို သတင်း ပေးလိုက် တဲ့အတွက် လက်နက်အာဏာအားကိုးနဲ့ လုယက် သိမ်းပိုက် သွားခဲ့ပြီး အဲဒီမြလက်စွက်ဟာ မဒရပ်ကိုရောက် ရှိသွား ပါတယ်"

ကျွန်ုပ်သည် မြနန်းနွယ် ရှင်းပြသော အနူဟာမင်း၏ မြလက်စွပ် ရာဇဝင်ကို နားထောင်ပြီးနောက်ဦးဂွမ်တီ၏ စွမ်းရည်ကို ပိုမို၍ လေးစားလာမိလေ၏။

မြနန်းနွယ်လည်းကျွန်ုပ်အား အချိန်အတော်အတန်ကြာ သည်အထိ ရှင်းပြ၍ အနည်းငယ်မောပန်းသွားသည်နှင့် ကျွန်ုပ် အား လည်း ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ပေး၍ ၎င်းကိုယ်တိုင်လည်း တစ်ခွက်ငှဲ့၍ သောက်လေ၏။

ရေနွေးငှဲ့စဉ်၌ သူ၏ဖြူသွယ်သော လက်ချောင်းကလေး



www.burmeseclassic.com

www.burmeseclassic.com



များကို ထပ်မံ၍ သတိပြုမိပြန်လေ၏။

မြနန်းနွယ်သည် ရေနွေးတစ်ခွက်သောက်ပြီးနောက် ဆက်လက်၍ ပြောပြန်လေ၏။

"ခမည်းတော်ဟာ မနောမယ ပညာကိုရဖို့အတွက် မနောမယ ဝင်သဝတ်မြကျောက်ကို ရှာဖွေနေရင်းနဲ့ပဲ ချောင်းဆိုးသွေးပါရောဂါနဲ့ နတ်ရွာစံပါတယ်။ မြနန်းနွယ်ကတော့ ဒီမြလက်စွပ်ကို လိုချင်လို့မဟုတ်ပါဘူး။ မြန်မာသူကြွယ်တစ်ဦးပိုင်ဆိုင်တဲ့ ပစ္စည်းကို အခုလို မတရားသိမ်းပိုက်သွားတာကို မခံချင် ဖြစ်မိတာပါပဲ။ ထီးနန်းစည်းစိမ်ကိုတော့ မတရားသိမ်းတာကို အခုလောက် မခံချင်စိတ်မဖြစ်မိပါဘူး။ ထီးနန်းနဲ့မပတ်သက်တဲ့ သူကြွယ်တစ်ဦးရဲ့ ပစ္စည်းကို အခုလို လုယူသွားတာကိုတော့ မကျေမနပ်ဖြစ်မိပါတယ်။ ပြီးတော့ ခမည်းတော်ဘုရား အလွန်လိုလားတော်မူတဲ့ ပစ္စည်းကို မြနန်းနွယ်အနေနဲ့ မရရတဲ့နည်းနဲ့ ပြန်ယူမယ်လို့ ဆုံးဖြတ်မိခဲ့ပါတယ်။ အဲဒီလို ဆုံးဖြတ်နိုင်အောင် ကတော့စားတော်ကဲကြီး ဦးဂွမ်တီဟာ မြနန်းနွယ်ကို အမျိုးမျိုးလေ့ကျင့်သင်ကြားပေးထားခဲ့ခြင်းဖြစ်ပါတယ်။"

BURMESE CLASSIC

'ထားပါတော့ မြနန်းနွယ်၊ ဦးဂွမ်တီရဲ့ ဇာတ်လမ်းကိုပြောစမ်းပါဦး"

"အဲဒါကတော့မြနန်းနွယ် ပြောတာထက် ရှင်ကိုယ်တိုင် ဦးဂွမ်တီနဲ့တွေ့အောင်ကြိုးစားပြီး တွေ့တဲ့အခါကျမှပဲ မေးကြည့်ပါတော့ရှင်"

မြနန်းနွယ်၏ "ရှင်ကိုယ်တိုင် ဦးဂွမ်တီနဲ့တွေ့နိုင်အောင် ကြိုးစားပါ" ဟူသော စကားသည် ကျွန်ုပ်၏ သိလိုစိတ်ကိုနှိုးဆွလိုက်သောစကားပင်ဖြစ်ပေသည်။

စင်စစ်အားဖြင့် ကျွန်ုပ်အဖို့ ဦးဂွမ်တီသည်လျှို့ဝှက်နက်နဲ



www.burmeseclassic.com

www.burmeseclassic.com



သော ပဟေဋ္ဌိကြီးကဲ့သို့ဖြစ်၏။ ယခုတစ်ဖန် မြနန်းနွယ်နှင့်တွေ့သည့်အခါ၌ ကျွန်ုပ်သိလိုသော အရာတို့သည် ကျွန်ုပ်၏ စိတ်၌ မရိုးမရွဖြစ်လာသည့်တိုင်အောင် နှိုးဆွလျက်ရှိလေ၏။

လူဆိုသည့်သတ္တဝါသည် သိလိုစိတ်၏ ခိုင်းစေမှုကိုပြုလုပ်လေ့ရှိသည်။ သဘာဝလွန်ကဲသော သတ္တဝါမျိုးဖြစ်၏။

ထိုသို့သိလိုစိတ်ပြင်းပြသော သဘာဝကို မြနန်းနွယ်က ရိပ်စားမိပုံရ၏။ ထို့ကြောင့် ကျွန်ုပ်အား "ရှင်ကိုယ်တိုင် ဦးဂွမ်တီနဲ့တွေ့နိုင်အောင် ကြိုးစားပါ' ဟူသောစကားသည် ကျွန်ုပ်၏ သိလိုစိတ်ကိုနှိုးဆွလိုက်သော စကားပင်ဖြစ်ပေသည်။

စင်စစ်အားဖြင့် ကျွန်ုပ်အဖို့ ဦးဂွမ်တီသည်လျှို့ဝှက်နက်နဲသော ပဟေဋ္ဌိကြီးကဲ့သို့ဖြစ်ပေသည်။ ယခုတစ်ဖန် မြန်းနွယ်နှင့်တွေ့သည့်အခါ၌ ကျွန်ုပ်သလိုသောအရာတို့သည် ကျွန်ုပ်၏ စိတ်၌ မရိုးမရွဖြစ်လာသည့်တိုင်အောင် နှိုးဆွလျက်ရှိလေ၏။

လူဆိုသည့်သတ္တဝါသည် သိလိုစိတ်ပြင်းပြသော သဘာဝကို မြနန်းနွယ်က ရိပ်စားမိပုံရ၏။ ထို့ကြောင့် ကျွန်ုပ်အား "ရှင်ကိုယ်တိုင် ဦးဂွမ်တီနဲ့တွေ့နိုင်အောင်ကြိုးစားပါ" ဟု ကျွန်ုပ်၏သိလိုစိတ်ကိုနှိုးဆွလိုက်ခြင်းကြောင့် ဦးဂွမ်တီအား မတွေ့တွေ့အောင်ရှာမည်ဟု ဆုံးဖြတ်လိုက်ရလေတော့၏။

"ကဲ. . မြနန်းနွယ် ကျုပ်ကတော့ ဦးဂွမ်တီကို မတွေ့တွေ့အောင်ရှာမယ်ဗျာ"

ကျွန်ုပ်၏ မတွေ့တွေ့အောင်ရှာမယ်ဆိုသော ဆုံးဖြတ်ချက်ကိုကြားရသည့်အခါ မြနန်းနွယ်၏ ချစ်စရာကောင်းသော မျက်နှာကလေးသည် ဝင်းလက်၍ သွားလေ၏။ ညီညာလှပသော သွားလေးများ ပေါ်သည်အထိ ပြုံးရယ်လိုက်ပြီးလျှင် . .

"တွေ့ပါစေလို့ဆုတောင်းလိုက်ပါတယ်။ သူရေးခဲ့တဲ့စာမှာ



www.burmeseclassic.com

www.burmeseclassic.com



'ပုဂံရေချိုး ပဲခူးမှာပေါ်တယ်'ဆိုတော့ မြန်နန်းနွယ်အထင်တော့ ဦးဂွမ်တီဟာ ပဲခူးမှာ ရှိလိမ့်မယ်ထင်တာပဲ" ဟု ဦးဂွမ်တီရှိနိုင်သောနေရာအား နှပ်ကြောင်းပေး၍ ပြောဆိုလိုက်လေ၏။

ကျွန်ုပ်အနေနှင့် ဆက်လက်၍ စဉ်းစားမိသည်မှာ "သေသောသူသည် သုသာန်သို့သွားသည်" ဟူသောစာအရ ပဲခူး၌ ရှိလျှင်လည်း သုသာန်၌သာလျှင်ရှိပေလိမ့်မည်ဟု ကျွန်ုပ်၏စိတ်၌ အောက်မေ့မိသဖြင့် ပုဂံအနီးရှိစဉ့်ကူးဆိုသော ရွာကလေးမှ မြန်နန်းနွယ်ဟူသော မဟာနွယ်သွေး မိန်းမချောကလေးကိုထားခဲ့၍ ပဲခူးဘက်ဆီသို့ထွက်ခွာလာခဲ့လေတော့သတည်း။

**********



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂလိပ်၏ MMM နယ်ချဲ့စနစ်

"အင်္ဂလိပ်တွေရဲ့ လက်အောက်ကို ကျရောက်သွားတဲ့ တိုင်းပြည်တွေ ဟာ အများကြီးပါပဲ၊ အင်္ဂလိပ်လူမျိုးတွေဟာ (M) သုံးလုံးစနစ်ဆို တာက (Missionary) မစ်ရှင်နာရီလို့ခေါ်တဲ့ သာသနာပြုတွေကို အရင်စေ လွှတ်ပါတယ်။ အဲဒီသာသနာပြုတွေဟာ အတော်အတန် အခြေကျပြီး ကျုပ်တို့လူမျိုးတချို့ကို စည်းရုံးမိတဲ့အခါမှာ (Marketing) မားကတ် တင်းလို့ ခေါ်တဲ့ ကုန်သည်တွေလွှတ်ပြီး ဈေးကွက်ရှာ ခဲ့ပြန်ပါတယ်။ တဆင့် (Military) မီလစ်တရီလို့ ခေါ်တဲ့ စစ်တပ်တွေ ကို အသုံးပြုပြီး နယ်ချဲ့ခဲ့တာပါ။ နယ်ချဲ့ပုံနယ်ချဲ့နည်းဟာ အလွန်ပဲ စနစ်တကျရှိပါတယ်။ အခြားပညာရပ်တွေနဲ့ အင်္ဂလိပ်အစိုးရကို ခုခံဖို့ ကြိုးစားတာကိုတော့ ကျုပ်အနေနဲ့ မဖြစ်နိုင်ဘူးလို့ထင်ပါတယ်"

"ခမည်းတော်ဟာ မနောမယပညာကို ရဖို့အတွက် မနောမယ ဝင်သ ဝတ်မြကျောက်ကို ရှာဖွေနေရင်းနဲ့ပဲ ချောင်းဆိုးသွေးပါရောဂါနဲ့ နတ်ရွာစံ ပါတယ်။ မြနန်းနွယ်ကတော့ ဒီမြလက်စွပ်ကို လိုချင်လို့ မဟုတ်ပါဘူး။ မြန်မာသူကြွယ်တစ်ဦးပိုင်ဆိုင်တဲ့ ပစ္စည်းကို အခုလို မတရားသိမ်းပိုက်သွား တာကို အခုလောက် မခံချင်စိတ်မဖြစ်မိပါဘူး။ ထီးနန်းနဲ့မပတ်သက်တဲ့ သူကြွယ်တစ်ဦးရဲ့ ပစ္စည်းကိုအခုလို လုယူသွား တာကိုတော့ မကျေမနပ်ဖြစ် မိပါတယ်။ ခမည်းတော်ဘုရား အလွန် လိုလားတော်မူတဲ့ ပစ္စည်းကို မြနန်းနွယ်အနေနဲ့ မရ ရတဲ့နည်းနဲ့ ပြန်ယူ မယ်လို့ ဆုံးဖြတ်မိခဲ့ပါတယ်။ ဆုံးဖြတ်နိုင်အောင်ကတော့ စားတော်ကဲကြီး ဦးဂွမ်တီဟာ မြနန်းနွယ်ကို အမျိုးမျိုးလေ့ကျင့် သင်ကြားပေး ထားခဲ့ခြင်းဖြစ်ပါတယ်။"

"လူဆိုသည့်သတ္တဝါသည် သိလိုစိတ်ပြင်းပြသော သဘာဝကို မြနန်းနွယ် က ရိပ်စားမိပုံရ၏။ ကျွန်ုပ်အား "ရှင်ကိုယ်တိုင် ဦးဂွမ်တီနဲ့ တွေ့နိုင် အောင်ကြိုးစားပါ"ဟု ကျွန်ုပ်၏ သိလိုစိတ်ကိုနှိုးဆွလိုက်ခြင်းကြောင့် ဦးဂွမ်တီအား မတွေ့တွေ့အောင်ရှာမည်ဟု ဆုံးဖြတ်လိုက်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

### ❁ သူဌေးတန်ရှာမှ တိုင်စာတစ်စောင်

ကျွန်ုပ်သည် ပုဂံမှပြန်၍ လာပြီးနောက် ပဲခူးရှိ သချိုင်းများ၌ လှည့်လည်၍ ဦးဂွမ်တီအားရှာဖွေလေတော့၏။

ပဲခူးမြို့၌ သချိုင်းများကို လှည့်လည်ရှာဖွေရန်မှာ ကျွန်ုပ်ဖို့လွန်စွာ ခဲယဉ်းခြင်းမရှိလှပါ။

ကျွန်ုပ်သည် သုံးရက်တိုင်တိုင် ချောင်ကြိုချောင်ကြားမှ သချိုင်းများကို လှည့်လည်ရှာဖွေပြီးနောက် ကားလမ်းနှင့် များစွာမဝေးလှသည့် သချိုင်းကြီးတစ်ခု၌ စတည်းချရန် ဆုံးဖြတ်လိုက်ရတော့၏။

(မှတ်ချက် ။ ။ ၎င်းသချိုင်းအား ကိုငြိမ်းသချိုင်းဟုခေါ်ကြပါသည်။ သုဘရာဇာ ကိုငြိမ်းအား အစွဲပြု၍ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။)

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူဟောင်း၊ အုတ်ဂူပျက်များ၊ မြေပုံနှင့် မှတ်တိုင်များစသည့် သင်္ချိုင်းကုန်း၏ အမှတ်လက္ခဏာများနှင့် ပြည့်စုံစွာရှိသည့် အပြင် ကတ္တီပြင်ကြီးများ၏ သိပ်သည်းသော အရိပ်တို့ကြောင့် သင်္ချိုင်းကုန်းသည် တစ်မျိုးတစ်ဖုံအေးချမ်းလျက်ရှိပေ၏။

ကျွန်ုပ်သည် ခိုင်ခံ့ကြီးမားလှသော အုတ်ဂူကြီးတစ်ခုပေါ်သို့ကျွန်ုပ်၏ သားရေသေတ္တာနှင့် အိပ်ရာလိပ်ကို တင်ထားပြီးလျှင် ၎င်းအိပ်ရာပေါ်၌ မှီလျက် ဆေးလိပ်သောက်ရင်း ငြိမ်သက်စွာ အနားယူလျက် သင်္ချိုင်းကုန်း၏ အေးချမ်းပုံကိုစဉ်းစားနေမိလေ၏။ ခရစ်ယာန်ဘာသာဝင်တို့သည် သေဆုံးသည့်အခါ၌ (REST in Peace) (ရက်စ်အင်ပိစ်) ငြိမ်းချမ်းခြင်း၌ အနားယူခြင်းဟူသော စကားကို အသုံးပြုတတ်သည်ကိုလည်း သတိရသဖြင့် ထိုစကား၏ လေးနက်ပုံကို တစ်ပါတည်း စဉ်းစားမိပြန်၏။

ကျယ်ပြန့်သော ကွင်းပြင်မှ ဖြတ်၍ တိုက်လာသော လေကလည်း မောပန်းခြင်းကို ဖြေဖျောက်ပေးသကဲ့သို့ရှိရာ စီးကရက်တစ်လိပ်ကုန်သည့်အခါ၌ ကျွန်ုပ်သည် စီးကရက်ကို လွှင့်၍ပစ်လိုက်ပြီးသည့်နောက် မျက်စိများကို မှိတ်လိုက်ရာ နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းသို့ရောက်လေ၏။

ကျွန်ုပ် အိပ်ရာမှ နိုးသည့်အခါ၌. .

"ဘယ်လိုလဲ ကျော်ကျောက်စာဝန်မင်း၊ တော်တော်ကလေးပင်ပန်းလာတယ်မှတ်တယ်။ ရော့ . . ရော့ ဟောဒီရေဘူးထဲက ရေနဲ့ မျက်နှာသစ်လိုက်ပါဦး၊ ပြီးတော့ ဟောဒီမှာ လက်ဖက်ရည်အချိုလေးသောက်လိုက်စမ်းပါ၊ တံတားထိပ်မြင်းဖြူဆိုင်က ဝယ်လာတာ" ဟူသော အသံကိုကြားရသဖြင့် ကြည့်လိုက်ရာ ကျွန်ုပ်လိုက်လံ ရှာဖွေလျက်ရှိသော စားတော်ကဲကြီး ဦးဂွမ်တီအား တွေ့ရလေတော့၏။

ကျွန်ုပ်သည် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ အုတ်ဂူ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ခုန်၍ဆင်းပြီးလျှင် ၎င်းအား ပွေ့ဖက်မိလေ၏။

"ရော့. . . . . ရော့ ကောက်တွဲ မျက်နှာသစ်လိုက်ပါဦး" ဟု ဆိုကာ ဦးဂွမ်တီသည် ဘူးသီးခြောက်ဖြင့်ပြုလုပ်ထားသောရေဘူကိုပေးလေ၏။

ကျွန်ုပ်ကလည်း ၎င်းပြောသည့်အတိုင်း ရေဘူးမှရေအနည်းငယ်ကိုသွန်ချ၍ မျက်နှာသစ်ခြင်း၊ ဖက်ပိုးအား ရေဆွတ်၍ရိုက်ခြင်းစသည်တို့ကို ပြုလုပ်ပြီးလျှင် ဦးဂွမ်တီတိုက်သော လက်ဖက်ရည်ကိုသောက်လေ၏။

(ရှေးယခင်က ပဲခူးတွင် မြင်းဖြူလက်ဖက်ရည်ဆိုသည်မှာ နာမည်အတော်အတန်ရှိသော လက်ဖက်ရည်ဖြစ်၏။ နောင်တွင် ၎င်းဖျော်စပ်နည်းကိုယူ၍မြင်းဖြူ လက်ဖက်ရည်ဆိုင်များ နေရာအနှံ့အပြားတွင်ပေါ်ပေါက်လာလေတော့၏။)

**စာရေးသူ**

ဦးဂွမ်တီသည် ကျွန်ုပ်အား ငယ်စဉ်က ခေါ်သကဲ့သို့ပင် ကောက်တွဲဟုသာခေါ်လေ၏။

"မင်းကလဲကွာ. . . . ပညာတွေဒါလောက်သင်ပြီးမှတော့ မှုလခစားဝင်လုပ်ရတယ်လို့ကွာ" ဟု ဦးဂွမ်တီက အပြစ်တင်လေ၏။

"ကျွန်တော်တတ်တဲ့ပညာတွေက အခုလိုလခစားမှ မလုပ်ရင် ဘာများလုပ်လို့ရမှာတုန်း"

"အဲဒါမင်းမှားတာပေါ့ကွ၊ မင်းဟာယူနီဗာစီတီ ကျောင်းကြီးမှာ သင်ခဲ့တဲ့ဟာ တကယ်တော့ ပညာရှိတစ်ယောက်ဖြစ်ဖို့ အခြေခံအတန်းလောက်ပဲရှိသေးတယ်။ အဲဒီအခြေခံကနေဆက်ပြီး မနားမနေကြိုးစားလေ့လာမှ လူ့လောကအတွက် တကယ်



www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန်တဲ့ ပညာရှိတစ်ဆူဖြစ်လာမှာကွ။ ယူနီဗာစီတီ ကထွက်တာနဲ့လခစား ဝင်လုပ်လိုက်ရင် ဘူးသီးကိုမွှေး သတ်လိုက် သလိုဖြစ်ကရောပေါ့ကွာ။

"ဦးဂွမ်တီကတော့ တကယ့်ကို အဘိဓမ္မာဆရာကြီးပါပဲဗျာ။ ခင်ဗျားက ကျုပ်ကို ဘာတွေများ ဆက်ပြီးသင်ပေးဖို့ရှိသေးလို့ ခေါ်ရတာလဲ"

"မင်းပြောသလို ငါဟာအဘိဓမ္မာ ဆရာကြီးပဲ ထားလိုက်ပါတော့ကွာ၊ ဒီတော့ အဘိဓမ္မာဆိုတာ သင်လို့မရဘူးကွ။ စကားပြောရတာ၊ အပြန်အလှန်ပြောရတာ။ ဆိုကရေးတီးဆိုတဲ့ ဆရာကြီးဟာ သူ့တပည့်ပလေတိုကို ဈေးလမ်းပေါ် လျှောက်ရင်းသူပြောချင်တာတွေကို လျှောက်ပြော၊ ပလေတိုကမရှင်းတာတွေပြန်မေးနဲ့ပဲ နောက်ဆုံး ပလေတိုဟာပညာရှိကြီးဖြစ်သွားတယ်။ ဒါနဲ့ပလေတိုကလည်း သူ့တပည့်အော်ဂစတပ်ကို အကယ်ဒမစ်ဆိုတဲ့ ဉယျာဉ်ကြီးထဲမှာ လမ်းလျှောက်ရင်း သူပြောချင်တာတွေကို လျှောက်ပြော၊ အော်ဂစတပ်က မရှင်းတာတွေပြန်မေးနဲ့ပဲ နောက်ဆုံးတော့ လဲအော်ဂစတပ်ဟာ ပညာရှိကြီးဖြစ်သွားတယ်ကွ။ ကုန်ကုန်ပြောမယ်ကွာ ငါတို့ရဲ့က ဗုဒ္ဓဟာလည်းသူ့ရဲ့ တပည့် ပဉ္စဝဂ္ဂီငါးဦးကို မိဂဒါဝုန်(တော)မှာ သူ့ရဲ့အဘိဓမ္မာတွေပြောပြခဲ့တာပဲ မဟုတ်လား"

"ကဲပါ ဦးဂွမ်တီခင်ဗျားကလဲ ကျွန်တော့်ကို သချိုင်းကုန်းတွေမှာ ခေါ်ပြီး ခင်ဗျားရဲ့ အဘိဓမ္မာတွေကို ပြောပြမယ်ဆိုပါတော့" ဟု ကျွန်ုပ်က သူ၏စကားကိုဖြတ်၍မေးလိုက်ရာ ဦးဂွမ်တီက သူ၏ဦးခေါင်းအား တိုင်ကပ်နာရီ၏ချိန်သီးကဲ့သို့ လေးလေးနှင့် မှန်မှန်ကြီးယမ်း၍ပြလေ၏။

"မဟုတ်ဘူးကွ၊ မင်းကိုအကူအညီတစ်ခုတောင်းမလို့ မနက်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ယူရတာ"

"ဘာအကူအညီလဲ ဦးဂွမ်တီ၊ မန္တဟာမင်း ရောင်းလိုက်တဲ့ မြေလက်စွပ်ကြီးကိုကူညီ ရှာပေးဖို့လား၊ အဲဒါတွေကတော့မြန်နန်းနွယ် ပြောပြလို့သိခဲ့ရပါပြီဗျာ"

"အေး.. လွယ်လွယ် ပြောရရင်တော့ဒါပဲကွ"

ကျွန်ုပ်သည်ဦးဂွမ်တီအား ခြေဆုံးခေါင်းဆုံးကြည့်၍ တစ်ခု တစ်ခုကိုပြောသင့်မပြောသင့် စဉ်းစားလိုက်မိစဉ်၌. . .

"ချမ်းသာပြီး ပညာရှိကြီးတစ်ဦးဖြစ်ချင်လို့ အဲဒီမြေလက်စွပ် ကိုရှာနေတာမဟုတ်ပါဘူးကွ" ဟု ဦးဂွမ်တီကကျွန်ုပ်အား ကြီးကြည့်ကာပြောလိုက်လေ၏။

ကျွန်ုပ်ကလည်းဦးဂွမ်တီတို့၏ အူကြောင်ကြောင်နိုင်လှ သောအကြံအစည်ကို ဘဝင်မကျသဖြင့်ပြောတော့မည်တု လုပ် နေခိုက် ကျွန်ုပ်အကြံကို သိနေသည့်အလား ဦးဂွမ်တီက အထက်ပါ အတိုင်း ပြောလိုက်သဖြင့် ဦးဂွမ်တီ၏အကင်းပါးမှုကို အံ့ဩမိသေး တော့၏။

"ဒါဖြင့်ရင်ခင်ဗျားတို့က အဲဒီမြေလက်စွပ်ကို ဘာကြောင့် သဲသဲမဲမဲ ရှာနေရတာလဲ၊ ပြီးတော့မှတ်ဆိတ်မွေးနဲ့ လူသုံးယောက် ကကောဘာတွေလဲ"

"မင်းပြောတာတွေဖြေရမှာပေါ့ကွာ၊ ဟောဒီမြေပုံကို ကြည့်" ဟုဆိုကာ မြေပုံတစ်ခုကိုထုတ်၍ ပြပါသည်။

မြေပုံမှာ မှိုင်းခဲစက္ကူပေါ်တွင် ဟင်္သာပဒါးနှင့် လည်းကောင်း၊ တရုတ်မင်တောင့် အနက်ဖြင့်လည်းကောင်း၊ ရေးဆွဲထားပြီး နောက်ဘက်၌ တရုတ်ပိုးစတစ်ခုဖြင့် ကပ်ထားသော သားရေ မြေ ပုံကလေးတစ်ချပ်ဖြစ်ပေသည်။

၎င်းမြေပုံအား ကျွန်ုပ်သည် စိတ်ဝင်စားခြင်းမရှိလှသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဦးဂွမ်တီ၏ ရိုတသေသိမ်း၍ထားသောမြေပုံဖြစ်သဖြင့် ဦးဂွမ်တီအား လေးစားသောအားဖြင့် ကျွန်ုပ်သည် လေးလေးစားစားပင် ကောက်ယူ၍ ကြည့်မိ၏။

မြေပုံမှာ ကျွန်ုပ်ထင်သည့်အတိုင်းပင် စိတ်ဝင်စားဖွယ် မကောင်းလှသော ပုဂံမြို့မြေပုံဖြစ်၏။

၎င်းမြေပုံမျိုးကို မည်သည့်ပုဂံဘုရားသမိုင်းစာအုပ် များ၌ဖြစ်စေ တွေ့နိုင်ပေရာ ဦးဂွမ်တီက အထူးအဆန်းလုပ်၍ မည်သည့်အတွက်ကြောင့် ဤမြေပုံကိုသိမ်းထားရသနည်းဆိုသည်ကို မူ ကျွန်ုပ်မတွေးတတ်အောင်ရှိလေတော့၏။

"ကောက်တွဲရ မင်းထင်သလိုပုဂံမြေပုံသက်သက်မဟုတ်ပါဘူးကွ၊ သေသေချာချာကြည့်စမ်းပါဦးကွ၊အအ ရိုးအိုးတစ်ခုမင်း မတွေ့ဘူးလား"

"ဘယ်နားမှာလဲပြစမ်းပါဦး"

"အရိုးအိုးတွေကိုက ကြီး ခွေးတွေနဲ့ အမှတ်ပြထားတယ် ကွာ" ဟု ဆိုကာမြေပုံပေါ်မှ အရိုးအိုးများကိုထောက်၍ပြလေ၏။

"ဟုတ်ပြီ အဲဒီအရိုးအိုးတွေက ဘာတွေလဲဗျ၊ ရှင်းရှင်းပြော စမ်းပါဗျာ"

၎င်းအဝတ်ထုပ် အတွင်းမှ ထွက်၍လာသောအရာမှာ မိုးကြိုးဖြင့်ပြုလုပ်ထားသော မိုးကြိုးပြားများ ဖြစ်လေ။ ၎င်းမိုးကြိုးပြားပေါ်၌ စာများရေးထားသည်ကိုတွေ့ရလေ၏။

၎င်းစာမှာမြစေတီကျောက်စာ၌ ရေထိုးထားသော အရေးအသားကဲ့သို့ လွန်စွာရှေးကျလှသော မြန်မာစာ အရေးအသားဟန်ဖြင့် ရေးသားထားလေ၏။ ၎င်စာအား ကျွန်ုပ်ဖတ်ကြည့်မိရာ အောက်ပါ အဓိပ္ပာယ်ကိုရလေ၏။

ဘုန္ဓာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



● **ပုဂံရေချိုး ပဲခူးမှာပေါ်**

ဘေးဘိုးဘီဘင်တို့၏ အခါ၌ ပုဂံပြည်ကြီးအား အရှင်အင်္ဂါဇာသည် ကြွယ်ဝအောင် လုပ်ခဲ့ပြီး၏ ထိုသို့သော လုပ်ရပ်တို့ကား ငုံ့လျှိုးပျောက်၍ လုပ်ရပ်တို့သည် ပုဂံ၌ ရေချိုးဟူသော စကားအတိုင်းရေ၌ ငုပ်လျှိုးပျောက်ကွယ်ခဲ့လတ္တံ့တည်း၊ လုပ်ရပ်တို့ဆောင်၍ပဲခူးသို့သူကြွယ်တစ်ဦးလွတ်လေ၏။ဎင်းကို ရှာ၍တွေ့လျှင် ပုဂံကြွယ်သကဲ့သို့ ပဲခူးလည်းကြွယ်လတ္တံ့တည်း၊ ငါတို့ကား ကျွန်မျိုးဖြစ်၍ မဆောင်မရွက်နိုင်ချေ၊ ဆောင်နိုင်သူတို့ဆောင်ကုန်၊ ကျွန်မျိုး၌ဖြစ်သော အရှင်မြတ်၊ ရာဇာမြတ်တို့၏ ပျောက်ဆုံးသောရတနာကို ပြန်၍ဆောင်ယူနိုင်လျှင် ကျွန်မှ လွတ်လတ္တံ့ဟူသောစာငါး၌ရှိသည်။ ဤစာကိုတွေ့သောသူသည် မသမာသောအကြံဖြင့် ဘုရားယောင်ကိုဖောက်သောသူတည်၊ လုပ်ရပ်ကိုသော်ရှာ၊ ရတနာသော်လည်းရှာစေရမည်။ သို့တစ်မူကား ဘေးဒုက္ခ အသိန်းအသောင်းတွေ့စေ မတွေးရှင်အားလည်း အဖူးရစေနှင့်ဟု ငါကျိန်သတည်း။

**သဒ္ဒေးတန်ပန်းတောချိုး**
**သူကြွယ်ရွှေတောင်**

ဎင်းစာမှာ ဖတ်၍ရသမျှသော အဓိပ္ပာယ်ကိုဖော်ပြခြင်းသာဖြစ်ပေသည်။

ဎင်း၏ မူရင်းနှင့်အတန်ငယ်ကွာခြားကောင်းကွာခြားပေမည်ဖြစ်ပေ၏။

**ဦးကွမ်တီ၏ဆေးပြင်းလိပ်ပြာသည် တစ်လက်နှံပေါ်ခန့်ရှိသည့်တိုင်အောင်ပြာကြွေခြင်းမရှိဘဲရှိ၏၊**

**ဘုမ္မာဝတီစာစ**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်စာဖတ်၍ ပြီးသည့်အချိန်ကျမှပင် ဦးဂွမ်တီက ဆေးလိပ်ပြာကို အုတ်ဂူပေါ်၌ ခြွေချလိုက်လေ၏။

"အဲဒီလို မတော်လောဘနဲ့ အုတ်ဂူတွေကို ဖောက်ခဲ့တာ ငါထင်သလို ရတနာတွေတော့ မရဘူးပေါ့၊ အဲဒီကျိန်စာထုပ်ကြီး ရတော့တာပဲ၊ အဲဒီကျိန်စာကြီးရပြီးကတည်းက ငါလည်းငြိမ်းငြိမ်းချမ်း ချမ်းမနေရပါဘူးကွာ၊ ပထမတော့ ဆွေတော်မျိုးတော်တစ်ဦးအိမ် မှာ ထမင်းချက်လုပ်ရင် လောကီပညာတွေလိုက်စားခဲ့ တယ်ကွ"

ကျွန်ုပ်သည် ဦးဂွမ်တီ၏ အကြံအစည်ကိုရိပ်မိစပြုလေပြီ။ ဦးဂွမ်တီသည် ကျိန်စာကိုကြောက်ရွံ့၍ ကျိန်စာ၌ပါရှိသည့်အတိုင်း ပဲခူးဘက်တွင်လောကီပညာရပ်နည်းများကို ရှာဖွေပေလိမ့်မည်။

၎င်းကိစ္စများကို လုပ်နိုင်ရန်အတွက် မြနန်းနွယ်၏ ဖခင်အား စိတ်ပါရန် တစ်စတစ်စဆွဲဆောင်ပေမည်။

ထိုမှတစ်ဖန် လောကီပညာနည်းလမ်းများမှာမလွယ် ကူကြောင်းတွေ့ရှိသည့်အခါ၌ ကျိန်စာ၌ပါရှိသည့်အတိုင်းဘုရင် တစ်ဦးဦး၏ ပျောက်ဆုံနေသော ရတနာပစ္စည်းကို ရှာဖွေရန် ကြံပြန်လိမ့်မည်။

ထိုသို့အကြံထုတ်ရာ၌လည်း မြနန်းနွယ်၏ ဖခင်ကိုပါ၎င်း ပစ္စည်းအား ရရှိအောင် ကြိုးစားခိုင်းမည်ဆိုက ရိုးရိုးသားသားကြိုးစားခိုင်းမည်မဟုတ်ပေ၊ လွတ်မြောက်ရန်လမ်းအတွက် ထိုပစ္စည်းသည်မရှိမဖြစ်သော ပစ္စည်းအဖြစ်မြနန်းနွယ်၏ ဖခင်ကိုယုံကြည်စေရန်အတွက် နည်းမျိုးစုံဖြင့် လှည့်ဖျားကာ ရှာဖွေစေလိမ့်မည်ဟု ကျွန်ုပ်သည် သဘောပေါက်မိတော့၏။

"ဦးဂွမ်တီ ကျွန်တော်နားလည်ပါပြီဗျာ။ ခင်ဗျားဟာ ကျိန်စာကြီးကိုရပြီးတဲ့နေ့ကစပြီး၊ လောကီပညာဖြစ်ဖို့ လုပ်ကြည့်သေးတယ်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တဲ့အဆုံးမှာ ဘုရင်တစ်ဦးဦးရဲ့ပျောက်ဆုံးသွားတဲ့ ပစ္စည်းတို ရှာဖွေမယ်ဆိုတဲ့ ကျိန်စာမှာပါတဲ့အတိုင်း မန္တဟာမင်းရဲ့ မြလက်စွပ် ကိုရှာဖို့ကြိုးစားပြန်တယ်။ အဲဒီအလုပ်တွေမှာ မြနန်းနွယ်နဲ့ သူ့အဖေ ကို ခင်ဗျားဟာ မားစာခံအဖြစ်အသုံးပြုခဲ့တယ်။ တကယ်တော့ ခင်ဗျားဟာ ပညာရှိသလောက် အကြံမဲ့တာပဲဗျ၊ မသိနားမလည်တဲ့ လူတွေကို အမျိုးမျိုးလှည့်ပတ်ခဲ့တဲ့အပြစ်ဟာ တကယ့်တော့ခင်ဗျား တို့ကို ကျွန်စာရင်းသွင်းခဲ့တဲ့ ရာဇကုမာရကျိန်စာထက်တောင်မှ ခင်ဗျားကို ဒုက္ခပေးလိမ့်ဦးမယ်။ အခုတစ်ခါ ကျုပ်ကိုပါ ခင်ဗျား ဟာ သားကောင်အဖြစ်အသုံးပြုဖို့နှစ်ရှည်လများ စီမံကိန်းချပြီး ဒီသချိုင်းကို ခေါ်ခဲ့ပြန်ပြီ။ ခင်ဗျားဟာပညာရှိသလောက် ကောက် ကျစ်တဲ့သူပဲ"

"အေးဟုတ်တယ်ကွ၊ လူဟာပညာရှိလေလေကောက်ကျစ် စဉ်းလဲလေပဲကွ။ မင်းကြည့်ပါလား၊ သတ္တဝါထဲမှာ လူဟာပညာအရှိ ဆုံးပဲမဟုတ်လား။ အေး ကောက်ကျစ်တဲ့နေရာမှာလဲ လူသတ္တဝါ ဟာ ထိပ်ဆုံးကပဲကွ။ ဒါကြောင့် မင်းပြောတာ ငါစိတ်မဆိုးပါဘူး ကွာ။ တစ်ခုတော့ရှိတယ်။ မြနန်းနွယ်ရဲ့ အဖေနဲ့မင်းကတော့ သာကောင်မဟုတ်ဘူး၊ မဟုတ်ဘူး။ သားကောင်ဆိုတဲ့စကားတို မသုံးသင့်ဘူး။ ကျားကောင်. . ကျားကောင်မင်းတို့ကိုကျား တောင် လေးတွေအဖြစ် အသုံးပြုပြီးကျားရွှေ့ဖို့တော့ လုပ်ခဲ့တာ အမှန် ပဲကွ။ ဒါပေမယ့်ဟောဒီသချိုင်းဂူတစ်ခုထဲကရတဲ့ ပစ္စည်း တစ်ခုကိုတွေ့ရင်တော့ ငါ့ကိုမင်းခွင့်လွှတ်ပါလိမ့်မယ်ကွာ" ဟု ဆိုကာ ဦးဂွမ်တီသည် သူ၏ ကြီးမားသောလွယ်အိတ်ကြီး အတွင်းမှ အထုပ်ငယ်တစ်ခုကို ထုတ်၍ပြပြန်လေ၏။

"ကျွန်ုပ်လည်း ၎င်းအထုပ်ငယ်အားဖြေ၍ကြည့်လိုက်တော့ သည်။

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ငှင်းအထုပ်ငယ်အား အပေါ်မှထုပ်၍ထားသော အဝတ်ငယ်တို့ ဖြေလိုက်ရာ လွန်စွာလှပသေ‌ာ တရုတ်ကြွေကရားကလေးတစ်လုံး ထွက်၍လာလေ၏။

"ဒါကဘာလဲဗျ"

'ရေနွေးကြမ်းသောက်တဲ့ကရားလေကွာ"

"ဒါတော့ သိတာပေါ့ဗျ။" ခင်ဗျားနဲ့ ဘယ်လိုပတ်သက်သလဲလို့သိချင်တာပါ။"

ဦးဂွမ်တီသည် ကျွန်ုပ်အား ပြုံးရယ်၍ ပြပြီးလျှင် ငှင်းကရားအား နှုတ်သီးမှ တဘက်၊လက်ကိုင်ကိုင်းမှတဘက် ကိုင်မ၍ ဆွဲလိုက်လျှင် ကရားလေးသည် နှစ်ခြမ်းပဟ၍သွားလေ၏.

အတွင်း၌ကား ရွှေရောင်ထလျက်ရှိသောတရုတ်စာလုံးတို့ကိုတွေ့ရလေတော့၏။ ငှင်းစာများ၏ သက္ကရာဇ်မှာ နှစ်ပေါင်း ၃၀၀ - ကျော်၊ ၈၀၀ - လောက်ကိုဖော်ပြထားသော်လည်း စာများမှာ ယခုလတ်တလောရေးထားသည့် စာများကဲ့သို့ သစ်လွင်လေ၏။

ငှင်းစာများ၌ တရုတ်ပြည်မှနေ၍ သထုံသို့ရောက် သွားသော မြလက်စွပ်တစ်ကွင်းအကြောင်းကိုလည်းကောင်း၊ လောကီပညာ ကျင့်စဉ်များနှင့် ငှင်းမြလက်စွပ်ဆက်သွယ်ပုံ အကြောင်းကိုလည်းကောင်း ၊ ပုဂံပြည်ကြီး၌ အောင်မြင်ခဲ့သောအရှင် အနုဝေါဏ၏ ရွှေလုပ်နည်းကိုလည်းကောင်း၊ ပဲခူးသည် ပုဂံကဲ့သို့ ကြွယ်ဝချမ်းသာသော တိုင်းပြည်ကြီးဖြစ်၍လာမည့်အကြောင်းကိုလည်းကောင်း၊ ကျန်စာသင့်သည့်ဘုရားကျွန်တစ်ဦးသည်နောက်ဆုံး၌ ဤနေရာတွင်ရောက်လာပြီး ငှင်းအိုးကလေးကိုရရှိကာလွန်စွာအစွမ်းထက်မြက်သွားမည်ကိုလည်းကောင်း ရေးသားထားလေသည်။

ကျွန်ုပ်သည် ငှင်းစာများကို လုံဝဥဿုံ မှန်မိခြင်းမရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အောက်ပါတရုတ်အက္ခရာတို့ကိုမူ ယခုတိုင်အောင် မှတ်မိ
နေသေးတော့၏။

ကရားအတွင်းရှိ အချို့သော နေရာ၌ အင်္ဂလိပ်လို ဖြင့်
တွက်ပြထားသော ဂဏန်းသင်္ချာများကိုလည်းတွေ့ရပါသည်။ ထို
၏ တစ်နေရာ၌ မြေပုံငယ်တစ်ခုကိုလည်း စက်ဝိုင်းငယ်အတွင်း
၌ ရေးသားထားပြန်၏။

၎င်းမြေပုံမှာ ပုဂံမြို့၏ အရိုးအိုးများကိုဖော်ပြထားသော
မြေပုံဖြစ်လေ၏။

ကျွန်ုပ်သည် ၎င်းကရားအတွင်းမှ စာများကို အခေါက်
ခေါက် အခါအခါ ဖတ်ကြည့်ပြီးနောက် ဦးဂွမ်တီအား ကြည့်လိုက်ရာ
ဦးဂွမ်တီက . . .

"ကောက်တွဲ မင်းမယုံလို့လား၊ ဒီပစ္စည်းဟာ ရှေးဟောင်း
ပစ္စည်းပဲ၊ ဟောဒီသင်္ချိုင်းတရုတ်ဂူတွေထဲက ရတာကွ၊ လောက
ဓာတ်ပညာနဲ့စမ်းသပ်ကြည့်ပေါ့ကွာ။ ရှေးဟောင်းပစ္စည်း ဟုတ်တယ်
မဟုတ်ဘူးသိရမှာပေါ့"

ကျွန်ုပ်သည်လေးလေးနက်နက်စဉ်းစားရလေတော့၏။
ယခုအခါ ၎င်းကြုံတွေ့နေရသော ပြဿနာသည် ဆုံးဖြတ်ရန် လွယ်
ကူသောပြဿနာမဟုတ်ပေ။

"လောကမှာ ဘာမှမြဲတယ်ရယ်လို့မရှိဘူးကွ၊ ယုတ်မာ
တယ်ဆိုတာလဲ မမြဲဘူး။ ပထမငါဟာ ကျန်စာစူးမျာစိုးတဲ့အတွက်
ငါလုပ်ရမယ့်အလုပ်တွေမှာမြန်နိုင်နှယ်ရဲ့ အဖေနဲ့ မင်းကိုအသုံးချ
ဖို့စဉ်းစားခဲ့တယ်၊ ဒါပေမယ့် အခုတော့ လူသားအားလုံးအတွက်
အကျိုးရှိစေဖို့ ငါဟာလုပ်နေတာ၊ မင်းအိပ်နှယ်ပြည်ကိုထွက်သွားတဲ့
နှစ်မှာပဲ အဲဒီပစ္စည်းကိုငါရခဲ့တာ"

"ထားပါတော့ ကျုပ်က ဦးဂွမ်တီကို ဘယ်လိုအကူအညီ



www.burmeseclassic.com

www.burmeseclassic.com



ပေးရမှာလဲ ပြောစမ်းပါဦး”

"အဲဒီမြလက်စွပ်၊ လက်စွပ်တော့မဟုတ်ဘူး၊ မြချည်းသက်သက် ဖြစ်သွားပြီ၊ အဲဒါကိုပြန်ပြီးရအောင် ကြိုးစားဖို့ ငါတစ်ယောက်တည်း မဖြစ်နိုင်ဘူးကွ၊ မင်းပါကူညီရလိမ့်မယ်”

"ရတော့ကောဗျာ”

"ရရင် ငါ့တာဝန်ပြီးပြီ၊ ကျန်တာက သာမန်လူတွေမှာမရှိတဲ့၊ အစွမ်းသတ္တိတွေရှိစေတဲ့ ဆေးတွေ၊ အတတ်ပညာတွေနဲ့ဆိုင်တဲ့နည်းနာနိဿျတွေ အပြည့်အစုံငါ့မှာရှိနေပြီ၊ အဲဒီပစ္စည်းတစ်ခုပဲလိုတော့တယ်။ အဲဒါရရင် လူမျိုးတစ်မျိုးလုံးကြွယ်ဝချမ်းသာပြီပေါ့ကွာ။ ပုဂံက ရှင်အရှင်ဂေါဏ မရှိတော့တဲ့နောက် နှစ်ပေါင်း ၉၀၀ မှာပဲခူးက ဂွမ်တီဆိုတဲ့ လူစွမ်းပေါ်ထွက်လာမှပေါ့”

"ခင်ဗျားဟာ ပညာတော့ရှိပါရဲ့၊ ဒါပေမယ့် တော်တော်စိတ်ကူးယဉ်တာပဲ”

"ငါဘယ်တော့မှ စိတ်ကူးမယဉ်တတ်ပါဘူးကွ၊ စိတ်ကူးယဉ်တတ်ရင်လဲ ပညာရှိ ဘယ်ဟုတ်တော့မလဲ။မင်းငယ်ငယ်တုန်းက မင်းတို့အိမ်မှာငါထိုင်နေစဉ်က နှစ်လသုံးလလောက်ပျောက်သွားလိုက်လုပ်တာကို မင်းမှတ်မိသေးတယ်မဟုတ်လား၊ အဲဒါမင်းတို့အိမ်နဲ့ မြနန်းနွယ်တို့အိမ်မှာ ခွဲပြီးနေနေတာ၊ တစ်ဖက်ကလည်း လောကီပညာတွေ ရှာဖွေရင်းမြလက်စွပ်ရဲ့ သဲလွန်စကိုပါရှာဖွေနေတာကွ၊ ဒီလိုနှစ်ပေါင်းများစွာ လုပ်ငန်းတစ်ခုထဲမှာ ဇာတ်မြှုပ်ပြီး အကွက်ချစီမံလေ့ရှိတဲ့လူဟာ ဘယ်တော့မှ စိတ်ကူးယဉ်တဲ့လူမဟုတ်ဘူး ကောက်တွဲ”

ကျွန်ုပ်သည် ဦးဂွမ်တီပြောပြသည့်အခါမှပင် ဦးဂွမ်တီပျောက်ပျောက်သွားတတ်ပုံကို ပြန်လည်၍ သတိရတော့၏။

ဘုရွှာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအတိုင်းဆိုလျှင် မြနန်းနွယ်တို့ဆီ၌ စားတော်ကဲလုပ်ခဲ့သော နှစ်များ၌ မအူပင်ရှိ ကျွန်ုပ်ဖခင်၏ ကုန်စုံဆိုင်၌လည်း ထမင်းချက်လုပ်ခဲ့သောနှစ်များ ဖြစ်ပေလိမ့်မည်။

ဦးဂွမ်တီကား သူပြောသည့်အတိုင်းပင် လွန်စွာအကွတ်စေ့စေ့နှစ်ပေါင်းများစွာ ကြံစည်တတ်သူဖြစ်ပေ၏။

"ထူးဆန်းအံ့ဩဖွယ်ရာကောင်းတဲ့ အဖြစ်အပျက်တွေကို မယုံဘူးလား၊ ဘက္ကဒက်မြို့ကြီး ကောင်းကင်ပျံတယ်ဆိုတာကိုတော့ မင်းလဲကြားဖူးမှာပေါ့ကွာ"

ကျွန်ုပ်သည် ဦးဂွမ်တီအား များစွာအံ့ဩ၍ သွားလေတော့၏။

ဘက္ကဒက်မြို့ကြီး ကောင်းကင်ပျံတယ်ဆိုသည်မှာ ရာဇဝင်ဆိုင်ရာ စာပေကို နှိုက်နှိုက်ချွတ်ချွတ်လေ့လာသူများသာလျှင် သိရှိနိုင်သော အကြောင်းအရာဖြစ်လေ၏။

၎င်းအဖြစ်အပျက်မှာ ဤသို့ဖြစ်၏။ အေဒီ ၁၁၆၀-ခုနှစ်တွင် ဘက္ကဒက်မြို့၌ တစ်မြို့လုံးက တန်ခိုးရှင်ဟု ယုံကြည်ခြင်းခံရသူတစ်ဦးရှိလေ၏။

၎င်း၏ အမည်မှာ David Alroy မင်းသားဟုဆို၏။ ၎င်း David Alroy မင်းသားအား စူလတန်ဘုရင်ကြီးက ထီးနန်းကို ၎င်း၏ တန်ခိုးဖြင့် လုပ်ကြံယူငင်လိမ့်မည်ဟု ထင်မှတ်သဖြင့် ဖမ်းဆီးသွားလေ၏။

တန်ခိုးရှင် David Alroy မင်းသားအား ဖမ်း၍ ထားစဉ်၌ ဘက္ကဒက်မြို့သို့ လူနှစ်ယောက်သည် စာတစ်စောင်ယူလာ၍ ပြလေ၏။ စာမှာ တန်ခိုးရှင် David Alroy မင်းသား၏ ထက်မှာ ရေးထိုးထားသော စာဖြစ်ပြီးလျှင် ဘက္ကဒက်မြို့သူမြို့သားအပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အား သင်တို့သည် မနက်ဖြန်နံနက်မိုးသောက် အလင်းရောက်သည်နှင့် တစ်ပြိုင်နက်တန်ခိုးဣဒ္ဓိပါဒ်များရရှိလိမ့်မည်။ ကောင်းကင်သို့ ပျံနိုင်လိမ့်မည်။ ထို့ကြောင့် သင်တို့အားလုံးမနက်ဖြန်နံနက်၌ ကောင်းကင်မှ ပျံသန်း၍ မိစ္ဆာဘုရင်စူလတန်အား တိုက်ခိုက်ကြလော့ဟု နှိုးဆော်ထားလေ၏။

ဘဂ္ဂဒက်မြို့သူမြို့သားတို့လည်း ၎င်းစာကို ဖတ်ပြီးလျှင် နောက်တစ်နေ့ နံနက်၌ တန်ခိုးရှင်ဖြစ်၍ ကောင်းကင်၌ ပျံသန်းကြရမည့်အဖြစ်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဈေးသည်များလည်း ဆိုင်များကို ပိတ်ကြ၏။ လယ်ယာလုပ်ကိုင်သူများလည်း ကျွဲ၊ နွားများကို လွှတ်၍ ပစ်ကြတော့၏။

စာယူလာသော လူနှစ်ဦးအားလည်း ဘဂ္ဂဒက်တစ်မြို့လုံးက ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားကို ကြိုက်တာယူ၍ သွားပါဟုဆိုကာ သေတ္တာများကို ဖွင့်၍ ပေးကြလေ၏။

ထိုသူနှစ်ဦးသည် အထုပ်ကြီးအထုပ်ငယ်များဖြင့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ကို မြင်းလှည်းဖြင့် သယ်ဆောင်၍ သွားကြလေ၏။

ထိုနေ့ည သန်းခေါင်အချိန်၌ ဘဂ္ဂဒက်မြို့သူမြို့သားတို့သည် ကလေးလူကြီး၊ မိန်းမ၊ ယောကျ်ား၊ သူတောင်းစားပါမကျန် တိုက်ခေါင်မိုးများပေါ်သို့ ဝတ်ရုံကြီးများဝတ်ကာ မိုးလင်းသည်နှင့် တစ်ပြိုင်နက်ပျံသန်းကြရန် တစ်ညလုံးစောင့်စား၍ နေကြလေ၏။

သို့သော်လည်း ပျံသန်းရန် မဆိုထားဘိ၊ တစ်လက်မမျှပင် မကြွသည့် အဖြစ်ကို သိရှိကြရလေ၏။ သမိုင်းဆရာတို့က ထိုနှစ်အား (The year of Flying) ကောင်းကင်ပျံသောနှစ်ဟူ၍ပင် မှတ်တမ်းတင်၍ ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ ခင်ဗျားပြောတာ ကျုပ်လဲနားမလည်ဘူး ဦးဂွမ်တီ၊ ခင်ဗျားရဲ့ စိတ်ဓာတ်ကို ကျုပ်မကြိုက်တဲ့အတွက်တော့ အကူအညီပေးဖို့ အချိန်ယူပြီး စဉ်းစားရလိမ့်မယ်"

"ငါကလည်း အခုနေ မင်းက ချက်ချင်းလုပ်မယ်ဆိုရင်တောင် လက်မခံသေးပါဘူးကွ၊ စဉ်းစားခိုင်းဦးမှာပါ"ဟု ဆိုလေ၏။

ကျွန်ုပ်လည်း ဦးဂွမ်တီအား နောက်တစ်နေ့တွင် တွေ့ဆုံဦးမည်ဟု ဆိုကာ ရွှေမော်ဓောဘုရားပေါ်သို့ တက်၍ လာခဲ့လေ၏။

ကျွန်ုပ်သည် ရွှေမော်ဓောစေတီရင်ပြင်ပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက်ကျွန်ုပ်အတွေ့ချင်ဆုံးသူကို တွေ့ရလေတော့၏။

ထိုသူကား မြနန်းနွယ်ပင် ဖြစ်လေသည်။ ကျွန်ုပ်သည် ရှုပ်ထွေးသော ပြဿနာများရင်ဆိုင်ခဲ့ရသဖြင့် စိတ်ညစ်၍လာခဲ့သော်လည်း မြနန်းနွယ်ကိုတွေ့မြင်လိုက်ရသောအခါ၌ ထိုစိတ်ညစ်ဖွယ်ရာတို့သည် လုံးဝကင်းစင်၍ ကျွန်ုပ်၏စိတ်သည် အေးချမ်း၍သွားလေတော့၏။

"စားတော်ကဲကြီးနှင့်တွေ့ခဲ့ပြီလားရှင်" ဟု မြနန်းနွယ်တဆီးမေးလေ၏။

"တွေ့ခဲ့ပါပြီမြနန်းနွယ်"

"ကျွန်မလည်း အခုပဲ ပဲခူးကိုရောက်ပါတယ်။ သူနဲ့သွားတွေ့မလို့ပဲ ရောက်ရောက်ချင်းဘုရားတက်ပြီးဖူးတာ၊ ရှင်နဲ့အဆင်သင့် လာပြီးတွေ့ရတယ်။ ရှင့်ကိုတွေ့ရတာ စားတော်ကဲကြီးအပေါ်မှာ စိတ်ကုန်လာတဲ့ပုံပဲ"

"ဟုတ်တယ်မြနန်းနွယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူက ရှင့်ကို သူဟာကျိန်စာသင့်နေတဲ့ဘုရားကျွန်ကြီး လို့ပြောလိုက်တယ်မဟုတ်လား၊ မြနန်းနွယ်ရဲ့ခမည်းတော်ဘုရားကို တစ်ပတ်ရိုက်ပြီး သူက မြလက်စွပ်ကိုရှာခိုင်းတယ်လို့ကော မပြောဘူး လား"

"ကျုပ်ကလဲ ထင်လို့မေးလိုက်တာ၊ သူက ဟုတ်တယ်လို့ ဝန်ခံလိုက်တယ်"

"အလကားပြောတာ၊ အမှန်က ဘုရားကျွန်က သူမဟုတ်ဘူး၊ မြနန်းနွယ်တို့ကမှ ဘုရားကျွန်တွေ၊ ခမည်းတော်ဘုရားက ပုဂံမြို့က ရှေးဟောင်းအုတ်ဂူတွေထဲမှာ ရှင်အဋ္ဌဂေါဏာရဲ့ လောကီကျမ်းတွေရှိမယ်အထင်နဲ့ လျှောက်ပြီးဖောက်ခဲ့ရာကအစ သဒ္ဒေးကန်က နောက်ထပ် ကျိန်စာတစ်ခုနဲ့ထပ်ပြီးတွေ့ခဲ့ရတာ၊ ဦးဂွမ်တီက မြနန်းနွယ်တို့ကိုစေတနာ့ဝန်ထမ်းကူညီလာခဲ့တဲ့သူပါ"

"ဒါဖြင့်ရင် စဉ့်ကူရွာမှာတုန်းက မြနန်းနွယ် ပြောတာဟာ လုပ်ကြံပြီးပြောတာပေါ့"

"အဖြစ်မှန်ကိုတစ်စိမ်းတွေရှေ့မှာ မြနန်းနွယ်ဘယ်လိုလုပ် လုပ်ပြီး ပြောရမှာလဲရှင်"

ကျွန်ုပ်သည် မဟာသွေး၊ မဟာနွယ်ဟူ၍ ထင်မှတ်လာခဲ့သော မိန်းမချောကလေးကိုယ်တိုင် သူသည် နှစ်ပေါင်းကိုးရာကျော်ခန့်ကရှိခဲ့သည့် ဘုရားကျွန်အမျိုးမှ ဆင်းသက်လာသူပါ၊ သူ့ဖခင်သည်လည်း သဒ္ဒေးကန်ရွာအနီးရှိ ရှေးဟောင်းသူဌေးတစ်ဦး၏ အုတ်ဂူအတွင်းရှိ ကျိန်စာကိုရရှိထားသဖြင့် ၎င်းကျိန်စာမှ လွတ်မြောက်အောင် ကြိုးစားရင်း သေဆုံးသွားသူပါဟု ဆိုသည့်အပြင် ကျွန်ုပ်အနေနှင့် ပညာရှိသော်လည်းစိတ်ထားကောက်ကျစ်သည်ဟု ထင်မှတ်ခဲ့သည့် ထမင်းချက်ပညာရှိကြီး ဦးဂွမ်တီကား ပညာရှိ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဖြစ်ရုံသာမကပဲ မိမိနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်းမရှိသည့် ကိစ္စ၌ မိမိဘဝတစ်ခုလုံးကို မြှုပ်နှံကာ အကူအညီပေးလျှော်ရှိသည့် တကယ့်သူရဲကောင်းအစစ်ကြီးဖြစ်သည်ကိုသိရလေတော့သတည်း။

**********

ဘုန်းနိုင်ဘဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



သေးဘိုးဘီဘင်တို့၏ အခါ၌ ပုဂံပြည်ကြီးအား အရှင်အဇ္ဇဂေါဏသည် ကြွယ်ဝအောင် လုပ်ခဲ့ပြီး၏ ထိုသို့သော လုပ်ရပ်တို့ကား ငုပ်လျှိုးပျောက်၍ လုပ်ရပ်တို့သည် ပုဂံ၌ ရေချိုးဟူသော စကားအတိုင်းရေ၌ ငုပ်လျှိုးပျောက်ကွယ်ခဲ့လတ္တံ့တည်း၊ လုပ်ရပ်ကို ဆောင်၍ ပဲခူးသို့ သူကြွယ်တစ်ဦးလွတ်လေ၏။ ၎င်းကို ရှာ၍တွေ့လျှင် ပုဂံကြွယ်သကဲ့သို့ ပဲခူးလည်းကြွယ်လတ္တံ့တည်း။ ငါတို့ကား ကျွန်မျိုးဖြစ်၍ မဆောင်မရွက်နိုင်ချေ။ ဆောင်နိုင်သူတို့ဆောင်ကုန်၊ ကျွန်မျိုး၌ဖြစ်သော အရှင်မြတ်၊ ရာဇာမြတ်တို့၏ ပျောက်ဆုံးသော ရတနာကိုပြန်၍ ဆောင်ယူနိုင်လျှင် ကျွန်ုပ်မှလွတ်လတ္တံ့ဟူသောစာငါ၌ရှိသည်။ ဤစာကိုတွေ့သောသူသည် မသမာသောအကြံဖြင့် ဘုရားယောင်ကိုဖောက်သောသူတည်၊ လုပ်ရပ်ကိုသော်ရှာ၊ ရတနာသော်လည်း ရှာစေရမည်။ သို့တစ်မူကားဘေးဒုက္ခ အသိန်းအသောင်း တွေ့စေ မေတ္တားရှင်အားလည်း အဖူးရစေနှင့်ဟု ငါကျိန်သတည်း။

သဒ္ဒေးကန်ပန်းတောမျိုးသူကြွယ်ရွှေတောင်

တရုတ်ပြည်မှနေ၍ သထုံသို့ရောက်သွားသော မြလက်စွပ်တစ်ကွင်း အကြောင်းကိုလည်းကောင်း၊ လောကီပညာ ကျင့်စဉ်များနှင့် ၎င်းမြလက်စွပ်ဆက်သွယ်ပုံ အကြောင်းကိုလည်းကောင်း၊ ပုဂံပြည်ကြီး၌ အောင်မြင်ခဲ့သောအရှင် အဇ္ဇဂေါဏ၏ ရွှေလုပ်နည်းကိုလည်းကောင်း၊ ပဲခူးသည် ပုဂံကဲ့သို့ကြွယ်ဝချမ်းသာသော တိုင်းပြည်ကြီးဖြစ်၍ လာမည့်အကြောင်းကိုလည်းကောင်း၊ ကျန်စာသင့်သည့်ဘုရားကျွန် တစ်ဦးသည်နောက်ဆုံး၌ ဤနေရာတွင်ရောက်လာပြီး ၎င်းအိုးကလေးကို ရရှိကာလွန်စွာအစွမ်းထက် မြက်သွားမည်ကိုလည်းကောင်း ရေးသားထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

### ❁ ဘုန်နေရာသူပြန်ထားခြင်း၏ လေးနက်ပုံ

ကျွန်ုပ်နှင့် မြနန်းနွယ်တို့သည် ရွှေမော်ဓောဘုရား၏ တနင်္ဂနွေထောင့်ရှိ အေးချမ်းလှသော အရိပ်အာဝါသ၌ ထိုင်လျက် သပွတ်အူတမျှ လိမ်ကောက်ရှုပ်ထွေး၍ စာဘူးတောင်းသိုက်သဖွယ် အကွေ့အကောက် အလိမ်အပတ်များလှသည့် မြနန်းနွယ်နှင့် ဦးဂွမ် တီတို့၏ ဇာတ်လမ်းကို ပြောဆိုလျက်ရှိကြလေ၏။

ဤမျှ ရှုပ်ထွေးသောအကြောင်းအရာကိုပြောဆိုနေရလင့်ကစား ကျွန်ုပ်၏ စိတ်သည်ချမ်းသာကြည်လင်လျက်ရှိကြောင်းကို အထူးဖော်ပြဖွယ်ရာမလိုတော့ပေ။

"နေပါဦး မြနန်းနွယ် ရာဇကုမာရ လက်ထက်လောက်က ဘုရားကျွန်တွေဟာ ခုထိအောင်ပဲ ဘုရားကျွန်အဖြစ်ရှိနေကြ တုန်းပဲလား" ဟု ကျွန်ုပ်ကမေးမြန်းမိ၏။

"အားလုံးတော့မဟုတ်ပါဘူး၊ တချို့တော့ ဆွေစဉ်မျိုးဆက်အလိုက် ဘုရားကျွန်အဖြစ်ရှိနေကြတုန်းပါပဲ၊ တချို့ကလဲ ချမ်းသာ ကြွယ်ဝတဲ့သူတွေ၊ရာထူးရာခံရှိတဲ့ သူတွေတောင်ဖြစ်နေကြပါပြီး



www.burmeseclassic.com

www.burmeseclassic.com



မြနန်းနွယ်ရဲ့ သဘောကတော့ဒါတွေကို မယုံပါဘူး ခမည်းတော်ဘုရား. . ."

"ဟိုး. . . ဟိုး ခမည်းတော်ဘုရားဆိုတာက မြနန်းနွယ်ရဲ့ အဖေကိုပြောတာမဟုတ်လား၊ ဘုရားကျွန်တွေပါလို့လဲ မြနန်းနွယ်က ပြောသေးတယ်။ တစ်နေရာမှာတော့လဲ ထီးသုံးနန်းဟန်တွေနဲ့ သုံးနှုန်းနေတာကိုတွေ့ရပြန်တယ်။ အဲဒါကို ကျုပ်ကတော့ ဘယ်လိုနားလည်ရမှာလဲ"

"ဒီလိုပါရှင် တကယ့်မျိုးရိုးအစစ်ကတော့ မြနန်းနွယ်တို့ရဲ့ ခမည်းတော်ဘုရားဘက်က ခုနကပြောတဲ့ မျိုးရိုးကပါပဲ၊ ဒါပေမယ့်လို့ မယ်မယ်တို့ဘက်ကတော့ မင်းမျိုးမင်းနွယ်တွေဖြစ်ပါတယ်"

သဘာဝချင်းမတူသည့် မျိုးဆက်နှစ်ခုမှပေါက်ဖွားခဲ့သည့် မြနန်းနွယ်၏ ထူးခြားသော ရုပ်လက္ခဏာကို ကျွန်ုပ်သည် ငေးမော၍ ကြည့်နေမိပြန်၏။

"ခမည်းတော်ဘုရားဟာ ပုဂံမြို့က အရိုးအိုးတွေထဲမှာ လေကီပညာကျမ်းတွေ ရှိလိမ့်မယ်အထင်နဲ့ အရိုးအိုးတွေကိုဖောက်ပြီးရှာဖွေခဲ့ရာကအစ၊ သဒ္ဒေးကန်ရွာက အုတ်ဂူမှာ ကျိန်စာတစ်စောင်ကိုရရှိခဲ့တယ်လို့ဆိုခဲ့ပါတယ်။ အဲဒီကျိန်စာကို ခမည်းတော်ဘုရားဟာ တော်တော်ပဲယုံကြည်ပုံရပါတယ်။ ဒါကြောင့်ကျိန်စာပါအတိုင်း ပျောက်ဆုံးနေတဲ့ မန္တဟာမင်းရဲ့ မြလက်စွပ်ကိုရှာဖွေဖို့ကြိုးစားခဲ့တာပါပဲ၊ ဦးဂွမ်တီကတော့ ကြားထဲက သက်သက်ဝင်ပြီးကူညီခဲ့ပါတယ်"

"အခုတော့ မြနန်းနွယ်ရဲ့ . . ."

ဟုတ်ပါတယ် ခမည်းတော်ဘုရားကတော့ မရှိတော့ပါဘူး။ ဒါပေမယ်လို့ အဲဒီအလုပ်ကို ဆက်ပြီးလုပ်နေရတော့တာကတော့ ဦးဂွမ်တီကြီးဟာ ကြားထဲကနေ ဝင်ပြီး ကူညီရင်းက လျှို့ဝှက်ကျမ်း



www.burmeseclassic.com

www.burmeseclassic.com



စာအမျိုးမျိုး၊ ပရပိုက်အမျိုးမျိုး၊ စာပေကျမ်းဂန် အမျိုးမျိုးတို့ ရရှိခဲ့ရုံမျှမကဘဲ သူကိုယ်တိုင်ဟာလဲ တော်တော်ကို ပေါက်ပေါက် ရောက်ရောက် ဖြစ်နေပါပြီ၊ဒါကြောင့် မြနန်းနွယ် အနေနဲ့ နောက် မဆုတ်စေချင်ဘူး။ ပြီးတော့ မြနန်းနွယ်ရဲ့ ခမည်းတော် ဘုရား အယုံကြည်ကြီး ယုံကြည်သွားတဲ့ အလုပ်တစ်ခုကိုမအောင်မြင်မချင်း လုပ်ချင်တဲ့ဆန္ဒရှိပါတယ်ရှင်"

ကျွန်ုပ်သည် တစ်စုံတစ်ခုအား အလေးအနက် စဉ်းစား ပေပြီ၊ ဥပမာအားဖြင့်ဆိုရသော် မြနန်းနွယ်သည် လည်းကောင်း၊ ၎င်း၏ ခမည်းတော်ဆိုသူသည် လည်းကောင်း၊ ဦးဂွမ်တီသည် လည်းကောင်း၊ မန္တဟာမင်း၏ ပျောက်ဆုံးနေသော လက်စွပ်သည် လည်းကောင်း၊ ကျွန်ုပ်အနေနှင့်စိတ်ဝင်စားခြင်း မရှိသော ဗုဒ္ဓ ခေတ်ကျိန်စာများနှင့် လောကီပညာရပ် ကျမ်းများသည်လည်း ကောင်း၊ လှည်းဘီးတစ်ခု၏ ဒေါက်များသဖွယ်သာ ဖြစ်ပြီးလျှင် ယခုအခါ၌ ကျွန်ုပ်သည် ထိုဘီးကြီးတစ်ခုလုံးအား လည်ပတ်နိုင်စေရန် ဝင်ရိုးကြီးနှင့်သာ တူ၍နေလေ၏။

ဝင်ရိုး၏ တစ်နေရာ၌ ရောက်နေသူသည် ဝင်ရိုးနှင့် ထိုက်တန်သော စွမ်းရည်များ လိုပေသည်။ သတ္တိနှင့် စွန့်လွှတ်မှု များလည်းလိုပေသည်။ ထိုနည်းတူစွာ ရင့်ကျက်သော တွေးခေါ်မှု တို့လည်း လိုပေသည်။

အရှင်းဆုံး ဆိုရပါမူ မြနန်းနွယ်၏ ခမည်းတော်ဘုရား အတွက် ဦးဂွမ်တီကြီးက ကြားထဲမှ သက်သက်အနစ်နာခံ၍ ဘဝ တစ်ခုလုံးမြှုပ်နှံသကဲ့သို့ ကျွန်ုပ်လည်း ဦးဂွမ်တီနှင့် မြနန်းနွယ်တို့ ၏ ထူးဆန်းသော ချဉ်းကိုးခြင်းကို အလိုဖြည့်ရန်အတွက် ဘဝတစ်ခု လုံးမြှုပ်နှံရပေမည် မဟုတ်လော။

"ဒီမှာ မြနန်းနွယ်ဘာဘာညာညာကျမ်းတွေကျိန်စာတွေ

www.burmeseclassic.com



ကိုတော့ ကျုပ်လည်း မယုံဘူး"

"မနူဟာ မင်းရဲ့ မြေလက်စွပ်ဆိုတာကိုတော့ ယုံကြည်တယ် ဆိုပါတော့"

"အဲဒါကိုတော့ ယုံပါတယ်။ အဲဒီပစ္စည်းကိုရရင် မြနန်းနွယ်က ဘယ်လိုအသုံးချမှာလဲ"

"မြနန်းနွယ်သဘောကတော့ ဒီပစ္စည်းဟာ၊ မနူဟာမင်းက မြင်းကပါသူဌေးကို ရောင်းချပြီးသားမို့ မြင်းကပါသူဌေးပဲ ပိုင်တာပေါ့။ သူ့ပစ္စည်းကို သူ့ရဲ့အရိုးအိုးထဲမှာပဲ ပြန်ပြီး ထားလိုက်ရုံပေါ့။ ဦးဂွမ်တီကိစ္စကရော ဦးဂွမ်တီက အဲဒီပစ္စည်းကို သူ့လက်ထဲမှာ ၄၉-ရက်လောက် ခေတ္တဆောင်ထားရုံလောက်ပဲ အလုပ်ရှိတယ်လို့ ဆိုပါတယ်"

ကျွန်ုပ်သည် လူတစ်ဦးဘဝဆုံးသွားနိုင်သည်အထိ ကြိုးပမ်းရှာဖွေပေးရမည့် ပစ္စည်းတစ်ခုသည်သင်္ချိုင်းဂူခေါင်းတစ်ခုတွင်းသို့ ပြန်လည်ထည့်သွင်းရုံမျှသာ အလုပ်ဖြစ်သည်ဟူသော စကားအတွက် အနည်းငယ်စိတ်ပျက်မိလေ၏။

"မြနန်းနွယ်ဒီပစ္စည်းကို သူ့နေရာသူ ပြန်ထားဖို့လောက်တော့ဖြင့် ဒါလောက်တောင် ကြိုးစားကြဖို့၊ စဉ်းစားကြဖို့ မလိုပါဘူး ထင်ပါတယ်"

"လိုတာပေါ့ကွ"

ကျွန်ုပ်သည် မြနန်းနွယ်ကို ပြောလိုက်သော်လည်း မည်သည့်အချိန်က ကျွန်ုပ်၏ အနီးသို့ ရောက်၍နေသည် မသိရသော ဦးဂွမ်တီ၏ ကြားဖြတ်၍ အဖြေပေးလိုက်သံကို ကြားသဖြင့် ကြည့်လိုက်ရာ ကုတ်အင်္ကျီအနက်ကြီးကို ဝတ်လျက် လွန်စွာ ကြီးမားသော ဖျင်လွယ်အိတ်ကြီးကိုလည်း စလွယ်သိုင်းထားသည့် ပြောင်းဖူးမွေးကဲ့သို့ ဖြူသလိုလို ဝါသလိုလိုနှုတ်ခမ်းမွေးများနှင့် ဦးဂွမ်တီ၏ ရုပ်သွင်

www.burmeseclassic.com



ကို တွေ့မြင်ရလေ၏။

၎င်း၏ ဟန်ပန်မှာ ကျွန်ုပ်တို့ ငယ်စဉ်က တွေ့မြင်ဖူးသော မြေလျှောက်ဝိဇ္ဇာဆိုသူများနှင့် တူသလိုလို၊ တရုတ်စာအုပ်များ၌ ရေးဆွဲထားသည့် တရုတ်ပညာရှိ အဘိုးအိုတစ်ဦးနှင့် တူသလိုလို ရှိလေ၏။

လက်ထဲတွင်လည်း လူတစ်ရပ်မက မြင့်မားသည့် ဝါး တောင်ဝှေးကြီးတစ်ခုကို ကိုင်၍ ထားသည်ဖြစ်ရာ တကယ်ပင် ပုံပြင်စာအုပ်များ၌ ရေးဆွဲထားသည့် ခရီးသည်တရုတ်အဘိုးအိုကြီး ၏ ပုံပေါ်လွင်နေ၏။

"မင်းက ငါ့ကို ဘာကြည့်နေတာလဲ တရုတ်ပညာရှိကြီး ကွန်ဖူးရှပ်နဲ့ တူလို့လား၊ ဒါမှမဟုတ် 'လောက်အိုဇူး'ဆိုတဲ့ တရုတ် အဘိဓမ္မာဆရာကြီးနဲ့ တူနေလို့လား"

"အဲဒီလိုလဲ တူတယ်၊ ခင်ဗျားနဲ့ မြနန်းနွယ်ကိုလဲ ကျုပ်တ တော့ သိပ်ပြီး အံ့ဩနေတယ်၊ ပစ္စည်းတစ်ခုကို သူနေရာသူ ပြန် ထားဖို့ ကိစ္စလောက်အတွက်ကို ဒါလောက်စွန့်စားကြိုးစားနေကြ တာကို နားမလည်နိုင်အောင်ပဲ"

"လောကကြီးမှာ သူ့နေရာသူပြန်ထားတဲ့အလုပ်လောက် အရေးကြီးတာ ဘာများရှိလို့လဲကွ၊ အရေးအကြီးဆုံးအလုပ်ပေါ့ ကွာ"

"ဘယ်လိုများလဲဗျာ၊ နားလည်အောင် ရှင်းပြစမ်းပါဦး"

"သူ့နေရာသူ ပြန်ထားတတ်အောင် လေ့ကျင့်ရမယ်ကွ၊ နေရာတိုင်း အရာတိုင်းမှာ သူ့နေရာသူ ပြန်ထားနိုင်တဲ့ အစွမ်းသတ္တိ တစ်ခုသာ ရှိစမ်းပါစေကွာ၊ အဲဒီလူဟာ တကယ့်ကို အစွမ်းထက်တဲ့ လူ၊ လောကကို အကျိုးပြုနိုင်တဲ့လူ ဖြစ်နေပြီကွ။ တိုတိုပြောမယ် ကွာ မင်းတို့ငါတို့ရဲ့ ဘုရင်သီပေါမင်းဟာ သူ့နေရာမှာသူ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကုလားဖြူတွေ ဖမ်းသွားပြီ မဟုတ်လား၊ အေး. . . သီပေါ မင်း၊ ဒါမဟုတ် သီပေါမင်းလို ငါတို့မြန်မာအမျိုးသားထဲက မင်း တစ်ပါးပါးကို ထီးနန်းရအောင် လုပ်တယ်ဆိုပါတော့၊ အဲဒီအလုပ် ကို အောင်မြင်အောင် လုပ်ပေးနိုင်တဲ့လူဟာတကယ့်မြန်မာရာဇဝင် မှာ ကမ္ပည်းထိုးလိုက်တဲ့ သူရဲကောင်းပေါ့ကွ။ ဒါဟာလဲ ဘာလဲ. . . သူနေရာသူပြန်ထားခြင်းပဲ မဟုတ်လား။ ကဲ ထားပါတော့၊ ငါတို့ ဟာ တကယ့်တော့ သုညသဘောက စခဲ့ကြတာ မဟုတ်လား၊ နောက်ဆုံး သုညသဘောကို ရောက်သွားရင် နိဗ္ဗာန်လို့ခေါ်တယ် မဟုတ်လား။ အဲဒါဘာလဲ 'သူနေရာသူ ပြန်ထားခြင်း'ပဲ မဟုတ် လားကွ။ ဒါကြောင့် အစွမ်းသတ္တိထူးချင်တဲ့လူတွေ၊ သူရဲကောင်း တွေ ဖြစ်ချင်တဲ့ သူတွေဟာ ဘုရားဟောင်းတွေ ပြန်ပြီး ပြင်ကြ တယ်တဲ့ကွ။ ဒါဟာလဲ တကယ့်အနှစ်သာရကို ထုတ်လိုက်ရင် 'သူ နေရာသူ ပြန်ထားခြင်း'ပဲ မဟုတ်လား"

"ခင်ဗျားပြောလိုက်တော့လဲ ဟုတ်သလိုလိုပဲ"

"ဟုတ်သလိုလိုတွင် ဘယ်ကလိမ့်မတုန်းကွ၊ ဟုတ်ကိုဟုတ် တာမောင်. . . ထပ်ပြီး ပြောလိုက်ဦးမယ်၊ သေခြင်း၊ မွေးဖွားခြင်း ဆိုတဲ့ အလုပ်တွေဟာ 'သူနေရာသူပြန်ထားခြင်း'ဆိုတဲ့ လုပ်ငန်း ကြီးရဲ့ အစိတ်အပိုင်းတွေပဲကွ။ နိဗ္ဗာန်မရမချင်းလုပ်နေရမယ့် အလုပ်တွေ မဟုတ်လားကွ၊ ဟဲ. . . ဟဲ. . . မင်းခေါင်းနည်းနည်း ရှုပ်သွားပြီထင်တယ်။ မင်းလဲ ကြားဖူးမှာပေါ့ကွာ၊ နှစ်ပေါင်းများစွာ အသက်ရှည်တဲ့ ရသေ့ကြီးတွေအကြောင်း အစဉ်နုပျိုနေကြတယ် ဆိုတာလေ။ တကယ်တော့ ဒါဟာ မဆန်းပါဘူးကွ၊ လူ့ရဲ့ ခန္ဓာကိုယ် ထဲမှာရှိတဲ့ (ဗိန္ဒု)ကလေးတွေကို ယိုယွင်းမသွားဘဲ 'သူနေရာသူပြန် ထားခြင်း'အလုပ်ရဲ့ အဖြေတစ်ခု၊ ရလဒ်တစ်ခုပဲ မဟုတ်လား"

ကျွန်ုပ်သည် ဦးဂွမ်တီ၏ စကားကို လေးနက်စွာ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ရလေတော့၏။ သူ၏ တွေးခေါ်ပုံသည် ဟုတ်သလိုလိုလဲ ရှိလေ၏။

ကျွန်ုပ်သည် 'သူ့နေရာသူပြန်ထားခြင်း'ဆိုသည့် အဘိဓမ္မာသည် မည်သူ၏ အဘိဓမ္မာမှ ဆက်နွယ်ပေါက်ဖွားလာသနည်းဆိုသည်ကိုလည်း စဉ်းစားကြည့်မိ၏။

ကျွန်ုပ်လည်း အဘိဓမ္မာကို စိတ်ဝင်စားခြင်းမရှိသော်လည်း ကမ္ဘာအရပ်ရပ်ရှိ အဘိဓမ္မာတို့ကို ထိုက်သင့်သလောက်တော့ ဖတ်စမ်းကြည့်ဖူး၏။

သို့ရာတွင် ထမင်းချက်ကြီး ဦးဂွမ်တီ၏ 'သူ့နေရာသူ ပြန်ထားခြင်း'ဆိုသည့် အဘိဓမ္မာကို ဖတ်မိခြင်း မရှိပေ။

ကျွန်ုပ်သည် ထိုသို့ စဉ်းစားနေရာမှ မြနန်းနွယ်အား လှမ်း၍ ကြည့်ရာ မြနန်းနွယ်သည် အပြစ်ကင်းစင်သော ကလေးငယ်ကဲ့သို့ အပြစ်ကင်းစင်သော မျက်နှာကလေးဖြင့် ကျွန်ုပ်အားပြန်၍ ကြည့်လိုက်လေ၏။

"ချစ်ခြင်းဆိုတာရယ်၊ သနားခြင်းဆိုတာရယ်၊ သူတစ်ပါး ချမ်းသာတာကို ဝမ်းမြောက်ဝမ်းသာရှိခြင်းဆိုတာရယ်ဟာ တကယ်တော့ 'သူ့နေရာသူပြန်ထားခြင်း'သဘောတရားတွေပါပဲကွာ၊ ဒါကြောင့် နောက်ဆုံးမှာ သဗ္ဗေသတ္တာကမ္မသကာဆိုတဲ့ ဥပေက္ခာစကားလုံးဟာ သူ့အကြောင်းနဲ့သူဖြစ်ကြတာပဲ၊ မတတ်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်မျိုးပဲ မဟုတ်လား။ ဒီတော့. . . 'သူ့နေရာသူပြန်ထားခြင်း'သဘောတရားကပဲ ချုပ်ထားတာပဲ မဟုတ်လားကွ"

ဟု ဦးဂွမ်တီက မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစသည့် ဗြဟ္မစိုရ်တရားကိုပင် ရှင်းပြလေ၏။

"ခင်ဗျားတို့ရဲ့ ဆန္ဒက ကျုပ်ကို ခင်ဗျားတို့သဘောတရားအတိုင်း မန္တပာမင်းရဲ့လက်စွပ်ကိုရအောင်ကြိုးစားပြီး သူ့နေရာသူပြန်ထားခြင်းဆိုတဲ့ ခင်ဗျားတို့ရဲက အလုပ်ကြီးများမှာကူညီပေးစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်ပေါ့"

"ဟုတ်တယ်ကွ"

"ဒီကိစ္စက ကူညီချင်တဲ့ စေတနာတစ်ခုတည်းရှိရုံနဲ့မပြီးသေးဘူးဗျ၊ ရဲရင့်ခြင်းလဲ ရှိဖို့လိုတယ်မဟုတ်လား။ ကျုပ်မှာ ရဲရင့်ခြင်းရှိမရှိကိုတော့ ခင်ဗျားတို့ကမလေ့လာသေးဘူးလား"

"လေ့လာဖို့မလိုပါဘူးကွာ။ သတ္တဝါဆိုတာ မူလက ရဲရင့်ခြင်းရှိပါတယ်။ ပတ်ဝန်းကျင်ရဲ့ ကြောက်မက်ဖွယ်ရာတွေကို သိနေ၊ မြင်နေ၊ ကြားနေရပါများလာတဲ့အခါမှာ တဖြည်းဖြည်း ရဲရင့်ခြင်းတွေဟာ ဆုတ်လျော့လာတယ်ကွ။ ဒီစကားမင်းမယုံဘူးလား။ ဥပမာပြောပြမယ်။ လူငယ်နဲ့ လူကြီးတောင် မတူဘူးကွ၊ လူငယ်မှာ ရဲရင့်ခြင်းပိုရှိတယ်။ လူကြီးကတော့ ခုနက ငါပြောတဲ့ ကြောက်မက်ဖွယ်ရာတွေ လူငယ်ထက်ပိုပြီး ကြုံတွေ့ရလေတော့ရဲရင့်ခြင်းတွေပိုပြီးဆုံးရှုံးကုန်တယ်မဟုတ်လား"

"ဒီတော့ ရဲရင့်ခြင်းရှိမရှိ စုံစမ်းဖို့မလိုပါဘူး။ သူ့နေရာသူပြန်ထားခြင်း နည်းဗေဒနဲ့ မင်းကိုရဲရင့်ခြင်းတွေ အပြည့်အဝရရှိအောင် ငါလုပ်ယူနိုင်ပါတယ် ကောက်တွဲ"

ကျွန်ုပ်သည် ဦးဂွမ်တီ၏ သဘောတရားကိုလက်ခံရတော့မည်ကဲ့သို့ဖြစ်လာ၏။ စဉ်းစားကြည့်ပြန်တော့လဲ ၎င်းပြောသည်အတိုင်းပင် ဖြစ်နေသည်ကိုတွေ့ရပြန်လေ၏။

သို့ရာတွင် ကျွန်ုပ်သည် စောဒကတက်လိုသေးသည် ဖြစ်၍အောက်ပါစကားကိုပြောလေ၏။

"ရဲရင့်ခြင်းဆိုတာဟာ လုပ်ယူလို့ရသလား ဦးဂွမ်တီ"

"ဒီလိုမဟုတ်ဘူးကွ၊ တကယ်တော့ ဒီလောကကြီးမှာ ဘာမှမရှိဘူး၊ နှိုင်းယှဉ်မှုကြောင့်သာအရာရာဟာ ဖြစ်ပေါ်နေတာ၊ ရဲရင့်ခြင်းလဲမရှိဘူး၊ ကြောက်ရွံ့ခြင်းလဲမရှိဘူး၊ မြင့်မားတာလဲ မရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



နိမ့်ကျတာလည်းမရှိဘူး"

"ဦးဂွမ်တီပြောတာကျုပ်နားမလည်ဘူး"

"ဒီလိုလေကွာ ငါဟာမင်းရဲ့ ဦးလေးအရွယ်မို့ မင်းကငါ့ကို ဦးဂွမ်တီလို့ခေါ်တယ်မဟုတ်လား၊ တကယ်လို့အခုနေ အသက်၈၀လောက်အဘိုးကြီးတစ်ယောက်ဒီအနားကိုရောက်လာရင်ငါ့ကို ဘယ်လိုခေါ်မယ်မှတ်သလဲ "တူမောင် မောင်ဂွမ်တီလို့ခေါ်မှာ ပေါ့ သူ့ရဲ့တူအရွယ်လောက်ရှိတာကိုး၊ ဒီတော့ ဂွမ်တီတစ်ယောက်တည်းမှာ ဦးလေးဖြစ်လိုက်၊ တူဖြစ်လိုက် ဖြစ်မနေဘူးလား၊ တကယ်တော့ ဦးလေးဆိုတာလဲမရှိဘူး၊ တူဆိုတာလဲမရှိဘူး၊ ဥပမာထပ်ပြောဦးမယ်ကွာ၊ မင်းကို စာသင်ပေးတဲ့ ကျောင်းဆရာနဲ့တွေ့ရင် မင်းဟာတပည့်မဟုတ်လား၊ တစ်ခါမင်းက စာသင်ပေးခဲ့ရတဲ့လူနဲ့တွေ့ရင်တော့ မင်းက ဆရာဖြစ်နေပြန်ရောမဟုတ်လား၊ ဒီတော့ လောကမှာ ဆရာ တပည့်ဆိုတာမရှိဘူး၊ နှိုင်းယှဉ်မှုကြောင့်သာဖြစ်ပေါ်နေတာ။ ဆရာနဲ့နှိုင်းယှဉ်မိရင် မင်းဟာတပည့်ဖြစ်သွားပြီး၊ တပည့်နဲ့နှိုင်းယှဉ်မိရင် မင်းဟာ ဆရာဖြစ်သွားပြန်တယ်။ ဒီလိုပဲ မင်းထက်အရုပ်ပုတဲ့လူနဲ့ မင်းနှိုင်းယှဉ်မိရင် မင်းဟာ အရုပ်မြင့်တဲ့လူဖြစ်ပြီး၊ မင်းထက်မြင့်တဲ့သူနဲ့ ယှဉ်လိုက်ရင်တော့ မင်းဟာ ပုတဲ့သူဖြစ်သွားတယ်။ ဒီတော့ မြင့်ခြင်း . . . နိမ့်ခြင်း ဆိုတာဟာမရှိဘူး၊ နှိုင်းယှဉ်မှုကြောင့်သာဖြစ်ပေါ်နေတာတွေချည်းပဲ မဟုတ်လား"

ကျွန်ုပ်သည် ဦးဂွမ်တီ၏ စကားကိုနားထောင်ပြီးနောက်သူ၏ အတွေးအခေါ်များအား လက်မခံရတော့မလိုဖြစ်၍ နေ၏။

"တစ်သက်မှာ တစ်ခါကတော့သေမှာပဲ၊ သေခြင်းဆိုတာဟာလည်း တကယ့်တော့ သူ့နေရာသူပြန်ထားခြင်းဆို တဲ့သဘောတရားထဲကတစ်ခုပဲ၊ ဒီတော့ ဘာမှကြောက်ဖို့မရှိပါဘူး။ သေဖို့အသင့်သင့်အမြဲဖြစ်နေတဲ့လူဟာ ဘာကိုများကြောက်ရွံ့ဖို့ရှိနေဦးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သတ္တဝါတွေဟာ သေဖို့ကြောက်နေကြတာချည်းပဲ မဟုတ်လား"

"မဟုတ်ဘူးကွ၊ ရဟန္တာတွေကျတော့ သေဖို့ဘယ်ကြောက်လိမ့်မလဲ။ ဆက်ပြီးရှင်နေတာကိုတောင်ငြီးငွေ့တော်မူကြတယ်။ အရဲရင့်ဆုံး ပုဂ္ဂိုလ်တွေပေါ့ကွာ"

ဦးဂွမ်တီသည် ဤသို့ပြောဆိုနေစဉ်၌ ဆေးပြင်းလိပ်တိုကို ထုတ်၍ ကိုက်ဖွဲ့လိုက်ပြီးလျှင် ပါးစောင်၌ ငုံ၍ထားလိုက်လေ၏။

ကျွန်ုပ်သည် ဦးဂွမ်တီနှင့် မြနန်းနွယ်တို့၏ ကိစ္စ၌ ပါသင့် မပါသင့်ကို ဆုံးဖြတ်ရန်အတွက်အလေးအနက် စဉ်းစား၍ နေလေ၏။

"စွန့်လွှတ်မှုတိုင်းမှာ ရရှိမှုတစ်ခုရှိစမြဲပဲကွ။ ဘိန်းမုန့်သည်ဟာ ဘိန်းမုန့်တစ်ခုကို စွန့်လွှတ်ရတဲ့အတွက် ပိုက်ဆံတစ်ပြားရတယ်။ စာရေးတစ်ယောက်ဟာ တစ်လလုံးသူလုပ်ချင်တာမလုပ်ဘဲ အရာရှိက ခိုင်းလိုက်းတာကိုလုပ်ဖို့ သူ့ရဲ့တစ်လတာအခွင့်အရေးကို စွန့်လွှတ်ရတဲ့အတွက် လကုန်တဲ့အခါကျာ လခအဖြစ် ငွေ ၃၀/-ကို ရတယ်မဟုတ်လား၊ မင်းလဲ အခုကိစ္စမှာ စွန့်လွှတ်မှုအတွက် တန်ဖိုးတစ်စုံတစ်ရာကိုတော့ရမှာအမှန်ပဲ" ဟု ကျွန်ုပ်၏ချိတုံချတုံဖြစ်နေသော စိတ်ဓာတ်ကို နှိုးဆွလိုက်သော စကားကိုဆိုလေ၏။

"ကျုပ်က ဘဝတစ်ခုလုံးကို စွန့်လွှတ်ပြီး ခင်ဗျားတို့လိုချင်တဲ့ မြကျောက်ကိုရအောင် ကြိုးစားတဲ့အတွက်ဘယ်လိုများ တန်ဖိုးတွေရမှာလဲ ဦးဂွမ်တီ"

"ဒါကတော့ရှင်ကြိုက်တာပြောပေါ့၊ မြနန်းနွယ်တို့ကတော့ ရှင့်ရဲ့ အကူအညီကိုလိုနေတာအမှန်ပဲ၊ ပြောသာပြောပါ အားမနာပါနဲ့" ဟု တစ်ချိန်လုံးနှုတ်ပိတ်ရေငုံနေသည့် မြနန်းနွယ်ကဝင်၍ ပြောလေ၏။

**ဘုရွှာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မြနန်းနွယ်၏ မျက်နှာကို ကြည့်လိုက်ရာ တကယ်ပင် ကျွန်ုပ်၏ အကူအညီကိုလိုချင်လှကြောင်းပေါ်လွင်လျက်ရှိပေသည်။

"ပြောလိုက်လေကွာ ၊ မင်းဘာကိုလိုချင်သလဲ"

"ကျုပ်ဘာကိုမှ မလိုချင်ဘူး၊ ဒါပေမယ့် ဒီကိစ္စအောင်မြင်အောင် ကျုပ်ကူညီပေးမယ်"

ကျွန်ုပ်သည် မည်သို့မည်ပုံ ဆုံးဖြတ်မိသည်ဟုပင် ကျွန်ုပ်ကိုယ်တိုင် မပြောတတ်ပေ။ ကျွန်ုပ်ပါးစပ်မှတော့ အထက်ပါအတိုင်းပြောလိုက်မိ၏။

ကျွန်ုပ်၏ အဖြေကိုလွန်စွာသဘောကျ၍သွားသဖြင့် ဦးဂွမ်တီသည် မျက်စိပေါက်များပျောက်ကွယ်သည့်အထိ ဟက်ဟက်ပက်ပက်ရယ်မောလေတော့၏။

"မင်းလိုချင်တဲ့ဥစ္စာက အဖိုးတန်ဆုံးကွ"

"ကျုပ်က ဘာမှမလိုချင်ဘူးလို့ပြောတာဗျ"

"အေးလေ ဘာမှမလိုချင်ဘူးဆိုတာကိုက မင်းလိုချင်တဲ့ဆန္ဒမဟုတ်လားကွ၊ ဘာမှမရှိဘူးဆိုတဲ့ အရာဟာ တကယ့်တော့ရှိတယ်ကွ။ ဒါကသိပ်ပြီးလေးနက်တယ်။ သူညရဲ့သဘောတရားတိုမင်းနားလည်သွားတဲ့နေ့ကျရင်တော့ ငါပြောတာတွေဟာ တန်ဖိုးရှိလာလိမ့်မယ်" ဟုဆိုကာ ဦးဂွမ်တီသည် ဆေးငုံ၍ နေလေ၏။

ကျွန်ုပ်နှင့် မြနန်းနွယ်တို့သာလျှင် စကားပြောဆိုလျက်ရှိကြ၏။ မြနန်းနွယ်၏ အမူအရာနှင့်ကျွန်ုပ်အပေါ်၌ ဆက်ဆံရေးတို့သည် နာရီပိုင်းအတွင်း၌ပင် ရင်းနှီး၍လာလေ၏။

ကျွန်ုပ်တို့သည် ရွှေမော်ဓောစေတီအား အတူတကွ လှည့်ပတ်ဖူးကြပြီးလျှင် လမ်းခွဲကြရလေ၏။ မြနန်းနွယ်သည် ပဲခူးမြို့တွင်းရှိ ၎င်း၏ အသိမိတ်ဆွေတစ်ဦး၏ အိမ်၌တည်းခို၍ ကျွန်ုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးဝွမ်တီမှာမူ ဘုရားပေါ်၌ရှိသော ဇရပ်တွင်ပင်လျှင် တည်းခိုကြလေ၏။

မြနန်းနွယ်နှင့် ခွဲခွာခါနီးတွင် ကျွန်ုပ်သည် တစ်စုံတစ်ရာပြောမည်ဟု အကြံပြုမိသေး၏။ သို့ရာတွင် ကျွန်ုပ်၏စွန့်စားခြင်းနှင့် မြနန်းနွယ်အား ကျွန်ုပ်အနေနှင့် စိတ်ဝင်စားခြင်း၊ သို့မဟုတ် ချစ်ခြင်းတို့သည် တစ်ခုနှင့်တစ်ခုပတ်သက်ခြင်းမရှိသည့်အလျောက် ကျွန်ုပ်သည် လုံးဝပြောဆိုခြင်း မပြုတော့ဘဲ နှုတ်ပိတ်၍နေလိုက်ရတော့၏။

**********



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

### ❋ သင်ဆရာ မြင်ဆရာ

ကျွန်ုပ်နှင့် ဦးဂွမ်တီသည် ထိုနေ့ညက ရွှေမော်ဓောဘုရားရင်ပြင်တော်ပေါ်ရှိ ဇရပ်တစ်ခုအတွင်း၌ပင် အိပ်စက်ကြလေ၏။

ညစာစားရန် အချိန်၌ ကျွန်ုပ်တစ်ဦးသာလျှင် ကုန်းတော်ပေါ်မှ ဆင်း၍ ထမင်းဆိုင်၌ ထမင်းသွား၍ စားရ၏။

ဦးဂွမ်တီမှာမူ နေမွန်းတိမ်းသည့် အချိန်မှစ၍ ရေနွေးကြမ်းမှတစ်ပါး မည်သည့် အစားအသောက်ကိုမျှ စားသောက်သည်ကို ကျွန်ုပ်မတွေ့ရပေ။ ရေနွေးကြမ်းသောက်ရာ၌လည်း ကျွန်ုပ်အားသချိုင်းကုန်းတွင် ထက်ခြမ်းခွဲ၍ပြသော မြေပုံညွှန်းနှင့် လျှို့ဝှက်စာများပါသည့် ရေနွေးကရားကလေးနှင့်ပင် ရေနွေးကြမ်းခါးခါးကြီးကိုသောက်လေ၏။

ကျွန်ုပ်သည် ထမင်းဆိုင်မှ ပြန်လာပြီးနောက်မှ ဦးဂွမ်တီနှင့်စကားပြောလေ၏။

ဦးဂွမ်တီသည် သူ၏တောင်ဝှေးကြီးကိုတတောက်တောက်



www.burmeseclassic.com

www.burmeseclassic.com



ထောက်ရင်း ကျွန်ုပ်နှင့်အတူ လမ်းလျှောက်လျက်ကျွန်ုပ်မေးသမျှ သောမေးခွန်းတို့ကို ဖြေလေ၏။

"ဦးဂွမ်တီ ခင်ဗျားကို အခုမှပဲသတိထားမိတယ်။ ခင်ဗျား ညစာမစားဘူးနော်" ဟု ကျွန်ုပ်က မေးလိုက်၏။

"ညစာတင်ဘယ်ဟုတ်မလဲကွ။ မွန်းတိမ်းရင် ရေနွေးကြမ်း ကလွဲပြီးဘာမှမစားဘူး။ ဒီအကျင့်ဟာ အသက်၁၉ နှစ်သား၊ လောက်ကတည်းက ကျင့်လာခဲ့တာ"

"ဥပုသ်စောင့်တာလား"

"ဥပုသ်စောင့်တာလို့ပဲခေါ်ခေါ်၊ ညစာတစ်နပ်သက် သာ တယ်လို့ပဲခေါ်ခေါ် တစ်နပ်စာတော့သက်သာတာအမှန်ပဲ၊ နေမွန်း တိမ်းပြီးတဲ့အခါမှာ အစားစားရင် ငါ့ရဲ့ကိုယ်ထဲမှာ 'ဘဝင် ဥတ္တရိဝါတ'ဆိုတဲ့ လေတစ်မျိုးဟာထကြွတယ်ကွ။ အဲဒီလေဟာ လူကို စိတ်ကြီးဝင်စေတယ်"

ကျွန်ုပ်သည် ဦးဂွမ်တီ၏ ညစာစားလျှင် ဘဝင်မြင့်တတ် သည်ဟူသောစကားကိုစဉ်းစားနေ၏။ ထိုသို့စဉ်းစားနေစဉ်၌ ဦးဂွမ် တီက ဆက်၍ပြောပြန်၏။

"မင်းဟာ ကိစ္စတစ်ခုကိုပြုလုပ်ဆောင်ရွက်ရမှာဖြစ်တယ်။ စာထဲမှာတော့ ပရသန္တက သူတစ်ပါးပစ္စည်းဖြစ်ရမယ်၊ ထေယျစိတ္တ ခိုးလိုတဲ့စိတ်ရှိရမယ်။ ဥပက္ကမ - ခိုးလဲခိုးဖြစ်ရမယ်လို့ဆိုထားတယ်။ ဒါမှ ခိုးမှုမြောက်တယ်တဲ့ကွ။ အဲဒါတွေက အရေးမကြီးဘူး"

"ဘာကအရေးကြီးသလဲဗျ"

"အရေးကြီးတာကတော့ မင်းဟာ ကိစ္စရပ်တစ်ခုကိုဆောင် ရွက်ပေးဖို့ပဲ၊ ဒီတော့ မင်းကိုဒီကိစ္စဆောင်ရွက်ဖို့ပညာသင်ပေး ရလိမ့်မယ်"

ဦးဂွမ်တီအား ကျွန်ုပ်ကကြည့်လိုက်မိ၏။ ဦးဂွမ်တီသည်



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်ပင် ကျွန်ုပ်၌ လိုအပ်သောပညာကိုသင်ကြားပေးရန် ပြောနေခြင်းဖြစ်ကြောင်း ၎င်း၏မျက်နှာကဖော်ပြလျက်ရှိပေသည်။ ၎င်းသည် ဆေးပြင်းလိပ်တိုကို ကိုက်ဖွဲ၍ ပါးစောင်၌ငုံ၍ ထားပြီး လျှင် . .

"(တစ်)အချက်က်တော့ သူခိုးတစ်ယောက်ဟာသူဌေး တစ်ယောက်ရဲ့ စိတ်ထားမျိုးရှိရမယ်ကွ" ဟုပြောလေ၏။

ထိုစကားကိုကျွန်ုပ်က မကျေနပ်သဖြင့်. .

"ဘယ်လိုလဲ ဦးဂွမ်တီသူခိုးနဲ့ သူဌေးကို အတူတူပဲလို့ဆို ချင်တာလား" ဟု ပြန်၍ မေးခွန်းထုတ်လိုက်လေ၏။

"အေး. . . ဟုတ်တယ်"

"သူဌေးလိုစိတ်ထားမျိုးရှိနိုင်မှ မင်းရဲ့ပျော့ညံ့တဲ့စိတ်ဟာ ဘယ်သူ့ပစ္စည်းကိုမဆို တရားသည်လို့ထင်ရင် လိုချင်မက်မော တတ်တဲ့စိတ်ထားရှိမှ ဘယ်အရာမဆိုအောင်မြင်နိုင်မယ်။ အဲဒီလိုပဲ မင်းရဲ့စိတ်ဓာတ်မှာလဲ သူဌေးဖြစ်ချင်တဲ့စိတ်ဓာတ်ဟာရှစ်ဆယ်ရာ ခိုင်နှုန်းထက်မနည်း ပါနေရမယ်ကွ၊ ဒီလိုမှ မပါရင် ၎င်းကိစ္စအောင် မြင်မှာမဟုတ်ဘူး"

ဦးဂွမ်တီ၏စကားကိုအလေးလေးနက်နက်စဉ်းစား ပြန်၏။ ၎င်း၏စကားကို ကျွန်ုပ်အနေနှင့် မှန်သည်မှားသည်ထို ထား၍ အောက်ပါအချက်အလက်များသည် ဦးဂွမ်တီ၏ စကားနှင့် ခပ်ဆင်ဆင်ဖြစ်လျက်ရှိနေသည်ကို သတိပြုမိလေ၏။

(နှစ်) အချက်ကတော့ ကိစ္စရပ်တစ်ခုကို ဆောင်ရွက်တော့ မယ်ဆိုရင်၊ ကိုယ့်ရဲ့အစွမ်းသတ္တိကို ကိုယ်ယုံကြည်ရမယ်။

(သုံး) အောင့်အည်းချုပ်တီးနိုင်ရမယ်။

(လေး) အခြေအနေအရပ်ရပ်ကို မှန်မှန်ကန်ကန်ဆုံးဖြတ် နိုင်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



(ငါး) အကွက်ချပြီး စီမံတတ်ရမယ်။
(ခြောက်) တွက်ကပ်မှုမရှိဘဲကိုယ်တိုင်ချည်းလုပ်ရမယ်။
(ခုနစ်) သေသေသပ်သပ် ဝတ်စားဆင်ယင်တတ်ရမယ်။
(ရှစ်) ညာတာထောက်ထားရမည့်သူကို ညာတာတတ်ရမယ်။
(ကိုး) ဘာဝန်လဲယူရဲရမယ်။

(တစ်ဆယ်) နှုတ်လုံရမယ်။ အခုငါပြောတဲ့အချက်တွေကို အချက်အလက်နဲ့တကွ၊ မင်းဟာ လိုက်နာရမယ်။ အဲဒီခြေခံ အချက်ကြီးဆယ်ချက်ကို မလိုက်နာရင် မင်းဟာ တာဝန်ကျေပွန်သူတစ်ယောက်မဖြစ်နိုင်တော့ဘူး”

“ခင်ဗျားပြောတဲ့အချက်တိုင်းသာ လိုက်နာရင်ထိုက်စွာ လုပ်ဖို့ရာမှာဒီအတိုင်း ကျင့်နိုင်ရင် လူကြီးလူကောင်း တစ်ယောက်တောင် ဖြစ်နိုင်နေပြီပဲ” ဟု ကျွန်ုပ်က ဦးဂွမ်တီအား ပြောလိုက်ရာ ဟက်ဟက်ပက်ပက်ရယ်မော၍ . . .”

“မင်းသိပ်ပြီး မဆိုးတော့ဘူး။ ဘယ်ဘက်မှာပဲအောင်မြင်အောင်မြင်၊ အောင်မြင်တဲ့လူတွေဟာ ဇာတ်မင်းသားပဲဖြစ်ဖြစ်၊ စာရေးဆရာပဲဖြစ်ဖြစ်၊ သူဌေးကြီးပဲဖြစ်ဖြစ်၊ သူတစ်ပါးပစ္စည်းယူချင်တဲ့ စိတ်ထားမျိုးရှိမယ့် ညာဉ်နည်းနည်းပါမှ ဖြစ်တာကွ။အေးပြီးတော့ အရေးကြီးတာတစ်ခုမှာရဦးမယ်။ အကျပ်အတည်းတွေ့လာရင် ဒုက္ခတွေ့လာရင် စကားမပြောဘဲ ငြိမ်ငြိမ်ကလေးနေတတ်ရမယ်။ အဲဒါမှ အကျပ်အတည်းက လွတ်မြောက်နိုင်တဲ့ နည်းလမ်းတွေကိုရမယ်”

ဦးဂွမ်တီနှင့် ကျွန်ုပ်သည်စကားတပြောပြောနှင့် လမ်းလျှောက်၍ နေကြလေ၏။ အထက်၌ ဆိုခဲ့သောအချက်ဆယ်ချက်ကိုလည်း တစ်ချက် အသေးစိတ်ရှင်းပြလေ၏။

အချို့နေရာများ၌ပုံတိုပတ်စကလေးများပင် ထည့်သွင်း၍



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြလေ၏။ အတော်အတန် ညဉ့်နက်လာသည့်အခါ၌ ဦးဂွမ်တီ ကပြောပြန်သည်မှာ . .

"ထိုကိစ္စကို မင်းလုပ်မယ်ဆိုရင် အသတ်အပုတ်အထိုးအကြိတ်ကလေးလဲ တတ်ရမယ်ကွ"

"အဲဒီပညာက နှစ်ပေါင်းများစွာသင်မှတတ်မယ့်ပညာမျိုး မဟုတ်လား ဦးဂွမ်တီ"

"သဘောတရားမပါဘဲ၊ လေ့ကျင့်မှုသက်သက်ဆိုရင်တော့ မင်းပြောသလိုသင်မှတတ်မယ်။ သဘောတရားကို နားလည်ရင်တော့ ချက်ချင်းကို တတ်နိုင်တာမျိုးကွ။ မင်းအနေနဲ့စဉ်းစားကြည့်လေ တိုက်ခိုက်တယ်ဆိုတာတစ်ဦးနဲ့တစ်ဦး နိုင်အောင် သတ်ပုတ်ကြတာ ပဲမဟုတ်လား။ ရန်သူကကိုယ့်ကို အနာတရဖြစ်အောင်ကြိုးစားတယ်။ ကိုယ်က အနာတရမဖြစ်အောင် ရှောင်တိမ်းတယ်။ တစ်နည်း ပြောရရင် 'သူ့နေရာသူပြန်ထားခြင်း' ပဲ မဟုတ်လား။ ဒီတော့ တိုက်စရာရှိ ကိုယ်ကစပြီးတိုက်ခိုက်ရမယ်။ ဒလစပ်တိုက်ခိုက်ရ မယ်။ ရန်သူစဉ်းစားချိန်မရအောင်၊ ခုခံချိန်မရအောင် အဆက်မပြတ် တိုက်ခိုက်ရမယ်။ ကာကွယ်ဖို့၊ ခုခံဖို့ ဘယ်တော့မှ မကြိုးစားနဲ့။ တိုက်ခိုက်ဖို့သာစဉ်းစားရမယ်။ ဒီနည်းကိုသာကျင့်သုံးရင် ရန်ပွဲ တစ်ရာမှာ တစ်ရာစလုံး အနိုင်ရနိုင်တယ်ကွ"

ကျွန်ုပ်သည် ဦးဂွမ်တီ၏ သတ်ပုတ်ခြင်းနှင့်ပတ်သက်သော သင်ခန်းစာများ၊ သဘောတရားများကို နားထောင်ရင်း တစိမ့်စိမ့် တွေးနေမိလေ၏။ ဤသို့နှင့် နှစ်ယောက်သားစကားတပြောပြော နှင့် လျှောက်၍လာခဲ့ရာ သန်းခေါင်ကျော်သို့ရောက်ခဲ့လေ၏။

ထိုအချိန်၌ ခေတ္တအနားယူရင်း ဇရပ်ပေး၌ ပက်လက်လှန် ၍ လဲလျောင်းနေမိ၏။ ဦးဂွမ်တီသည် ကျွန်ုပ်နှင့်အတူ လဲလျောင်း ရာမှ အပြင်သို့ ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်ခန့်အကြာ၌ ကျွန်ုပ်ထံသို့ ပြန်ရောက်ပြီးလျှင် "လာဟေ့. . အလုပ်စကြစို့ ဟုဆိုကာ ကျွန်ုပ်အားခေါ်၍ သွားလေ၏။

ကျွန်ုပ်လည်း ၎င်း၏နောက်မှ လိုက်ပါ၍ သွားခဲ့ရာ ဘုရားကုန်းအောက်သို့ရောက်ခဲ့လေ၏။

ထိုမှတစ်ဖန် လမ်းမကြီးအတိုင်း လျှောက်၍သွားခဲ့ရာ လွန်စွာခိုင်ခံ့သော ပျဉ်ထောင်အိမ်ကြီးတစ်လုံးရှေ့သို့ရောက်လျှင်. . .

"လေ့ကျင့်ခန်း ဆင်းတဲ့အနေနဲ့ ဒီအိမ်ကြီးမှာ တက်ပြီးလုပ်ငန်းစကြည့်ရမယ်" ဟုဆိုလိုက်လေ၏။

ကျွန်ုပ်သည် တစ်သက်နှင့်တစ်ကိုယ် ဤသို့သောအမှုမျိုးကို မပြုဘူးသည်ဖြစ်ရာ ဦးဝွမ်တီက တက်ပြီးယူရမယ်ဟု ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် အသားများ တဆတ်ဆတ်တုန်၍လာသည်အထိ ထိတ်လန့်မိတော့၏။

ကျွန်ုပ်၏ တစ်သက်တာတွင် ထိုအချိန်၌ ခံစားလိုက်ရသောစိတ်၏ ခံစားမှုလောက် ကသိကအောင်ဖြစ်ခြင်းထက် မည်သည့်အခါမျှ မဖြစ်ဖူးခဲ့ပါ။ ကျွန်ုပ်၏ ခြေဖျားလက်ဖျားများသည် အေးစက်၍ပင်လာလေ၏။

"လေ့ကျင့်ခန်း လုပ်တာတော့ဟုတ်ပါပြီ၊ အဲဒီပစ္စည်းကို ကျုပ်တို့က ဘာလုပ်မှာလဲ၊ မတော်တဆမိသွားရင် ကျုပ်တို့လုပ်ငန်းကြီး ပျက်စီးမသွားနိုင်ဘူးလား" ဟုကျွန်ုပ်က မေးလိုက်ရာ ဦးဝွမ်တီက ဟက်ဟက်ပက်ပက်ရယ်မောလေတော့၏။

"မင်းသိပ်ကြောက်နေပြီထင်တယ်။ ငါပြောတဲ့ သင်ခန်းစာနံပါတ်တစ်အတိုင်းမင်းကိုယ်မင်းသူဌေးစိတ်မွေးပြီး ဒီအိမ်ကြီးဟာမင်းအိမ်လို့သဘောထားဝင်သွားစမ်းပါကွာ။ အထဲရောက်ရင် နှစ်



www.burmeseclassic.com

www.burmeseclassic.com



အချက်ဖြစ်တဲ့ မင်းကိုယ်မင်းယုံကြည်စိတ်ချတဲ့စိတ်ကိုမွေးပြီး ပစ္စည်းဖြစ်စေ။ ငွေဖြစ်စေယူခဲ့ရမယ်။ ချောင်းဆိုးချင်တာတို့၊ ရေသောက်ချင်တာတို့ကို အောင့်အည်းချုပ်တီးရလိမ့်မယ်။ ကျန်တာတွေကိုတော့ငါသင်ပေးတဲ့အတိုင်းပေါ့ကွာ"

ဦးဂွမ်တီသည်အထက်ပါ စကားကိုဆိုပြီးနောက် ကျွန်ုပ်အားတစယောက်တည်းထား၍ ထွက်ခွာသွားလေ၏။

ကျွန်ုပ်သည် ချွေးသီးချွေးပေါက်များ ယိုစိမ့်ထွက်လာသည်အထိ စိတ်အိုက်၍နေ၏။ နောက်ဆုံး၌ ဦးဂွမ်တီ၏ ပျက်ရယ်ပြုမှုကို မခံလိုသည်ဖြစ်၍ ဝင်ရောက်၍ ပိုင်ရှင်မသိသော ပစ္စည်းတစ်ခုခုကိုယူရလေတော့၏။

ထိုအချိန်က ကျွန်ုပ်စွန့်စားစွာ ယူခဲ့ရပုံကို အသေးစိတ်ရေး၍ ပြရပါမူ ဤစာအုပ်ထက်ထူသော စာအုပ်ကြီးတစ်အုပ်ပင်ဖြစ်နိုင်ပေ၏။

ကျွန်ုပ်သည် ထိုအိမ်အတွင်းမှ ရတနာပစ္စည်းထုပ်နှင့်အတူ ရွှေမော်ဓောဘုရားပေါ်သို့ ပြန်၍ တက်လာခဲ့လေ၏။

"ဦးဂွမ်တီ. . . ဟောဒီမှာ ပစ္စည်းတွေရလာပြီဗျ" ဟုကျွန်ုပ်က အားရဝမ်းသာပြောဆိုသော်လည်း ဦးဂွမ်တီက ဟက်ဟက်ပက်ပက် ဝမ်းသာခြင်းကိုမပြဘဲ ကျွန်ုပ်အား စေ့စေ့စပ်စပ်ကြည့်၍. .

"ဒါပဲပေါ့ကွ၊ မင်းတော်တော်လေး စွန့်စားဝံ့သားပဲ။ အလုပ်တော့ဖြစ်ပြီပေါ့ကွာ။ ပညာရှိမှာ ဝမ်းသာမှု၊ ဝမ်းနည်းမှုမရှိရဘူးကွ။ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကိုလုပ်တာပဲဖြစ်ရမယ်။ ပေးစေအဲဒီပစ္စည်းတွေကို ဟောဒီအိတ်ကြီးထဲထည့်ပြီးပိုင်ရှင်ဆီကို ပြန်ပို့ရမယ်ကွ" ဟုဆိုကာ ဦးဂွမ်တီသည် ကျွန်ုပ်ယူလာသောပစ္စည်းများအားအညိုရောင်စက္ကူအိတ်ကြီးအတွင်းသို့ ထည့်လိုက်လေ၏။

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ကျွန်ုပ်နှင့် ဦးဂွမ်တီသည် ရန်ကုန်မြို့ဆီသို့လာခဲ့ကြလေ၏။ ရန်ကုန်သို့ရောက်လျှင် ကျွန်ုပ်သွားရောက်ရမည့် ခရီးစဉ်များကို မြေပုံနှင့်တကွ ပြရုံမျှမက၊ ကျွန်ုပ်တွေ့ဆုံရမည့် လူများ၏ အမည်များကိုလည်းပြောပြလေ၏။

ထိုသူများမှာ အငြိုးအမှတ်ကြီး၍ လူတစ်ဦးတစ်ယောက်အား လုပ်ကြံခြင်း၌ တွန့်ဆုတ်ခြင်းမရှိဘဲ လုပ်ဝံ့ကြသည့် နဂါးနက်ဂိုဏ်းသားတို့ဖြစ်လေ၏။

ထိုအချိန်၌ ကမ္ဘာအရပ်ရပ်တွင် အကြမ်းဖက်ဝါဒကို နှစ်သက်သူများ အသင်းအဖွဲ့များ တည်ထောင်၍ အင်္ဂလိပ်အစိုးရအား ဆန့်ကျင်၍နေကြသောအချိန်ဖြစ်၏။

နဂါးနက်ဂိုဏ်းဆိုသည်မှာ အကြမ်းဖက်သမားတို့၏ အသင်းအဖွဲ့တစ်ခုပင်ဖြစ်၏။ ၎င်းဂိုဏ်းသားတို့သည် မြန်မာပြည်အရပ်ရပ်နှင့် ကမ္ဘာအနှံ့အပြား၌ပင်ရှိသည်ဟုဆို၏။

တစ်ခါက လာဘ်စားသော မျက်နှာဖြူတရားသူကြီးထံသို့ ဘီစကွတ်မုန့်သံဘူးတစ်ခု နဂါးနက်ဂိုဏ်းသားတို့က စာတိုက်မှနေ၍ လက်ဆောင်ပို့လိုက်သည်ဆို၏။

၎င်းတရားသူကြီးက ဘီစကွတ်ဘူးအား ဖွင့်၍ကြည့်ရာ အတွင်း၌ လက်ညှိုးနှင့်လက်မနှင့် ပုံသဏ္ဌာန်ချင်းတူသော အရာများကို သံဘူးအပြည့်ပါရှိသည်ဟုဆို၏။

ထို့ပြင် "သင်လို လာဘ်စားပြီး မတရားအမိန့်ချနေတဲ့ တရားသူကြီးမျိုးတွေရဲ့ လက်တွေပဲ။ ယခုသင်စစ်ဆေးနေသည့် လူသတ်မှုတရားခံကိုလွှတ်ပစ်ပါ။ သို့မဟုတ်ပါက သင်၏လက်မနှင့် လက်ညှိုးကိုငါတို့ရအောင်ဖြတ်ယူအံ့" ဟု အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသောစာကိုပါ ထည့်၍ပေးလိုက်သည်ဖြစ်ရာ ၎င်းတရားသူကြီးသည် တရားသူကြီးအဖြစ်မှ လုံးဝအနားယူသွားတော့သည်



www.burmeseclassic.com

www.burmeseclassic.com



ဆို၏။

ကျွန်ုပ်နှင့် ဦးဂွမ်တီတို့သည် လိုအပ်သည်များပြောဆိုပြီး နောက် စာတိုက်ကြီးသို့သွားရောက်ကာ ကျွန်ုပ်ယူလာခဲ့သော ပစ္စည်း များအား ပါဆယ်လုပ်၍ပိုင်ရှင်ထံပြန်ပို့လေ၏။

ထိုနေ့၌ပင်ကျွန်ုပ်သည် ဦးဂွမ်တီဆိုသော ထူးဆန်းသည့် ထမင်းချက်ကြီးနှင့် ခွဲခွာ၍ ကျွန်ုပ်၏ စွန့်စားခြင်းခရီးစဉ်ကို စတင်ခဲ့ ရလေတော့၏။

**********



www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်မှာ တစ်ခါကတော့သေမှာပဲ၊ သေခြင်းဆိုတာဟာလည်း တကယ်တော့ သူနေရာသူပြန်ထားခြင်းဆိုတဲ့ သဘောတရားထဲက တစ်ခုပဲ၊ ဒီတော့ ဘာမှကြောက်ဖို့မရှိပါဘူး။ သေဖို့အဆင်သင့်အမြဲ ဖြစ်နေတဲ့လူဟာ ဘာကိုများကြောက်ရွံ့ဖို့ရှိသေးလို့လဲ"

"သတ္တဝါတွေဟာ သေဖို့ကြောက်နေကြတာချည်းပဲမဟုတ်လား"

"မဟုတ်ပါဘူးကွ၊ ရဟန္တာတွေကျတော့ သေဖို့ဘယ်ကြောက်လိမ့်မလဲ ဆက်ပြီးရှင်နေတာကိုတောင် ငြီးငွေ့တောမူကြတယ်။ အရဲရင့်ဆုံး ပုဂ္ဂိုလ်တွေပေါ့ကွာ"

"မင်းလိုချင်တဲ့ဉစ္စာက အဖိုးတန်ဆုံးကွ"

"ကျုပ်က ဘာမှမလိုချင်ဘူးလို့ပြောတာဗျ"

"အေးလေ ဘာမှမလိုချင်ဘူးတာကိုက မင်းလိုချင်တဲ့ ဆန္ဒမဟုတ်လားကွ၊ ဘာမှမရှိဘူးဆိုတဲ့အရာဟာ တကယ်တော့ရှိတယ်ကွ။ ဒါက သိပ်ပြီးလေးနက်တယ်။ သူညရဲ့ သဘောတရားကို မင်းနားလည် သွားတဲ့နေ့ကျရင်တော့ ငါပြောတာတွေဟာ တန်ဖိုးရှိလာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

## ● နဂါးတိုင်းပြည်သို့ အသွား

ကျွန်ုပ်သည် ဦးဂွမ်တီစေခိုင်းလိုက်သည့်အတိုင်း မြန်မာပြည်မြေပုံ၏ တောင်ပိုင်းအစွန်ဖြစ်သော တောင်သုံးလုံးဒေသို့ ခရီးထွက်ခဲ့လေ၏။

ကျွန်ုပ်သည် ငယ်စဉ်က ဖတ်ဖူးသော အာလာဒင်နှင့် ထူးဆန်းသော ဆီမီးခွက်ပုံပြင်ကို အမှတ်ရမိလေ၏။

အာဖရိကတိုက်မှလာသော မှော်ဆရာကြီးက အာလာဒင်အား ဘီလူးစောင့်သော ဆီမီးခွက်ကို သွားရောက်ယူခိုင်းပုံ၊ အာလာဒင်က စွန့်စားသွားရောက်ခဲ့ပုံတို့ကို သတိရမိလေ၏။

ယခုလည်း ကျွန်ုပ်သည် မှော်ဆရာကြီးနှင့်တူသောထမင်းချက်ပညာရှိကြီး ဦးဂွမ်တီက အစွမ်းထက်သော မြလက်စွပ်ကို ကျွန်ုပ်အား စွန့်စား၍ ယူငင်ခိုင်းခြင်းပင် ဖြစ်၏။

အာလာဒင်ကား ထူးဆန်းသော ဆီမီးခွက်ကို စွန့်စွန့်စားစားယူခဲ့ပြီးနောက် လွန်စွာကြွယ်ဝသော အဖြစ်သို့ ရောက်သွားပြီးလျှင် လွန်စွာ ချောမောလှပသော သတို့သမီးကလေးနှင့် လက်ထပ်ထိမ်းမြားရသောဟူ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာမူထား မြေလက်စွပ်ကို ရခဲ့သည့်တိုင်အောင် မြန်နန်းနယ်၏ မေတ္တာကို ရရှိစေရန်အတွက် ထပ်မံကြိုးစားရဦးမည်ဟူ၍ ဖြစ်၏။

ယခု ကျွန်ုပ်သွားရောက်ရမည့် နေရာမှာ ထားဝယ်မြို့မှ မိုင်သုံးဆယ်ခန့်အရှေ့စူးစူးသို့ သွားရဦးမည် ဖြစ်၏။

ထိုနေရာမှ မိုင်အနည်းငယ်မျှ ဆက်၍သွားလျှင် မြန်မာပြည်၏ နယ်စပ်ကို ကျော်၍ ယိုးဒယားပြည် ကန်ချဘူရီမြို့သို့ ရောက်ရှိလိမ့်မည် ဖြစ်၏။

ကျွန်ုပ်သည် ထားဝယ်သို့ စက်လှေဖြင့် သွားရောက်ခဲ့လေ၏။ ထားဝယ်မြို့မှနေ၍ တောင်သုံးလုံးဆိုသည့် ဒေသမှာ မိုင် (၄၀)နီးပါးခန့် ဝေးကွာသည်ဖြစ်ရာ ထိုခရီးကို ဆက်ရပြန်၏။

ဇင်းခရီးမှာ ခရီးသွားဖော်ခြင်းစု၍ လူအုပ်စုဖွဲ့ကာ ဖြည်းဖြည်းခြေကျင်လျှောက်သွားရသော ခရီးဖြစ်လေ၏။

(ယခုအခါ၌ ဘတ်စကားများ ပြေးဆွဲနေပြီ ဖြစ်ပေသည်။ ရှေးယခင်က ခြေကျင်ပင်သွားကြရ၏။ ဝန်စည်စလယ်များပါလျှင် ဝန်တင်နွားများကို အသုံးပြုကြရလေ၏။ ဝန်တင်နွားများ၏ နံဘေးတစ်ဘက်တစ်ချက်ဆီ၌ တောင်းကြီးများကို ချိတ်ဆွဲ၍ ထားရ၏။ ဝန်စည်စလယ်တို့ကို ထိုတောင်းများအတွင်း၌ ထည့်၍ သွားကြရလေ၏။)

**စာရေးသူ**

ကျွန်ုပ်သည် ခရီးသည်အုပ်စုကြီးနှင့်အတူ ရောနှော၍ လိုက်လာခဲ့၏။ ခရီးသည်များမှာ ဟိန္ဒာမိုင်းတွင်းသို့ သွားရောက် မည့် မိုင်းတူးသမားများ၊ မေတ္တာရှာနှင့် ဆင်ဖြူတိုင်စသော ဒေသများသို့ သွားမည့် ကျေးတောသားများသာလျှင် ဖြစ်၏။

တောင်သုံးလုံးမှာ ဟိန္ဒားမိုင်းနှင့် မေတ္တာရှာ၏ လမ်းခွဲ



www.burmeseclassic.com

www.burmeseclassic.com



အလယ်၌ရှိ၏။ တောင်သုံးလုံးသို့ သွားသော ခရီးသည်မှာ ကျွန်ုပ်လိုက်ပါလာသော ခရီးသည်အုပ်၌ လွန်စွာနည်းပါးလေ၏။

ကျွန်ုပ်တို့သည် တရွေ့ရွေ့နှင့် ခရီးနှင်ခဲ့ကြလေ၏။ ခရီးသည်များသည် မိမိအစုကလေးနှင့် မိမိစကားလက်ဆုံကျ၍ သွားကြလေ၏။

စကားပြောဖော်မပါဘဲ တစ်ကိုယ်တည်းသွားသူမှာ ကျွန်ုပ်သာလျှင် ရှိပေသည်။ ကျွန်ုပ်တို့ ခရီးသည်အုပ်ထဲ၌ ရာဇဝတ်အုပ်တစ်ယောက်နှင့် နံပါတ်တုတ်ခေါ် ငရုတ်ကျည်ပွေ့ကဲ့သို့သော သစ်သားတုတ်ကြီးကို ကိုင်ဆောင်သည့် ပုလိပ်သားတစ်ယောက်လည်း ပါဝင်လေ၏။

ခရီးခြောက်မိုင်ခန့် လျှောက်မိသည့်အခါ၌ ခေတ္တရပ်နားကြလေ၏။ ကျွန်ုပ်နှင့် ရာဇဝတ်အုပ် ဆရာတပည့်မှတစ်ပါး ကျန်သော ခရီးသည်အားလုံးသည် အရက်သောက်ကြလေ၏။

ထိုင်၍ နားသည့်အခါ၌လည်း ခရီးသည်များသည် ကလေးများ ဝိုင်ကြီးပတ်ပတ်ကစားသကဲ့သို့ ဝိုင်းကြီး အကြီးကြီး ဝိုင်း၍ ထိုင်ကြလေ၏။

ငါးမိနစ်ခန့် နားပြီးသည့်အခါ၌ ကရင်လူမျိုးတစ်ယောက်သည် ဝိုင်းအလယ်သို့ ဝင်လာပြီးလျှင် ခါးတောင်းကျိုက်၍ လက်ပမ်းပေါက်တဖြောင်းဖြောင်းခတ်ကာ. . .

"တံခွန်အလံတွေ စုစပ်ကာ ချုပ်တဲ့ပြီး အိပ်လာတဲ့ အလံတစ်ရာသားပါပဲ၊ ယောက်ျားဆိုရင် ထွက်ခဲ့တော့၊ တစ်ထောင်မကာ ထိုးတစ်လံမြင့်ပါစေ၊ တွေ့ချင်ပဗျာ. . . ဖြောင်း ဖြောင်း ဖြောင်း"

ကျွန်ုပ်သည် အဓိပ္ပာယ်နားမလည်သဖြင့် ထိုကရင်အား ကြည့်နေရာ ကျွန်ုပ်အနီးမှ လူတစ်ယောက်က. . .

"ပွဲကြီး ပွဲကောင်းတော့ တွေ့ပြီဗျို၊ သထုံ အလံတစ်ရာထ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖွေ့သမား ရိုးကလေးရဲ့ အစ်ကို ရိုးကြီးဆိုတာပေါ့ဗျာ"

"အခု သူက ဘာလုပ်မှာတုန်း"

"စိန်ခေါ်တာလေ၊ ရိုးကလေးမနှစ်က ဒီနေရာမှာ ရွှေထီးဆောင်းဆိုတဲ့ လူနဲ့ ထိုးတာ ပွဲချင်းပြီး သေသွားတယ်ဗျ၊ အခု ခရီးသွားထဲမှာ ရွှေထီးဆောင်းပါလာတယ်။ ဒါကြောင့် ရိုးကြီးက လက်ဖွေ့ထိုးလို့ရတဲ့ တံခွန်စိုက်အလံတွေကို စပ်ပြီးချုပ်ထားတာ အိပ်ရာခင်းတစ်ခုတောင် ဖြစ်နေပြီဆိုတဲ့အကြောင်းကို ပြောပြီး စိန်ခေါ်တာဗျ။ သထုံအလံတစ်ရာသားတွေက လက်ဖွေ့ထိုးတဲ့ နေရာမှာတော့ ဖွဲ့ကြီးပဲ့ဗျာ၊ ခင်ဗျားက ဒီနယ်ဘက်ကို မရောက် ဖူးဘူးနဲ့ တူပါရဲ့"

"ဟုတ်ကဲ့ ကျုပ်က ဒီကို အခုတစ်ခေါက်ဟာ ပထမဦးဆုံး ပါပဲ မိတ်ဆွေ"

ကျွန်ုပ်နှင့် ထိုသူစကားပြောနေကြစဉ်၌ပင်. . .

ဖြောင်း. . . ဖြောင်း. . . ဖြောင်းဟူသော လက်ပမ်း ပေါက်ခတ်သံ ကြားရပြီးလျှင် အရပ်အမောင်းလွန်စွာ မြင့်မားသော လူတစ်ယောက်သည် အပေါ်ပိုင်းကို ဗလာကျင်းလျက် အောက်ပိုင်း၌ ခါးတောင်းမြှောင်အောင် ကျိုက်ကာ ဝိုင်းတွင်းသို့ ဝင်၍ လာ လေ၏။

"ခေါင်းမြီးခြုံ လုံပါပေ့၊ မယုံနိုင်လေ့စွမ်းအင်၊ သပြေသီး ရောင်းဖို့ ရွှေထီးဆောင်းရောက်လာပြီလေ၊ မောင်မာသူ ထွက် စမ်း. . . ကျောက်တန်းစီ ညီပါပေ့၊ ကြည့်စရာ မတွေ့အဟုတ် မော့င်တယ်၊ ချုပ်နှောင်ကာ ထိုးလိုက်လို့ မိုးပြာသာဒ်အထက်ဆီမှာ သက်ဇီဝိန်ချုပ် တယ်၊ မယုံစမ်းလို့ ပွဲတောင်းလာရင် မယုံစမ်းလို့ ပွဲတောင်းလာရင်၊ ခေါင်းကိုပါ စပ်ခဲ့တော့လေး"

အထက်ပါ လင်္ကာကိုလည်း အသံနေအသံထားဖြင့် ကျနစွာ ရွတ်ဆိုလေ၏။ ၎င်း၏ လက်ဖွေ့စိန်ခေါ်သော လင်္ကာမှာ အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်ဆန်း၍ နေလေ၏။

သပြေသီးရောင်းဖို့ဟူသော စကားမှာ ၎င်းက ထိုးကြိတ်လိုက်၍ တစ်ဖက်လူ၏ မျက်နှာ၌ သပြေသီးကဲ့သို့ အဖုအပိမ့်များ ထွက်ပေါ်လာမည်ဟု ပြောဆိုလိုခြင်း ဖြစ်သကဲ့သို့ အဟုတ်မှောင်တယ်ဟူသော စကားမှာလည်း အဟုတ်မိုက်သည်ဟု အဓိပ္ပာယ်ရပေသည်။

တစ်ဖက်လူအား ချပ်နှောင်၍ ထိုးလိုက်ပါက ပြဿဒ်အမိုးအထက်ဆီသို့ လောက်ပင် လွင့်တက်သွားမည် ဖြစ်ပြီးလျှင်တစ်ခါတည်း အသက်ထွက်သွားမည်ဟု ဆိုလိုခြင်း ဖြစ်ဟန်တူပေသည်။

အကယ်၍ ၎င်းပြောသည်ကို မယုံ၍ ဝင်လာလျှင်လည်း ခေါင်းကိုပါ တစ်ပါတည်းစပ်၍ ယူလာရန်လိုကြောင်း၊ တစ်ခါတည်း အသေထိုးသတ်လိုက်မည်ဖြစ်ကြောင်း ကြွေးကြော်နေခြင်း ဖြစ်ပေသည်။

သို့ရာတွင် ၎င်း၏ လက်ာတွင်း၌ ပါရှိသော 'ခေါင်းမြီးခြုံလုံပါပေ့'ဟူသည့်စကားနှင့် "ကျောက်တန်းစီညီပါပေ့"ဟူသော စကားမှာမူ နားမလည်နိုင်ဘဲ ရှိလေ၏။ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်တို့သည် ကလေးဘဝ၌. . .

"ခေါင်းမြီးခြုံလုံပေါ်ပေ့

ကျောက်တန်းစီ ညီပါပေ့

ဆံမြိတ်ချလှပါပေ့"ဟူသော စကားထာကို ဝှက်ခဲ့ကြ၏။

ထိုစကားထာ၏ အဖြေမှာ 'ပြောင်းဖူး'ဟူ၍ ဖြစ်လေ၏။ ကျွန်ုပ်သည် ပြောင်းဖူးနှင့် လက်ဝှေ့ထိုးသတ်ခြင်းသည် မည်သို့ ပတ်သက်ဆက်သွယ်သည်ကို စဉ်းစား၍ မရနိုင်အောင် ရှိလေ၏။

ထိုစဉ်၌ ၎င်းတို့နှစ်ဦး ထိုးသတ်ရန်အတွက် ဒိုင်နှစ်ဦး ရွေးချယ်ကြလေ၏။ ရွေးချယ်ခြင်း၊ စည်းကမ်းသတ်မှတ်ခြင်းများ



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်နေစဉ်၌ လက်ဝှေ့သမားရွှေထီးဆောင်းသည် ဝိုင်းအပြင်၌ ရပ်၍ နေပြီးလျှင် ၎င်း၏ တပည့်တစ်ဦးက ရွှေထီးမိုး၍ ပေးထား သည်ကို ထူးဆန်းစွာ တွေ့ရလေတော့၏။

ကျွန်ုပ်သည် ရွှေထီးဆောင်းခြင်း အလုပ်အား ရှင်ပြုမည့် ရှင်လောင်းများ၌သာလျှင် တွေ့မြင်ရဖူးသည်ဖြစ်ရာ ယခုကဲ့သို့ အပေါ်ပိုင်း ဗလာကျင်းထားသည့် လက်ဝှေ့သမားတစ်ဦးအား ရွှေထီးဆောင်း၍ ပေးထားသည်ကို တွေ့ရသည့်အခါ၌ မြင်လေ့ မြင်ထမရှိသော မြင်ကွင်းမျိုးကို မြင်လိုက်ရသဖြင့် အနည်းငယ်မျှ ရယ်ချင်သလိုလည်း ဖြစ်သွားလေ၏။

သို့ရာတွင် အဓိပ္ပာယ်ပြည့်စုံစွာ သိလိုသဖြင့် ကျွန်ုပ်၏ အနီးမှ လူကိုပင် ထပ်မံ၍ မေးရပြန်၏။

"မိတ်ဆွေဒီလူက လယ်လိုလဲဗျ၊ ကျုပ်ဖြင့် တစ်ခါမှ ဒီလို ပုံမျိုး မတွေ့ဖူးပါဘူးဗျာ၊ လက်ဝှေ့ထိုးမယ့်လူက ရွှေထီးတွေဘာတွေ ဆောင်းလို့ပါလား"

"အစစ်ပေါ့ဗျာ၊ ဒီလူက အရင်တုန်းက အာကာဆိုတဲ့ နာမည်နဲ့ ထိုးလာခဲ့တာဗျ၊ ဟုတ်တိပတ်တိနိုင်တယ်လို့ မကြားမိ ပါဘူး၊ ရွှေထီးဆောင်းဆိုတဲ့ နာမည်နဲ့ ထိုးတာကတော့ သုံးနှစ် လောက်ပဲ ရှိသေးတယ်။ ဘယ်ဆရာက ဘယ်လိုများ သွန်သင်ညွှန်ကြားပြသ ပေးလိုက်သလဲ မသိပါဘူး။ လက်ဝှေ့ပွဲကိုလာတိုင်းရွှေထီးနဲ့ ဘာနဲ့လာ တော့တာပဲ၊ အဲဒီကတည်းက ဒီဘက်မှာတော့ သူ့ကိုနိုင်တဲ့ လက်ဝှေ့ သမားမရှိသေးဘူး"

ကျွန်ုပ်သည် ရွှေထီးဆောင်းဆိုသော လက်ဝှေ့သမားအပေါ် ၌ လွန်စွာ စိတ်ဝင်စား၍ နေလေတော့၏။

ဒိုင်လူကြီးလုပ်သူနှစ်ဦးသည် ဝိုင်းအလယ်၌ လက်ဝှေ့ရေး ပြကြလေ၏။ ထိုသို့ ပြပြီးနောက်ဒိုင်လူကြီးတစ်ဦးကနေကုန်ရှေးဦး



www.burmeseclassic.com

www.burmeseclassic.com



ထိုးသတ်ကြမည့်အကြောင်းကို ပရိသတ်အား ရှင်းပြလေ၏။

"နေကုန်ရေခန်းဆိုတာ တစ်ယောက်နဲ့ တစ်ယောက် အရှုံးအနိုင်မပေါ်ရင် နေဝင်သွားတဲ့အထိ၊ ဒါမှမဟုတ်ရင် ထိုးသတ်သူနှစ်ဦးကို အမောပြေအောင် ရေလောင်းပေးရတယ်ဗျ။ အဲဒီလိုလောင်းပေးလို့ ရေကုန်သွားရင် သရေကျတယ်။ နို့မို့ရင်တော့ ဝိုင်းထဲက မထွက်ရဘူး၊ ထွက်ရင် အရှုံးပဲ"

ကျွန်ုပ်သည် ထိုသူရှင်းပြသဖြင့် မြန်မာလက်ဝှေ့ပွဲ၏ နေကုန်ရေခန်းဆိုသော စကား၏ အဓိပ္ပာယ်ကို နားလည်ရတော့၏။

ကျွန်ုပ်မေးသမျှအား ရှင်းလင်းပြလျက်ရှိသော သူ့အား ကျွန်ုပ်သည် ပြန်၍ ကျေးဇူးပြုသည့်အနေဖြင့် မြင်းတံဆိပ်စီးကရက်အား ထုတ်၍ တိုက်ရာ ထိုသူက "မြင်းပိုလို"ပါလားဟု အားရဝမ်းသာပြောလေ၏။

ထိုခေတ်ထိုအချိန်၌ ပိုလိုကစားနေသော တံဆိပ်ပါသည့် စီးကရက်ကို အကြောင်းပြု၍ စီးကရက်မြင်သမျှအား ကတ်ကြေးတံဆိပ်ဖြစ်စေ၊ ဆင်တံဆိပ်ဖြစ်စေ၊ မြင်းတံဆိပ်ဖြစ်စေ ပိုလိုဟုဝင်ခေါ်ကြလေ၏။

ကတ်ကြေးတံဆိပ်စီးကရက်အား ကတ်ကြေးပိုလိုဟူ၍ ခေါ်သကဲ့သို့ ဆင်ပိုလို၊ မြင်းပိုလိုဟူ၍ တံဆိပ်ကို အစွဲပြု၍သာ ခေါ်ကြလေ၏။

ထိုသူသည် ကျွန်ုပ်ပေးသော စီးကရက်အား ဝမ်းမြောက်စွာ သောက်ရှုလျက် ကျွန်ုပ်အား ဝေသန္တရာမင်းကြီးအမှတ်ဖြင့် ကြည့်ရှုလေ၏။

ထို့နောက်. . .

"မိတ်ဆွေက ဘယ်ကိုသွားမှာလဲ. . ." ကျွန်ုပ်အား မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားမှာကတော့ ကန်ချဘူရီအထိ သွားမှာပါပဲ"

"ဘယ်ကလာတာလဲ. . ."

"ရန်ကုန်ကပါ"

"ကန်ချဘူရီမှာ အသိမိတ်ဆွေရှိလို့လား မိတ်ဆွေ"

"မရှိပါဘူးဗျာ"

"စိတ်တော့ မရှိပါနဲ့နော်၊ ကူညီစရာရှိရင် ကူညီရအောင်လို့ပါ"

"မိတ်ဆွေမှာ အစိုးရနဲ့ ပတ်သက်တဲ့ ရာဇဝတ်မှုများ ဖြစ်ခဲ့လို့ ထွက်ပြေးမလို့လား"ဟု ထိုသူက ကျွန်ုပ်အား တိုးတိုးကပ်၍ မေးလေ၏။

"တိုးတိုးပြောပါဗျ။ ဟိုက ပုလိပ်နှစ်ကောင် သိသွားရင် ဒီကောင်တွေ အမှုထမ်းကောင်းလက်မှတ်ရနေပါဦးမယ်"

"ဒီလိုဆိုရင်တော့ ကန်ချဘူရီအထိ သွားစရာမလိုပါဘူးဗျာ။ မြစ်တာမှာပဲ ဖြစ်ဖြစ်၊ တောင်သုံးလုံးမှာပဲ ဖြစ်ဖြစ်နေရင်ရပါတယ်။ အဲဒီမှာလဲ စိတ်ချရပါတယ်"

"မဟုတ်ဘူးလေဗျာ၊ နဂါးနက်အသင်းရှိတဲ့ နေရာမှာ နေမှပိုပြီး လုံခြုံမယ်မဟုတ်လား"

"အို. . . ခင်ဗျားကလဲ နားဝေလှချေလား။တောင်သုံးလုံးဟာ တကယ့်နဂါးတိုင်းပြည်ကြီးပေါ့ဗျာ။ အဲဒီမှာ နဂါးနက်အသင်းဟာ ဘုရင်ခံထက်တောင် တန်းခိုးရှိသေးတယ်ဗျ။ မိတ်ဆွေက နဂါးနက်လား"

"အစစ်ပေါ့ဗျာ။ ရန်ကုန်အသင်းစု နံပါတ် (၈)ကပေါ့"

"ကျုပ်က ဟိန္ဒွားအသင်းစုကပါ။ ဒါပေမယ့် နဂါးနက်လို့ ပြောရုံနဲ့ မပြီးသေးဘူးဗျ၊ တစ်ယောက်ကိုတစ်ယောက် စစ်ပြီး ကြည့်ကြသေးတာပေါ့"ဟု ဆိုကာ သူ၏ လက်မနှစ်ချောင်းကို ထောင်၍



www.burmeseclassic.com

www.burmeseclassic.com



ပြလေ၏။

ကျွန်ုပ်သည် ဦးဝွမ်တီသင်၍ ပေးလိုက်သည့်အတိုင်း နဂါးနက်အသင်းသားတို့၏ လျှို့ဝှက်နှုတ်ဆက်ခြင်းနှင့် စစ်ဆေးခြင်းကို သိရှိထားသည့် အားလျော်စွာ လက်သန်းနှစ်ချောင်းပြန်၍ ထောင်ပြလျှင် ထိုသူက. . .

"လသာတုန်းမှာ ဗိုင်းငင်မှကောင်းတယ်"ဟု ဆိုလေ၏။

"လေ့ခွက်ချည်းကျန် အလံမလှဲ့တာက ပိုပြီးကောင်းသေးတယ်"ဟု ကျွန်ုပ်က ပြန်၍ ဖြေလိုက်၏။

"အသက်ထက် အရှက်က ပိုပြီး အရေးကြီးတယ်"ဟု မေးပြန်ရာ. . .

"မရှိတာထက် မသိတာက ပိုပြီးခက်တယ်"ဟု ကျွန်ုပ်က ဖြေလိုက်လျှင်. . .

ထိုသူသည် လွန်စွာကျေနပ်သွားပြီးလျှင် ကျွန်ုပ်အား ပခုံးကိုဖက်၍ ရင်းနှီးစွာ နှုတ်ဆက်လေ၏။

ထိုအချိန်၌ပင် ရိုးကြီးနှင့် ရွှေထီးဆောင်းတို့၏ လက်ဖွဲ့ပွဲသည် စတင်လေတော့၏။ ရွှေထီးဆောင်းသည် ဝိုင်းတွင်းသို့ ရွှေထီးဆောင်းလျက်ပင် ဝင်၍လာလေ၏။

ဒိုင်လူကြီးနှစ်ဦးက ထိုးသတ်မည့် လူများ၏ အမည်နှင့် ဂုဏ်ပုဒ်များကို ကြေညာကြလေ၏။ ပြီးလျှင် လက်ဝှေ့ထိုးသတ်ခြင်း၌ အရှုံးအနိုင်လောင်းကြေးကို အောက်ပါအတိုင်း ကြေညာလေတော့၏။

"ဘာမထိဇာနည်ဘွား၊ လက်ဝှေ့သတ်သမားနှစ်ဦးရဲ့အရှုံးအနိုင်လောင်းကြေးကတော့ မထိုးဝံ့လို့ အရှုံးပေးတဲ့သူဟာ နိုင်တဲ့သူရဲ့ ကျွန်အဖြစ် သုံးနှစ်ကျွန်ခံရပါမယ်။ ထိုးရင်သေသွားရင်တော့ ကျွန်ခံဖို့ မလိုတော့ပါဘူး၊ ကဲ. . . စပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ဒိုင်လူကြီးနှစ်ဦးသည် ဆက်ထားသော လက်များကို ဖြုတ်လိုက်လျှင် ရွှေထီးဆောင်း၏ ထီးတော်မိုးက ထီးကို ပိတ်လိုက်လေ၏။

ရွှေထီးဆောင်းသည် ဖြောင်း. . . ဖြောင်း. . . ဖြောင်းဟု လက်ပမ်းပေါက်ခတ်ကာ ရိုးကြီးအား အဆင်သင့်ဖြစ်မဖြစ်လှမ်း၍ မေးလေ၏။

ရိုးကြီးမှာ ထိုအချိန်၌ ဘောင်းဘီတိုပေါ်၌ လုံချည်ကို သုံးထောင့်ချိုးခေါက်၍ ချည်နှောင်နေဆဲ ဖြစ်၏။ ကျွန်ုပ်၏ စိတ်ကူး၌ ယခုအချိန်တွင် ရွှေထီးဆောင်းဝင်၍ ထိုးပါက ရိုးကြီးသည် မရှုမလှခံရပေတော့မည်ဟု တွေးထင်မိလေ၏။

"မိတ်ဆွေအခုနေ ရွှေထီးဆောင်းက ထိုးလို့ရတယ်မဟုတ်လားဗျ၊ ဒိုင်တွေက လက်ဖြုတ်လိုက်မှပဲ ဥစ္စာ"ဟု ကျွန်ုပ်က မေးလိုက်၏။

"မဟုတ်ဘူးဗျ၊ ကျုပ်တို့ မြန်မာလက်ဝှေ့သတ်တဲ့နေရာမှာ မတရား အနိုင်ယူလေ့မရှိဘူး၊ တစ်ဖက်လူ အဆင်သင့်ဖြစ်မဖြစ် မေးသေးတယ်ဗျ၊ တစ်ဖက်က အဆင်သင့်ဖြစ်မှ သတ်ပုတ်လေ့ရှိတယ်"ဟု ထိုသူက ကျွန်ုပ်အား ရှင်းပြလေသည်။

ကျွန်ုပ်သည် ထိုအခါကျမှပင် မြန်မာလက်ဝှေ့သမားတို့၏ ဒယာကျံ့ပြားပီသပုံကို နားလည်လေတော့၏။

လက်ဝှေ့ပွဲများ၌ ဆိုင်းပါလေ့ရှိ၏။ ဆိုင်းသည် များသောအားဖြင့် 'ဗိန်းမောင်း'တီးလေ့ရှိသော်လည်း တစ်ယောက်ယောက် နာသွားသည့်အခါ၌မူ မျောက်မင်းအူသံကို တီးတတ်လေသည်။

ယခုလက်ဝှေ့ပွဲ၌မူ မမျှော်လင့်ဘဲ ပြုလုပ်ရသည့်ပွဲဖြစ်ခြင်းကြောင့် ဆိုင်းတော့မပါပေ။ သို့ရာတွင် ကျွန်ခံကြေး ထိုးသတ်သည့်ပွဲဖြစ်၍ လွန်စွာတန်ဖိုးကြီးသော ပွဲဖြစ်ပေ၏။

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ရိုးကြီးသည် ဒူးပျံခေါ် ခုန်၍ တိုက်ရသော ဒူးများတို များစွာအသုံးပြုလေ၏။ သို့ရာတွင် ရွှေထီးဆောင်းက ကွနေ့ရရ ရှောင်တိမ်းနိုင်သည်ဖြစ်၍ ရိုးကြီး၏ ဒူးပျံများသည် ပျံရုံသက်သက်မျှသာ အသုံးဝင်လေ၏။

"ဒူးပျံတဲ့ဟေ့. . . နဖူးခံရင်. . . ဟက်တက်ကွဲသွားမကွနော်"

ဟု ရိုးကြီး၏ ဘက်မှ အားပေးသော ပရိသတ်က ဒူးပျံတစ်လုံးအသုံးပြုတိုင်း အော်ဟစ်အားပေးသကဲ့သို့ ခေါင်းချင်းဆိုင်၍ တိုက်ကြသောအခါ၌လည်း. . .

"ခေါင်းဆိုသံခမောက်. . . ဂျိုပေါက်မှ ကြောက်မယ်ဟေ့"

ဟု ရွှေထီးဆောင်း၏ လူများက အားပေးကြလေ၏။

နှစ်ဦးနှစ်ဘက်အနည်းငယ်ထိခိုက်သွားသည့်အခါ၌ သူ့ဘက်ကိုယ့်ဘက်လူများက ရေများလောင်းပေးကြလေ၏။

ထိုအခါ ဒိုင်လူကြီးလုပ်သူများက. . .

"အသည်းကောင်းလို့ ပွဲတောင်းတဲ့လူတွေ"

"ယောကျ်ားကောင်းတို့ရဲ့ သတ္တိ၊ လက်ဝှေ့ဝိုင်းမှာကြည့်"

စသည့် စကားများဖြင့် ပရိသတ်အား ဖြေဖျော်လေ၏။

အမှန်စင်စစ်အားဖြင့်လည်း မြန်မာလက်ဝှေ့ထိုးသတ်ခြင်းအလုပ်သည် ရဲရင့်သော သူတို့၏ အလုပ်မျှသာ ဖြစ်လေသည်။

လက်ဝှေ့ပညာမည်မျှ တတ်ကျွမ်းသည်ဖြစ်စေ အခြေခံ၌ သတ္တိနည်းလည်း အောင်မြင်မှုမရနိုင်သော အလုပ်ဖြစ်၏။

မြန်မာတို့၏ လက်ဝှေ့သတ်ခြင်းအလုပ်သည်နယ်ချဲ့ခေတ်၌ နည်းအမျိုးမျိုးဖြင့် နှိပ်ကွပ်သဖြင့် တိမ်မြုပ်ပျောက်ကွယ်ခဲ့ပြီး ဖြစ်လေ၏။

(ယခုအခါ၌ ကျားဘညိမ်းဟုခေါ်သော ဘောက်ဆင်



www.burmeseclassic.com

www.burmeseclassic.com



လက်ဝှေ့ဆရာတစ်ဦးသည် မြန်မာလက်ဝှေ့များကို ဆုကြေးအ မြောက်အမြားချီးမြှင့်ကာ ပြန်လည်ဖော်ထုတ်နေသည်ကို တွေ့ရ သဖြင့် နကိုကပင် သတ်ပုတ်ခြင်းအလုပ်၌ ဝါသနာရှိသော ကျွန်ုပ် သည် ကျားဘညိမ်းဆိုသူအား ကျေးဇူးတင်မိသေးတော့၏။

နှစ်စဉ်သိမ်ဖြူကွင်း၊ ရွှေတိဂုံတပေါင်းပွဲများ၌ ရင်းဦးစီး သော မြန်မာ့လက်ဝှေ့ပွဲကို သွားရောက်ကြည့်ရှုနိုင်ရုံမျှမက ဘိုးစိန်၊ ဗျပန်စိန်စသောစစ်ပြီးခေတ်လက်ဝှေ့အကျော်အမော်တို့ကိုသာမက စစ်ကြိုခေတ် လက်ဝှေ့သမားဟောင်းကြီးများကိုပင် ကွင်းထဲ၌ ပြန် လည်၍ တွေ့မြင်ရသည့်ပြင် အသည်းကောင်းသော ခေတ်လူငယ် လက်ဝှေ့သမားကလေးများ၏ ထိုးသတ်ပုံကိုလည်း ကျေနပ်ဖွယ်ရာ တွေ့ရလေ၏။ ကျွန်ုပ်ကဲ့သို့ ထိုအလုပ်ကို ဝါသနာပါရှိသူများသွား ရောက်ကြည့်ရှုကြပါကုန်)။

ရွှေထီးဆောင်းနှင့် ရိုးကြီးတို့သည် အကြိတ်အနယ်ထိုး သတ်လျက်ရှိကြလေ၏။ ကျွန်ုပ်တစ်ခုသတိထားမိသည်မှာ ရွှေထီး ဆောင်းသည် နေဘက်ကို မျက်နှာမူ၍ နေရာလုကာ သတ်ပုတ်လေ ၏။

ရိုးကြီးမှာမူ ဒူးပျံနှင့် လက်သီးပုန်းကို များစွာအသုံးပြု လေသည်။ ရွှေထီးဆောင်း၏ ပရိယာယ်မှာ မပိုင်ဘဲလုပ်လေ့မရှိ၊ ပိုင်လောက်မှသာ လက်သီးကိုဖြစ်စေ၊ တံတောင်ကိုဖြစ်စေ၊ ဒူးကို ဖြစ်စေအသုံးပြုလေ၏။

ဤသို့နှင့် အချိန်အတော်ကြာသည်အထိ ထိုးသတ်နေကြ ၏။ အချိန်ကြာသော်လည်း ကြည့်ရသူ အပေါင်းမှာကြာသည်ဟူ၍ ငြီးငွေ့ခြင်းမရှိပေ။

အဘယ်ကြောင့်ဆိုသော် တစ်ဦးနှင့် တစ်ဦးသည် အသက် ကို လုပ်ကြံသတ်ဖြတ်၍ နေကြသည်ဖြစ်ရာ 'ဟင်း'ခနဲ 'ဟယ်'ခနဲ



www.burmeseclassic.com

www.burmeseclassic.com



အမြဲလိုပင် ဖြစ်နေကြသောကြောင့် ဖြစ်၏။

ရိုးကြီးသည် ရွှေထီးဆောင်း၏ အငိုက်ကို ဖမ်း၍ ဒူးရော လက်သီးပါ တအားပစ်၍ ဝင်လိုက်၏။ ရွှေထီးဆောင်းသည် နောက်သို့ ဆုတ်၍ မရှောင်ဘဲ တောင့်၍ ခံပြီးလျှင် ရိုးကြီး၏ ဖက်ပိုးအား တံတောင်ဖြင့် တအားဆောင့်၍ ချလိုက်သကဲ့သို့ အောက်မှလည်း ဒူးဖြင့်ပင့်၍ တိုက်လိုက်လေရာ ရိုးကြီးသည် 'အင့်' ဟု တစ်ချက်မြည်၍ ပုံလျက်သား လဲကျသွားတော့၏။

ဒိုင်များက ဝိုင်းဝန်းပြုစုကြ၏။ ရွှေထီးဆောင်းလည်း ၎င်း၏ ခါး၌ ခေါက်လျက် ချည်ထားသော လုံချည်ကို ကပျာကယာဖြေချပြီးလျှင် ရိုးကြီးအား လုံချည်ဖြင့် ယပ်ခပ်ပေးလေ၏။

"ဒီလိုဗျ. . . လက်ဝှေ့ထိုးတဲ့ နေရာမှာ တဘက်လူ ကိုယ့်ကြောင့် သတိလစ်သွားရင် ခါးမှာ ချည်ထားတဲ့ လုံချည်ကို ဖြေချလိုက်ရင် သတိပြန်ရလာတယ်လို့ လက်ဝှေ့သမားတွေက ယုံကြည်ကြတယ်ဗျ. . ."

ကျွန်ုပ်အား ထိုသူက ရှင်းပြလေ၏။ ကျွန်ုပ်သည် မြန်မာ လက်ဝှေ့သမားတို့၏ စိတ်ဓာတ်ကို လေးစားမိတော့၏။

မိမိကြောင့် တဘက်လူ မေ့မြောနေသည်ကို မိမိကိုယ်တိုင် ပြန်၍ ပြုစုပေးတတ်သော မြန်မာလူမျိုးတို့၏ ရှေးဟောင်းအမွေ အနှစ်စိတ်ဓာတ်ကိုလည်း များစွာပီတိဖြစ်မိလေ၏။

"ရိုးကြီး အသက်မရှိတော့ပါဘူး ခင်ဗျား"

ဒိုင်လူကြီးလုပ်သူကထ၍ ကြေငြာလိုက်လျှင် ရိုးကြီး၏ ပရိသတ်သည် ဆူပူအော်ဟစ်ကြလေတော့၏။

ရွှေထီးဆောင်း၏ ပရိသတ်မှာလည်း ရွှေထီးဆောင်းကို ပြေး၍ ပွေ့ဖက်လေ၏။ ထီးတော်မိုးကလည်း ရွှေထီးကို ဖွင့်၍ ဆောင်းပေးလေ၏။

**ဘုန်းနွဲ့ဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ရွှေထီးဆောင်း၏ တစ်စုံတစ်ခုသော လျှို့ဝှက်ချက်ကို သိလိုသည်ဖြစ်၍ အခြားသူများနှင့် ရောနှောကာ ရွှေထီးဆောင်းအား ပွေ့ဖက်ရင်း အနီးကပ်၍ ကြည့်ရာ ကျွန်ုပ်၏ တသက်တာ၌ ထူးဆန်းမှု အမြောက်အမြားအနက် တစ်ခုပါဝင်သော ထူးဆန်းသော ပစ္စည်းကို ရွှေထီးဆောင်း၏ လည်တိုင်၌ တွေ့ရလေတော့၏။

အလျားအားဖြင့် နှစ်လက်မခန့်ရှိ၍ ရွှေဖြင့် ပြုလုပ်ထားသော ပြောင်းဖူးသဏ္ဌာန်လည်ဆွဲကလေးဖြစ်လေ၏။

ပြောင်းဖူးစေ့များ၏ နေရာ၌ လွန်စွာအရည်အသွေးကောင်းလှသည့် စိန်ပွင့်များကို စီ၍ မြှုပ်နှံထားလေ၏။

ကျွန်ုပ်သည် စိန်စီသော ရွှေပြောင်းဖူးနှင့် ရွှေထီးဆောင်းသော လက်ဝှေ့သမားကို လွန်စွာအံ့ဩရလေ၏။

ခေါင်းမြီးခြုံလုံပါပေ့၊ ကျောက်တန်းစီညီပါပေ့ဟူ၍ လက်ဝှေ့ထိုးရန် စိန်ခေါ်စဉ်ထည့်သွင်းရွတ်ဆိုသွားသော ကိုယ်ရည်သွေးလင်္ကာကိုလည်း ကျွန်ုပ်အနေနှင့် လေးလေးနက်နက်စဉ်းစားရလေ၏။

ကျွန်ုပ်သည် ရွှေထီးဆောင်းကိုလည်းကောင်း၊ ရွှေပြောင်းဖူးကို လည်းကောင်း စိတ်ဝင်စားမိလေ၏။

ရိုးကြီး၏ ဘက်တော်သားများမှာမူ ရိုးကြီး၏ အလောင်းကိုသင်္ဂြိုဟ်ရန် စီစဉ်ကြလေ၏။ ဌာနအုပ်နှင့် ရဲသားတို့မှာမူ ငင်းအမှုအတွက် လွန်စွာအလုပ်ရှုပ်ကြရလေတော့၏။

အချိန်အတော်ကြာ နားနေပြီးနောက် ကျွန်ုပ်တို့ခရီးသည် အုပ်ကြီးသည် တရွေ့ရွေ့ဖြင့် စတင်ထွက်ခွာခဲ့ကြလေ၏။

အတော်အတန်ခရီးပေါက်သည့် အခါ၌နေသည် လုံးဝဝင်၍ သွားပြီဖြစ်၍ ကျားလုံးဟုခေါ်သော မီးအိမ်များကို ထွန်းညှိ



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

သို့ရာတွင် ထိုညမှာ လသာသောညဖြစ်သဖြင့် မီးအိမ်များ၏ အကူအညီကိုမူ ကျွန်ုပ်တို့သည် များစွာမလိုအပ်ပါ။

ခရီးသွားများသည် မိမိအုပ်စုနှင့် မိမိလက်ဝေ့အကြောင်းကို စားမြုံ့ပြန်၍ လာခဲ့ကြလေ၏။ ကျွန်ုပ်သည်လည်း ကျွန်ုပ်၏ခရီးသွား မိတ်ဆွေနှင့်အတူ ပျင်းရိငြီးငွေ့စွာဖြင့် လျှောက်လာခဲ့လေတော့၏။

**********

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမြီးခြုံလုံပါစေ့
ကျောက်တန်းစီ ညီပါစေ့
ဆံမြိတ်ချလှပါစေ့"

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

## ❋ ဘ်ပူတ်ဆိပ်

တရွေ့ရွေ့ဖြင့် လျှောက်ခဲ့ကြရာ တောင်သုံးလုံးသို့ ရောက်ခါနီး၌ ကျွန်ုပ်အား တစ်လမ်းလုံးအကဲခတ်၍ လိုက်ပါလာသော ရာဇဝတ်အုပ်က. . .

"ဟော့ကောင်လေး. . . မင်းတောင်သုံးလုံးကိုသွားမှာလား။ အဲဒီကို တစ်ခေါက်မှ မရောက်ဘူးရင်တော့ သတိပေးလိုက်ပါရစေ" ဟု ဆိုလေ၏။

ကျွန်ုပ်သည် "ဟော့ကောင်လေး"ဟူသော စော်စော်ကားကားပြောသည့် အခေါ်အဝေါ်ကို မကျေနပ်သဖြင့်. . .

"နေစမ်းပါဦးဗျ. . . ခင်ဗျားက လူကိုများ ဟော့ကောင်းလေး ဘာလေးနဲ့၊ ခင်ဗျားက ဘာမို့တုန်း"

"ငါက ရာဇဝတ်အုပ်လေကွာ"

"ရာဇဝတ်အုပ်များ အဆန်းလုပ်လို့ ဒီကိုလိုနီခေတ်ကြီးမှာ ဒုတိယတန်းအောင်ပြီးရင် လူတိုင်းရနိုင်မယ့် အလုပ်ပဲ"ဟု ကျွန်ုပ်က ခပ်ဆတ်ဆတ်ပြန်၍ ပြောလိုက်ရာ ရာဇဝတ်အုပ်သည် မျက်နှာကွက်ခနဲပျက်၍ သွားပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ. . . ငါ့ညီကို စေတနာနဲ့ ပြောတာပါ။ ဒီလောက်တော့ ဒေါသမကြီးပါနဲ့"

"မလိုပါဘူး. . . ခင်ဗျားတို့ဆီမှာ ကျုပ်က စေတနာများတောင်းခံနေလို့လား အပိုအလုပ်တွေ မလုပ်စမ်းပါနဲ့ ကိုယ့်လမ်းကိုယ်သွားစမ်းပါ"

"ငါ့လူမှာ ရာဇဝတ်မှုတစ်ခုခုမဖြစ်သေးသရွေ့တော့ ကျုပ်တို့က ကိုယ့်လမ်း ကိုယ်သွားမှာပါဗျာ၊ အေး. . . ရာဇဝတ်မှုများဖြစ်လာရင်တော့ ကျုပ်တို့လက်ထဲ ရောက်ပြီပဲ မှတ်ပေတော့"ဟု ဆိုကာ ရာဇဝတ်အုပ်နှင့် ၎င်း၏ တပည့်နံပါတ်တုတ်ကိုင်သော ပုလိပ်သည် ကျွန်ုပ်အနီးမှ ဖဲကြဉ်ကာ တသီးတခြားလျှောက်၍ သွားလေ၏။ ကျွန်ုပ်လည်း မိတ်ဆွေဖြစ်သွားသော သူနှင့် ဆက်လက်စကားပြော၍ လျှောက်ခဲ့လေ၏။

"မိတ်ဆွေက ပုလိပ်တွေကိုတော့ခင်ဗျားနည်းနည်းကလေးမှ မဖြုံဘူးနော်"ဟု ထိုသူက ဆိုလေ၏။

"သူတို့ကို ဒီလိုမဆက်ဆံလို့ မဖြစ်ဘူးဗျ"

"မိတ်ဆွေကို တစ်ခုမှာချင်တာကတော့ တောင်သုံးလုံးကို ရောက်ရင် ဆရာကြီးဦးဘကောင်းဆိုတာနဲ့ သွားပြီးတွေ့ပါ။ သူက အဲဒီနယ်က နဂါးနက်အသင်းရဲ့ ခေါင်းဆောင်ကြီးပဲ၊ သူနဲ့ တွေ့ဖြစ်အောင်တော့ တွေ့စမ်းပါ"

"ကောင်းပါပြီဗျာ၊ သွားတွေ့ပါမယ်"

ကျွန်ုပ်တို့သည် များမကြာမီ အချိန်၌ပင် တောင်သုံးလုံးဒေသသို့ ရောက်ကြသည်ဖြစ်ရာ လမ်းခွဲကြလေတော့၏။

ဤမျှ များပြားသော ခရီးသည်အုပ်ကြီး၌ တောင်သုံးလုံးတွင် ခရီးအဆုံးသတ်သော ကရင်အဖိုးကြီးနှစ်ယောက်နှင့် ကျွန်ုပ်သာလျှင် ဖြစ်၏။

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ကျန်သောသူများမှာ ဟိန္ဒား မိုင်းတွင်းသို့ လည်းကောင်း၊ မြစ်တာသို့လည်းကောင်း၊ ဆင်ဖြူတိုင်သို့ လည်းကောင်း ခရီးဆက်ကြသူများသာ ဖြစ်ပေသည်။

ကျွန်ုပ်သည် ခရီးသွားမိတ်ဆွေနှင့် နှုတ်ဆက်ပြီးလျှင် လမ်းခွဲ၍ တောင်သုံးလုံးသို့ ချိုးဝင်သောလမ်းအတိုင်း လိုက်ပါသွားရ၏။

အချိန်မှာ မှောင်မိုက်နေပြီဖြစ်သဖြင့် လမ်းသွားရသည်မှာ လွန်စွာအခက်အခဲတွေ့ရလေ၏။ ထိုဒေသ၏ အန္တရာယ်ထူပြောပုံ၊ လူဆိုးလူမိုက်တို့ ကြီးစိုးပုံကို ကြားသိရသည်ဖြစ်ရာ ရင်၌ တဒွေးဒွေးဖြစ်ကာ မှောင်ကြီးမဲကြီးထဲ၌ပင် လျှောက်နေရလေ၏။

သို့ရာတွင် များစွာမကြာသောအချိန်၌ပင် လသည် တိမ်တိုက်အတွင်းမှ ထွက်ပြူလာပြန်သည်ဖြစ်ရာ လမ်းများကိုလည်းကောင်း၊ လမ်းဘေးရှိ အိမ်စုများကိုလည်းကောင်း သဲကွဲစွာ မြင်ရလေ၏။

ဗိုလ်တဲဟု ယူဆရသည့် အဆောက်အအုံတစ်ခုကို လွန်၍ လျှောက်သွားပြီးနောက် ထမင်းဆိုင်တစ်ခုကို တွေ့ရလေ၏။

ကျွန်ုပ်လည်း လွန်စွာ အသွားအလာနည်းသော နေရာ၌ ဤသို့ ထမင်းဆိုင်ကြီးရှိလိမ့်မည်ဟု မမျှော်လင့်ရကား အံ့ဩမိတော့၏။

ကျွန်ုပ်သည် ထမင်းဆိုင်တွင်းသို့ ခပ်သုတ်သုတ်ဝင်ရောက်၍ ထမင်းဟင်းများကို မှာယူ၍ စားသောက်လေသည်။

ထမင်းဆိုင်အတွင်း၌ အုန်းပင်တံဆိပ်အောက်လင်းမီးကို ထွန်း၍ ထားသည်ဖြစ်ရာ လွန်စွာထိန်လင်းလျက်ရှိလေ၏။

ကျွန်ုပ်သည် ဆာဆာဖြင့် ထမင်းကို တစ်ပန်းကန်ပြီး တစ်ပန်းကန်မြိန်ရှက်စွာ စားသောက်၍ နေလေ၏။ ထိုစဉ်၌ ဆိစ်ထေးထေးနိုင်လှသော လူနှစ်ဦးသည် ကျွန်ုပ်၏ အနီး၌ လာရောက်၍



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပြီးလျှင် ကျွန်ုပ်အား နွားဧ၏ ပွဲကို စစ်ဆေးလေ့လာသော နွားပွဲစားဧ၏ ကြည့်ခြင်းမျိုးဖြင့် အားမနာတမ်းကြည့်ရှုကြလေ၏။

ထိုသူတို့သည် ကျွန်ုပ်အား ကျေနပ်လောက်အောင် ကြည့်ပြီးနောက် ကျွန်ုပ်အား စစ်ဆေးမေးမြန်းလေ၏။

"မိတ်ဆွေ ဘယ်ကလာတာလဲ"

"ရန်ကုန်ကပါ"

"ဒီကို ဘာလုပ်ဖို့လာတာလဲ"

"ဘာအလုပ်ပဲရရ လုပ်ရအောင်လို့ လာခဲ့တာပါ"

"ဒီနေရာမှာတော့ အူကြောင်ကြောင်လာပြီးလုပ်လို့မရဘူးဆိုတာ မိတ်ဆွေကို ကြိုပြီး သတိပေးပါရစေ"

"ခင်ဗျားတို့က ဘာတွေလဲ"

"ကျုပ်တို့ ဘာတွေဆိုတာက အရေးမကြီးပါဘူး။ မိတ်ဆွေသာ စုံထောက်ဘက်က မဟုတ်ဖို့ အရေးကြီးပါတယ်။ စုံထောက်ဆိုရင်တော့ ကတို့ခသာ ငုံထားပေရော့"

ကျွန်ုပ်သည် ထိုသူတို့အား ဆက်လက်၍ စကားပြောခြင်းမပြုဘဲ ငြိမ်သက်စွာ နေလေ၏။ ထိုသူတို့သည်လည်း ကျွန်ုပ်အား ပြောစရာရှိသည်များ ပြောဆိုပြီးသည်ဖြစ်၍ ကျွန်ုပ်၏ အနီးမှ ထွက်ခွာ၍ သွားကြလေတော့၏။

ကျွန်ုပ်သည် ဦးဂွမ်တီသင်ကြားပေးလိုက်သည့် အတတ်ပညာများကို အသုံးချရတော့မည့် အချိန်သို့ရောက်နေပြီဖြစ်ကြောင်း သတိပြုမိလေ၏။

ကျွန်ုပ်သည် ထမင်းဖိုးပိုက်ဆံကို ရှင်းပြီးနောက် ပိုလိုတစ်လိပ်ကိုသောက်၍ ရှေ့ဆက်ရမည့် အလုပ်များအတွက် အသေးစိတ်အကွက်ချ၍ စီစဉ်ရလေ၏။

ထိုစဉ်၌ ထမင်းဆိုင်တွင် စားပွဲထိုးလုပ်သော သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်သည် ကျွန်ုပ်အနီးသို့ ရောက်လာပြီးလျှင် လေသံမျှဖြင့်. . .

"ဆရာစုံထောက်ဆိုရင်တော့ မြန်မြန်ပြန်ပါ၊ အရင်တစ်ခါလာတဲ့ စုံထောက်တော့ သတ်ပစ်လိုက်ကြပြီ"ဟု ပြောလေ၏။

"နေစမ်းပါဦးကွ၊ သူတို့က ဘာကောင်တွေလဲ"

"ဆရာကြီး ဦးဘကောင်းရဲ့ တပည့် နဂါးနက်တွေပေါ့"

"မင်းပြောတဲ့ ဆရာကြီးဦးဘကောင်းဆိုတာ ဘယ်မှာလဲကွ"

"ဒီဆိုင်ရဲ့ နောက်မှာ အခန်းတစ်ခုရှိတယ်။ အဲဒီအခန်းထဲမှာ"

ကျွန်ုပ်သည် တစ်စုံတစ်ရာစဉ်းစားခြင်းမပြုဘဲ ဆိုင်၏နောက်ဘက်ရှိ အခန်းဆီသို့ စွပ်ခနဲဝင်၍ သွားရာ အခန်းတွင်း၌ စုဝေးလျက် ရှိကြသော နဂါးနက်ဂိုဏ်းသားတို့သည် ပုရွက်ဆိတ်အုံအား တုတ်ဖြင့် ဆွလိုက်သကဲ့သို့ ရှုရှုစိစိဖြစ်၍ ကုန်ကြလေ၏။

"ဟေ့. . . ဘယ်ကကောင်လဲ"

"ဖမ်းထားကြ"

"သတ်ပစ်လိုက်"

"စုံထောက်ဖြစ်ရမယ်"စသော အသံတို့သည် ဟိုမှသည်မှ တစ်ယောက်တစ်ပေါက်ပေါ်ထွက်၍ လာလေ၏။

ကျွန်ုပ်သည် ထိုအသံတို့ကို လုံးဝဂရုစိုက်ခြင်း မပြုဘဲ ဆရာကြီး ဦးဘကောင်းဟု ယူဆသောသူ၏ထံသို့ တည့်တည့်မတ်မတ်သွားပြီးလျှင် ခါးကို ညွတ်၍ အရိုအသေပြုပြီးလျှင်. . .

"ကျွန်တော်ရန်ကုန်အသင်း အမှတ် (၈)က ဂိုဏ်းသားပါ"ဟု ပြောရာ ဆရာကြီး ဦးဘကောင်းက ကျွန်ုပ်အား ခြေဆုံးခေါင်းဆုံးကြည့်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီကို ဘာလာလုပ်တာလဲ"

"အမှုတစ်ခုနဲ့ ထွက်ပြေးလာတာပါ"

"ဘာအမှုလဲ"

"ဒါတော့ မပြောပါရစေနဲ့"

"မင်းက ငါ့ကို မယုံရင်တော့၊ မင်းကိုလဲ ငါမယုံနိုင်ဘူး"

"ကျွန်တော့်အမှုကို ပြောပြရင် ဆရာကြီးက တာဝန်ယူမှာလား"

"အမှန်အတိုင်းပြောပြရင်တော့ တာဝန်ယူသင့်လဲ ယူရမှာပေါ့၊ ငါ့လူရာ"

ကျွန်ုပ်သည် အင်္ကျီအိတ်အတွင်းမှ ဆယ်တန်နှစ်ရွက်ကို ထုတ်၍ ဆရာကြီးဦးဘကောင်းအား ပေးလိုက်ရာ ထိုဆရာကြီးသည် ကျွန်ုပ်ပေးသော ဆယ်တန်နှစ်ရွက်အား မီးရောင်၌ ထောင်၍ ကြည့်ပြီးလျှင်. . .

"ဒါက ဘာလဲကွ"ဟု မေးလေ၏။

"အဲဒါ ကျွန်တော်လုပ်တဲ့ ငွေစက္ကူ။ အခုဖြစ်လာတာက ငွေစက္ကူအတုလုပ်တဲ့ ကိစ္စမဟုတ်ဘူး၊ ငွေစက္ကူရောင်းပေးတဲ့ ကောင်က သစ္စာဖောက်ပြီး ပုလိပ်ကို သွားတိုင်လို့ ကျုပ်သတ်ပစ်ခဲ့တာ"ဟု ကျွန်ုပ်က ပြောပြီးလျှင် လူသတ်မှုသတင်းပါရှိသော သတင်းစာဖြတ်ပိုင်းကလေးကို ထုတ်၍ ပေးလိုက်လေ၏။

အမှန်အားဖြင့် ၎င်းအစီအစဉ်များမှာ ဦးဂွမ်တီစီစဉ်ပေးလိုက်သော စီစဉ်ချက်များသာလျှင် ဖြစ်ပေသည်။

သတင်းစာဖြတ်ပိုင်းမှာလည်း ဦးဂွမ်တီ၏ လက်ရာသာလျှင် ဖြစ်လေ၏။ ဆယ်တန်နှစ်ရွက်မှာမူ အတုများ မဟုတ်ပေ၊ အစစ်များသာဖြစ်ပေ၏။

"မင်းလုပ်ထားတာ တယ်ပြီး ဟုတ်ပါလားကွ၊ တကယ်တို့



www.burmeseclassic.com

www.burmeseclassic.com



အစစ်နဲ့ မခွဲနိုင်ဘူး"

"ဂျာမနီစက်ကလေးနဲ့ လုပ်တာပါခင်ဗျ"

မှတ်ချက် ။ ။ စစ်မဖြစ်မီက ငွေစက္ကူအတုလုပ်သော လောက၌ ဂျာမနီစက်ကလေးဆိုသည်မှာ လွန်စွာခေတ်စားပါသည်။ ဂျာမနီမှ ပြုလုပ်သည်ဟု ယူဆရသော အထောက်အထားမှာ ဝက်အူရစ်များ ပြောင်းပြန်ရစ်ရခြင်းတစ်ခုတည်းကို အကြောင်းပြု၍ ပြောဆိုခြင်းသာလျှင် ဖြစ်ပါသည်။

အမှန်စင်စစ် ဂျာမနီလုပ်ဟုတ်သည် မဟုတ်သည်ကို မည်သူမျှအတတ်မပြောနိုင်ပါ။ ၎င်းစက်မျိုး ဆင်တူနှစ်လုံးမြန်မာပြည်သို့ ရောက်ရှိခဲ့ပါသည်။ ၎င်းနှစ်လုံးအနက် တစ်လုံးမှာ စစ်အတွင်း၌ ရန်ကုန်မြို့မှ သန်လျင်သို့ ငွေစက္ကူအတုသမားတို့ သယ်ယူရာတွင် သမ္ဗာန်မှောက်၍ နစ်မြုပ်ပျောက်ဆုံးခဲ့ပါသည်။ ကျန်တစ်လုံးမှာ ယခင်တာအင်းစိန်စီအိုင်ဒီကျောင်း၌ ပြသထားပါသည်။ ၎င်းစက်များအား ကွယ်လွန်သူ ရဲဝန်ထောက်ဟောင်း ဦးကိုကိုကြီး (လက်ဝါးကိုကိုကြီး)၏ ကြိုးပမ်းမှုဖြင့် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း မှတ်သားဖူးပါ သည်။

**စာရေးသူ**

ဆရာကြီးဦးဘကောင်းသည် ကျွန်ုပ်အား လွန်စွာအဖိုးထိုက်တန်သော ပတ္တမြားတစ်လုံးကို ကောက်ရသကဲ့သို့ ဝမ်းသာအားရသော မျက်လုံးများဖြင့် ကြည့်၍ နေလေ၏။

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှ. . .

"အခု မင်းမှာ ဒီစက္ကူမျိုး လုပ်နိုင်တဲ့ ကိရိယာတွေကော ပါခဲ့ရဲ့လား"

"ကိရိယာတွေတော့ ပါခဲ့ပါတယ်။ တချို့ဓာတုဗေဒဆေး ကလေးတွေတော့ ထပ်ပြီး ဝယ်ရမှာပေါ့"

"နေရာကျတာပဲဟော့၊ ငါတို့ ဂိုဏ်းအတွက် ရန်ပုံငွေက တော့ မပူရတော့ဘူး"

"အရမ်းလက်ခံလို့ ဘယ်ဖြစ်မလဲ ဆရာကြီး၊ ဒီကောင်ကို လဲ တခြားအသင်းသားတွေလို စမ်းသပ်ရဦးမှာပေါ့"ဟုဦးဘကောင်း ၏ လက်ထောက်ဟု ယူဆရသော သူတစ်ဦးက ပြန်၍ ပြောလေ၏။

"အေးမောင် မင်းကို ငါကြည့်ကြည့်နေတယ်။ ဘယ်တော့ ဖြစ်ဖြစ် ငါ့ရှေ့က ကျော့်ကျော့်ပြီး စကားပြောတယ်။ စစ်စရာရှိ တာတော့ စစ်ရမှာပေါ့ကွ၊ ဒါကတော့ မင်းပြောမှုလား"ဟု ဆရာကြီး ဦးဘကောင်းက အေးမောင်အား ကြိမ်းမောင်းလိုက်လေ၏။

ကျွန်ုပ်အား ဂိုဏ်းဝင်အဖြစ် လက်ခံမည့်နေ့၌ ဂိုဏ်းသား များစုံညီစွာ တက်ရောက်ကြလေ၏။

ထိုအခမ်းအနား၌ ဆရာကြီး ဦးဘကောင်းက အောက်ပါ အတိုင်း မိန့်ခွန်းပြောလေသည်။

"နဂါးနက်အသင်းအဖွဲ့တွေကတော့ နေရာတိုင်း၊ မြို့တိုင်း မှာရှိတာပဲ၊ မတူတာကတော့ ငါတို့ ဂိုဏ်းက သူရသတ္တိရှိ၊ မရှိစမ်း သပ်ပြီးမှ လက်ခံတယ်။ တခြားဒေသက ပြောင်းရွှေ့လာတဲ့ နဂါး နက်ကိုလဲ ဒီလိုပဲ စမ်းသပ်ပြီးမှ လက်ခံတယ်။ ဒါကြောင့် ငါတို့ ဒေသမှာရှိတဲ့ နဂါးနက်တွေဟာ တခြားဒေသမှာရှိတဲ့ နဂါးနက် တွေထက် ပိုပြီးအစွမ်းပြနိုင်ခဲ့တယ်။ မတရားအမိန့်ချတဲ့ တရားသူ ကြီးရဲ့ လက်ကို ဖြတ်ပြခဲ့တယ်။ ပုလိပ်အရာရှိကြီးတစ်ဦးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံခဲ့တယ်၊ ကုလားသူဌေးနှစ်ယောက်ကိုလည်း သတ်ပြီးထား ခဲ့တယ်။ ဒီနေ့အထိ ငါတို့ရဲ့ ဂိုဏ်းကို အစိုးရက မဖြိုခွဲနိုင်တာဟာ လူသစ်လက်ခံတဲ့ နေရာမှာ အခုလိုစမ်းသပ်စစ်ဆေးပြီးမှ လက်ခံ ခဲ့လို့ပဲ"

ဆရာကြီး ဦးဘကောင်း၏ မိန့်ခွန်းပြီးသည်နှင့် တစ်ပြိုင် နက်ဂိုဏ်းသားတစ်ယောက်သည် လိမ္မော်ရောင်ထနေသည့် သံပူ တံဆိပ်တုံးကြီးတစ်ခုကို ယူ၍လာပြီးနောက် ကျွန်ုပ်၏ လက်မောင်း ကို ကပ်လိုက်ရာ 'ရှဲ'ဟူသော အသံကြီးမြည်လျက် ကျွန်ုပ်၏ လက် မောင်းသည် ပြုတ်ထွက်လုမတတ်နာကျင်လှတော့၏။

ဂိုဏ်းသားများကား လက်ခုပ်သြဘာပေးကြလေ၏။ ထို့ နောက် ကျွန်ုပ်၏ မျက်စိများအာ အဝတ်တစ်ခုဖြင့် ဖုံးအုပ်ကာ ကျွန်ုပ်အား လမ်းလျှောက်ခိုင်းလေ၏။

တစ်နေရာ၌ ကျွန်ုပ်၏ မျက်စိနှစ်လုံးပေါ်သို့ မာကျောချွန် ထက်သော အရာတစ်ခုဖြင့် လာ၍ ထောက်ထားပြီးလျှင်. . .

"နောက်ကိုဆုတ်ရင်တော့ ဂိုဏ်းထဲဝင်ခွင့် မပေးနိုင်ဘူး" ဟူသော အေးမောင်၏ အသံကို ကြားရသဖြင့် ကျွန်ုပ်လည်း ဖြစ် ချင်ရာဖြစ်တော့ဟု သဘောထားကာ ရှေ့သို့ တိုးလိုက်လျှင် မျက် လုံး၌ ထောက်၍ထားသော သံချွန်တို့သည် ကွယ်ပျောက်၍ သွား လေ၏။

ထိုအခါ နားကွဲလုမတတ်သော နဂါးနက်ဂိုဏ်းသားတို့၏ အော်ဟစ်၍ သြဘာပေးသံတို့သည် ပေါ်ထွက်၍ လာလေတော့ ၏။

**********

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



## အောင်မြင်တဲ့သူရဲ့ စိတ်နေစိတ်ထား

(တစ်) အချက်ကတော့ သူခိုးတစ်ယောက်ဟာ သူဌေးတစ်ယောက်ရဲ့ စိတ်ထားမျိုးရှိရမယ်။

(နှစ်) အချက်ကတော့ ကိစ္စရပ်တစ်ခုကို ဆောင်ရွက်တော့မယ်ဆိုရင်၊ ကိုယ့်ရဲ့အစွမ်းသတ္တိကို ကိုယ်ယုံကြည်ရမယ်။

(သုံး) အောင့်အည်းချုပ်တီးနိုင်ရမယ်။

(လေး) အခြေအနေအရပ်ရပ်ကို မှန်မှန်ကန်ကန်ဆုံးဖြတ် နိုင်ရမယ်။

(ငါး) အကွက်ချပြီး စီမံတတ်ရမယ်။

(ခြောက်) တွက်ကပ်မှုမရှိဘဲ ကိုယ်တိုင်ချည်းလုပ်ရမယ်။

(ခုနှစ်) သေသေသပ်သပ် ဝတ်စားဆင်ယင်တတ်ရမယ်။

(ရှစ်) ညှာတာထောက်ထားရမည့်သူကို ညှာတာတတ်ရမယ်။

(ကိုး) တာဝန်လဲယူရဲရမယ်။

(တစ်ဆယ်) နှုတ်လုံရမယ်။

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

## ● ရွှေပြောင်းဖူးကို အရယူခဲ့ခြင်း

ကျွန်ုပ်အား ဂိုဏ်းသားအဖြစ် အသိအမှတ်ပြုပြီးနောက် ဆရာကြီး ဦးဘကောင်းသည် ငွေစက္ကူအတုတစ်ထောင်ဖိုးစမ်းသပ်၍ ပြုလုပ်ခိုင်းလေ၏။

ကျွန်ုပ်လည်း ထိုကိစ္စကို အကြောင်းပြု၍ ရန်ကုန် ဗန္ဓုလ တိုက်မှ ဓာတုဗေဒဆေးတစ်ချို့မှာယူရမည်ဟု အကြောင်းပြကာ ဦးဂွမ်တီထံ စာရေး၍ ဆက်သွယ်ခဲ့လေ၏။

တစ်နေ့သ၌ ဦးဂွမ်တီ၏ စာတစ်စောင်တွင် ရွှေပြောင်းဖူး ကလေးအတွင်း၌ ၎င်းတို့အလိုရှိသော မြကျောက်ကလေးရှိကြောင်း ထိုရွှေပြောင်းဖူးကလေးကို ဖြစ်သည့်နည်းနှင့် ရယူ၍ ပြန်လာရန် ဖော်ပြရေးသားထားလေ၏။

ကျွန်ုပ်လည်း ငွေစက္ကူအစစ် တစ်ထောင်အား အတုအ ဖြစ်နှင့် ဆရာကြီး ဦးဘကောင်းအား ပေးခဲ့လေ၏။

ထို့ကြောင့် ဂိုဏ်းထဲတွင် ကျွန်ုပ်သည် အလွန်မြှောက်စား ခြင်းခံရလေ၏။ ဤသို့ ကျွန်ုပ်အား မြှောက်စားသည်ကို မကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



သော အေးမောင်က ကျွန်ုပ်အား တစ်နည်းတစ်ဖုံအပြုတ်နှံ့ရန် အတွက် အကွက်ဆင်လျက်ရှိလေ၏။

ထိုအချိန်၌ ကျွန်ုပ်တို့အသင်းရုံရှိသော ထမင်းဆိုင်ရှေ့၌ လက်ဝှေ့ပွဲတစ်ခုကို ဂိုဏ်းသားများကြီးမှူး၍ ကျင်းပကြလေ၏။ ဆရာကြီးဦးဘကောင်းကိုယ်တိုင် ဒိုင်လူကြီးအဖြစ် ဆောင်ရွက်လေ၏။

လက်ဝှေ့သမားများသည် သူ့အဆိုင်းနှင့်သူ ထိုးသတ်ကြလေ၏။ ထိုဒေသမှာ လက်ဝှေ့သတ်အကျော်အမော်တို့၏ ဒေသဖြစ်သည့်အလျောက် ပွဲကြီးပွဲကောင်းများကို ကြည့်ရလေ၏။

လက်ဝှေ့ပွဲမှာ သုံးရက်တိုင်တိုင်ကျင်းပသော ပွဲဖြစ်ရကား အနီးအပါးရွာများမှာပင် လှည်းများ နွားများဖြင့် လာရောက်ကြည့်ရှု၍ သူ့ဘက်ကိုယ်ဘက်အားပေးကြလေ၏။

တတိယမြောက်သောနေ့၌ လက်ဝှေ့ပွဲရှိ ပရိသတ်များသည် လက်ဝှေ့ပွဲကို ကြည့်ရှုနေကြစဉ်၌ အနည်းငယ်ရုတ်ရုတ်သဲသဲဖြစ်သွားသဖြင့် ကျွန်ုပ်လည်း ထိုသူတို့အား မည်သည့်အတွက် ရုတ်ရုတ်သဲသဲဖြစ်နေရသနည်းဟု မေးရာ တစ်စုံတစ်ယောက်က. .

"ဟိုမှာ မမြင်ဘူးလား"ဟုဆိုကာ လမ်းတစ်ဘက်သို့ ညွှန်ပြသဖြင့် ကြည့်လိုက်ရာ နေရောင်အောက်တွင် တလက်လက်တောက်ပလျက်ရှိသော ရွှေထီးကို ဆောင်းလျက် စစ်သူကြီးတစ်ဦး၏ ဟန်ပန်ဖြင့် ကြွနွဲ့ရရတစ်လှမ်းချင်းလှမ်း၍လာသော လက်ဝှေ့သမား ရွှေထီးဆောင်းကို တွေ့ရလေ၏။

၎င်း၏ ရင်ဘတ်တွင် တွဲလောင်းချထားသောရွှေပြောင်းဖူးကလေးမှ စိန်များသည်လည်း တဖြုတ်ဖြုတ်တောက်ပလျက်ရှိလေ၏။

ကျွန်ုပ်၏ စိတ်အာရုံများသည် တခြားတစ်ပါးသို့ ပျံ့လွင့်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိဘဲ၊ ရွှေထီးဆောင်း၏ ရင်ဘတ်ပေါ်ရှိ ရွှေပြောင်းဖူးကလေး၌သာလျှင် တည်တံ့လျက်ရှိလေ၏။

"ရွှေပြောင်းဖူး"ကလေးကိုတော့ ယခုပင် အရယူအံ့တုလည်း ဒုန်းဒုန်းချသော စိတ်ဖြင့် မည်သို့မည်ပုံရယူရမည်ကို စြံစည်လျက်ရှိလေ၏။

ထို့ကြောင့် ကျွန်ုပ်၏ ဆရာကြီး ဦးဂွမ်တီ၏ အမှာစကားများကို ပြန်လည်၍ စဉ်းစားရင်း အကြံထုတ်လျက်ရှိစဉ် အရေးကြုံတဲ့အခါမှာ စကားတစ်ခွန်းမှ မပြောဘဲ နှုတ်ပိတ်ရေငုံနေရမည်ဟူသော ဦးဂွမ်တီ၏ စကားကို အမှတ်ရသဖြင့် ကျွန်ုပ်သည် လတ်တွေ့ဝိုင်းနှင့် မလှမ်းမကမ်းနေရာ၌ သွားရောက်၍ ထိုင်ကာ တစ်ကိုယ်တည်း အကြံထုတ်လျက်ရှိလေ၏။

ကျွန်ုပ်ရှိရာသို့ အေးမောင်ရောက်လာပြီးလျှင်. . .

"ဟေ့ကောင်. . . စိန်လျောင်မင်းကို ဆရာကြီးခေါ်နေတယ်"ဟုပြောသော်လည်း ကျွန်ုပ်သည် တစ်လုံးတစ်ပါဒမျှ ပြန်လည်၍ ပြောဆိုခြင်းမပြုဘဲ ငြိမ်သက်မြဲ ငြိမ်သက်နေလျှင် အေးမောင်က. . .

"ဟေ့ကောင်. . . မင်းကို ဆရာကြီးခေါ်နေတယ်"ဟု ထပ်မံ၍ အော်ပြောပြန်လေ၏။

ထိုအခါ၌လည်း ကျွန်ုပ်သည် ငြိမ်မြဲငြိမ်၍ နေပြန်ရာ အေးမောင်၏ စိတ်၌ အနည်းငယ်ထူးဆန်းသကဲ့သို့ ဖြစ်ပြီးလျှင်. . .

"ဒီကောင် မေ့များနေတာလား"ဟု ဆိုကာ ကျွန်ုပ်၏ ပခုံးကို လှုပ်လေ၏။

ဒီကောင် မေ့များနေတာလား၊
ဒီကောင် မေ့များနေတာလား၊
ဒီကောင် မေ့များနေတာလား၊

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ နား၌ ထိုအသံများသည် ပဲ့တင်ထပ်၍ သွားလေ၏။ ကျွန်ုပ်၏ အကြံလည်း လျှပ်စီးလက်သကဲ့သို့ ဝင်းခနဲပွင့်၍ သွားလေသည်။

ကျွန်ုပ်သည် ရွှေထီးဆောင်းအား မေ့မြောသွားအောင် ပြုနိုင်လျှင် ၎င်း၏ ရင်ဘတ်ပေါ်မှ ရွှေပြောင်းဖူးကို ကျွန်ုပ်ဖြုတ်ယူနိုင်မည်ဖြစ်၏။

ကျွန်ုပ်သည် မည်သို့မည်ပုံပြုလုပ်ရမည်ကို ဆက်လက်၍ စဉ်းစားနေသဖြင့် အေးမောင်သည် စိတ်မရှည်တော့ဘဲ ကျွန်ုပ်၏ ပခုံးကို ဆောင့်၍ တွန်းပစ်ခဲ့ပြီးနောက် ထွက်၍ သွားလေသည်။

ကျွန်ုပ်သည် သားရေသေတ္တာအတွင်း၌ လိုရမယ်ရအသုံးပြုရန် ဦးဂွမ်တီထည့်၍ ပေးလိုက်သော ကလိုရိုဖောင်းခါ မေ့ဆေးပုလင်းကို အမှတ်ရသဖြင့် သွားရောက်ယူငင်ခဲ့လေ၏။

ကျွန်ုပ်ပြန်၍ ထွက်လာသောအချိန်၌ ဝိုင်းလယ်တွင် ရွှေထီးဆောင်းသည်. . .

"လက်သီးပုန်းနှင့် ဒူးပျံ၊ နဖူးမှန်လျှင် ဟက်တက်ကွဲသွားမည်"ဟူ၍ လည်းကောင်း. . .

ဆိုနေကျ ခေါင်းမြီးခြုံလုံပါပေ့လက်ာကိုဆို၍ လည်းကောင်း လက်ပမ်းပေါက်ကိုတဖြောင်းဖြောင်းခတ်ကာ ဗိုလ်တောင်းလျက်ရှိလေ၏။

ကျွန်ုပ်သည် ဝါဂွမ်းအနည်းငယ်ကို မေ့ဆေးဆွတ်လိုက်ပြီးလျှင် လက်ညှိုးနှင့် လက်ခလယ်အကြား၌ အသာညှပ်၍ မေ့ဆေးပုလင်းကို ဖွက်ပြီးလျှင် ဝိုင်းလယ်သို့ ခုန်၍ ဝင်သွားလေ၏။

"ဟေ့ကောင် ကတို့ငုံထား၊ ခေါင်းပြုတ်သွားလိမ့်မယ်"

"မိုက်ရူးရဲဆိုတာ ဒါမျိုးပေါ့ကွ"

"ဆိတ်ကဆင်ကို ချီမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



စသော အသံများဖြင့် ကျွန်ုပ်အား ကြိုဆိုကြလေ၏။ ကျွန်ုပ်၌ အခက်အခဲတစ်ခုရှိသည်မှာ ကလိုရိုဖောင်းသည် စူးရှသော အနံ့တစ်မျိုးထွက်သည်ဖြစ်ရာ ကျွန်ုပ်၏ အကြံအစည်ကို မရိပ်မိစေခြင်းအတွက် အခြားသော လက်တစ်ဖက်၌ ဒူးရင်းသီးကို ကိုင်လျက်စားနေရလေ၏။

ဒူးရင်းသီးအနံ့ဖြင့် ဖုံးအုပ်သွားစေရန် ရည်ရွယ်ကြောင်း ကျွန်ုပ်ဆိုလိုသည်။

"ဘာကြေးလဲ"ဟု ရွှေထီးဆောင်းက မေးလေ၏။

"ဘယ်ကြေးဖြစ်ဖြစ် ခေါင်းမတိမ်းဘူး"ဟု ကျွန်ုပ်က ပြန်၍ ဖြေလိုက်၏။

"သုံးနှစ် ကျွန်ခံကြေး"

"ငါနိုင်ရင် မင်းကို ကျွန်ခံမခိုင်းဘူး၊ မင်းလည်ပင်းက ရွှေပြောင်းဖူးကို ယူမယ်"

"စိန်လိုက်"

"ဟေ့. . . ဖြစ်ပါ့မလား"ဟု ဆရာကြီး ဦးဘကောင်းက စိုးရိမ်တကြီးလှမ်း၍ မေးလေ၏။

ကျွန်ုပ်မတော်တဆသေပျောက်သွားမည်ကို လွန်စွာစိုးရိမ်ပုံရလေ၏။ အကယ်၍ ကျွန်ုပ်မရှိပါက ၎င်းအား ငွေစက္ကူအတုလုပ်ပေးမည့်သူ မရှိခြင်းကို ပို၍ စိုးရိမ်ပုံရလေ၏။

"ဖြစ်ပါတယ် ဆရာကြီး"ဟု ကျွန်ုပ်က ပြန်၍ ဖြေလိုက်လျှင် ရွှေထီးဆောင်း၏ ထီးတော်မိုးသည် ရွှေထီးကို ပိတ်လိုက်လေ၏။

ကွင်းဒိုင်များက ကျွန်ုပ်တို့နှစ်ဦးရှေ့တွင် လက်ချင်းဆက်ထားရာမှ ဖြုတ်လိုက်လေ၏။ ရွှေထီးဆောင်းက လက်ပမ်းပေါက်သုံးချင်ခတ်၍ အဆင်သင့်ဖြစ်မဖြစ် ကျွန်ုပ်အား မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ပြန်၍ မဖြေဘဲ၊ ၎င်း၏ ဦးခေါင်းအရိပ်အား ဖနောင့်ဖြင့် ပေါက်လေလျှင် ရွှေထီးဆောင်းသည် ပထမကြောင်၍ နေသော်လည်း နောက်၌ ၎င်း၏ ဦးခေါင်းအရိပ်အား ဖနောင့်ဖြင့် မပေါက်နိုင်စေရန် နေရာရွှေ့ပြောင်းလေ၏။ ကျွန်ုပ်၏ အပြုအမူကို ကြည့်၍ ပရိသတ်နှင့်တကွ ဒိုင်လူကြီးများပါ အံ့သြလျက်ရှိကြလေ၏။

ရွှေထီးဆောင်းက ဒိုင်လူကြီးများမှတစ်ဆင့် ထိုသို့မပြုလုပ်ရန် ကန့်ကွက်ခိုင်းလေ၏။

သို့ရာတွင် ထိုအချိန်၌ ကျွန်ုပ်သည် ဦးခေါင်း၏ အရိပ်အား ဖနောင့်ဖြင့် သုံးချက်တိတိပေါက်ပြီး ဖြစ်လေ၏။

ထို့နောက် ကျွန်ုပ်က အဆင်သင့်ဖြစ်ကြောင်းကြေညာလျှင် ရွှေထီးဆောင်းကလည်း ခေါင်းကိုဆတ်၍ အဆင်သင့်ဖြစ်ကြောင်းပြန်၍ အချက်ပြလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် တအားဝင်၍ပူးကာ ထိုးသတ်လေ၏။

ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ နှစ်ယောက်သားပူး၍ လုံးသွားရန် ဖြစ်လေ၏။ ကျွန်ုပ်မျှော်လင့်သည့်အတိုင်းပင် ပူး၍ သွားသည့်အခါ၌ ကျွန်ုပ်လက်တစ်ဖက်ဖြင့် ၎င်း၏ မျက်နှာအားအုပ်၍ ကိုင်ထားလေ၏။

၎င်းကလည်း ကျွန်ုပ်၏ နဖူးအား လက်တစ်ဖက်ဖြင့် ပြန်၍ တွန်းထားလေ၏။ စက္ကန့်အနည်းငယ်မျှ ပူးမိလျှင် ဒိုင်လူကြီးများက ကျွန်ုပ်၏ ကျောကိုပုတ်လျက် ခွာချရန် အချက်ပေးလိုက်လျှင် ခွာလိုက်ကြသော်လည်း ရွှေထီးဆောင်းမှာမူ ၎င်း၏ မျက်နှာ၌ ကျွန်ုပ်လက်ဖြင့် အုပ်ထားစဉ်က မေ့ဆေးကို ရှူရှိုက်မိသဖြင့် မူးဝေလျက်ရှိပြီ ဖြစ်လေ၏။

ထို့ကြောင့် ကျွန်ုပ်နှင့် နောက်တစ်ချီနေရာ၌ တည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ရွှေထီးဆောင်း၏ အဆုတ်တွင်းသို့ မေ့ဆေးငွေ့များ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားသည့် အချိန်နှင့် ချိန်သားကိုက်လျက်ရှိရာ ကျွန်ုပ်သည် ၎င်း၏ ရင်ဘတ်အား ခြေထောက်ဖြင့် ကန်တွန်းတွန်းလိုက်သည်နှင့်ပင် ရွှေထီးဆောင်းသည် ဖင်ထိုင်လျက် ကျလေတော့၏။

ထိုသို့ ဖင်ထိုင်လျက်ကျစဉ်၌ပင် ကျွန်ုပ်သည် ၎င်း၏ ရင်ဘတ်မှ ရွှေပြောင်းဖူးကို ဖြုတ်၍ ၎င်း၏ မျက်နှာအား လက်ဝါးဖြင့် တွန်းလိုက်သည်နှင့်ပင် ရွှေထီးဆောင်းကား ပက်လက်လန်ကျသွားပြီးလျှင် လုံးဝအိပ်ပျော်သွားလေတော့၏။

လက်ဝှေ့ပွဲပေါင်းများစွာကို ဒိုင်လုပ်ခဲ့သော ဒိုင်လူကြီးများပင်လျှင် ကျွန်ုပ်အား လွန်စွာအံ့အားသင့်သော မျက်နှာထားများဖြင့် ကြည့်လျက် နေကြလေ၏။ နဂါးနက်ဂိုဏ်းသားများမှာမူ ကျွန်ုပ်အား အော်ဟစ်၍ ကောင်းချီးပေးကြလေ၏။

ကျွန်ုပ်သည် ရွှေပြောင်းဖူးကလေးအား ကျွန်ုပ်လည်တိုင်တွင် ဆွဲလိုက်ပြီးလျှင် ရွှေထီးဆောင်း၏ ထီးတော်မိုးအား. . .

"ဟေ့ကောင်. . . ငါ့ကို ထီးလာမိုးချေစမ်း"ဟု ငေါက်လိုက်ရာ ၎င်းထီးတော်မိုးသည် ကျွန်ုပ်ထံသို့ ပြေး၍လာပြီးလျှင် ရွှေထီးကို မိုး၍ပေးလေ၏။

ထိုအခါ၌ ပရိသတ်သည် လွန်စွာအားရဝမ်းသာဖြစ်လျက် ကျွန်ုပ်အား လာရောက်ထမ်းပိုးကြ၍ တောင်သုံးလုံးရွာတွင်း၌ လှည့်လည်လေ၏။

ထီးတော်မိုးကလည်း ရွှေထီးကို မိုးလျက်လိုက်ပါသည်ဖြစ်ရာ ကျွန်ုပ်အား ရှင်လောင်းလှည့်သကဲ့သို့ ရှိလေတော့၏။

**********

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



## The year of Flying

ဘက္ကဒက်မြို့ကြီး ကောင်းကင်ပျံတယ်ဆိုသည်မှာ ရာဇဝင်ဆိုင်ရာ စာပေကို နှိုက်နှိုက်ချွတ်ချွတ်လေ့လာသူများသာလျှင် သိရှိနိုင်သော အကြောင်းအရာဖြစ်လေ၏။

အေဒီ ၁၁၆၀-ခုနှစ်တွင် ဘက္ကဒက်မြို့၌ တစ်မြို့လုံးက တန်ခိုးရှင်ဟု ယုံကြည်ခြင်းခံရသူတစ် ဦးရှိလေ၏။ ၎င်း၏အမည်မှာ David Alroy မင်းသားဟုဆို၏။ မင်းသားအား စူလတန်ဘုရင်ကြီးက ထီးနန်းကို ၎င်း၏ တန်ခိုးဖြင့် လုပ်ကြံယူငင်လိမ့်မည်ဟု ထင်မှတ်သဖြင့် ဖမ်းဆီးသွားလေ၏။ တန်ခိုးရှင် David Alroy မင်းသားအား ဖမ်း၍ထားစဉ်၌ ဘက္ကဒက်မြို့သို့ လူနှစ်ယောက်သည် စာတစ်စောင်ယူလာ၍ ပြလေ၏။ စာမှာ မင်းသား၏လက်မှတ် ရေးထိုးထားသော စာဖြစ်ပြီးလျှင် ဘက္ကဒက်မြို့သူမြို့သားအပေါင်းအား သင်တို့သည် မနက်ဖြန်နံနက်မိုးသောက် အလင်းရောက်သည်နှင့် တစ်ပြိုင်နက် တန်ခိုးဣဒ္ဓိပါဒ်များရရှိလိမ့်မည်။ ကောင်းကင်သို့ ပျံနိုင်လိမ့်မည်။ သင်တို့အားလုံး မနက်ဖြန်နံနက်၌ ကောင်းကင်မှ ပျံသန်း၍ မိစ္ဆာဘုရင်စူလတန်အား တိုက်ခိုက်ကြလောဟု နှိုးဆော်ထားလေ၏။ ဘက္ကဒက်မြို့သူမြို့သားတို့လည်း ၎င်းစာကို ဖတ်ပြီးလျှင် နောက် တစ်နေ့နံနက်၌ တန်ခိုးရှင်ဖြစ်၍ ကောင်းကင်၌ ပျံသန်းကြရမည့် အဖြစ်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဈေးသည်များလည်း ဆိုင်များကို ပိတ်ကြ၏။ လယ်ယာလုပ်ကိုင်သူများလည်း ကျွဲ နွားများကို လွှတ်၍ ပစ်ကြတော့၏။ စာယူလာသော လူနှစ်ဦးအားလည်း ဘက္ကဒက်တစ်မြို့လုံးက ရွှေ ငွေ၊ ကျောက်သံပတ္တမြားကို ကြိုက်တာယူ၍ သွားပါဟုဆိုကာ သေတ္တာများကို ဖွင့်၍ပေးကြလေ၏။

ထိုသူနှစ်ဦးသည် အထုပ်ကြီးအထုပ်ငယ်များဖြင့် ရွှေ ငွေ၊ ကျောက်သံပတ္တမြားတို့ကို မြင်းလှည်းဖြင့် သယ်ဆောင်၍ သွားကြလေ၏။ ထိုနေ့ညသန်းခေါင်အချိန်၌ ဘက္ကဒက်မြို့သူမြို့သားတို့သည် ကလေး လူကြီး၊ မိန်းမ၊ ယောက်ျား၊ သူတောင်းစားပါမကျန် တိုက်ခေါင် မိုးများပေါ် သို့ ဝတ်ရုံကြီးများဝတ်ကာ မိုးလင်းသည်နှင့် တစ်ပြိုင်နက် ပျံသန်းကြရန် တစ်ညလုံးစောင့်စား၍ နေကြလေ၏။ ပျံသန်းရန်မဆိုထားဘိ တစ်လက်မမျှပင်မကြွသည့် အဖြစ်ကို သိရှိကြရ လေ၏။ သမိုင်းဆရာတို့က ထိုနှစ်အား (The year of Flying) ကောင်းကင်ပျံသောနှစ်ဟူ၍ပင် မှတ်တမ်းတင်၍ထားလေ၏။

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

## ● မြင့်မြင့်နှင့် တွေ့ဆုံခြင်း

ကျွန်ုပ်၏ သတင်းကား နဂါးနက်ဂိုဏ်းအတွင်း၌သာလျှင် မဟုတ်ဘဲ ပတ်ဝန်းကျင်ဒေသများသို့ပင် ပျံ့နှံ့၍ သွားလေ၏။

ကျွန်ုပ်ကိုလည်း သူရဲကောင်းကြီးသဖွယ် အသိအမှတ်ပြု ကြလေတော့၏။ တစ်နေ့သ၌ ဆရာကြီး ဦးဘကောင်းသည် ဂိုဏ်း မှ ကောက်ခံသော ရန်ပုံငွေကို မှန်မှန်ကန်ကန်ပေးသွင်းခြင်းမပြု သော ဦးသောလှ၏ အိမ်သို့ ဓားပြတိုက်၍ ယူရန်အတွက် အေးမောင်နှင့် ကျွန်ုပ်အား ခေါင်းဆောင်၍ စေလွှတ်လိုက်လေ၏။

ကျွန်ုပ်တို့လည်း ဆရာကြီး ဦးဘကောင်းစေခိုင်းသည့် အတိုင်း နောက်လိုက် ငါးယောက်ကို ခေါ်ယူ၍ သွားကြရလေ၏။

ဦးသာလှ၏ အိမ်မှာ မြစ်တာရွာ၌ ရှိလေ၏။ ကျွန်ုပ်တို့ သွားရောက်သော အချိန်၌ ည ၈-နာရီမျှသာ ရှိသေးသော်လည်း လွန်စွာ လူခြေတိတ်ဆိတ်လှသည်ဖြစ်၍ ကျွန်ုပ်တို့ ခုနစ်ယောက်၏ မြင်းခွာသံများသည် ဆူညံလျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးသာလှ၏ အိမ်သို့ ရောက်သည့်အခါ၌ ကျွန်ုပ်သည် အိမ်အောက်မှ အောက်စောင့်အဖြစ် တာဝန်ယူရလေ၏။

အေးမောင်နှင့် ကျန်ငါးယောက်က အိမ်ပေါ်သို့ တက်ကြပြီးလျှင် ဦးသာလှ၏ မိသားစုအား ကြိုးဖြင့် တုပ်နှောင်လျက် ရိုက်နှက်ကာ ပစ္စည်းတောင်းကြလေ၏။

အပေါ်ထပ်မှ တဘုံးဘုံးရိုက်နှက်သံများမှာ လူကိုရိုက်နှက်နေသည်နှင့် မတူဘဲ နွားသတ်နေသည်နှင့်ပင် တူလေ၏။

သို့ရာတွင် အရိုက်ခံရသူတို့၏ အသံမကြားရခြင်းကို ထောက်၍ အေးမောင်တို့သည် အိမ်ရှင်တို့၏ ပါးစပ်ကို အဝတ်ဖြင့်ဆို့၍ ထားကြောင်း ကျွန်ုပ်အတတ်သိလေ၏။

ကျွန်ုပ်သည် အိမ်ရှင်များအတွက် စိုးရိမ်စိတ်ဖြစ်ပေါ်လာကာ အိမ်ပေါ်ထပ်သို့ ပြေး၍ တက်ခဲ့လေသည်။

အိမ်ပေါ်ထပ်၌မူ ကျွန်ုပ်တွေးထင်သည့်အတိုင်းပင် အိမ်ရှင်များအား ပါးစပ်တွင် အဝတ်များဆို့၍ လက်ပြန်ကြိုးများတုပ်၍ ထားလေ၏။

အိမ်ရှင်ဦးသာလှနှင့် ၎င်း၏ ဇနီးအပြင် အဘွားအိုကြီးတစ်ယောက်နှင့် အသက်နှစ်ဆယ်ခန့်ရှိ မိန်းမပျိုတစ်ဦးလည်း ပါဝင်လေ၏။

ကျွန်ုပ်ရောက်ရှိသွားသည့်အချိန်၌ပင် အေးမောင်၏ တပည့်တစ်ယောက်သည် အဘွားအိုကြီး၏ ဦးခေါင်းအား တအားလွှဲ၍ရိုက်လေ၏။

"ဟေ့ကောင် ဘာလုပ်တာလဲ၊ မင်းတို့ကို မှာလိုက်တာက ပစ္စည်းယူဖို့ပဲ၊ နှိပ်စက်ဖို့ မပါဘူး"ဟု ကျွန်ုပ်က ပြောလိုက်ရာ အေးမောင်အပါအဝင် နဂါးနက်ဂိုဏ်းသားလူရမ်းကားများသည် ကျွန်ုပ်အား အထူးအဆန်းသတ္တဝါသဖွယ်များလုံးများပြူး၍ ကြည့်

www.burmeseclassic.com



လေ၏။

ထိုအချိန်၌ အေးမောင်သည် ဦးသာလှ၏ မျက်နှာအား တအား ရိုက်လိုက်ရာ ကျွန်ုပ်သည် သေနတ်ကို ဆွဲထုတ်လိုက်ပြီး နောက်. . .

"ဟော့ကောင်. . . မင်းဆက်ပြီးလုပ်ရင် ငါကမောင်းဖြုတ် ချလိုက်မယ်"

ဟု ပြောလိုက်လျှင် အေးမောင်တို့ လူစုသည် ကျွန်ုပ်အား မကျေမနပ်မျက်နှာထားများဖြင့်ကြည့်ကာ ဆင်း၍သွားကြလေ၏။

ကျွန်ုပ်လည်း ထိုအခါ၌ သေနတ်ကို ခါးကြား၌ ပြန်၍ ထိုးပြီးလျှင် အဘွားအိုကြီးအား ကြိုးဖြေပေးရန်သွားစဉ်၌ပင်. . . 'ဒိုင်း. . . ဒိုင်း'ဟူသော သေနတ်သံများပေါ်ထွက်လာသဖြင့် ကျွန်ုပ်သည် ဝမ်းလျားမှောက်ချလိုက်၏။

သို့ရာတွင် ဦးသာလှအပါအဝင်အိမ်သားများမှာ သေနတ် ထိမှန်၍ လဲကျသွားကြလေတော့၏။

ကျွန်ုပ်လည်း သေနတ်ကိုထုတ်၍ ပြန်လှန်ပစ်ခတ်သော် လည်း အေးမောင်တို့လူစုသည် မြင်းစီး၍ ထွက်ပြေးကြပြီ ဖြစ်လေ ၏။

ကျွန်ုပ်သည် အလောင်းများကို ကြည့်၍ စိတ်လက်မချမ်း မသာဖြစ်နေစဉ်၌ပင် ကျွန်ုပ်၏ နောက်ကျောမှနေ၍ တစ်စုံတစ် ယောက်သည် ပြေး၍ ခုန်အုပ်လိုက်သည်ကို ရိပ်ခနဲမြင်လိုက်သဖြင့် ကျွန်ုပ်သည် ဘေးသို့ တိမ်းရှောင်လိုက်ရာ ထိုသူသည် ကျွန်ုပ်၏ ရှေ့၌ ဝမ်းလျားမှောက်၍ လဲကျသဖြင့် ကြည့်လိုက်ရာ စောစော ကကြိုးဖြင့် တုပ်ထားသည်ကို တွေ့ရသော မိန်းကလေးဖြစ်နေ ကြောင်း တွေ့ရလေ၏။ အိမ်သားများအနက် ထိုမိန်းကလေးသာ လျှင် အသက်ရှင်လျက် ကျန်ရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ဟော့. . မင်းငါ့ကို ရန်မမူပါနဲ့၊ ငါက မင်းတို့ရဲ့ ရန်သူမဟုတ်ဘူး"ဟု ပြောဆိုကာ ၎င်း၌ ချည်နှောင်ထားသော ကြိုးများကို ချော့မော့၍ ဖြေပေးရလေသည်။

ထို့နောက် ကျွန်ုပ်တို့သည် အလောင်းများမှ ကြိုးများကို ဖြေ၍နေစဉ်တွင် အိမ်အောက်၌ မြင်းလှည်းရပ်သံကြားသဖြင့် ကျွန်ုပ်လည်း သေနတ်ကိုထုတ်၍ ကိုင်ထားစဉ်၌ပင် လွန်စွာဝဖြိုး၍ လွန်စွာလည်း အသားနီသော အသက် - ၄၀ခန့်ရှိ လူကြီးတစ်ဦးသည်. . .

"စားရက်ကြံ့တော့ မုတ်ဆိတ်ပျားစွဲဆိုတာမျိုးပေါ့"ဟု ဆိုကာ ကျွန်ုပ်အား မျက်နှာချိုသွေး၍ ဝင်လာလေ၏။

ထိုပြင် ၎င်းက. . .

"ဘယ်လိုလဲ နဂါးမိတ်ဆွေ. . . ယူစရာရှိတာတွေ ယူလေဗျာ။ အားလုံးသေကုန်မှပဲ၊ ဘာဖြစ်လို့ သေနတ်ကြီးတကိုင်ကိုင်လုပ်နေတာလဲ"ဟု ဆက်၍ ပြောသော်လည်း ကျွန်ုပ်က ထိုလူကြီးအား မကျေနပ်သော မျက်နှာနှင့် ကြည့်နေသည်ဖြစ်၍ ထိုလူကြီးက. . .

"သြော်. . . သြော်. . . ကျုပ်က ပြောဖို့မေ့နေလိုက်တာ ကျုပ်လဲနဂါးပါပဲ။ နေတာကတော့ ကန်ချဘူရီမှာ နေပါတယ်။ အဲဒီပြန်မလို့ သေနတ်သံကြားတာနဲ့ ကျုပ်တို့ နဂါးတွေတော့ ဓားပြတိုက်နေပြီဆိုပြီး ဝင်လာခဲ့တာ။ ဟောဒီမှာကြည့်"ဟုဆိုကာ လက်မောင်းကို ပင့်တင်၍ နဂါးနှက်တံဆိပ်ကိုပြလေ၏။

ထို့နောက် အိမ်ထဲသို့ ဝင်ကာ မွှေနှောက်၍ ရှာဖွေ၍ ရွှေဆွဲကြိုးတစ်ကုံးနှင့် ငွေစက္ကူအချို့ကို အိတ်တွင်းသို့ ထိုးထည့်သည့်အပြင် မိန်းကလေးကို ရုတ်တွေ့မြင်သွားသည်နှင့် "နေရာကျလိုက်တာ၊ဒါမျိုးကလေးတွေနဲ့ မတွေ့ရတာကြာပြီပဲ"ဟုဆိုကာ ပြေး၍ ဖက်

www.burmeseclassic.com



လျှင် ကျွန်ုပ်လည်း ထိုသူ၏ အပြုအမူကို ခွင့်ပြုရန် မသင့်တော်ဟု ယူဆသည့်အလျောက် နားသယ်သို့ လက်သီးဖြင့် ထိုးလိုက်ရာ ထိုသူ ယိုင်လဲ၍ သွားလေ၏။

ထို့နောက် ကျွန်ုပ်အား ပြန်လည်၍ ရန်မူမည်ပြုသော်လည်း သေနတ်မောင်းအတွင်းသို့ လက်ညှိုးလျှို၍ ကိုင်ထားသည်ကို မြင်သဖြင့်. . .

"ပြောပါမိတ်ဆွေ၊ ကျုပ်က ဘယ်လိုကူညီရမှာလဲ"ဟု မျက်နှာချိုသွေးလေတော့၏။

"အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ရမယ်"

"ဒီလိုဆိုရင် မိတ်ဆွေက အောက်ကိုသယ်ချခဲ့ပါ၊ ကျုပ်က လှည်းကို နောက်ဆုတ်ထားလိုက်မယ်"ဟုဆိုကာ လူဝကြီးသည် ကျိုးနွံသော တပည့်ကလေးပမာ ပြေး၍ ဆင်းသွားလေ၏။

ကျွန်ုပ်လည်း ဦးသာလှ၏ အလောင်းကို ချိုင်းမှမ၍ နောက်ပြန်ဒရွတ်တိုက်ဆွဲလေ၏။

ထိုသို့ ဆွဲနေစဉ်၌ပင် ကျွန်ုပ်၏ နောက်စေ့၌ ပူခနဲဖြစ်၍ သွားပြီး မျက်စိများသည်လည်း ပြာ၍လာပြီးလျှင် လုံးဝသတိမေ့မျောခြင်းသို့ ရောက်လေ၏။

ကျွန်ုပ်သတိပြန်၍ရလာသောအခါ၌ အိမ်ပေါ်တွင် အလောင်းများနှင့် ကျွန်ုပ်သာလျှင် ရှိပြီးလျှင် လူဝကြီးနှင့် မိန်းကလေးတို့မှာ မရှိတော့ကြောင်း တွေ့ရှိသဖြင့် လူဝကြီးသည် မြင်းလှည်းကို နောက်ဆုတ်ခဲ့မည်ဟု ကျွန်ုပ်အား ပြောပြီးနောက် ကျွန်ုပ်၏ အလစ်၌ ဦးခေါင်းကို တစ်စုံတစ်ခုဖြင့် ရိုက်နှက်သွားကြောင်း သိရလေ၏။

မိန်းကလေးကိုလည်း ၎င်းလူဝကြီးပင် ဖမ်းဆီးခေါ်ဆောင်သွားပြီဖြစ်ကြောင်း ကျွန်ုပ်စဉ်းစားမိလေ၏။

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ထိုလူဝကြီးကား လူယုတ်မာကြီးပီပီ မိန်းကလေးအား ခေါ်ဆောင်၍ အနိုင်ကျင့်ပေလိမ့်မည်။ ထို့နောက် သတ်ပစ်လိုကလည်း သတ်ပစ်မည်။ မသတ်သည်ထားဦး၊ မိန်းကလေးအား မတော်လူတွေ၏ လက်သို့ ရောင်းချလိုက်မည်ဆိုကလည်း မိန်းကလေး၏ ဘဝသည် မတွေးဝံ့စရာပင် ဖြစ်လေ၏။

ကျွန်ုပ်သည် ထိုသို့ စဉ်းစားရင်း ကျွန်ုပ်၏ ရင်ဘတ်မှ ရွှေပြောင်းဖူးကလေးကို စမ်းသပ်ကြည့်လိုက်မိလေ၏။

ရွှေပြောင်းဖူးကလေးမှာ ကျွန်ုပ်၏ ရင်ဘတ်၌ပင် ရှိနေသေးကြောင်း တွေ့ရသဖြင့် စိတ်သက်သာရာရသွားသော်လည်း မိန်းကလေးအတွက် စိတ်ပူလျက်ပင် ရှိလေ၏။

ထို့ကြောင့် ထိုလူဝကြီးနောက်သို့ လိုက်၍ မိန်းကလေးအား ကယ်တင်အံ့ဟု ဆုံးဖြတ်ကာ အိမ်ပေါ်မှ ဆင်းခဲ့လေ၏။

အိမ်အောက်ရောက်သည့်အခါ၌ ကျွန်ုပ်၏ မြင်းလည်းမရှိတော့သည်ကို တွေ့ရလေ၏။ ထို့ကြောင့် ခြေလျင်ပင် လိုက်ရပေအံ့ဟု ဆုံးဖြတ်ကာ ကောင်းကင်သို့ မော့၍ ကြည့်လျှင် ခုနှစ်စင်ကြယ်သည် အမြီးထောင်၍နေသည်ကို တွေ့သဖြင့် သန်းခေါင်အချိန်ရောက်လေပြီဟု သိရလေ၏။

ကျွန်ုပ်သည် လူသွားလမ်းရိုးကို အသုံးမပြုဘဲ လူသွားလမ်းနှင့် အနည်းငယ်ကွာလှမ်းသည့် တောလမ်းကလေးမှ အရှေ့စူးစူးသို့ လိုက်လေ၏။

နံနက်အရုဏ်တက်လုနီးပါးအထိ ကျွန်ုပ်သည် ရပ်နားခြင်းမရှိဘဲ တောလမ်းအတိုင်း ခရီးပြင်းနှင်ခဲ့လေ၏။

ကျွန်ုပ်မှာလည်း တစ်ညလုံးမအိပ်ရခြင်း၊ ထိုလူဝကြီးကနောက်စေ့ကို ရိုက်နှက်သွားခြင်း၊ မိုင်ပေါင်းများစွာ ခြေလျင်လျှောက်ရခြင်းတို့ကြောင့် ကျွန်ုပ်၏ ခြေနှင့် လက်တို့ကိုပင် မသယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်လောက်အောင် ပင်ပန်းနွမ်းနယ်လျက် ရှိလေ၏။

ထိုအချိန်၌ ကျွန်ုပ်၏ တူရူအရပ်ဆီမှ မြင်းခွာသံ ကြားသဖြင့် ကျွန်ုပ်လည်း ချုံတစ်ခု၏ နောက်တွင် ကွယ်၍ နေလိုက်ပြီးလျှင် ကျွန်ုပ်အနီးသို့ မြင်းရောက်ရှိသည့် အချိန်ကျမှပင် မြင်းပေါ်မှလူကို တအားခုန်၍ ဆွဲချလိုက်ရာ ထိုသူနှင့် ကျွန်ုပ်သည် မြေပြင်ပေါ်မှာ လုံးသားထွေးလားဖြစ်သွားကြလေ၏။

ကျွန်ုပ်လည်း ထိုလူအား မထနိုင်အောင် ထပ်၍ ထုလိုက်မည်ဟု ကြံ၍ လက်ကိုမြှောက်ရွယ်လိုက်သည့်အခါ၌ ကျွန်ုပ်ရော ထိုသူပါ အံ့အားသင့်၍ သွားကြလေ၏။

ထိုသူမှာ အခြားသူမဟုတ်ဘဲ ကျွန်ုပ်ရှာဖွေလျက်ရှိသည့် မိန်းကလေးဖြစ်နေသောကြောင့် ဖြစ်၏။

"မင်းကို ကယ်ဖို့ လိုက်လာတာ"ဟု ကျွန်ုပ်က ပြောလိုက်လျှင်. . .

"ကျေးဇူးတင်လိုက်တာရှင်၊ ရှင့်ကို ဟိုလူကြီးက ရိုက်ပြီး ရှင်မေ့နေတုန်း ကျွန်မကို ကြိုးနဲ့တုပ်၊ သူ့မြင်းလှည်းပေါ်တင်ပြီး ခေါ်လာတာ၊ ကျွန်မကို မတော်မတရားလုပ်ဖို့ ကြံတုန်း သူ့ရဲ့ ရင်ဝကို ခြေနဲ့ကန်ခဲ့ပြီး ဒီမြင်းယူပြီး ထွက်ပြေးလာတာ"

"ခက်တာက ငါလဲ ဒီကနေ နောက်ပြန်ဆုတ်လို့ ရမှာ မဟုတ်ဘူး၊ နဂါးနက်တွေက သတ်လိမ့်မယ်၊ ထားဝယ်ကိုရောက်အောင်တော့ တောလမ်းက သွားရမှာပဲ"

"ကျွန်မလဲ ရှင်နဲ့ လိုက်ရမှာပဲ၊ အားကိုးရာမဲ့လို့ ဦးလေးနဲ့ အဒေါ်တို့ဆီကို လာတာနှစ်ရက်ပဲ ရှိသေးတယ်"

ကျွန်ုပ်သည် ထိုမိန်းကလေးအပေါ်၌ များစွာသနားခြင်းနာမိလေ၏။ သူ၏ အင်္ကျီများသည်လည်းကောင်း၊ လုံချည်များသည် လည်းကောင်း၊ မြင်၍မကောင်းအောင် စုတ်ပြဲလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ့ကိုပါ ကျွန်ုပ်က တစ်ပါတည်းခေါ်ဆောင်သွားရန် သဘောတူလိုက်ရ၏။

"နေ့စမ်းပါဦး၊ မင်းနာမည်ဘာလို့ခေါ်သလဲ"

"မြင့်မြင့်လို့ ခေါ်ပါတယ်။ သေသွားတဲ့ ဦးသာလှဟာ ကျွန်မရဲ့ ဦးလေးပါ"

ကျွန်ုပ်သည် မိန်းကလေးအား နာမည်မေးပြီးနောက်၊ ကျွန်ုပ်၏ နာမည်ရင်းဖြစ်သော စိန်လျှောင်ဆိုသည့် အမည်ကိုအပြီး အပိုင်ဇာတ်မြှုပ်လိုသည်ဖြစ်၍ မိန်းကလေးက ကျွန်ုပ်အား နာမည် ပြန်၍ မေးသောအခါ၌ မောင်ဘတူဟူသော အမည်အသစ်ကိုသာ ပြောလေ၏။

ကျွန်ုပ်သည် ဦးသာလှအိမ်၌ ဤကဲ့သို့ မဖြစ်မီတစ်ရက် ကပင် ဆရာကြီးဦးဘကောင်း၏ သေတ္တာ၌ လုံခြုံစွာသိမ်း၍ထား သော နဂါးနက်အဖွဲ့ဝင်တို့၏ စာရင်း၊ ကျူးလွန်ခဲ့သော ပြစ်မှုများ၊ ဓားပြတိုက်၍ ရရှိထားသော စာရင်းများအား ခိုးယူ၍ ရန်ကုန် ပုလိပ်မင်းကြီးရုံးသို့ စာတိုက်မှ ပို့လိုက်ပြီးဖြစ်ရာ နဂါးနက်အဖွဲ့ ကြီးသည်လည်း မျှားမကြာမီအတွင်း၌ပင်လျှင် ပျက်စီးချေတော့ မည် ဖြစ်လေ၏။

ကျွန်ုပ်နှင့် မြင့်မြင့်တို့သည် မြင်းကိုစီးလျက် တောလမ်း အကြောင်းလာခဲ့ကြရာ နောက်တစ်နေ့မွန်းတည့်အချိန်တွင် ထားဝယ် သို့ ရောက်ရှိလေ၏။

ထားဝယ်သို့ ရောက်သော်လည်း မြင့်မြင့်အား မြို့တွင်း သို့ ခေါ်ရန်မှာ ၎င်း၏ မလုံ့တလုံ့အဝတ်အစားများကြောင့် ခေါ် ၍ မဖြစ်ဘဲ မြို့စွန်ဇရပ်တစ်ခု၌ ဝှက်၍ ထားခဲ့ပြီးလျှင် ကျွန်ုပ်တစ် ဦးတည်း ဈေးသို့သွား၍ အင်္ကျီနှင့် ထဘီတို့ကို ဝယ်ယူရလေ၏။

အင်္ကျီနှင့် ထဘီတို့ကိုသာ မဟုတ်ဘဲ၊ ကျွန်ုပ်တို့နှစ်ဦးအား



www.burmeseclassic.com

www.burmeseclassic.com



သောက်ရန်အတွက်လည်း ပေါင်မုန့်၊ သကြားထောပတ်စသော ကြာရှည်စားသောက်နိုင်သည့် ရိက္ခာပစ္စည်းတို့ကို ဝယ်ယူခဲ့လေ၏။

ကျွန်ုပ်သည် ဈေးမှပြန်ခဲ့၍ မြင့်မြင့်အား ထားခဲ့သော ဇရပ်ပေါ်သို့ တက်လိုက်ရာ ကျွန်ုပ်တစ်သက်၌ အံ့သြခြင်းမက အံ့သြဖွယ်ရာသော အဖြစ်ကို တွေ့ရလေ၏။

"ဘယ်လိုလဲ ကျောက်စာဝန်မင်း. . . ဘာတွေများ ဝယ်လာတာလဲ"ဟု ကျွန်ုပ်အား ဆီး၍ နှုတ်ဆက်လိုက်ရာ. . .

"ဦးဂွမ်တီ. . . ခင်ဗျား. . . ဘယ်လိုကနေ ဘယ်လို ရောက်လာတာလဲ သိပ်ပြီး ဆန်းတာပဲ၊ ပြောစမ်းပါဦး"

ကျွန်ုပ်သည် ဦးဂွမ်တီကို တွေ့လိုက်ရသဖြင့် လွန်စွာ အံ့သြခဲ့သည့်အလျောက် မေးမြန်းလိုက်လေသည်။

"သိသာန်၊ ဟိတံ၊ အာစရတီတိ၊ အာစရိယော. . . တဲ့ကွ"

"အဓိပ္ပာယ်ကလေး ရှင်းစမ်းပါဦး"

"သိသာန်- တပည့်တို့၏၊ ဟိတံ-အကျိုးစီးပွားကို၊ အာစရတိ-သည်ပိုး ဆောင်ရွက်စွမ်းနိုင်သောကြောင့်၊ အာစရိယော-ဆရာမည်၏ တဲ့။ ဒုက္ခနဲ့ တွေ့နေပြီဆိုတာ ငါသိပါတယ်၊ ဒါကြောင့် ငါရောက်လာတာ။ ဒီနေရာမှာ နောက်ထပ်သုံးလေးရက်တော့ ပုန်းနေပေဦး၊ ဘာဖြစ်လို့လဲဆိုတော့ ပုလိပ်မင်းကြီးဆီကို မင်းပို့လိုက်တဲ့ စာရွက်စာတမ်းတွေ ရောက်သွားပြီကွ"

"သြ. . . ဒါတွေလဲ ခင်ဗျားက သိနေတာပဲလား"

ကျွန်ုပ်သည် ဦးဂွမ်တီအား လွန်စွာအံ့သြမိလေ၏။

"သိတယ်. . . သိတယ်. . . ရွှေထီးဆောင်းကို မေ့ဆေးခပ်ပြီး၊ အလဲထိုးအနိုင်ယူသွားတာလဲ ငါသိပါတယ်။ မင်းကို သိပ်ပြီးသဘောကျနေတာ"

"ဟောဒီမှာ မြနန်းနွယ်နဲ့ ခင်ဗျား သဲသဲမဲမဲရှာနေတဲ့ (မြ)



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဟာ၊ ဒီပြောင်းဖူးထဲမှာ ရှိတယ်လို့ ဆိုတယ် မဟုတ်လား ရော့"

ကျွန်ုပ်သည် ရွှေပြောင်းဖူးကလေးအား ဖြုတ်၍ ပေးလိုက်ရာ ဦးဂွမ်တီက သေသေချာချာကိုင်၍ ကြည့်ပြီးလျှင် ကျွန်ုပ်၏ လက်သို့ပြန်၍ ပေးလိုက်လေ၏။

ကျွန်ုပ်မှာ ဦးဂွမ်တီ၏ အပြုအမူကို နားမလည်သဖြင့်. . .

"ခင်ဗျားတို့ရှာခိုင်းတာ ဒါမဟုတ်လား ယူလေဗျာ"

"ခက်တယ်ကွာ၊ ဒီပစ္စည်းကလေးမျိုးက ဆင်တူနှစ်ခုရှိတယ်ကွ၊ အခုမင်းရလာတဲ့ အထဲမှာက တို့လိုချင်တဲ့ ပစ္စည်းမပါဘူး။ ထပ်ပြီး ရှာရဦးမယ်"

ကျွန်ုပ်သည် ဦးဂွမ်တီ၏ စကားကြောင့် မျက်လုံးပြူး၍ သွားလေ၏။ အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်ုပ်အနေနှင့် နောက်ထပ်ရှာဖွေရန်ကိစ္စကို လက်မြှောက်လိုပေပြီ။

"ငါသိပါတယ်ကွာ၊ နောက်ထပ်ကြိုးစားဖို့၊ မင်းအနေနဲ့ ဝန်လေးနေပြီ မဟုတ်လား၊ ရော့. . . ဟောဒီမှာ မြနန်းနွယ်က မင်းကို ပေးလိုက်တဲ့စာ. . ."

ကျွန်ုပ်သည် ဦးဂွမ်တီလက်မှ စာအိတ်ညိုကြီးကို လှမ်း၍ ယူလိုက်ပြီး ဖောက်ကြည့်လိုက်ရာ မြနန်းနွယ်၏ လက်ရေးနှင့် ရေးထားသော အောက်ပါစာကို တွေ့ရလေ၏။

**ကျောက်စာဝန်မင်းရှင့်**

မြနန်းနွယ်တို့ကို အခုအထိ အကူအညီပေးတာကို ကျေးဇူးတင်လို့ မဆုံးပါဘူး။ ဒါပေမယ့် မြနန်းနွယ်တို့ အလိုရှိနေတဲ့ ပစ္စည်းကိုတော့. . . ရှင့်အနေနဲ့ ဘယ်လောက်ပဲ ကြိုးစားသည် ဖြစ်စေပြန်၍ ရနိုင်မည်




www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြောင်း မြနန်းနွယ်ရော ဦးဂွမ်တီ ပါ သတိမပြု ခဲ့ပါ။ အဲဒါဟာ မြနန်းနွယ်ရဲ့ ဦးလေးဦးဂွမ်တီရဲ့ အမှားပါ။ တကယ်တော့ ပျောက်ဆုံးနေတဲ့ ပစ္စည်း၊ မြေအောက်မှာ မြှုပ်ကွယ်နေတဲ့ ပစ္စည်းကို ပြန်ပြီး ရယူနိုင်တဲ့ စွမ်းရည်ဟာ လူတိုင်း မှာ မရှိပါဘူး။




ပုံပါ ဇာတာရှင်မျိုးက ကူညီမှ ဒီကိစ္စဟာ အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောက်စာဝန်မင်းအနေနဲ့ အနားယူလိုတ ယူနိုင်ပါပြီ၊ ယခုအထိ အကူအညီပေးခဲ့သည်ကို ကျေးဇူးဆက်သော အားဖြင့်၊ ကျောက်စာဝန်မင်းရဲ့ ပူပူနွေးနွေးဇနီးကလေးအတွက် စိန်တဆင်စာကို လက်ဖွဲ့လိုက်ပါတယ်။

မြနန်းနွယ်

ငင်းစာနှင့်အတူ စိန်ထည်ပစ္စည်းများကိုလည်း ရရှိလေသည်။ ကျွန်ုပ်လွန်စွာ အံ့ဩရသည်မှာ ကျွန်ုပ်မိန်းမရမည်ကို အလိုအမာဟောချက်ထုတ်၍ ထားသော မြနန်းနွယ်၏ ပညာစွမ်းပင် ဖြစ်၏။

**ဘုရွှာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင်. . . ကျုပ်ကလည်း မြနန်းနွယ်ကို ဟောဒီ ရွှေပြောင်းဖူးကလေးကို လက်ဆောင်အဖြစ် ပြန်ပြီးပေးလိုက်ပါရစေ၊ ကျုပ်အသက်နဲ့လဲပြီး ရယူခဲ့တဲ့ ပစ္စည်းလေးမို့ပါ"ဟု ဆိုကာ ရွှေပြောင်းဖူးကလေးကို ဦးဂွမ်တီ၏ လက်သို့ အပ်လိုက်လေ၏။

ကျွန်ုပ်အနေနှင့် ဤမျှ ဒုက္ခရောက်သော ပစ္စည်းအား ဆက်လက်ရှာဖွေခြင်း မပြုတော့ဟု ဆုံးဖြတ်လိုက်သော်လည်း မြနန်းနွယ်နှင့် ဦးဂွမ်တီသည်ကား ကျွန်ုပ်ကဲ့သို့မဟုတ်ဘဲ ဆက်လက်၍ ရှာဖွေကြပေဦးမည်ဖြစ်ရာ သူတို့ရင်ဆိုင်ကြရမည့် အန္တရာယ်များကို တွေးမိ၍ ရင်လေးမိတော့၏။

"နေစမ်းပါဦး ဦးဂွမ်တီ. . . ဘုရားကျွန်ဘဝက လွတ်မြောက်ဖို့အတွက်တော့ ဒါလောက် ဒုက္ခခံဖို့ မလိုပါဘူး"

"ဘုရားကျွန်အဖြစ်က လွတ်ရုံမျှလောက်ကတော့ ဒါလောက်အရေးမကြီးပါဘူးကွာ။ မင်းကလဲ ကျောက်စာဝန်ဆိုတော့ စာပေအထောက်အထားနဲ့ ပြောရမှာပေါ့"ဟုဆိုကာ ဦးဂွမ်တီသည် ဆေးပြင်းလိပ်ကို ကိုက်ချီး၍ ပါးစောင်၌ ငုံထားလိုက်ပြီးနောက်. .

"ငါဆိုလိုတာက ဘုရားကျွန်ဘဝက လွတ်ရုံလွတ်ဖို့က တော့ ခုနက ငါပြောခဲ့တဲ့ အတိုင်းပဲ နည်းအမျိုးမျိုးရှိတယ်။ အခု ကိစ္စက ဒီလိုမဟုတ်ဘူးမောင်။ သူ့နေရာသူပြန်ထားချင်တဲ့ အလုပ် ကြောင့်ပါ၊ မနူဟာရဲ့ မြလက်စွပ်ကို သူ့မူလနေရာကို ပြန်ထားဖို့ ကိစ္စက ငါ့အတွက် မဟုတ်ပါဘူး။ မြနန်းနွယ်အတွက်ပါ။ သူက အဲဒီဆန္ဒသိပ်ပြီး ပြင်းထန်နေတယ် မဟုတ်လား"

ဦးဂွမ်တီသည် ကျွန်ုပ်အား ရှည်လျားစွာ ပြောပြီးနောက်၊ ဆေးပြင်းလိပ်ကို ကိုက်ချီး၍ ငုံလေသည်။

ကျွန်ုပ်သည်လည်း ရှင်းရှင်းပြသော ကျောက်စာအထောက်အထားများကို စဉ်းစားပြီးနောက် ဦးဂွမ်တီ၏ ကျောက်စာ



www.burmeseclassic.com

www.burmeseclassic.com



ဘက်၌ ကျောညက်ပုံကို အံ့ဩမိလေတော့၏။

ကျွန်ုပ်သည် ခပ်ငိုင်ငိုင်ဖြစ်၍ ဦးဂွမ်တီအကြောင်း စဉ်းစားနေစဉ်၌ပင် ဦးဂွမ်တီက. . .

"ဘုရားကျွန်ဆိုတာဟာ လူတွေထင်သလို နိမ့်ကျတဲ့ အမျိုးအနွယ်မဟုတ်ပါဘူးကွာ၊ ဗုဒ္ဓဘာသာဝင်တိုင်းဟာ ဘုရားကို အလုပ်အကျွေးပြုရဖို့တောင် အခွင့်အရေးတစ်ခုလို မျှော်လင့်ကြရတာမဟုတ်လားကွ. . .

ဒီတော့ ကိုယ့်ကို ကိုယ်လည်း ဘုရားကျွန်အဖြစ် လှူခဲ့ကြရုံမျှမကဘဲ သားမြေးမြစ်တွေကိုပါ လှူခဲ့ကြတယ်မဟုတ်လား။ ဒီတော့ ဘုရားကျွန်အဖြစ်က လွတ်မှာကိုတောင် ပူမိပါသေးတယ်ကွာ။ ဒါပေမယ့် သူ့နေရာသူပြန်ထားခြင်းရဲ့ လေးနက်ပုံကြောင့် ဝင်သဝတ်မြမျိုးမှာပါတဲ့ မနူဟာရဲ့ မြလက်စွပ်ကို ပြန်ပြီး ယူချင်နေတာပါ"ဟူ၍ ဦးဂွမ်တီက ရှည်လျားစွာ ပြောလေ၏။

ကျွန်ုပ်သည်ကား သူတို့၏ ဖွဲ့လုံ့လကို လွန်စွာသဘောကျသော်လည်း သူတို့ကဲ့သို့ ထိုပစ္စည်းကို ထပ်မံရှာဖွေရန် စိတ်မပါတော့သည်အလျောက် သူတို့နှင့် လမ်းခွဲရန် ပြင်ဆင်ရလေတော့၏။

ထိုနေရာ၌ ကျွန်ုပ်တို့သည် နှစ်ရက်သုံးရက်မျှ ဆက်လက်၍ နေထိုင်သေး၏။ ဦးဂွမ်တီလည်း ကျွန်ုပ်တို့နှင့်အတူ နေထိုင်ပေ၏။

တောင်သုံးလုံးမှ ဆရာကြီးဦးဘကောင်းအပါအဝင် နဂါးနက်ဂိုဏ်းသားများအား အင်္ဂလိပ်အစိုးရ စစ်ပုလိပ်များက လာရောက်ဝိုင်းဝန်းဖမ်းဆီးသွားပြီဖြစ်ကြောင်း ခိုင်ခိုင်လုံလုံ ကြားသိရသည့်အခါမှပင် ကျွန်ုပ်တို့သည် ထိုနေရာမှ ထွက်ခွာလာခဲ့ကြလေ၏။

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးဂွမ်တီနှင့်လည်း ထိုနေရာမှာပင် လမ်းခွဲကြလေ၏။ ကျွန်ုပ်နှင့် မြင့်မြင့်မှာမူ ရန်ကုန်သို့ ပြန်ရောက်သည့်အခါ၌ လက်ထပ်လိုက်ကြပြီးလျှင် ဤအိမ်ကြီးကား ဝယ်ယူ၍ နှစ်ပေါင်းများစွာ အေးအေးချမ်းချမ်းနေထိုင်ခဲ့ရလေတော့သတည်း။

**********

ဘုန်းဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စာဝန်ဟောင်း ဦးဘတူ (ခေါ်) ဦးစိန်လျှောင်၏ အဖြစ်အပျက်များမှာ အထက်၌ ဖော်ပြခဲ့သည့်အတိုင်းပင် လွန်စွာ ဆန်းကြယ်ပေရာ တော်ရုံတန်ရုံထူးဆန်းခြင်းလောက်ကို ထူးဆန်းသည်ဟု သဘောမထားသော ဆားပုလင်းနှင်းမောင်သည်ပင် လျှင်. . .

"ဆန်းလိုက်တဲ့ အဖြစ်အပျက်ဗျာ၊ ယုံနိုင်စရာတောင် မရှိဘူး"

ဟူ၍ ထူးဆန်းခြင်းကို အသိအမှတ်ပြုလေ၏။

ကိုနှင်းမောင်သည် ကျောက်စာဝန်ဟောင်း ဦးဘတူ၏ ထွက်ချက်ကို လေးနက်စွာ စဉ်းစားပြီးနောက် အောက်ပါအတိုင်း မေးခွန်းထုတ်လေ၏။

"ဦးဘတူက နဂါးနက်ဂိုဏ်းရဲ့ ဂိုဏ်းဝင်စာရင်းတွေနဲ့ သူတို့ရဲ့ မှတ်တမ်းတွေကို ခိုးယူပြီး အစိုးရဆီကို ပို့ခဲ့တဲ့အတွက် နဂါးနက်ဂိုဏ်းဟာ အဲဒီမှာတင် အဖမ်းခံရပြီး ပြိုကွဲသွားတယ်ဆိုပါတော့။ အခုခင်ဗျားကို သတ်ဖို့လာတဲ့ နဂါးနက်ဂိုဏ်းဝင် အေးမောင်ဟာ ထောင်က လွတ်လာပြီး လက်စားချေတာပေါ့"

"ဟုတ်ပါတယ် ကိုနှင်းမောင်"

"ဒါနဲ့ ဦးဂွမ်တီကို နောက်ထပ်မတွေ့တော့ဘူးလား"

"မတွေ့တော့ပါဘူး။ ချောက်မြို့မှာ ဆရာကြီးအဖြစ် ဆေးကုပေးနေတယ်လို့ ကြားရလို့ ကျုပ်လိုက်ပြီး သွားပါသေးတယ်။ ဒါပေမယ့် ကျုပ်ကို အတွေ့မခံဘဲ ရှောင်ပြီး ထွက်သွားပါတယ်။ ဥက္ကံသုံးဆယ်ဘက်မှာ ရှိတယ်လို့ သတင်းကြားတော့လဲ ကျုပ်လိုက်သွားပါသေးတယ်။ ဒါပေမယ့် အတွေ့မခံဘဲ ရှောင်ထွက်သွားပြန်ပါတယ်။ ဦးဂွမ်တီရောက်ခဲ့တဲ့ မြို့တွေဟာ သိသာပါတယ် တိုတ်နံရံတွေ၊ တံခါးတွေ၊ အိမ်ရှေ့မှာရှိတဲ့ ရေတိုင်ကီကို အစထုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အစိပ္ပာယ်ဖော်လို့ မရတဲ့ စာတွေ လျှောက်ပြီး ရေးတဲ့အကျင့် ဦးဂွမ်တီမှာ ရှိပါတယ်"

"တော်တော်ဆန်းတာပဲနော်"

"ဆန်းတာတော့ ဘာပြောဖို့ ကောင်းသလဲဗျာ။ ဟောဒီ အေးမောင်တို့ ကျုပ်ကို ရန်မူဖို့ မလာခင်တစ်လအလိုလောက်မှာ ကျုပ်အိမ်အုတ်တံတိုင်းမှာ ဦးဂွမ်တီလာပြီး ထုံးနဲ့ စာရေးသွားသေးတယ်။ ဒီတစ်ခါ ရေးတာကတော့ ကျုပ်ကို သတိပေးသွားကြောင်း ထင်ရှားပါတယ်။"

"ဘယ်လိုများ ရေးသွားသလဲ ဦးဘတူ"

"ရန်ကြွင်းရန်စဟာ မီးကြွင်းမီးစထက် ပိုပြီး ဆိုးတယ်၊ သတိထားလို့ ရေးထားပါတယ်"

ကိုနှင်းမောင်သည် ဦးဘတူ၏ စကားကို နားထောင်ပြီး နောက် ကျွန်ုပ်ဘက်သို့ လှည့်ကာ. . .

"တော်တော်ကို ဆန်းတဲ့လူကြီးပဲဗျာ။ ကျုပ်တော့ ဒီလူကြီး ကို မတွေ့တွေ့အောင် ရှာဦးမယ်. . . အိုင်ပီ"ဟု ပြောလိုက်လေ၏။

(ကိုနှင်းမောင်သည် နောင်အခါ၌ အမှန်တကယ်ပင် ဦးဂွမ်တီနှင့် တွေ့ဆုံခဲ့ပါသည်။ ၎င်းတို့နှစ်ဦးတွေ့ဆုံခဲ့ကြပုံ၊ ဦးဂွမ်တီက ကိုနှင်းမောင်ကို ပညာစွမ်းပြလိုက်ပုံတို့ကို တစ်ချိန်ချိန်၌ တင်ပြပါဦးမည်။)

စာရေးသူ

ထို့နောက် ကိုနှင်းမောင်က ဆက်လက်၍ မေးခွန်းအချို့ကို မေးပြန်လေ၏။

"ဦးဘတူ. . . မြနန်းနွယ်နဲ့ကော တွေ့သေးသလား"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ပါဘူး။ဒါပေမယ့်ဘုရားတစ်ဆူမှာတော့မြန်နန်းနွယ်ရဲ့ နာမည်နဲ့ ရွှေထီးဆောင်းဆီက ကျုပ်ယူခဲ့တဲ့ ရွှေပြောင်းဖူးကလေးကိုလာပြီး လှူထားတာတော့ တွေ့ရပါတယ်"

"ဦးဘတူ ခင်ဗျားရဲ့ အမှုကတော့ မိမိကိုယ်ကို ကာကွယ်တဲ့အမှုဖြစ်လေတော့ ရှေ့နေကောင်းကောင်းနဲ့ လျှောက်လဲလိုက်ရင် လွတ်သွားမှာပါ။ ဒါပေမယ့် အခုတော့ ဟောဒီက မိတ်ဆွေတွေနဲ့ ဂါတ်ကို လိုက်သွားပေဦး"ဟု ဆိုကာ ကိုနှင်းမောင်သည် ဦးဘတူအား သယ်န်းကျွန်းဂါတ်မှ ဦးဖေခင်တို့၏ လက်သို့ လွှဲအပ်လိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ထူးဆန်းသော အိမ်ကြီးမှ၊ ထူးဆန်းသော လူသတ်မှု တရားခံ၏ ထူးဆန်းသော ထွက်ချက်များကို ရေးမှတ်ထားသည့် ဖိုင်တွဲကြီးအား ယူ၍ အင်းစိန်စီအိုင်ဒီရုံးသို့ ပြန်ခဲ့ကြလေတော့၏။

**********



www.burmeseclassic.com

www.burmeseclassic.com



"သူနေရာသူ ပြန်ထားတတ်အောင် လေ့ကျင့်ရမယ်ကွ၊ နေရာတိုင်း အရာတိုင်းမှာ သူနေရာသူ ပြန်ထားနိုင်တဲ့ အစွမ်းသတ္တိတစ်ခုသာ ရှိစမ်းပါစေကွာ၊ အဲဒီလူဟာ တကယ့်ကို အစွမ်းထက်တဲ့လူ၊ လောက ကို အကျိုးပြုနိုင်ခဲ့လူ ဖြစ်နေပြီကွ။ တိုတိုပြောမယ်ကွာ မင်းတို့ငါတို့ ရဲ့ ဘုရင်သီပေါမင်းဟာ သူ့နေရာမှာသူ မရှိတော့ဘူး၊ ကုလားဖြူ တွေဖမ်းသွားပြီ ဖမ်းသွားပြီမဟုတ်လား၊

အေး. . . သီပေါမင်း၊ ဒါမဟုတ် သီပေါလို ငါတို့ မြန်မာအမျိုးသား ထဲက မင်းတစ်ပါးပါးကို ထီးနန်းရအောင် လုပ်တယ်ဆိုပါတော့၊ အဲဒီ အလုပ်ကို အောင်မြင်အောင် လုပ်ပေးနိုင်တဲ့လူဟာ တကယ့် မြန်မာ ရာဇဝင်မှာ ကမ္ပည်းထိုးလိုက်တဲ့ သူ့ရဲကောင်းပေါ့ကွ။ ကဲထားပါတော့ ငါတို့ဟာ တကယ်တော့ သူညသဘောကို ရောက်သွားရင် နိဗ္ဗာန် လို့ခေါ်တယ် မဟုတ်လား။

အဲဒါဘာလဲ 'သူ့နေရာသူ ပြန်ထားခြင်း'ပဲ မဟုတ်လားကွ။ ဒါကြောင့် အစွမ်းသတ္တိထူးချင်တဲ့လူတွေ၊ သူရဲကောင်းတွေ ဖြစ်ချင်တဲ့ သူတွေဟာ ဘုရားဟောင်းတွေ ပြန်ပြီး ပြင်ကြတယ်တဲ့ကွ။ ဒါဟာ အကယ့်အနှစ်သာရကို ထုတ်လိုက်ရင် 'သူ့နေရာသူ ပြန်ထားခြင်း'ပဲ မဟုတ်လား"

"ချစ်ခြင်းဆိုတာရယ်၊ သနားခြင်းဆိုတာရယ်၊ သူတစ်ပါးချမ်းသာတာ ကို ဝမ်းမြောက်ဝမ်းသာရှိခြင်းဆိုတာရယ်ဟာ တကယ်တော့ 'သူ့နေရာသူ ပြန်ထားခြင်း' သဘောတရားတွေ ပါပဲကွာ၊ ဒါကြောင့် နောက်ဆုံးမှာ သဗ္ဗေသတ္တာကမ္မသကာဆိုတဲ့ ဥပေက္ခာစကားလုံးဟာ သူ့အကြောင်းနဲ့သူ ဖြစ်ကြတာပဲ၊ မတတ်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်မျိုးပဲ မဟုတ်လား။ ဒီတော့. . . 'သူ့နေရာသူ ပြန်ထားခြင်း' သဘော တရားကပဲ ချုပ်ထားတာပဲ မဟုတ်လားကွ"

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

### ❀ ရွှေဘိုဂါတ်သို့ အပြန်

များမကြာမီ ရက်အတွင်း၌ ဆားပုလင်းနှင်းမောင်အား ရွှေဘိုဂါတ်သို့ ပြောင်းရွှေ့ရန် အမိန့်စာထွက်၍ လာလေသည်။

ကိုနှင်းမောင်အား မလိုလားသော ကျွန်ုပ်တို့ စီအိုင်ဒီရှိ အရာရှိအချို့သည် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြသော်လည်း ကိုနှင်းမောင်၏ အရည်အချင်းအား အသိအမှတ်ပြုသော အရာရှိများနှင့် ကျွန်ုပ်မှာမူ များစွာစိတ်မချမ်းမသာဖြစ်ကြရလေ၏။

ကိုနှင်းမောင်ရွှေဘိုဂါတ်သို့ ပြောင်းရသည့်နေ့က ကျွန်ုပ်သည် ဘူတာရုံသို့ လိုက်၍ ပို့သည့်အပြင် ကိုနှင်းမောင်ကြိုက်တတ်သည့် စီးကရက်ဘူးများနှင့် ဝတ္ထုစာအုပ်များကို ဝယ်ယူ၍ လက်ဆောင်အဖြစ် ပေးလိုက်လေသည်။

ကိုနှင်းမောင်သည် ရာထူးတက်မည် ဆိုခြင်းကို စိတ်ဝင်စားခြင်း မရှိသည့်အလျောက် ၎င်း၏ ထုံးစံအတိုင်း မခိုးမခန့်ပြုံးတာန်ဖြင့် ကျွန်ုပ်အား ပြုံး၍ပြသည်မှအပ တစ်စုံတစ်ရာပြန်၍ ပြောဆိုခြင်း မပြုခဲ့ပေ။

ထိုစဉ်၌ပင် တယ်လီဖုန်းလာသဖြင့် ကျွန်ုပ်ကောက်ယူ၍ နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကြည့်ရာ စိတ်မကောင်းဖွယ်ရာသော သတင်းဆိုးတစ်ခုကို ကြားရလေတော့၏။

ထို့ကြောင့် ကျွန်ုပ်သည် ကိုနှင်းမောင်အား တယ်လီဖုန်းမှ ကျွန်ုပ်ကြားရသော သတင်းအား လှမ်း၍ ပြောလိုက်၏။

"ကိုနှင်းမောင်. . . ကျုပ်တို့လူတော့ သွားပြီဗျို့"

"ဘယ်သူလဲဗျ"

"ကျောက်စာဝန်ဟောင်းဦးဘတူ၊ ဒီကနေ့ မနက်သယ်နှီးကျွန်းအချုပ်ခန်းထဲမှာပဲ အပြင်က ဆိပ်လူးမြားနဲ့ ပစ်သွားတယ်ဆိုပဲ၊ ဦးဖေခင်က တယ်လီဖုန်းဆက်တယ်"

"ဘယ်လိုလုပ်ပြီး အချုပ်ခန်းထဲကလူကို ဆိပ်လူးမြားနဲ့ ပစ်လို့ရမှာတုန်းဗျ၊ အချုပ်ခန်းတည်နေပုံလဲ အိုင်ပီသိသားပဲ အပြင်ကနေ ပစ်လို့ ဘယ်က ရမှာလဲ"ဟု ဆိုကာ ကိုနှင်းမောင်သည် သယ်နှီးကျွန်းဂါတ်သို့ ၎င်းကိုယ်တိုင် တယ်လီဖုန်းဆက်လေတော့၏။

အချိန်အတော်ကြာသည်အထိ စကားပြောပြီးနောက် ကိုနှင်းမောင်သည် စိတ်ပျက်စွာဖြင့် တယ်လီဖုန်းကို ချလိုက်ပြီးလျှင်. . .

"ဟုတ်တယ်ဗျို့၊ ပစ်တဲ့လူက အချုပ်ခန်းပြတင်းပေါက်ကိုရောက်အောင် တွယ်တက်ပြီးမှ ပစ်သွင်းလိုက်တာဆိုပဲ"

ကိုနှင်းမောင်သည် စိတ်ပျက်စွာဖြင့် ကျွန်ုပ်၏ အခန်းတွင်းမှ ထွက်၍ သွားပြီးနောက် ပြန်၍ လှည့်လာကာ. . .

"လာဗျာ. . . ဈေးထိပ်မှာ လက်ဖက်ရည်လေး ဘာလေးသောက်ကြဦးစို့လား"ဟု ခေါ်သဖြင့် ကျွန်ုပ်လည်း ၎င်းနှင့်အတူ သောက်နေကျ ကုလားလက်ဖက်ရည်ဆိုင်သို့ သွားရောက်ခဲ့လေ၏။

ကျွန်ုပ်တို့ လက်ဖက်ရည်သောက်နေစဉ်၌ပင် ရှေ့မှ ပြာတာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးသည် ရေးကြီးသုတ်ပျာဖြင့် ရောက်လာပြီးလျှင်. . .

"ဆရာတို့နှစ်ယောက်စလုံးကို မင်းကြီးက ခေါ်ခိုင်းလိုက်တယ်။ ခက်တာပဲဗျာ၊ ဆရာကိုနှင်းမောင်ကျွန်တော်တို့ရုံးမှာ ရောက်နေခြင်းနဲ့ အမှုတစ်ခုကတော့ ပေါ်တော့တာပဲ"ဟု ညည်းတွားလေသည်။

ကျွန်ုပ်နှင့် ကိုနှင်းမောင်လည်း မင်းကြီးရုံးခန်းသို့ လာခဲ့ကြရာ ရုံးရှေ့တွင် အိုင်ဂျီပီခေါ် ပုလိပ်မင်းကြီးချုပ်၏ မော်တော်ကားကို တွေ့ရသဖြင့် လွန်စွာ အရေးကြီးသော ကိစ္စဟု ကျွန်ုပ်တတ်အပ်သေချာတွေးမိလေ၏။

အဘယ့်ကြောင့်ဆိုသော် တော်ရုံကိစ္စလောက်ဖြင့် ပုလိပ်မင်းကြီးချုပ်သည် ကိုယ်တိုင်လာရောက်ခဲ့သည်။ ယခုမူ ဤသို့ ကိုယ်တိုင်လာရောက်ခဲ့သောကြောင့် လွန်စွာအရေးကြီးသော ကိစ္စဖြစ်သည်ဟု ခန့်မှန်းနိုင်သည်။

ကျွန်ုပ်တို့နှစ်ဦး ရုံးခန်းတွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက်စုံထောက်မင်းကြီး ရှပ်တဲဝပ်က ကိုနှင်းမောင်အား ပုလိပ်မင်းကြီးချုပ်နှင့် မိတ်ဆက်ပေးလေ၏။

တော်ရုံလူမျှဆိုလျှင် ဤကဲ့သို့ အရာရှိကြီးများက အရေးတယူဆက်ဆံကြခြင်းအတွက် တစ်သက်လုံးကိုးကွယ်ယူ၍ပင် ကျေနပ်ကြလိမ့်မည်။

သို့ရာတွင် ကိုနှင်းမောင်မှာမူ ပုလိပ်မင်းကြီးချုပ်နှင့် ယခုကဲ့သို့ မိတ်ဆက်ရသည်ကို သာမန်လမ်းဘေးမှ လူနှင့် မိတ်ဆက်ရသကဲ့သို့ပင် သဘောထားကြောင်း ၎င်း၏ ဟန်ပန်အမူအရာက ဖော်ပြလေ၏။

"ဆားပုလင်းနှင်းမောင်ကို ရာထူးတိုးပေးဖို့ ခင်ဗျားရဲ့ မင်းကြီးက ထောက်ခံထားတယ်"

---

## ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်မင်းကြီးချုပ်သည် အထက်ပါစကားကို ပြောပြီး နောက် ခေတ္တရပ်လိုက်လေသည်။

ထို့နောက်. . .

"ကျုပ်ကလဲ ဟောဒီအမှုကလေး လိုက်ပြီးရင်တစ်ခါတည်း တိုးပေးလိုက်မှာပါပဲ၊ အမှုက သိပ်ပြီး အရေးကြီးတယ်၊ ကေအက်စ် အမ် ဦးလှမောင်ဆိုတဲ့ ဘုရားလူကြီး ဒီနေ့မနက်မှာ အသတ်ခံရ တယ်၊ ဒီလူကြီးဟာ ဘုရင်ခံနဲ့တောင် သိတဲ့ လူကြီးဆိုတော့ ဆား ပုလင်းနှင်းမောင် ကြိုးစားရလိမ့်မယ်"

ကိုနှင်းမောင်သည် ငင်းလွန်စွာ နှစ်သက်သော ရေခဲ တောင်တံဆိပ်စီးကရက်ကို ထုတ်၍ မီးညှိလိုက်ပြီးလျှင်. . .

"ဝမ်းနည်းပါတယ်. . . အိုင်ဂျီပီ၊ ကျုပ် အဲဒီအမှုကို လိုက် မပေးနိုင်ပါဘူး"ဟု လွန်စွာလည်း ကြန္တြေမလုပ်၊ လွန်စွာလည်း ပေါ့ ဆဆမဟုတ်သော ဟန်ပန်လေသံဖြင့် ပြောလိုက်လေ၏။

ကိုနှင်းမောင်၏ စကားကြားရသဖြင့် ပုလိပ်မင်းကြီးချုပ် ရော၊ မစ္စတာရှုပ်တဲဝပ်ပါ မျက်လုံးပြူး၍ သွားကြလေ၏။

"ဒီမှာ ဆားပုလင်းနှင်းမောင်. . . ငါဟာ ပုလိပ်အဖွဲ့ကြီး ရဲ့ အကြီးဆုံးရာထူးရှိတဲ့ လူဖြစ်တယ်ဆိုတာ မင်းအနေနဲ့များ မေ့ များသွားပြီလား"

"ရာထူးအကြီးဆုံးလူက ကျုပ်ကို ကောင်းကင်ပျံပြီး ပြရ မယ်လို့ ခိုင်းရင်ကော ကျုပ်ပျံရတော့မှာလား၊ ဒီအလုပ်မှာ ကျုပ် မစွမ်းဆောင်နိုင်ပါဘူး၊ တခြားလူကို ခိုင်းပါ၊ ကျုပ်ဆောင်ရွက်ပေး နိုင်တဲ့ အမှုတွေကို ဆောင်ရွက်ပေးခဲ့ပါပြီ၊ ပေါင်တစ်ရာလောက် မနိုင်တဲ့လူကို ပေါင်တစ်ရာ့ငါးဆယ်မခိုင်းတာဟာ အကျိုးမရှိနိုင် ပါဘူး အိုင်ဂျီပီ"

"အိုး. . . ဂေါ့. . . ဟဲ. . ."

**ရှမ္ဘာဝတ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်မင်းကြီးချုပ်သည် ဘုရားတလေလေတော့၏။ ကိုနှင်းမောင်မှာ စီးကရက်သောက်ပင် မပျက်ဘဲ အေးအေးဆေးဆေးထိုင်၍ နေလေသည်။

"မစ္စတာရှပ်တဲဝပ်ခင်ဗျားလူကို ရာထူးတက်ပေးဖို့ မပြောနဲ့ အလုပ်က တစ်ခါတည်း ထုတ်မပစ်တာဟာ သူဆောင်ရွက်ခဲ့ဖူး အမှုကြီးတွေအတွက် အမြင့်ဆုံးပေးလိုက်တဲ့ အခွင့်အရေးလို့ မှတ်ပါ။ စီအိုင်ဒီမှာလဲ မထားပါနဲ့၊ အဆိုးဆုံးနယ်က ဂိတ်ကို ပို့ပစ်လိုက်ပါ"ဟု ဆိုကာ ပုလိပ်မင်းကြီးချုပ်သည် စိတ်ဆိုးလျက် အခန်းတွင်းမှ ထွက်ခွာသွားလေ၏။

"ဘယ်လိုလဲ ဆားပုလင်းနှင်းမောင်. . . ရာထူးရဖို့ မျှော်ချနေတာ ဒီလိုပဲ လွှင့်ပစ်လိုက်ရလား"ဟု ဆိုကာ မစ္စတာ ရှပ်တဲဝပ်သည် သူ၏ နဖူးကို လက်ဝါးနှင့် ရိုက်လိုက်လေတော့၏။

**********

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘုရှတ်ပြည်မှနေ၍ သထုံသို့ရောက်သွားသော မြလက်စွပ်တစ်ကွင်း အကြောင်းကိုလည်းကောင်း၊ လောကီပညာ ကျင့်စဉ်များနှင့် ၎င်းမြ လက်စွပ်ဆက်သွယ်ပုံ အကြောင်းကိုလည်းကောင်း၊ ပုဂံပြည်ကြီး၌ အောင်မြင်ခဲ့သောအရှင် အဗ္ဗဂေါဏ၏ ရွှေလုပ်နည်းကိုလည်းကောင်း၊ ပဲခူးသည် ပုဂံကဲ့သို့ကြွယ်ဝချမ်းသာသော တိုင်းပြည်ကြီးဖြစ်၍ လာမည့်အကြောင်းကိုလည်းကောင်း၊ ကျန်စာသင့်သည့်ဘုရားကျွန် တစ်ဦးသည်နောက်ဆုံး၌ ဤနေရာတွင်ရောက်လာပြီး ၎င်းအိုး ကလေးကို ရရှိကာလွန်စွာ အစွမ်းထက်မြက်သွားမည်ကိုလည်း ကောင်း ရေးသားထားလေသည်။

ဘေးဘိုးဘီဘင်တို့၏ အခါ၌ ပုဂံပြည်ကြီးအား အရှင်အဗ္ဗဂေါဏ သည် ကြွယ်ဝအောင် လုပ်ခဲ့ပြီး၏ ထိုသို့သော လုပ်ရပ်တို့ကား ငုပ်လျှိုး ပျောက်၍ လုပ်ရပ်တို့သည် ပုဂံ၌ ရေချိုးဟူသော စကားအတိုင်းရေ ၌ ငုပ်လျှိုးပျောက်ကွယ်ခဲ့လတ္တံ့တည်း၊ လုပ်ရပ်ကို ဆောင်၍ ပဲခူးသို့ သူကြွယ်တစ်ဦးလွတ်လေ၏။ ၎င်းကို ရှာ၍တွေ့လျှင် ပုဂံကြွယ်သကဲ့ သို့ ပဲခူးလည်းကြွယ်လတ္တံ့တည်း။ ငါတို့ကား ကျွန်မျိုးဖြစ်၍ မဆောင် မရွက်နိုင်ချေ။ ဆောင်နိုင်သူတို့ဆောင်ကုန်၊ ကျွန်မျိုး၌ဖြစ်သော အရှင်မြတ်၊ ရာဇာမြတ်တို့၏ ပျောက်ဆုံးသော ရတနာကိုပြန်၍ ဆောင်ယူနိုင်လျှင် ကျွန်ုပ်မှလွတ်လတ္တံ့ဟူသောစာငါ၌ရှိသည်။ ဂုဏ်ဇာကိုမတွေ့သောသူသည် မသမာသောအကြံဖြင့် ဘုရားယောင် ကိုဖောက်သောသူတည်း၊ လုပ်ရပ်ကိုသော်ရှာ၊ ရတနာသော်လည်း ရှာစေရမည်။ သို့တစ်မူကားဘေးဒုက္ခ အသိန်းအသောင်း တွေ့စေ ဘုရားရှင်အားလည်း အဖူးရစေနှင့်ဟု ငါကျန်သတည်း။

သဒ္ဒေးကန်ပန်းတောမျိုး သူကြွယ်ရွှေဟောင်

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

● **နဝါးအစွယ်ကလေးတစ်ချောင်း**

ကျောက်စာဝန်ဟောင်း ဦးဘတူ၏ အမှုကို ဖော်ထုတ်ပုံနှင့် ပတ်သက်၍ ကျွန်ုပ်တို့ စုံထောက်ဌာနတွင် ကိုနှင်းမောင်အား များစွာ ချီးကျူးစကားပြောကြလေ၏။

စုံထောက်မင်းကြီး ကိုယ်တိုင်ပင် ရန်ကုန်မြို့ အိုင်ဂျီပီခေါ် ပုလိပ်မင်းကြီးချုပ်ထံသို့ ဆားပုလင်းနှင်းမောင်အား ရာဇဝတ်အုပ်ရာထူးသို့ တိုးမြှင့်ပေးရန် စာဖြင့် ကျနစွာရေး၍ အစီရင်ခံခဲ့လေသည်။

ထို့ကြောင့် ကျွန်ုပ်သည် ကိုနှင်းမောင်နှင့် တွေ့သည့်အခါ၌

"အိုင်ဆေး. . . ခင်ဗျား ဒီတစ်ခါတော့ ရာထူးတက်ပါပြီဗျာ" ဟု ပြောခဲ့လေ၏။

ကျွန်ုပ်နှင့် ကိုနှင်းမောင်သည် ဘူတာစကြံ၌ လမ်းလျှောက်ရင်း စကားစမြည်ပြောလျက် ရထားထွက်ချိန်ကို စောင့်ဆိုင်းလျက်ရှိကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်စိတ်မကောင်းပါဘူးဗျာ၊ ရာထူးတက်ခါနီးမှ ဒီလို ဖြစ်ရတာ. . ."

ဟု ကျွန်ုပ်က စကားစလိုက်သော်လည်း ကိုနှင်းမောင်က ထိုကိစ္စကို စိတ်ဝင်စာမှု မပြုဘဲ. . .

"မိုင်ဒါကွင်းမှာ ချွတ်တားဂမ်းမားဆိုတဲ့ လူသန်ကြီး ဆင်နဲ့ အားချင်းပြိုင်ပြမယ်ဆိုပါလား အိုင်ပီ"ဟု တခြားသော စကားလမ်းကြောင်းသို့ ပြောင်း၍ ပြောလေ၏။

(၎င်းလူသန်ကြီး ချွတ်တားဂမ်းမားဆိုသည်မှာ လူသန်ကြီးဆန်တိုမရောက်မီ ရောက်ရှိခဲ့သော အိန္ဒိယတိုင်းရင်းသား လူသန်ကြီး ဖြစ်၏။ ငါးပတ်လည်သစ်သားတန်းကြီးများအား ရင်ဘတ်ဖြင့် တိုက်၍ ချိုးပြခြင်း၊ ဆင်နင်းခံပြခြင်း၊ ဆင်မရုန်းနိုင်အောင် ဆင်မြီးကို ဆွဲပြခြင်းစသော ခွန်အားကြီးမားခြင်း အလုပ်တို့ကို ထူးဆန်းစွာ လုပ်ပြခဲ့သူဖြစ်၏။)

စာရေးသူ

ကျွန်ုပ်ကလည်း ၎င်းစကားလမ်းကြောင်း မည်သို့ပင် ပြောင်းပစ်သော်လည်း ကျွန်ုပ်ပြောလိုသော စကားကို မပြောင်းဘဲ ဆက်လက်၍ ပြောပြန်လေ၏။

"အိုင်ဆေး. . . ကိုနှင်းမောင်. . . အသတ်ခံရတဲ့ ကေအက်စ်အမ်ဦးလှမောင်ဆိုတာ ရွှေနေအောင်ကျော်လှရဲ့ ဆရာမဟုတ်လားဗျ၊ ခင်ဗျားတောင်မှ မသက်ာလို့ သူ့ရဲ့ ဘုရားခန်းထဲကို တိတ်တဆိတ်ဝင်ပြီး လေ့လာခဲ့သေးတယ် မဟုတ်လား"

"အစစ်ပေါ့ဗျာ"

"ဦးလှမောင်ကို သတ်သွားတဲ့ လူသတ်သမားကို ခင်ဗျားလို လူကတောင် ဖမ်းမပေးနိုင်ဘူးလို့ ဝန်ခံရတယ်ဆိုတော့၊ ဓော်တော်ကို စွမ်းတဲ့လူပဲဗျာ။ တကယ်ပဲ ဒီအမှုကို ခင်ဗျားလက်လျှော့



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာလား"

ကိုနှင်းမောင်သည် တစ်စုံတစ်ရာပြန်လည်၍ မပြောတော့ဘဲ စီးကရက်ကို ထုတ်၍ မီးညှိလေတော့၏။

ထိုအချိန်တွင် ကိုနှင်းမောင်လိုက်ပါမည့် ရထားမှာလည်း ထွက်ရန် အချက်ပေးနေပြီ ဖြစ်လေ၏။

ကျွန်ုပ်သည် ကိုနှင်းမောင်အား ခွဲခွာရတော့မည်ဖြစ်၍ ၎င်း၏ လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်လေ၏။ ထိုအချိန်၌ ကျွန်ုပ်တို့အနီးမှ ခေါင်းမြီးခြုံကုလားမကလေးတစ်ဦးသည် ခပ်သုတ်သုတ်ဖြတ်၍ လျှောက်သွားရာ. . . ကိုနှင်းမောင်က အခြားလက်တစ်ဘက်ဖြင့် ထိုခေါင်းမြီးခြုံကုလားမကလေး၏ လက်မောင်းအား လှမ်း၍ ကိုင်လိုက်ပြီးလျှင်. . .

"မြနန်းနွယ်. . . ဦးလှမောင်ဘုရားခန်းထဲက ရွှေနဲ့ လုပ်ထားတဲ့ ရွှေဟောင်းနတ်သမီးရုပ်ကလေးထဲမှာ ကိုင်ထားတဲ့ ရွှေပြောင်းဖူးကလေးရခဲ့ရဲ့ မဟုတ်လား"ဟု မေးလိုက်ရာ. . .

ခေါင်းမြီးခြုံကုလားမကလေးသည် စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ အသားများ တဆတ်ဆတ်တုန်၍ စိတ်ဆိုးနေသည်ကို သတိပြုမိလေသည်။

ခေါင်းမြီးခြုံကုလားမတို့၏ ထုံးစံအတိုင်း မျက်နှာ၌ ဇာပိတ်တလေးကာ၍ တစ်ကိုယ်လုံးအား ဖဲနက်ဝတ်ရုံကြီးဖြင့် လွှမ်းထားသည်ဖြစ်ရာ သူ၏ မျက်နှာကိုသာမက တစ်ကိုယ်လုံးအား မြင်ရခြင်းမရှိသော်လည်း ဖြူသွယ်သော လက်ကလေးနှင့် ခြေချောင်းကလေးများ လွန်စွာလှသည်ကို တွေ့မြင်ရသဖြင့် လွန်စွာ နုနယ်ချောမောသော မိန်းကလေးဖြစ်ကြောင်း ခန့်မှန်းမိလေသည်။

"ဟုတ်တယ်၊ ရခဲ့တယ်။ ဦးလေး ဦးဂွမ်တီကို ပေးလိုက်ပြီ"ဟု ဒေါသသံကလေးနှင့် ပြန်၍ ပြောလိုက်ပြီးလျှင် ကိုနှင်းမောင်



www.burmeseclassic.com

www.burmeseclassic.com



၏ လက်မှ ဆောင့်ရုန်းကာ ခပ်သုတ်သုတ်ထွက်သွားလေ၏။

"ဒီမှာ မြနန်းနွယ်. . . မင်းတို့ကို ကူညီခဲ့တဲ့ ကျောက်စာဝန်မင်းကိုစိန်လျှောင်တော့ ဒီကနေ့ မနက်ပဲ အချုပ်ခန်းထဲမှာ ကိစ္စတုံးရှာပြီကွယ်"ဟု ကိုနှင်းမောင်က လှမ်း၍ ပြောလိုက်ရာ ထိုခေါင်းမြီးခြုံကုလားမကလေးသည် လှမ်း၍နေသော ခြေလှမ်းတို့ကို တုံ့ခနဲ ရပ်လိုက်လေ၏။

သို့ရာတွင် ရထားမှာ စတင်ထွက်ခွာနေပြီဖြစ်၍ ကိုနှင်းမောင်သည် ရထားဆီသို့ ပြေး၍ တက်သွားကာ ကျွန်ုပ်အား လက်ပြ၍ လိုက်ပါသွားလေ၏။

BURMESE CLASSIC

ကျွန်ုပ်လည်း ကိုနှင်းမောင်အား လက်ပြနှုတ်ဆက်၍ ကျွန်ုပ်၏ မြင်ကွင်းမှ ရထားတစ်စီးလုံးပျောက်ကွယ်သွားသည့်အခါ ကျမှပင် မြနန်းနွယ်ခေါ်သော ခေါင်းမြီးခြုံကုလားမကလေးအား မျက်စိရှင်စွာ ရှာဖွေကြည့်ရာ အရိပ်အရောင်ကိုမျှ မတွေ့ရတော့ပေ။

ထိုအချိန်ကျမှပင် ကေအက်စ်အမ် ဦးလှမောင်အား သတ်သွားသော လူသတ်သမားမှာ ခေါင်းမြီးခြုံကုလားမကလေးဟန်ဆောင်၍ ထားသော မြနန်းနွယ်ပင် ဖြစ်ရမည်ဟု တွေးမိသည့်အလျောက်၊ ၎င်းအား ဖမ်းဆီးနိုင်ရန် စကြံအတွင်းမှ ပြေး၍ ထွက်ခဲ့ပြီးလျှင် ဂိတ်တဲများသို့ တယ်လီဖုန်းဆက်ရလေတော့၏။

ထို့နောက် ကျွန်ုပ်သည် မြနန်းနွယ်နောက်သို့ မော်တော်ကားဖြင့် ရော်ရမ်းမှန်းဆကာ လိုက်လာရင်း. . . ကိုနှင်းမောင်ကား လူသတ်တရားခံကို မည်သည့်နည်းဖြင့် သိနေရသနည်း၊ ထိုသို့သိနေပါလျက် ပုလိပ်မင်းကြီးချုပ်အား ထိုတရားခံဖမ်းမပေးနိုင်ကြောင်း အဘယ်ကြောင့် ငြင်းဆိုခဲ့ရသနည်း၊ ထိုငြင်းဆိုမှုသည် မိမိ၏ တိုးတက်ရာ တိုးတက်ကြောင်းကို အကြီးအကျယ်ပိတ်ဆို




www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းလည်း ဖြစ်လေရာ၊ ကိုနှင်းမောင်သည် အဘယ့်အတွက်ကြောင့် မိမိရာထူးတက်မည့် အရေးကို စိတ်ဝင်စားခြင်းမရှိရသနည်းစသည့် တရုတ်ပဟေဠိဆန်သော မေးခွန်းတို့သည် ကျွန်ုပ်၏ စိတ်အာရုံ၌ အစီအရီပေါ်ထွက်၍ လာလေတော့သတည်း။





www.burmeseclassic.com

www.burmeseclassic.com



## သူ့နေရာသူ ပြန်ထားခြင်းသဘော

"သူ့နေရာသူ ပြန်ထားတတ်အောင် လေ့ကျင့်ရမယ်ကွ၊ နေရာတိုင်း အရာတိုင်းမှာ သူ့နေရာသူ ပြန်ထားနိုင်တဲ့ အစွမ်းသတ္တိတစ်ခုသာ ရှိစမ်းပါစေကွာ၊ အဲဒီလူဟာ တကယ့်ကို အစွမ်းထက်တဲ့လူ၊ လောကကို အကျိုးပြုနိုင်ခဲ့လူ ဖြစ်နေပြီကွ။ တိုတိုပြောမယ်ကွာ မင်းတို့ငါတို့ရဲ့ ဘုရင်သီပေါမင်းဟာ သူ့နေရာမှာသူ မရှိတော့ဘူး၊ ကုလားဖြူတွေဖမ်းသွားပြီ ဖမ်းသွားပြီမဟုတ်လား၊

အေး. . . သီပေါမင်း၊ ဒါမဟုတ် သီပေါလို ငါတို့ မြန်မာအမျိုးသားထဲက မင်းတစ်ပါးပါးကို ထီးနန်းရအောင် လုပ်တယ်ဆိုပါတော့၊ အဲဒီအလုပ်ကို အောင်မြင်အောင် လုပ်ပေးနိုင်တဲ့လူဟာ တကယ့် မြန်မာရာဇဝင်မှာ ကမ္ပည်းထိုးလိုက်တဲ့ သူရဲကောင်းပေါ့ကွ။ ကဲထားပါတော့ ငါတို့ဟာ တကယ်တော့ သုညသဘောကို ရောက်သွားရင် နိဗ္ဗာန်လို့ခေါ်တယ် မဟုတ်လား။

အဲဒါဘာလဲ 'သူ့နေရာသူ ပြန်ထားခြင်း'ပဲ မဟုတ်လားကွ။ ဒါကြောင့် အစွမ်းသတ္တိထူးချင်တဲ့လူတွေ၊ သူရဲကောင်းတွေ ဖြစ်ချင်တဲ့ သူတွေဟာ ဘုရားဟောင်းတွေ ပြန်ပြီး ပြင်ကြတယ်တဲ့ကွ။ ဒါဟာ အကယ့်အနှစ်သာရကို ထုတ်လိုက်ရင် 'သူ့နေရာသူ ပြန်ထားခြင်း'ပဲ မဟုတ်လား"

"ချစ်ခြင်းဆိုတာရယ်၊ သနားခြင်းဆိုတာရယ်၊ သူတစ်ပါးချမ်းသာတာကို ဝမ်းမြောက်ဝမ်းသာရှိခြင်းဆိုတာရယ်ဟာ တကယ်တော့ 'သူ့နေရာသူ ပြန်ထားခြင်း' သဘောတရားတွေ ပါပဲကွာ၊ ဒါကြောင့် နောက်ဆုံးမှာ သဗ္ဗေသတ္တာကမ္မသကာဆိုတဲ့ ဥပေက္ခာစကားလုံးဟာ သူ့အကြောင်းနဲ့သူ ဖြစ်ကြတာပဲ၊ မတတ်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်မျိုးပဲ မဟုတ်လား။ ဒီတော့. . . 'သူ့နေရာသူ ပြန်ထားခြင်း' သဘောတရားကပဲ ချုပ်ထားတာပဲ မဟုတ်လားကွ"

**ဘုမ္မာဝတီစာပေ**

www.burmeseclassic.com

www.burmeseclassic.com



## အောင်မြင်တဲ့သူရဲ့ စိတ်နေစိတ်ထား

(တစ်) အချက်ကတော့ သူခိုးတစ်ယောက်ဟာ သူဌေးတစ်ယောက်ရဲ့ စိတ်ထားမျိုးရှိရမယ်။

(နှစ်) အချက်ကတော့ ကိစ္စရပ်တစ်ခုကို ဆောင်ရွက်တော့မယ်ဆိုရင်၊ ကိုယ့်ရဲ့အစွမ်းသတ္တိကို ကိုယ်ယုံကြည်ရမယ်။

(သုံး) အောင့်အည်းချုပ်တီးနိုင်ရမယ်။

(လေး) အခြေအနေအရပ်ရပ်ကို မှန်မှန်ကန်ကန်ဆုံးဖြတ် နိုင်ရမယ်။

(ငါး) အကွက်ချပြီး စီမံတတ်ရမယ်။

(ခြောက်) တွက်ကပ်မှုမရှိဘဲ ကိုယ်တိုင်ချည်းလုပ်ရမယ်။

(ခုနစ်) သေသေသပ်သပ် ဝတ်စားဆင်ယင်တတ်ရမယ်။

(ရှစ်) ညာတာထောက်ထားရမည့်သူကို ညာတာတတ်ရမယ်။

(ကိုး) တာဝန်လဲယူရဲရမယ်။

(တစ်ဆယ်) နှုတ်လုံရမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအမှုမှာတင်မဟုတ်ဘူး။ မြန်မာပြည်မှာ ဖြစ်ပေါ်နေတဲ့ ဒုစရိုက်မှုတွေရဲ့ တစ်ဝက်ကျော်က ဒီလူကြီးရဲ့ လက်ချက်တွေပေါ့ဗျာ။ သူက ငွေလဲတတ်နိုင်တယ်၊ တရားသူကြီးတွေ ပုလိပ်မင်းကြီးတွေဆိုတာ သူ့ရဲ့ခါးပိုက်ထဲမှာ ရှိနေတာမဟုတ်လား။ ပြီးတော့ ဘုရင်ခံကပေးထားတဲ့ (KSM) ဆိုတဲ့ ဘွဲ့ကြီးကလဲရှိနေတော့ သူ့ကို အပိုင်ကိုင်ဖို့ရာက မြွေဟောက်ကို အမြီးဆွဲရသလိုပဲ၊ ကိုယ်ကဦးလို့ အမြီးကို မိမိရရဆွဲပြီး တအားဆောင့်ခါလိုက်နိုင်ရင်တော့ မြွေဟောက်ဟာ အဆစ်တွေပြုတ်ပြီး သေမှာအမှတ်ပဲ၊ ဒါပေမယ့် ကိုယ့်ဘက်က စက္ကန့်ဝက်လောက်များ နောက်ကျသွားရင်တော့ သေမင်းနဲ့ ရင်ဆိုင်ရတာနဲ့ ဘာထူးမှာလဲ"

"နေပါဦး ဦးလှမောင်ရထားတဲ့(KSM) ဆိုတဲ့ ဘွဲ့က ဘာဘွဲ့တဲ့လဲဗျ"

"အရှည်ကတော့ "ကျက်သရေဆောင် ရွှေစလွယ်ရမင်း" လို့ခေါ်တယ်။ သူ့ကိုပုန်ကန်မှုကလွဲပြီး အခြားမှုနဲ့ အချုပ်ခန်းထဲထည့်လို့မရဘူး"

"ဥပဒေထဲမှာ ဒီလိုမပါပါဘူးဗျာ"

"ဥပဒေစာအုပ်ထဲကအတိုင်း နေရာတိုင်းမှာလုပ်လို့ရတာမှမဟုတ်ဘဲ၊ အလုပ်လဲမလုပ်ကြဘူး မဟုတ်လား။ ထဘီစုတ်ခိုးတဲ့ သူခိုးကို ပုလိပ်က ပါးရိုက်ရမယ်လို့များ ဥပဒေစာအုပ်ထဲမှာ ရေးထားလို့လား။ ဒါပေမယ့် ရိုက်ခဲ့ကြတာပဲမဟုတ်လား။ လူကြီးလူကောင်းတစ်ယောက် ပြစ်မှုကျူးလွန်ရင် အချုပ်ထဲမထည့်ဘဲနဲ့ ဌာနအုပ်ရဲ့ ရုံးခန်းထဲမှာ ကောင်းကောင်းမွန်မွန်ဧည့်ခံရမယ်လို့များ ဥပဒေစာအုပ်မှာ ရေးထားလို့လား။ ဒါပေမယ့် ခင်ဗျားတို့ ဒီအတိုင်း လုပ်နေကြတာပဲ မဟုတ်လား"

ဘုမ္မာဝတီစာပေ

www.burmeseclassic.com

"တစ်သက်မှာ တစ်ခါကတော့သေမှာပဲ၊ သေခြင်းဆိုတာဟာလည်း တကယ်တော့ သူနေရာသူပြန်ထားခြင်းဆိုတဲ့ သဘောတရားထဲက တစ်ခုပဲ၊ ဒီတော့ ဘာမှကြောက်ဖို့မရှိပါဘူး။ သေဖို့အဆင်သင့်အမြဲ ဖြစ်နေတဲ့လူဟာ ဘာကိုများကြောက်ရွံ့ဖို့ရှိသေးလို့လဲ"

"သတ္တဝါတွေဟာ သေဖို့ကြောက်နေကြတာချည်းပဲမဟုတ်လား"

"မဟုတ်ပါဘူးကွ၊ ရဟန္တာတွေကျတော့ သေဖို့ဘယ်ကြောက်လိမ့်မလဲ ဆက်ပြီးရှင်နေတာကိုတောင် ငြီးငွေ့တောမူကြတယ်။ အရဲရင့်ဆုံး ပုဂ္ဂိုလ်တွေပေါ့ကွာ"

"မင်းလိုချင်တဲ့ဥစ္စာက အဖိုးတန်ဆုံးကွ"

"ကျုပ်က ဘာမှမလိုချင်ဘူးလို့ပြောတာဗျ"

"အေးလေ ဘာမှမလိုချင်ဘူးတာကိုက မင်းလိုချင်တဲ့ ဆန္ဒမဟုတ်လားကွ၊ ဘာမှမရှိဘူးဆိုတဲ့အရာဟာ တကယ်တော့ရှိတယ်ကွ။ ဒါက သိပ်ပြီးလေးနက်တယ်။ သူညရဲ့ သဘောတရားကို မင်းနားလည်သွားတဲ့နေ့ကျရင်တော့ ငါပြောတာတွေဟာ တန်ဖိုးရှိလာလိမ့်မယ်"